# ကထိနဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သစ်သား ကားပေါင်ကို ပြခြင်း

ကဋ္ဌတိ ကိစ္စေန ဇီဝတီတိ ကဋ္ဌိနော၊ ရုက္ခော၊ တဿ
ဘာဝေါတိ ကဋ္ဌိနော၊ ထိရဘာဝေါ၊ သော ဧတဿ
အတ္ထီတိ ကထိနံ ဋ္ဌကာရဿ ထကာရံ ကတွာ၊ သမူဟ
ပညတ္တိ၊ ပုရိမဝဿံ ဝုတ္ထာ ဟိ ဘိက္ခူ အနူနပဉ္စဝဂ္ဂသံ
ဃော စီဝရမာသော ဓမ္မေန သမေန ဥပ္ပန္နစီဝရန္တိ အာ
ဒိသု ယေသံ နာမရူပေသု သမုပ္ပန္နမာနေသု တေသံ
နာမရူပဓမ္မာနံ သင်္ဂဟသမဝါယသင်္ခါတံ သမူဟပညတ္တိ
မတ္တမေဝ ကထိနံ၊ န ပရမတ္ထတော ကထိနံ နာမ
ကောစိ ဓမ္မော အတ္ထိ၊ တေန ဝုတ္တံ ပရိဝါရေ နာမံ
နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ
ယဒိဒံ ကထိနန္တိ။ ။ ကင်္ခါယောဇနာ မဟာဋီကာ။

အဘိဓါန်ဋီကာယံ ဝုတ္တံ၊ ကဋ္ဌ ကိစ္ဆဇီဝနေ မုဒ္ဓဇ ဒုတိယန္တော ဓာတု၊ ဋ္ဌနော၊ ဝဏ္ဏဝိပရိယာယေ ကထိနန္တိ ပိ။-ဟူသည်နှင့်အညီ၊ညီညင်ပင်ပန်းစွာ အသက်မွေးခြင်း၌ဖြစ်သော၊ မုဒ္ဓဇ ဒုတိယက္ခရာအဆုံးရှိသော၊ ကဋ္ဌ-ဓာတ်,ဋ္ဌန-ပစ္စည်း၊ဋ္ဌ-ကို, ထ-ပြုသဖြင့် ပြီးသော ကိတ်ပုဒ်ဖြစ်၏။

အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။-ဟု ခွင့်ပြုတော်မူရာ၊ကထိနသဒ္ဒါသည် အနက် ၂-ပါးတို့၌ဖြစ်၏။သစ်သား ကားပေါင်ဟူသော အနက်၌လည်း ဖြစ်၏၊ ကထိန်အမည်ဟူသော အနက်၌လည်းဖြစ်၏။ထိုအနက် ၂-ပါးတို့တွင်၊သစ်သား ကား

ပေါင်ဟူသော အနက်ကိုပြခြင်းငှာ၊ ကဉ္စတိ ကိဉ္စနဗိဝတီတိ ကဉ္စနော၊ ရုက္ခော။-ဟု မိန့်ဆိုလေသည်။ ။ကိဉ္စနကား၊ ဝိသေသျာပေက္ခ ဝိသေသနပုဒ်၊ သူစိကမ္မေန-ဟု ဝိသေသျပုဒ်ကိုထည့်။

ယော ဒဗ္ဗော၊ အကြင်ဒြပ်သည်၊ ကိဉ္စန၊ ပြုပြင်ပင်ပန်းသော။ သူစိကမ္မေန၊အပ်အမှုဖြင့်၊ ကဉ္စတိ ဇိဝတိ ဇီဝတံ ကပ္ပေတိ၊ အသက်ကိုမွေးမြူတတ်၏။ ဣတိ၊ ထို့ကြောင့်၊ သော ဒဗ္ဗော၊ ထိုဒြပ်သည်၊ ကဉ္စနော၊ ကဉ္စနမည်၏။ ကဉ္စနော၊ကားပေါင်၊ ရုက္ခော၊ သစ်သားရ၏။

အဓိပ္ပါယ်ကား၊ သင်္ကန်းလျာ ပုဆိုးကို ကြက်၍ ပြုပြင်ပင်ပန်းသော အပ်အမှုဖြင့်၊ ရဟန်းတပါး၏ ရဟန်းတပါးနှင့် အကျင့်တူမျှသော သိက္ခာပုဒ်တည်းဟူသော၊ အသက်ကိုမွေးမြူတတ်သော ကားပေါင်ဒြပ်ကား၊သစ်သားရ၏-ဟူလို။

ခုဒ္ဒကဝတ္ထုခန္ဓက၌၊ အနုဇာနာမိ ဘိက္ခဝေ ကထိနံ၊ ကထိနရဇ္ဇုံ၊ တတ္ထ တတ္ထ ဩဗန္ဓိတွာ စီဝရံ သိဗ္ဗေတုံ။-ဟု ခွင့်ပြုတော် မူသော သစ်သား ကားပေါင်ကိုယူ။

## သစ်သား ကားပေါင်၏ ကထိန်အမည်ဟူသော အနက်ကို ပြခြင်း

သစ်သား ကားပေါင်ဟူသော အနက်ကိုပြပြီး၍၊သစ်သား ကားပေါင်၏ကထိန်အမည်ဟူသော အနက်ကိုပြခြင်းငှာ၊ တဿ ဌသောတိ ကဌိနော၊ ထိရဘာဝေ၊-ဟု မိန့်ဆိုလေသည်။

တဿ ကဌိနဿ၊ ထိုသစ်သား ကားပေါင်၏၊ ဌသော ကဌိနော၊ ကထိန်အမည်တည်း၊ ဣတိ၊ ထို့ကြောင့်၊ ကဌိနော၊ ကဌိနမည်၏၊ ကဌိနော၊ကထိန်အမည်၊ (ဣဒံ တဒ္ဓိတ်မျိုး) ထိရဘာဝေ၊မြဲသော ဘောကြိယာတို့၏အပေါင်းရ၏။

အဓိပ္ပါယ်ကား၊ ငါးပါးသော အာနိသင်တို့ကို အတွင်းပြုခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊မြဲသော ဘောကြိယာတို့၏ အပေါင်းသည် ကထိန်မည်၏ဟူလို။ ။ဤကိုရည်၍၊ ကထိနန္တိ ပဉ္စာနိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ အတ္ထော။-ဟု မိန့်ဆိုလေသည်။

ဝဇိရဗုဒ္ဓိ၊ တေရသကဏ်၊ ဝိမတိ။

ကထိန္နန္တိ၊ ကထိနံ-ဟူသည်ကား။ ပဉ္စာနိသံသော၊ ငါးပါးသော အာနိသင်တို့ကို။ အန္တောကရဏ သမတ္ထတာယ၊ အတွင်းပြုခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့်။ ထိရံ- ထိရဘာဝေါ၊ မြဲသော ဘောကြီယာတို့၏အပေါင်းသည်။ ကထိနံ၊ ကထိန်မည်၏။

ထိရံ ထိရဘာဝေါ-ဟူရာ၌၊ ထိရော ဘာဝေါ ထိရဘာဝေါ၊ ထိရဘာဝါနံ သမူဟော ထိရဘာဝေါ။-ဟုပြု၊ ထိရ-ပုဒ်,ဘာဝ--ပုဒ်၊နှစ် ၂-ပုဒ်ချဉ်းသော်လည်းတဒ္ဓိတ်ဆင့်၍ပြုကောင်း၏။နှစ် ၂-ပုဒ်ချဉ်းရာ၌ ပေါနောဘ္ဘဝိကာ-ဟူသော တဒ္ဓိတ်ပုဒ်ကဲ့သို့မှတ်။

**ပုနဘ္ဘဝကရဏံ ပုနောဘ္ဘဝေါ၊ ပုနောဘ္ဘဝေါ သီလမေတိဿာတိ ပေါနောဘ္ဘဝိကာ။** ။ ဝိသုဒ္ဓိမဂ်။

မြဲသော ဘောကြီယာတို့၏အပေါင်းသည်၊ ကထိန်မည်၏ဟု ဆိုသော ဤစကားရပ်၌၊ မြဲသော ဘောကြီယာတို့၏အပေါင်း ဖြစ်သော ကထိန်အမည်ဟူသည်လည်း၊ ပရမတ်နှင့်မရောမယှက် ပညတ်သက်သက်တခြား။ ကထိန်ခင်းသောရဟန်း, အနုမောဒနာပြုသောရဟန်းတို့၏၊ ပုရိမဝဿံဝုတ္ထဘိက္ခု-အစ၊ သဟာယ္တာရ–အဆုံးရှိသော၊ ကိုယ်, နှုတ်, စိတ်မှ ရထောင်မကသော၊မြဲသော ဘောကြီယာဟူသည်လည်း၊ ပညတ်နှင့်မရောမယှက် ပရမတ် သက်သက်တခြား။

## မြဲသော ဘောကြီယာ ကထိန်အမည်ရှိသည် ပြခြင်း

မြဲသော ဘောကြီယာတို့၏ အပေါင်းဖြစ်သော ကထိန်အမည်ကို ပြပြီး၍၊မြဲသော ဘောကြီယာအား ကထိန်အမည်သည်ရှိ၏ဟု ပြခြင်းငှါ။သော ဧတဿ အတ္ထိတိ ကထိနံ၊ ဌ ကာရဿ ထကာရံ ကတွာ၊ သမူဟပညတ္တိ၊-ဟု မိန့်ဆိုလေသည်။

သော ကမ္ဗြနော-ဟု ကထိန်အမည်ကိုစွဲ။ ဧတဿ ထိရဘာဝဿ-ဟု အနိယတ်က အပေါင်း မပါဘဲ၊ မြဲသော ဘောကြီယာကိုသာစွဲ။ သော ထိရဘာဝေါ-ဟု နိယတ်က အစိတ်မပါဘဲ၊ မြဲသော ဘောကြီယာတို့၏ အပေါင်းကိုသာစွဲ။ ဤသို့အနိယတ်က အစိတ်ကိုသာစွဲမှ၊ နိ

ယတ်က အပေါင်းကိုသာစွဲမှု၊ အဓိပ္ပါယ်ကို အကျယ်ပြသော နောက် ဝါကျနှင့် သဘောတူမျှလေသည်။ ။ နိယတ်စွဲ, အနိယတ်စွဲ မတူပုံမှာ၊ ဓါတုကထာ ယေစွဲအချို့ တေစွဲ အချို့ကဲ့သို့မှတ်။

တေသံ ထိရဘာဝသာ၊ ဤမြဲသော ဘောဂြိယာအား၊ သောက ဌိနော၊ ထိုကထိန်အမည်သည်။ အတ္ထိ၊ ရှိ၏။ ဆုတ်၊ ထို့ကြောင့်။ သော ထိရဘာဝေါ၊ ထိုမြဲသော ဘောဂြိယာတို့၏အပေါင်းသည်။ ဌ ကာရသော၊ ထ အက္ခရာ၏။ ထကာရံ၊ ဌ အက္ခရာကို။ ကတွာ၊ ပြု၍။ ကထိနံ၊ ကထိန မည်၏။ ကထိနံ၊ ကထိန်အမည်။ သင်္ဂဟပညတ္တိ၊ အပေါင်းကထိန် အမည်ပညတ်ရ၏။

သော ဘေဒေါ အတ္ထိတိ ကထိနံ။-ဟူသော အဿတ္ထိတဒ္ဓိတ် ဝါကျ ဒိဋ္ဌသည်ကား၊ သင်္ဂဟ, ဘေဒသအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ သင်္ဂဟသည်လည်း၊ သုဒ္ဓဋ္ဌကသင်္ဂဟ, နာမရူပသင်္ဂဟာအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ကြက်သော သက်နီးလျှာပုဆိုးနှင့်တကွ၊ သစ်သား ကားပေါင်ပြစ်၍ရှိသော ကလာပ်ရုပ်တို့၏ အပေါင်းသည်၊ သုဒ္ဓဋ္ဌကသင်္ဂဟမည်၏။

ဤသုဒ္ဓဋ္ဌက သင်္ဂဟကိုရည်၍၊ ရူပါဒိဓမ္မေသူတိ ဝဏ္ဏဂန္ဓာဒိအဋ္ဌကေသု-ဟု (ဝဇိရဗုဒ္ဓိ) ၌ရင်း၊ ရူပါဒိသု ဓမ္မေသူတိ ဝဏ္ဏဂန္ဓာဒိသု သုဒ္ဓဋ္ဌကဓမ္မေသု-ဟု (တေရသကဏ်)၌ရင်း၊ မိန့်ဆိုကြလေသည်။ ။ အဋ္ဌကထာပါဠ်နှင့်စပ်၍ အနက်မြန်မာပြန်ဆိုမှ သဘောကျမည်။

ရူပါဒိဓမ္မေသူတိ၊ ရူပါဒိဓမ္မေသု- ဟူသည်ကား။ ဝဏ္ဏဂန္ဓာဒိအဋ္ဌကေသု၊ ဝဏ္ဏ, ဂန္ဓ အစရှိသော အဋ္ဌကလာပ်ဖြစ်ကုန်သော။ ယေသု ဓမ္မေသု၊ အကြင်ရုပ်တရားတို့သည်။ ပ။ ရူပါဒိသု ဓမ္မေသူတိ၊ ရူပါဒိသု ဓမ္မေသု- ဟူသည်ကား။ ဝဏ္ဏဂန္ဓာဒိသု၊ ဝဏ္ဏ, ဂန္ဓအစရှိကုန်သော။ ယေသု သုဒ္ဓဋ္ဌကဓမ္မေသု၊ အကြင်သုဒ္ဓဋ္ဌက ကလာပ် ရုပ်တရားတို့သည်။ သတိ သန္တေသု၊ ရှိကုန်သည်ရှိသော်။ တေသံ ဓမ္မာနံ၊ ထိုသုဋ္ဌက ကလာပ် ရုပ်တရားတို့၏။ သင်္ဂဟော၊ အပေါင်းသည်။ ကထိနံနာမ၊ ကထိန်မည်သည်။ ဟောတိ၊ ဖြစ်၏။

ကထိန်ခင်းသောရဟန်း အနုမောဒနာ ပြုသောရဟန်းတို့၏၊ ပုရိမ

ဝဿံဝုဋ္ဌဘိက္ခူ-အစ၊သဟုပ္ပါဒ-အဆုံးရှိသော၊ကိုယ်မှု,နှုတ်မှု,စိတ်မှု ရာထောင်မကပြုသော၊ မြဲသော ဘောကြီးသော နာမ် ရုပ် တရားတို့၏အပေါင်းသည်၊နာမရူပသမူဟမည်၏။

## ဤနာမရူပသမူဟကိုရည်၍

တတ္ထ ကထိနန္တိ သံဃဿ အနုမောဒနာယ ဂဏဿ အနုမောဒနာယ ပုဂ္ဂလဿ အတ္ထာရာ သံဃဿ အတ္ထတံ ဟောတိ ကထိနန္တိ ဝစနတော တေသံယေဝ အနုမောဒနာဒီနံ ဓမ္မာနံ သင်္ဂဟော ကထိနံနာမ။ ယထာဟ။ တေသံယေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော နာမံ နာမကမ္မန္တိ အာဒီ။-ဟု မိန့်ဆိုလေသည်။ ။ကင်္ခါဋီကာဟောင်း။

တတ္ထ ဝစနေ၊ ထိုစကား၌။ ကထိနန္တိ၊ ကထိန်-ဟူသည်ကား။ သံဃဿ အနုမောဒနာယ ဂဏဿ အနုမောဒနာယ ပုဂ္ဂလဿ အတ္ထာရာ သံဃဿ အတ္ထတံ ဟောတိ ကထိနန္တိ ဝစနတော၊ သံဃဿ။ပ။ ကထိနံ၊ ဟု- ဟောတော်မူခြင်းကြောင့်၊ တေသံယေဝ အနုမောဒနာဒိ ဓမ္မာနံ၊ ထိုအနုမောဒနာပြုခြင်း အစရှိသော၊ မြဲသော ဘောကြီးသော နာမ်တရားတို့၏သာလျှင်။ သင်္ဂဟော၊ အပေါင်းသည်။ ကထိနံနာမ၊ ကထိန်မည်၏။ ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ တေသံ ယေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော နာမံ နာမကမ္မန္တိ အာဒိဝစနံ၊ တေသံ ယေဝ။ပ။ နာမံ နာမကမ္မံ- ဤသို့ အစရှိသော စကားကို။ အာဟ၊ ဟောတော်မူပြီ။

ကထိန်ခင်းသောရဟန်း, အနုမောဒနာပြုသောရဟန်းတို့၏၊ ပုရိမဝဿံဝုဋ္ဌဘိက္ခူ- အစ၊သဟုပ္ပါဒ- အဆုံးရှိသော၊ ကိုယ်မှု, နှုတ်မှု, စိတ်မှု ရာထောင်မကပြုသော၊ မြဲသော ဘောကြီးသော နာမ်ရုပ်တရား တပါးတပါးတို့၌ ကထိန်အမည်သည်ရှိ၏။ပရမတ်အားဖြင့် ကထိန်မည်သော နာမ်တရား,ရုပ်တရား တပါးမျှမရှိ။ ထိုနာမ်ရုပ်တရားတို့သည်၊ကိုယ်မှု, နှုတ်မှု, စိတ်မှု ရာထောင်မကပြုသော၊ မြဲသော ဘောကြီးသော နာမ် တခုတခု, ရုပ် တခုတခုသည်၊ ဧကဒေသမည်၏။

## ဤဧကဒေသကို ရည်၍

**တသ္မာ ကထိနတ္ထာရံ ဗဟူသု ဓမ္မေသု နာမမတ္တံ၊ န ပရမတ္ထတော ဧကောဓမ္မော၊ ကော ပန သော အတ္ထာရော တိ၊ တဒေကဒေသော၀၊ ခီရဿ ဓာရာဝိယ။ ယထာဟ။ အတ္ထာရော ကေန ဓမ္မေန သင်္ဂဟိတော ဝစီဘေဒေနာ တိ။**-ဟု မိန့်ဆိုလေသည်။ ။ကင်္ခါဋ္ဌကထာဟောင်း။

တသ္မာ၊ ထို့ကြောင့်။ ကထိနတ္ထာရံ၊ ကထိန်ဟူသော ဤအမည်သည်။ ဗဟူသုဓမ္မေသု၊ များစွာသော နာမ်တရားရုပ်တရားတို့၌။ နာမမတ္တံ၊ အမည်မျှတည်း။ ကထိနတ္ထာရံ၊ ကထိန်ဟူသော ဤအမည်သည်။ ပရမတ္ထတော၊ ပရမတ်အားဖြင့်။ န ဧကော ဓမ္မော၊ တခုသောတရားမဟုတ်။ အဿ သမူဟဿ၊ ဤနာမ်ရုပ်အပေါင်း၏။ အတ္ထာရော၊ ခင်းခြင်းသည်။ ကော ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆာ၊ မေးအပ်သည်ရှိသော်။ (တဒေကဒေသော၀၊ တဿ ဧကဒေသော၀-ဝါကျ။) တဿ သမူဟဿ၊ ထိုနာမ်ရုပ်အပေါင်း၏။ အတ္ထာရော၊ ခင်းခြင်းသည်။ ဧကဒေသော၀၊ တစိတ်သာလျှင်တည်း။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ ခီရဿ၊ နို့၏။ ဓာရာဝိယ၊ အရည်ကဲ့သို့တည်း။ ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ အတ္ထာရော ကေန ဓမ္မေန သင်္ဂဟိတော ဝစီဘေဒေနာတိ ပဒဝိဘာဂံ၊ အတ္ထာရော ။ ပ ။ ဝစီဘေဒေန - ဟူသော ဤစကားကို။ အာဟ၊ ဟောတော်မူပြီ။ ။အတ္ထာရော၊ ခင်းခြင်းကို။ ကေန၊ တပါးသော။ ဓမ္မေန၊ တရားဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ဝစီဘေဒေန၊ ဝစီဘေဒဖြင့်။ သင်္ဂဟိတော၊ အပ်၏။

နို့ကား- အပေါင်း၊ အရည်ကား-အစိတ်ဖြစ်သကဲ့သို့။ ထို့အတူ၊ အနုမောဒနာ ပြုခြင်း အစရှိသော အလုံးစုံသော နာမ်ရုပ်ကား၊ အပေါင်း။ ။ဣမာယ သံဃာဋိယာ၊ ဣမိနာ ဥတ္တရာသံဂေန၊ ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ၊-ဟု ကထိန်ခင်းခြင်း၊ မြဲသော ဘောကြိယာ ဝစီဘေဒရုပ်ကား၊ အစိတ် ဧကဒေသ။

အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနု

မောဒါမ။-ဟု အနုမောဒနာပြုခြင်း၊ မြဲသော ဘောကြိယာ ဝစီဘေဒရုပ်ကား၊ အစိတ်ကြေဒေသ။ ။ဣစ္ဆေဝိမံ စီဝရံ ကာရေဿံ နုပဗ္ဗေဿံ၊-ဟု စိတ်အဓိဋ္ဌာန်ပြုခြင်း၊ မြဲသော ဘောကြိယာ နာမ်သည်ကား၊ အစိတ်ကြေဒေသ။ ။ဘိက္ခု၊ အညတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ။ - ဟု ကိုယ်မှုပြုခြင်း၊ မြဲသော ဘောကြိယာ ပဲသွားသောရုပ်ကား၊ အစိတ်ကြေဒေသ။ ။ဤနည်းဖြင့် သရုပ်ကုန်ဆိုလေ။

ဤသို့ အစိတ်ကြေဒေသဖြစ်သော၊ ကိုယ်မှုပြုသော ရုပ်တခုတခု၊ နှုတ်မှုပြုသော ရုပ် တခုတခု၊ စိတ်မှုပြုသော နာမ် တခုတခုသည်၊ ကထိန်အမည်သည်ကား မှီ၏။ ပရမတ်အားဖြင့် ကထိန်မည်သော နာမ်ရုပ် တရား တပါးမျှမရှိ။ ။အသိသေချာစေ။

## သုဒ္ဓဋ္ဌက,နာမရူပ သမူဟပညတ်၊ နာမ,ရူပကေဒေသ၌ ကထိန်အမည် ရှိသည်ကို တပေါင်းတည်း ပြခြင်း

ဤသို့၊ သော တေသာ အတ္ထိတိ ကထိနံ-ဟူသော အဿတ္ထိတဋ္ဌိတ် ဝါကျ နိဒ္ဒေသ၌၊ သုဒ္ဓဋ္ဌက သမူဟပညတ်,နာမရူပ သမူဟပညတ်သည်၊ ကထိန်မည်သည်၏အဖြစ်။ နာမ်ကေဒေသ,ရုပ်ကေဒေသ၌၊ ကထိန်အမည်ရှိသည်၏အဖြစ်ကို၊တပေါင်းတည်းပြလိုသည်ဖြစ်၍။......

> ပုရိမံဝဿံဝုဋ္ဌာ ဟိ ဘိက္ခူ အနူနပဉ္စဝဂ္ဂသံဃော စီဝ
> ရမာသော ဓမ္မေန သမေန ဥပ္ပန္နစီဝရတ္တိံ အာဒီသု ယေသု
> နာမရူပေသု သမုပ္ပန္နမာနေသု တေသံ နာမရူပဓမ္မာနံ
> သင်္ဂဟ သမဝါယသင်္ခါတံ သမူဟပညတ္တိမတ္တမေဝ ကထိ
> နံ၊န ပရမတ္ထတော ကထိနံနာမ ကောပိ ဓမ္မော အတ္ထိ၊
> တေန ဝုတ္တံ ပရိဝါရေ တေသံယေဝဓမ္မာနံ သင်္ဂဟော
> သမဝါယော နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ
> အဘိလာပေါ ယဒိဒံ ကထိနန္တိ။-ဟုမိန့်ဆိုလေသည်။

ကင်္ခါယောဇနာ မဟာဋီကာ ပါဌ်-အဆုံး။

ပုရိမဝဿံဝုဋ္ဌာ ဟိ ဘိက္ခူ၊ ပုရိမဝါမှ ထပြောက်သော ရဟန်း။

အနုနပဋ္ဌဝဂ္ဂသံဃော၊မယုတ်သော ပဋ္ဌဝဂ်သံဃာ၊ စီဝရမာသော၊ သင်္ကန်းလ၊ဓမ္မေန၊တရားနှင့်၊သမေန၊ညီသဖြင့်၊ဥပ္ပန္နစီဝရံ၊ ဖြစ်သော သင်္ကန်း၊ဉာတိ အာဒိသု၊ ဤသို့အစရှိကုန်သော၊ ယေသု နာမရူပေသု၊ အကြင်နာမ်ရုပ်တို့သည်၊သမုပ္ပဇ္ဇမာနေသု၊ဖြစ်ကုန်သည်ရှိသော်၊ တေသံ နာမရူပဓမ္မာနံ၊ထိုနာမ်ရုပ်တရားတို့၏၊သင်္ဂဟ သမဝါယသင်္ခါတံ၊ သင်္ဂဟ သမဝါယ-ဟုဆိုအပ်သော၊ သမူဟ ပညတ္တိ မတ္တမေဝ၊ အပေါင်းပညတ်သည်သာလျှင်၊ ကထိနံ၊ ကထိန်မည်၏။ ပရမတ္ထတော၊ ပရမတ်အားဖြင့်။ ကထိန်နာမ၊ ကထိန်မည်သော၊ ဧကောပိ ဓမ္မော၊ တခုသော တရားမျှ သည်လည်း၊ န အတ္ထိ၊မရှိ၊

တေန၊ထို့ကြောင့်။ပရိဝါရေ၊ ပရိဝါရ်၌၊ တေသံယေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ ယဒိဒံ ကထိနန္တိ ဣဒံ ဝစနံ၊ တေသံ၊ ပ ၊ ကထိနံ-ဟူသော ဤစကားကို၊ ဝုတ္တံ၊ မိန့်အပ်ပြီ။ တေသံယေဝ ဓမ္မာနံ၊ ထိုနာမ်ရုပ်တရားတို့၏သာလျှင်၊ သင်္ဂဟော၊ အပေါင်းတည်း၊ သမဝါယော၊ ရောနှောခြင်းတည်း၊ ယဒိဒံ ကထိနန္တိ နာမံ၊ အကြင် ကထိန်ဟူသော အမည်သည်၊အတ္ထိ၊ရှိ၏၊ တံ ကထိနံနာမံ၊ ထိုကထိန်ဟူသော အမည်သည်၊တေသံယေဝ ဓမ္မာနံ၊ ထိုနာမ်ရုပ်တရားတို့၏၊ နာမံ၊ အမည်တည်း၊ နာမကမ္မံ၊ အမည်ကို ပြုခြင်းတည်း၊ နာမဓေယျံ၊ အမည်ကိုထားခြင်းတည်း၊ (နာမပုဒ်လိုက်) နိရုတ္တိ၊ အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုခြင်းတည်း။ နာမဗျဉ္ဇနံ၊ အမည်ကိုနှုတ်ဖြင့်ပြဆိုခြင်းတည်း၊ နာမအဘိလာပေါ၊ အမည်ကိုနှုတ်ဖြင့်ခေါ်ဝေါ်ခြင်းတည်း။

သာဓက ပရိဝါနက်။

ဤစကားရပ်၌ သုတ္တန္တက သမူဟပညတ်, နာမရူပသမူဟပညတ်သည်၊ ကထိန်မည်သည့်၏အဖြစ်ကို၊ တေသံ နာမရူပဓမ္မာနံ သမူဟပညတ္တိမတ္တမေဝ ကထိနံ၊-ဟူသောပါဌ်ဖြင့် ပြသည်။ ။အဓိပ္ပါယ်ကား၊ တေသံယေဝဓမ္မာနံ သင်္ဂဟော သမဝါယော-ဟူသော ပရိဝါကို သာဓကမူ၍။ ကထိန်ခင်းသောရဟန်း, အနုမောဒနာ ပြုသော ရဟန်းတို့၏၊ ပုရိမဝဿံဝုတ္ထဘိက္ခူ-အစ၊သဟဿာရ-အဆုံးရှိသော

ကိုယ်မှု ၊ နှုတ်မှု၊ စိတ်မှု၊ ရာထောင်မကပြုသော၊ မြဲသော ဘောကြီးသော နာမ် ရုပ်တရားတို့၏ အပေါင်းသည်၊ ကထိန်မည်၏ဟူလိုသည်။

ကေဒေသ၌ ကထိန်အမည်ရှိသည်၏အဖြစ်ကို၊ နှ ပရမတ္ထတော ကထိန်နာမ ကောပိ ဓမ္မော အတ္ထိ၊-ဟူသောပါဠိဖြင့် ပြသည်။ ။ အဓိပ္ပါယ်ကား။ နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာ ပေါ ယဒိဒံ ကထိနံ-ဟူသော ပါဠိကို သာဓကမှု၍၊ ပရမတ္ထအားဖြင့် အစိတ် ကေဒေသံ ပြားသော်ကား၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု တခုတခုပြု သော၊ နာမ်တရား ရုပ်တရား တပါးမျှ ကထိန်မမည်။ စင်စစ်သော် ကား၊ တခုတခုသော နာမ်တရား ရုပ်တရားတို့၏ အမည်နာမ ဝေါ ဟာရ ဒေသနာသည်၊ ကထိန်မည်၏ဟူလိုသည်။

ဤအဓိပ္ပါယ် အကျယ် စကားရပ်၌၊ ကထိနန္တိ ဣဒံ ဗဟုသု ဓမ္မေ သု နာမမတ္တံ-ဟူသော အဋ္ဌကထာပါဠိကိုထောက်၍၊ သော တေသာ အတ္ထိတိ ကထိနံ-ဟူသော ရှေ့စကားသည်၊ သော တေသံ ဝိဇ္ဇတိတိ ကထိနံ-ဟူသော နောက်စကားနှင့်မညီဟု မှတ်ထင်တတ်၏။ မမှတ် ထင်လင့်၊ သော တေသာ အတ္ထိတိ ကထိနံ၊ သော တေသံ ဝိဇ္ဇတိတိ ကထိနံ။ နည်း ၂-တန် ဆိုခွင့်သင့်သည်ချည်းမှတ်။

နာမ်ရုပ်တရားတို့၌ ကထိန်အမည်ရှိ၏ ဟူသော ဤစကားဖြင့်၊ နာမ်ရုပ်တပါး တပါး၌ ရှိသော ကထိန်အမည်သည်၊ နာမ် ရုပ် တရားတို့၏ ကထိန်အမည် ဆိုသော စကားနှင့် မညီဟု မှတ်ထင် တတ်၏။ မမှတ်ထင်လင့်၊ နွားဖြူ၌ရှိသောကြိုးကို နွားဖြူ၏ကြိုး၊ နွားနီ၌ ရှိသော ကြိုးကို နွားနီ၏ကြိုး-ဟု ဆိုရသကဲ့သို့။ ထို့အတူ၊ နာမ် တရား၌ရှိသော ကထိန်အမည်ကို၊ နာမ်တရား၏ကထိန်အမည်။ ရုပ် တရား၌ရှိသော ကထိန်အမည်ကို၊ ရုပ်တရား၏ ကထိန်အမည်ဟု ဆို ရသည်မှတ်လေ ဟူလိုသတတ်။

နာမ်တရား၊ ရုပ်တရား၏ အမည် နာမဝေါဟာရ ဒေသနာ သဒ္ဒါ သည်၊ ကထိန်မည်၏ဆိုသော ဤစကား၌၊ ဤ၌သာလျှင် ဤသင်္ကန်း ကိုပြုအံ့၊ မပြုအံ့ဟု ဆောက်တည်သော စိတ္တုပ္ပါဒ် နာမ်တရား ဖြစ် သည်ရှိသော်၊ ဣဒမိမံ စီဝရံ ကာရေသံ နပစ္စေသံ-ဟူသော

စိတ်၏အမည် နာမဝေါဟာရသည်၊ စိတ်ဟူ၍ထင်သည်မည်၏။ စိတ်၏ အမည် နာမဝေါဟာရသည် စိတ်ဟူ၍ထင်သည်ရှိသော်၊ ဣဓေဝိမံ စီဝရံ ကာရေဿံ န ပစ္စာသံ-ဟု အမည်ကိုထုတ်၍၊ နှုတ်ဖြင့် ရွတ်ဆို သော ဒေသနာသည်၊ စိတ်ဟူ၍ထင်သော စိတ်၏အမည်နာမဝေါဟာရ အား လျောက်ပတ်သည်မည်၏။

ဣဓေဝိမံ စီဝရံ ကာရေဿံ န ပစ္စာသံ-ဟု စိတ်ဟူ၍ထင်သော စိတ်၏အမည်နာမ ဝေါဟာရသည်၊ ပညတ်ဖြစ်၍ ကထိန်မည်၏။ မနသာ ဝဝတ္ထပိတ ပါဠိဖြစ်၍ အနက်မရှိ။ အနက်မရှိသော်လည်း နှုတ်ဖြင့်ရွတ်ဆိုသော သဒ္ဒါ၏အလို အတ္ထပညတ် အမည်ကိုရ၏။

ဣဓေဝိမံ စီဝရံ ကာရေဿံ န ပစ္စာသံ-ဟု အမည်ကိုထုတ်၍၊ နှုတ်ဖြင့်ရွတ်ဆိုသော ဒေသနာသည်၊ ပရမတ်ဖြစ်၍ သဒ္ဒါမည်၏။ ဝစီ ဘေဒသဒ္ဒ နာမပညတ်နှင့်စပ်သည်ဖြစ်၍ အနက်ရှိ၏။ ဤ၌သာလျှင် ဤသင်္ကန်းကိုပြုအံ့၊ မပြန်အံ့- ဟု ဆောက်တည်သော စိတ္တုပ္ပါဒ် နာမ် တရားသည် အနက်မည်၏။

ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟု အမည်ကိုထုတ် ၍ နှုတ်ဖြင့် ရွတ်ဆိုသော ဝစီဘေဒ ရုပ် ဖြစ်သည်ရှိသော်၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟူသော ရုပ်၏အမည် နာမဝေါ ဟာရသည်၊ စိတ်ဟူ၍ထင်သည်မည်၏။

ရုပ်၏ အမည်နာမဝေါဟာရသည် စိတ်ဟူ၍ထင်သည်ရှိသော်၊ ဣမာ ယ သံဃာဋိယာ ကထိနံ အတ္ထာရာမိ-ဟု အမည်ကိုထုတ်၍၊ နှုတ်ဖြင့် ရွတ်ဆိုသော ဒေသနာသည်၊ စိတ်ဟူ၍ထင်သော ရုပ်၏အမည် နာမ ဝေါဟာရ အားလျော်သည်မည်၏။

ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟု စိတ်ဟူ၍ထင်သော ရုပ်၏အမည်နာမဝေါဟာရသည်၊ ပညတ်ဖြစ်၍ ကထိန်မည်၏။ မန သာ ဝဝတ္ထပိတ ပါဠိသာဖြစ်၍ အနက်မရှိ။ အနက်မရှိသော်လည်း နှုတ်ဖြင့်ရွတ်ဆိုသော သဒ္ဒါ၏အလို အတ္ထပညတ် အမည်ကိုရ၏။

ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟု အမည်ကို ထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသော၊ ခင်းသော ဘောကြိယာ ဝစီဘေဒရုပ် ဒေသ နာသည်၊ ပရမတ်ဖြစ်၍ သဒ္ဒါမည်၏။ ဝစီဘေဒ သဒ္ဒ နာမပညတ်

နှင့်စပ်သည်ဖြစ်၍ အနက်ရှိ၏။ ကထိန်ခင်းသော နေ့မှစ၍၊ တပေါင်း လပြည့်နေ့ ကထိန်နှုတ်သည်တိုင်အောင်၊ ကထိန်ခင်းသော ရဟန်း အနုမောဒနာပြုသော ရဟန်းတို့၌၊ မာတိကာ ၈-ပါး , ပလိဗောဓ ၂-ပါး, အာနိသင် ၅-ပါး သဟဇာတ တရားနှင့်တကွ၊ ဒုကုဋ် သင်္ကန်းဖြင့် ၅-လ ပတ်လုံး တည်သော အတ္ထာရ ကြိယာသည် အနက်မည်၏။

ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ ချုပ်လုပ်ပြီး သော အာနိသင်ရ မူလသင်္ကန်းကိုယူ၍၊ ဖဲသွားသော ဣရိယာပုထ် ရုပ်ဖြစ်သည်ရှိသော်၊ ဘိက္ခု အတ္ထတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ၊–ဟူသော ရုပ်၏အမည်နာမ ဝေါဟာရသည်၊ စိတ်၌ထင် သည်မည်၏။

ရုပ်၏အမည်နာမ ဝေါဟာရသည် စိတ်၌ ထင်သည် ရှိသော်၊ ဘိက္ခု အတ္ထတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ၊–ဟု အမည် ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသော ဒေသနာသည်၊ စိတ်၌ ထင်သော ရုပ်၏အမည်နာမ ဝေါဟာရအား ပြောသည်မည်၏။

ဘိက္ခု အတ္ထတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ၊-ဟု စိတ် ၌ထင်သော ရုပ်၏အမည်နာမဝေါဟာရသည်၊ ပညတ်ဖြစ်၍ ကထိန် မည်၏။ မနသာ ဝဝတ္ထာပိတ ပါဠိသာဖြစ်၍ အနက်မရှိ။ အနက်မရှိ သော်လည်း နှုတ်ဖြင့်ရွတ်ဆိုသော သဒ္ဒါ၏အလို အတ္ထပညတ်အမည် ကိုရ၏။

ဘိက္ခု အတ္ထတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ၊-ဟု နှုတ်ဖြင့် ရွတ်ဆိုသောဒေသနာသည်၊ ပရမတ်ဖြစ်၍ သဒ္ဒါမည်၏။ ဝစီဘေဒ သဒ္ဒ နာမပညတ်နှင့်စပ်သည်ဖြစ်၍ အနက်ရှိ၏။ ဖဲသွားသော ဘော ကြိယာ ဣရိယာပုထ်ရုပ်၊ ပက္ကမန္တိက - ကထိနုဒ္ဓါရသည် အနက် မည်၏။ ။ ဤနည်းဖြင့် ကြွင်းသော နာမ်ရုပ်တို့၏ ကထိန်အမည်ကို၊ ကြိယာ ကာရက ဝါကျကိုထုတ်၍ သရုပ် ကုန်အောင် ကောက်ဆိုကြလေ။

ဤသို့ နာမ်တရား, ရုပ်တရား၏ အမည်နာမဝေါဟာရ ဒေသနာ သည် ကထိန်မည်၏ဆိုသော ဤစကား၌၊ ကင်္ခါယောဇနာ မဟာဋီ

ကာပါဠိကို အစဉ်လျှောက်၍ ကောက်ဆိုအပ်သော အဓိပ္ပါယ်သွား အကျယ်စကားသည်၊ ယေသု ရူပါဒိဓမ္မေသု သတိ ကထိနံ နာမ ဟောတိ၊-ဟူသော အဋ္ဌကထာ အကျဉ်းစကားနှင့်အညီ ကောက်ဆိုသည်မှတ်ကြရမည်။

ဒွါရ, အာရုံ, ဝိညာဏ်တို့၏အဖြစ်ဖြင့် နာမ်ရုပ်ဖြစ်သည်ရှိသော်၊ နာမ်ရုပ်၏အမည် နာမဝေါဟာရ စိတ်၌ထင်ပုံ၊ စိတ်၌ထင်သောနာမ်ရုပ်၏ အမည်နာမ ဝေါဟာရအား ဒေသနာသဒ္ဒါလျှော်ပုံ၊ စိတ်၌ထင်သော နာမ်ရုပ်၏ အမည်နာမဝေါဟာရ ကထိန်မည်ပုံ၊ ကထိန်မည်၍ အနက်မရှိက မနသာ ဝဝတ္ထပိတ ပါဠိဟူသော၊ နာမ်ရုပ်၏ အမည် နာမ ဝေါဟာရ အတ္ထပညတ်မည်ပုံကို၊ အာဂမ် ညှိလိုသော ဆရာတို့၏ အလိုကို မူလဋီကာပါဠိဖြင့် ပြဆိုပေအံ့။

## အာဂမ်ယုတ္တိညှိလိုသော ဆရာတို့၏အလိုကို မူလဋီကာဖြင့် ပြခြင်း

ယသ္မာ ပန ယေသု ရူပါဒီသု စက္ခာဒီသု စ တထာ တထာ ပဝတ္တမာနေသု သန္တေသု ဣတ္ထိ ရထော ဃဋ္ဋောတိ အာဒိကာ ဝိစိတ္တသညာ ဥပ္ပဇ္ဇတိ၊ သညာနုလောမာနိစ အဓိဝစနာနိ၊ တေ ဟိ ရူပစက္ခာဒီဟိ အညာ သတ္တရထာဒိသညာဝလမ္ဗိတော ဝစနဋ္ဌော ဝိဇ္ဇမာနော န ဟောတိ၊ တသ္မာ သတ္တရထာဒိ အဘိလာပါ အဝိဇ္ဇမာနပညတ္တီတိ ဝုစ္စန္တိ၊ နစ တေ အဘိလာပါ မုသာတိ ဝုစ္စန္တိ၊ လောက သမညာဝသေန ပဝတ္တတ္တာ၊ တတောဝ တေ အဘိလာပါ သမ္မုတိ သစ္စန္တိ ဝုစ္စန္တိ။ သောစ ဝစနဋ္ဌော သယံ အဋ္ဌော သယံ အဝိဇ္ဇမာနောပိ ဝိဇ္ဇမာနဿ ဝစနဿဝ ဝသေန ပညတ္တိ ဝေါဟာရံ လဘတိ၊ သမ္မုတိ သစ္စန္တိစ ဝုစ္စတိ၊ ယထာဂဟိတ သညာ

ဝသေန ပဝတ္တ ဝစနတ္ထ ဘာဝတော သမ္မုတိ ဉာဏံ သစ္စာရမ္မဏမေဝ နာညာရမ္မဏန္တိ ကထာယစ ပထဝီ ကသိဏာဒိစ စီဝရာဒိစ သမ္မုတိသစ္စန္တိ ဣမိနာဝ အဓိပ္ပါ ယေန ဝုတ္တန္တိ ဝိညာယတိ။ ။မူလဋီကာ။

ကြွင်းသော ဒွါရ, အာရုံ, ဝိညာဏ်၏အရ၊ နာမ်ဝီထိ ရုပ်ဝီထိကျသည်ကိုမဆိုဘဲ ပြီးသော လက္ခဏာဟာရ နည်းဖြင့်၊ ဒွါရ, အာရုံ, ဝိညာဏ်၏အရ စက္ခုဒွါရိက နာမ်ဝီထိ, ရုပ်ဝီထိ ကျ၍၊ စက္ခုံ နိဿာယ ရူပံ အာရဗ္ဘ ဥပ္ပဇ္ဇတိ ဝိညာဏံ စက္ခုဝိညာဏံ နာမ၊-ဟူသည်နှင့် အညီ၊ မျက်စိဖြင့် အဆင်းကို မြင်သည်ရှိသော်၊ ဣတ္ထိစ ပုရိသောစ စက္ခုနာ ရူပံ ပဿတိ၊ တွဉ္စ စက္ခုနာ ရူပံ ပဿတိ၊ အဟဉ္စ စက္ခုနာ ရူပံ ပဿာမိ၊ ဣတ္ထိပုရိသာစ စက္ခုနာ ရူပံ ပဿန္တိ၊ တုမှေစ စက္ခုနာ ရူပံ ပဿထ၊ မယံ စက္ခုနာ ရူပံ ပဿာမ။ ဤသို့ အစရှိသော နာမ်ရုပ်၏အမည်သညာသည်၊ နာမ်ရုပ်၏အမည်ကို ထုတ်၍ နှုတ်ဖြင့်မရွတ်ဆိုမီ၊ လောကသင်္ကေတ လူတို့ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရကို၊ ရှေးအခါက ကြားနာဘူးတိုင်း စိတ်၌ထင်သည်မည်၏။

နာမ်ရုပ်၏အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသောသဒ္ဒါသည်လည်း၊ စိတ်၌ထင်သော နာမ်ရုပ်၏ အမည်သညာအား လျော်သည်မည်၏။ (တနည်း) နာမ်ရုပ်ဟူသော အနက်သည်လည်း၊ စိတ်၌ထင်သော နာမ်ရုပ်၏ အမည်သညာဖြင့်၊ နာမ်ရုပ်၏အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသော သဒ္ဒါကို ခွင့်ပြုသည်မည်၏။ ခွင့်ပြုသောကြောင့် ပင်လျှင် ပေ၌ထင်သောအက္ခရာအစဉ်၊ မနသာဝဝတ္ထပိတာ ပါဠိကိုမြင်သဖြင့် အနက်ထင်ကြလေသည်။ ။အက္ခရာသညာဒန် ပညတ်ဟန်နှင့် မကာပ်လင့်။

## နာမ်ရုပ်၏ အမည် သညာ၌ မှည့်သော အနက်သည်၊ နာမ်ရုပ်မှတပါး အသီး အခြား မရှိသည်ကိုပြခြင်း

ဣတ္ထီ, ပုရိသ, တွံ, အဟံ-အစရှိသော နာမ်ရုပ်၏ အမည်သညာသည်၊ သတ္တ, ရထ- အစရှိသော ဝေါဟာရ၏ ပရိယာယ် စကား

လှယ် ဝေဝုစ်ဖြစ်သည်၊ သတ္တ, ရထ- အစရှိသော နာမ်ရုပ်၏အမည် သညာ၌ မှည့်သော အနက်သည်၊ နာမ်ရုပ်မှတပါး အသီးအခြား မရှိဟု- ပြခြင်းငှာ။........

> ယသ္မာ ပန ယေသု ရူပါဒီသု တထာ တထာ ပဝတ္တ မာနေသု သတ္တော ရထော ဃဋော ဃဋောတိ အာဒိကာ ဝိစိတ္တသညာ ဥပ္ပဇ္ဇတိ၊ သညာ နုလောမာနိစ အဘိဝစနာနိ၊ တေဟိ ရူပစက္ကာဒီဟိ အညော သတ္တ ရထာဒိ သညာဝလမ္ဗိတော ဝစနတ္ထော ဝိဇ္ဇမာနော န ဟောတိ။- ဟုမိန့်ဆိုလေသည်။

ယေသု ရူပါဒီသုစ၊ အကြင်ရူပါရုံအစရှိသော အာရုံ- ၆-ပါး နာမ်ရုပ်တရားတို့သည်ငင်း။ ယေသု စက္ခာဒီသုစ၊ အကြင် စက္ခုဒွါရအစရှိသော ဒွါရ ၆-ပါး နာမ်ရုပ်တရားတို့သည်ငင်း။ တထာ တထာ-တေနတေန အာကာရေန၊ ထိုထိုအခြင်းအရာအားဖြင့်။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သည်ရှိသော်။ သတ္တော၊ သတ္တဝါ။ ဇုတ္တိ၊မိန်းမ။ ရထော၊ ရထား။ ဃဋော၊ အိုး။ ဣတိအာဒိကာ၊ ဤသို့ အစရှိသော။ ဝိစိတ္တသညာ- ဝိဘူတာ စိတ္တေသညာ၊ စိတ်၌ထင်သော နာမ်ရုပ်၏ အမည်သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အဘိဝစနာနိစ၊ သဒ္ဒါတို့သည် လည်း။ သညာနုလောမာနိ၊ နာမ်ရုပ်၏ အမည်သညာအား လျော်ကြကုန်၏။ တေဟိ ရူပစက္ခာဒီဟိ၊ ထိုရူပါရုံ စက္ခုဒွါရ အစရှိသော အာရုံ ၆-ပါး, ဒွါရ ၆-ပါး၊ နာမ်ရုပ်တရားတို့မှ။ အညော၊ တပါးသော။ သတ္တရထာဒိသညာဝလမ္ဗိတော၊ သတ္တ, ရထ- အစရှိသော နာမ်ရုပ်၏ အမည်သညာ၌ မှည့်သော။ ဝစနတ္ထော၊ အနက် သည်။ ယသ္မာပန၊ အကြင့်ကြောင့်။ ဝိဇ္ဇမာနော၊ ရှိသည်။န ဟောတိ၊ မဖြစ်။

**အမှားဟူ၍ မဆိုအပ်၊ သမုတိသစ္စာ အမှန်ဟူ၍ ဆိုအပ်သည်ကိုပြခြင်း**

သတ္တ, ရထ-အစရှိသော၊ နာမ်ရုပ်၏အမည်သညာ၌ မှည့်သော

အနက်၏မရှိခြင်းကြောင့်၊ သတ္တဝေါဟာရ, ရထ-အစရှိသော ဝေါဟာရကို အဝိဇ္ဇမာနပညတ်ဟုဆိုအပ်၏။ လောက သင်္ကေတ လူတို့ခေါ်ဝေါ်ပြောဆိုကြသော၊ သတ္တဝေါဟာရ, ရထ-အစရှိသော ဝေါဟာရ၏၊ နာမ်ရုပ်၏ သတ္တဟူသော အမည်သညာ, ရထ - အစရှိသောအမည်သညာဖြစ်သော အလိုအားဖြင့်ဖြစ်ခြင်းကြောင့်၊ အမှားဟူ၍လည်း မဆိုအပ်၊ သမုတိ သစ္စာ-အမှန်ဟူ၍သာ ဆိုအပ်၏ဟုပြခြင်းငှါ။......

တသ္မာ သတ္တရထာဒိ အဘိလာပါ အဝိဇ္ဇမာနပညတ္တီတိ ဝုစ္စန္တိ၊ နစ တေ အဘိလာပါ မုသာတိ ဝုစ္စန္တိ လောက သမညာဝသေန ပဝတ္တတ္တာ၊ တတော ဧဝ တေ အဘိလာပါ သမုတိ သစ္စန္တိ ဝုစ္စန္တိ၊-ဟု မိန့်ဆိုလေသည်။

တသ္မာ၊ ထို့ကြောင့်။ သတ္တရထာဒိ အဘိလာပါ၊ သတ္တဝေါဟာရ, ရထ-အစရှိသော ဝေါဟာရတို့ကို၊ အဝိဇ္ဇမာနပညတ္တီတိ၊ အဝိဇ္ဇမာနပညတ်ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တေစအဘိလာပါ၊ ထိုသတ္တ ဝေါဟာရ, ရထ - အစရှိသော ဝေါဟာရ တို့ကိုလည်း။ လောကသမညာဝသေန၊ လောကသင်္ကေတ လူတို့ခေါ်ဝေါ်ပြောဆိုကြသော သတ္တဝေါဟာရ,ရထ-အစရှိသော ဝေါဟာရ၏၊ နာမ်ရုပ်၏သတ္တဟူသော အမည်သညာ, ရထ-အစရှိသော အမည်သညာဖြစ်သော အလိုအားဖြင့်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ မုသာတိ၊ အမှားတို့ဟူ၍။ န ဝုစ္စန္တိ၊ မဆိုအပ်ကုန်။ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။ တေ အဘိလာပါ၊ ထိုသတ္တဝေါဟာရ,ရထ-အစရှိသော ဝေါဟာရတို့ကို။ သမုတိသစ္စန္တိ၊ သမုတိသစ္စာဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

## အမှန်ဖြစ်သော အတ္ထပညတ်-သမုတိသစ္စာ ဆိုအပ်၏ဟုပြခြင်း

သတ္တ, ရထ-အစရှိသော နာမ်ရုပ်၏အမည်သညာနှင့် မှည့်သော ထိုအနက်သည်လည်း၊ အနက်မရှိဘဲလျက် ရှိသောသဒ္ဒါ၏ အလို

အားဖြင့် အတ္ထပညတ် အမည်ကိုရ၏။ လောကသင်္ကေတ လူတို့ ခေါ်ဝေါ် ပြောဆိုကြသော၊ သတ္တဝေါဟာရ, ရထ-အစရှိသော ဝေါဟာရကို၊ ကြားဘူး, နာဘူး, မှတ်ယူဘူးတိုင်း၊ နာမ်ရုပ်၏ သတ္တဟူသော အမည်သညာ, ရထ-အစရှိသော အမည်သညာ ဖြစ်သော အလိုအားဖြင့်၊ မချေကန် အမှန်ဖြစ်သော အတ္ထပညတ် အနက်ရုပ်၏ အဖြစ်ကြောင့်၊ သမုတိသစ္စာ ဟူ၍ ဆိုအပ်၏ဟု ပြခြင်းငှါ။......

> **သော စ ဝစနတ္ထော သယံ အတ္ထော သယံ အဝိဇ္ဇမာနေပိ ဝိဇ္ဇမာနဿ ဝစနဿေဝ ဝသေန ပညတ္တိ ဝေါဟာရံ လဘတိ၊ သမုတိသစ္စန္တိ စ ဝုစ္စတိ ယထာဂဟိတ သညာဝသေန ပဝတ္တ ဝစနတ္ထဘာဝတော။ - ဟု မိန့်ဆိုလေသည်။**

သော စ ဝစနတ္ထော၊ ထိုအနက်သည်လည်း။ သယံ၊ မိမိသည်။ အဝိဇ္ဇမာနေပိ၊ မရှိဘဲလျက်လည်း။ ဝိဇ္ဇမာနဿ၊ ရှိသော။ ဝစနဿေဝ၊ သဒ္ဒါ၏သာလျှင်၊ ဝသေန၊ အလိုအားဖြင့်။ သယံ အတ္ထော၊ မိမိအနက်ဖြစ်လျက်။ ပညတ္တိဝေါဟာရံ၊ အတ္ထပညတ် ဟူသောအမည်ကို။ လဘတိ၊ ရ၏။ ယထာဂဟိတသညာဝသေန၊ လောကသင်္ကေတ လူတို့ခေါ်ဝေါ်ပြောဆိုကြသော သတ္တဝေါဟာရ, ရထ-အစရှိသော ဝေါဟာရကို၊ကြားဘူး, နာဘူး,မှတ်ယူဘူးတိုင်း၊ နာမ်ရုပ်၏ သတ္တဟူသော အမည်သညာ, ရထ-အစရှိသော အမည်သညာဖြစ်သော အလို အားဖြင့်။ ပဝတ္တ ဝစနတ္ထ ဘာဝတော၊ မချေကန်အမှန်ဖြစ်သော အနက်၏ အဖြစ်ကြောင့်။ သမုတိသစ္စန္တိ စ၊ သမုတိသစ္စာဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။

## ကထိန်၏အမည်ပညတ် ကောက်ဆိုပုံကို၊ သမုတိသစ္စာကထာ နည်းပင်တည်းဟုပြဆိုခြင်း

အတ္ထပညတ်သည် လောကဝေါဟာရ အတ္ထပညတ်, သမထ နိမိတ္တ အတ္ထပညတ် အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့

တွင်၊ လောကသင်္ကေတ လူတို့ခေါ်ဝေါ်ပြောဆိုကြသော သင်္ကန်း အစရှိသော အမည်ပညတ်သည်၊ လောကဝေါဟာရ အတ္ထပညတ် မည်၏။ သမထဖြစ်သော ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ၊ ဈာန်သမာပတ်၏ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် ဖြစ်၍ဖြစ်သော၊ ပထဝီကသိုဏ်းအစရှိသော အာရုံ ပညတ်သည် သမထနိမိတ္တ အတ္ထပညတ် မည်၏။ ထို ၂-ပါးတို့တွင်၊ သမထနိမိတ္တ အတ္ထပညတ် မည်သော၊ ပထဝီကသိုဏ်း အစရှိသော အာရုံပညတ်ကို ကောက်ဆို နည်းကား၊ သမုတိဉာဏ ကထာနည်း တည်း။ လောကဝေါဟာရ အတ္ထပညတ် မည်သော သင်္ကန်းအစ ရှိသော အမည်ပညတ်ကို ကောက်ဆို နည်းကား၊ သမုတိ သစ္စာ ကထာ နည်းတည်း။ ကထိန် အမည်ပညတ်ကို ကောက်ဆိုသော နည်းလည်း၊ သမုတိသစ္စာ ကထာနည်းပင်တည်းဟု မှတ်ခြင်းငှါ။........

> သမုတိ ဉာဏံ သစ္စာရမ္မဏမေဝ နာညာရမ္မဏန္တိ ကထာယစ ပထဝီကသိဏာဒိစ ဝိဝရာဒိစ သမုတိ သစ္စန္တိ ဣမိနာဝ အဓိပ္ပါယေန ဝုတ္တန္တိ ဝိညာယတိ။—ဟု မိန့်ဆိုလေသည်။

သမုတိဉာဏံ၊ ပညတ်၌ ဖြစ်သော ဉာဏ်သည်။ သစ္စာရမ္မဏမေဝ၊ မှန်သော အာရုံရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညာရမ္မဏံ၊ မှန်သည်မှ တပါး မှားသော အာရုံရှိသည်။ န ဟောတိ၊ မဖြစ်။ ဣတိဣမာယ ဧဝကထာယစ၊ ဤသမုတိဉာဏကထာ နည်းဖြင့်သာလျှင်။ ပထဝီကသိဏာဒိစ၊ ပထဝီကသိုဏ်း အစရှိသည်ကို လည်း၊ ဝုတ္တံ၊ ဆိုအပ်၏။ သမုတိသစ္စန္တိ ဣမိနာဝ အဓိပ္ပါယေန၊ သမုတိသစ္စာကထာနည်းဟူသော ဤအလိုအားဖြင့်သာလျှင်။ ဝိဝရာဒိစ၊ သင်္ကန်းအစရှိသည်ကိုလည်း၊ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

နာမ်ရုပ်၏အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုသော ဒေသနာသည် သဒ္ဒါမည်၏။ ဝစီဘေဒသဒ္ဒ နာမ်ပညတ်နှင့် စပ်သည်ဖြစ်၍ အနက်

ရှိ၏ ဟူသော ဤစကား၌၊ နာမ်ရုပ်သည် အနက်မည်၏။ ထိုအနက်သည်လည်း၊ ဝစနီယ,ဝစနတ္ထ အားဖြင့် ၂-ပါးအပြားရှိ၏။ ထို၂-ပါးတို့တွင် အလုံးစုံသော သဒ္ဒါ၏အနက်သည် ဝစနီယမည်၏။ တခုတခုသော သဒ္ဒါ၏အနက်သည် ဝစနတ္ထမည်၏။

အမည်သည် ပညတ်မည်၏။ ထိုပညတ် သည်လည်း၊ အတ္ထပညတ်, နာမပညတ် အားဖြင့် ၂-ပါး အပြားရှိ၏။ ထို၂-ပါးတို့တွင်၊ မရှိသောအနက်၏ အမည်ပညတ်သည် အတ္ထပညတ်မည်၏၊ ရှိသောအနက်၏အမည်ပညတ်သည် နာမပညတ်မည်၏။

နှုတ်ဖြင့်ရွတ်ဆိုသော ဒေသနာသည် သဒ္ဒါမည်၏။ ထိုသဒ္ဒါသည်လည်း၊ ဝါစက, ဝစနအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ အလုံးစုံသော အနက်၏သဒ္ဒါသည် ဝါစကမည်၏။ တခုတခုသော အနက်၏သဒ္ဒါသည် ဝစနမည်၏။

တခု တခုသော သဒ္ဒါ၏ တခုတခုသော အနက်နှင့် စပ်သော ဝေါဟာရသည် နာမပညတ်မည်၏။

ကထိန်အမည်သည် ပညတ်မည်၏။ ထိုပညတ် သည်လည်း၊ အတ္ထပညတ်, နာမပညတ်အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို၂-ပါးတို့တွင်၊ သမူဟပညတ် ကထိန်အမည်သည်၊ မရှိသော အနက်၏ အမည်ပညတ် ဖြစ်သောကြောင့် အတ္ထပညတ်မည်၏။ ဧကဒေသပညတ် ကထိန်အမည်သည်၊ ရှိသော အနက်၏ အမည်ပညတ် ဖြစ်သောကြောင့်၊ နာမပညတ်မည်၏။

### အာဂုမ်ယုတ္တိညီလိုသော ဆရာတို့၏အလိုကို အနုဋီကာဖြင့် ပြခြင်း။

ဤသို့အနက်မည်ပုံ၊ ဝစနီယ, ဝစနတ္ထမည်ပုံ၊ အတ္ထပညတ်, နာမပညတ်မည်ပုံ၊ ဝါစက, ဝစနမည်ပုံ၊ တခုသော သဒ္ဒါ၏ တခုသောအနက်နှင့်စပ်ပုံ၊ စပ်သောဝေါဟာရ နာမပညတ်မည်ပုံ အလုံးစုံကို အာဂုမ်ယုတ္တိညီလိုသော ဆရာတို့၏ အလိုကို၊ အနုဋီကာပါဠိဖြင့် ပြဆိုပေအံ့။

ဒ္ဒ မနယထၢ အတ္တၢနံ အၢရ္ဘ ဥပ္ပဋ္ဌမၢနက မမ္မၢနံ တံ သန္တတိပတိ တၢနဋ္ဌ ကိလေသုပတၢပါဘၢ ဝေန အဿတ္ထဘၢဝ ပစ္စယတၢယ ဥပ္ပဒါဒိရဟိတမ္ပိ နိဗ္ဗၢနံ အဿၢသနက ရသန္တိ ဝုစ္စတိ၊ ဝေံ အတ္တၢနံ အၢရ္ဘ ပဝတ္တနက မမ္မဝသေန ဥပ္ပါဒါဒိ ရဟိတၢပိ ပညတ္တိပဝတ္တၢတိ ဝုတ္တၢ၊ဟေတု အဒ္ထၢဝါ အန္တ္တၢ နိတောတိ ပဝတ္တိတၢ ဝေါဟၢရိတၢတိ အတ္တၢ ဒ ဠ္ဌဗ္ဗၢ။ တထၢ နၢမပညတ္တိ ပညၢပေတဗ္ဗမတ္တံ ဂဟိ တၢယေဝ ပညၢပေတိ၊ ဝိညတ္တိဝိယ အဓိပ္ပါယံ ဝိညၢ ပေန္တီတိ သၢ ဂဟေတဗ္ဗဘၢဝတော ဝုစ္စမၢနတ္ထဒ္ဓါရေ န ဝုစ္စ မၢနၢတိ ဝုတ္တၢ၊ပညၢပိတဗ္ဗ ပညတ္တိယၢ ပန ဝုစ္စမၢနဘၢဝေ ဝတ္တဗ္ဗမေဝ နတ္ထိ၊ တထၢ ပကၢရ တော ဉၢပနဘၢဝေန ဉၢပေတဗ္ဗ ဉၢပန္တိ ကတ္ဝၢ ဂဟေတဗ္ဗတၢ ယေဝစ တဿၢ အနိဒ္ဒါရိတ သဘၢဝ တၢ ပဋိက္ခိတ္တၢ ဒဠ္ဌဗ္ဗၢ။ န ဟိ သဘၢဝမမ္မၢနံ ကဏ္ဌ ဖုသနၢဒိသရူပတော သဒ္ဒေန ဝစနီယဘၢဝံ ဘဇတိ၊ အပိစခေါ နေသံ ကၢလဒေသၢဒိ ဘေဒဘိန္နၢနံ ဝိနိ ဝတ္တအညဇၢတိယ ကောသဇၢတိယ သၢဓၢရဏော ပုဗ္ဗသင်္ကေတၢနုရူပံ အဖ္လၢခရပသိဒ္ဓေါ သမညၢကၢ ရော ဝစနီယော၊ တထၢပိ နဝိနၢ ကေနစိ ပဝတ္တိနိ မိဒတ္တန သဒ္ဒေါ ပဝတ္တတီတိ တဿ ပဝတ္တိနိမိတ္တဘူတော လောက သင်္ကေတ သိဒ္ဓေါ တံတံ ဝစနတ္တ နိယ တော သၢမည ကၢရဝိသေသော နၢမပညတ္တိတိ ပုဗ္ဗၢစရိယၢ၊ သော ဟိ ဟသ္မိံ တသ္မိံ အတ္ထေ သဒ္ဒံ နၢမေတိ၊ တဿ တဿ ဝါ အတ္ထဿ နၢမသညံ က ရောတီတိ နၢမံ၊ ပကၢရေဟိ ဉၢပနတော ပညတ္တိစၢ တိ၊ ကဿ ပန သော အၢကၢရ ဝိသေသောတိ၊ပညၢ

ပေတဗ္ဗတ္ထဿာတိ ဝေဒိတဗ္ဗံ၊ အနေကာ ကာရဏ်ဟိ အတ္ထောတိ၊ ဝေဠုကတွာ တဿ ပညတ္တိယာ ဂဟေတဗ္ဗတာ ဝစနဋ္ဌ သမတ္ထိတံ ဘဝတိ၊ အဝသဋ္ဌ တေမေဝံ သမ္ပဋိစ္ဆိတဗ္ဗံ။ အညထာ ဝစန ဝစနီယ ဘေဒါနံ သင်္ကရော သိယာ၊ သဗ္ဗောပိ အတ္ထော သဗ္ဗဿ သဒ္ဒဿ ဝစနီယော၊ သဗ္ဗောစ သဒ္ဒေါ သဗ္ဗဿ အတ္ထဿ ဝါ စကောတိ န စေတ္ထ သင်္ကေတဂ္ဂဟဏေနေဝ တေသံ ပဝတ္တောတိ သက္ကာ ဝတ္တုံ၊ ဝဝတ္ထိတေသုယေဝ တေသု သင်္ကေတဂ္ဂဟဏဿ ပဝတ္တိတော၊ အပရေ ပန ယထာ ဓူမတော အဂ္ဂိ အနုမာနေန ကေဝလေန ဓူမေနေဝ အဂ္ဂိ ဝိညာယတိ၊ ဓူမဿ ပန အဂ္ဂိနာ အဝိနာဘာဝ သဒ်ါတော သမ္ဗန္ဓော ဝိညာယ မာနော ဓူမေန အဂ္ဂိ ဝိညာယတိ၊ ဧဝံသဒ္ဒေန အတ္ထဝိဇာနနေန ကေဝလေန သဒ္ဒေနေဝ တဒတ္ထော ဝိညာယတိ၊ တံတံ သဒ္ဒဿ ပန တေန တေန အတ္ထေန အဝိနာ ဘာဝ သဒ်ါတော သမ္ဗန္ဓော ဝိညာယမာနော တေန တေန သဒ္ဒေန အတ္ထံ ဉာပေတီတိ ဝေဒိတဗ္ဗံ။ အညထာ အဂ္ဂဟိတာ သမ္ဗန္ဓေနာပိ သဒ္ဒဿဝနမတ္တေန တဒတ္ထော ဝိညာယေယျာတိ၊ ယော ယမေတ္ထ ယထာ ဝုတ္တရူပေါ သမ္ဗန္ဓော၊ သော တဿ တဿ အတ္ထဿ သညာ ပန ဘာဝေန နာမန္တိ၊ ပရမတ္ထတော အဘာဝါ လောကသင်္ကေတဝသေန၊ လောကသင်္ကေတောတိ ဝါ သိဒ္ဓေါ ဉာတောတိ လောကသင်္ကေတ သိဒ္ဓေါတိ သဒ္ဒေန ပကာသိယမာနာနံ အတ္ထပ္ပကာရာနံ အဝိဂမ ဟေတုတာယ ပကာရတော ဉာပနတော ပညတ္တီတိစ ဝုစ္စတီတိ ဝဏ္ဏယန္တိ။ ။အနုဋီကာ။

ဧတ္ထ ပန နိဒ္ဒေသေ၊ ဤအဓိဝစန ဒုကနိဒ္ဒေသ၌။ ယထာ အတ္တာနံ အာရဗ္ဘ။ ပ။ နာမပညတ္တိတိ ဣဒံ ဝစနံ၊ ယထာ အတ္တာနံ အာရဗ္ဘ။ ပ။ နာမပညတ္တိ-ဟူသော ဤစကားကို။ ပုဗ္ဗာစရိယာ၊ ရှေးဆရာတို့သည်၊ ဝဏ္ဏယန္တိ၊ ဖွင့်ဆိုကြကုန်၏။

နိမိတ္တံ ဘယတော သမ္ပဿမာနော အနိမိတ္တေ အဓိမုတ္တတ္တာ ပဝတ္တံ အဇ္ဈုပေက္ခိတွာ နိရောဓံ နိဗ္ဗာနံ အနိမိတ္တံ အာဝဇ္ဇိတွာ သမာပဇ္ဇတိ အနိမိတ္တာ သမာပတ္တိ။ ပ။ အပ္ပဏိဟိတာ သမာပတ္တိ, သုညတာသမာပတ္တိ, အနိမိတ္တာ ဝိဟာရသမာပတ္တိ, အပ္ပဏိဟိတာ ဝိဟာရသမာပတ္တိ သုညတာဝိဟာရသမာပတ္တိ။ – ဟူသော ဖလသမာပတ်ကိုသာ နိဗ္ဗာန်ဥပမာ၌ သက်သက်ဆိုရမည်။ နိဗ္ဗာန်ကို အာရုံပြုသော စိတ်အများနှင့် ယုံမှားသံသယ စောဒကမဖြစ်စေရာလင့်။

နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ခြင်းငှာ ထိုက်သော ဖလသမာပတ် စိတ္တုပ္ပါဒ်တရား၊ ထိုဖလသမာပတ် စိတ္တုပ္ပါဒ်တို့၏ အစဉ်၌ကျသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော၊ ပဝတ္တတရားတို့၏ ကိလေသာ အပူမရှိခြင်းကြောင့်၊ ထိုကိလေသာ အပူမရှိခြင်း၏ ငြိမ်သော ဘောကြိယာပေါင်း အကြောင်းရှိသည့်၏အဖြစ်ဖြင့်၊ နိဗ္ဗာန်သည် မိမိကား ဖြစ်ခြင်းကိစ္စလည်းမရှိ, ပျက်ခြင်းကိစ္စလည်းမရှိ၊ ဖြစ်ခြင်းကိစ္စမှလည်း ကင်း၏, ပျက်ခြင်းကိစ္စမှလည်း ကင်း၏။ ဖြစ်ခြင်းကိစ္စ, ပျက်ခြင်းကိစ္စမှကင်းသော်လည်း၊ နိဗ္ဗာန်ကို အာရုံပြုသော တရားတို့၏ ကိလေသာအပူနှင့်ကင်းဝေးသော ငြိမ်းအေးသော သက်သာခြင်းကို ဖြစ်စေခြင်းကိစ္စရှိသကဲ့သို့။......

ထို့အတူ ပညတ်သည်၊ မိမိကား ဖြစ်ခြင်းကိစ္စလည်းမရှိ, ပျက်ခြင်းကိစ္စလည်းမရှိ၊ ဖြစ်ခြင်းကိစ္စမှလည်း ကင်း၏, ပျက်ခြင်းကိစ္စမှလည်းကင်း၏။ ဖြစ်ခြင်းကိစ္စ, ပျက်ခြင်းကိစ္စမှ ကင်းသော်လည်း၊ ပညတ်ကို အာရုံပြုသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်တရားတို့၏ အလို၊ ရွတ်ဖတ်ပြောဆို ခေါ်ဝေါ်အပ်သော ဝစီဘေဒသဒ္ဒါကို၊ ဖြစ်စေခြင်း ကိစ္စရှိ၏ဟု- ပြခြင်းငှာ။........

ယထာ အတ္တာနံ အာရဗ္ဘ ဥပ္ပဇ္ဇမာနက ဓမ္မာနံ တံ သန္တတိ ပတိတာနဉ္စ ကိလေသုပတာပါဘာဝေန အဿတ္ထ ဘာဝပစ္စယတာယ ဥပ္ပါဒါဒိရဟိတမ္ပိ နိဗ္ဗာနံ အဿာသနက ရသန္တိ ဝုစ္စတိ။ ဧဝံ အတ္တာနံ အာရဗ္ဘ ပဝတ္တနက ဓမ္မဝသေန ဥပ္ပါဒါဒိ ရဟိ တာပိ ပညတ္တိ ပဝတ္တာတိ ဝုတ္တာ၊ ဟေတုအတ္ထောဝါ အန္တောနီတော တိ ပဝတ္တိတာ ဝေါဟာရိတာတိ အတ္ထော ဒဋ္ဌဗ္ဗော။- ဟု မိန့်ဆိုလေသည်။

အတ္တာနံ၊ မိမိကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပဇ္ဇမာနက ဓမ္မာနဉ္စ၊ ဖြစ်ခြင်းငှာထိုက်သော ဖလသမာပတ် မိုလ်စိတ္တုပ္ပါဒ် တရားတို့၏ ၎င်း။ တံသန္တတိ ပတိတာနံ၊ ထို ဖလသမာပတ် စိတ္တုပ္ပါဒ်တရားတို့၏ အစဉ်၌ကျရောက်သော။ ဓမ္မာနဉ္စ၊ ပဝတ္တတရားတို့၏၎င်း။ ကိလေသုပတာပါဘာဝေန၊ ကိလေသာ အပူမရှိခြင်းကြောင့်။ အဿ ကိလေသုပတာပါဘာဝဿ၊ ထိုကိလေသာ အပူမရှိခြင်း၏။ အဿတ္ထ ဘာဝပစ္စယတာယ၊ ချမ်သော ဘောကြိယာပေါင်း အကြောင်းရှိသည်၏အဖြစ်ဖြင့်။ ဥပ္ပါဒါဒိရဟိတမ္ပိ၊ ဖြစ်ခြင်းကိစ္စ, ပျက်ခြင်းကိစ္စမှ ကင်းသော်လည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဿာသနက ရသန္တိ၊ ငြိမ်းအေးသော သက်သာခြင်းကို ဖြစ်စေခြင်းကိစ္စရှိ၏ ဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အတ္တာနံ၊ မိမိကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တနကဓမ္မဝသေန၊ ဖြစ်ခြင်းငှာထိုက်သော တရားတို့၏ အလိုသည်။ ဥပ္ပါဒါဒိရဟိတာပိ၊ ဖြစ်ခြင်းကိစ္စ, ပျက်ခြင်းကိစ္စမှ ကင်းသော်လည်း။ ပညတ္တိ၊ ပညတ်ကို။ ပဝတ္တာတိ၊ ဖြစ်စေအပ်၏ ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။ ဝါ၊ တနည်း။ ဟေတု အတ္ထော၊ ဟိတ်အနက်သည်။ အန္တောနီတော၊ အတွင်းငုတ်၏။ ဣတိ၊ ထို့ကြောင့်။ ပညတ္တိ၊ ပညတ်ကို။ ဝေါဟာရိတာ၊ ရွတ်ဖွဲ့ ပြောဆို ခေါ်ဝေါ်အပ်သော သဒ္ဒါကို။ ပဝတ္တိတာတိ၊ ဖြစ်စေအပ်၏ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။ ဣတိ ဧဝံ အတ္ထော၊ ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## နာမပညတ်ကို နှုန်ဖြင့် ရှုတ်ဆို အပ်၏ဟု ပြခြင်း

အလို၏ဝိညတ်ကို စိတ်ဖြင့်အမှတ်ပြု၍ ယူအပ်သော် သာလျှင်၊ ဝိညတ်သည် အလိုကို သိစေနိုင်သကဲ့သို့။ ထို့အတူ၊ ပညတ်အပ်သော အနက်၏ အမည်ပညတ်ကို စိတ်ဖြင့်အမှတ်ပြု၍ ယူအပ်သော် သာလျှင်၊ နာမပညတ်သည် ပညတ်အပ်သော အနက်ကို သိစေနိုင်၏။ ဤသို့သိစေတတ်သော နာမပညတ်ကို၊စိတ်ဖြင့်အမှတ်ပြု၍ ယူအပ်သည်၏အဖြစ်ကြောင့်၊ ရှုတ်ဆိုအပ်သော သဒ္ဒါ၏အကြောင်း၊ ဟောအပ်သော အနက်၏အကြောင်းဖြင့်၊ ထိုနာမပညတ်ကို နှုန်ဖြင့် ရှုတ်ဆိုအပ်၏ ဟု ပြခြင်းငှာ။........

**တထာ နာမပညတ္တိ၊ ပညာပေတဗ္ဗမတ္ထံ ဂဟိတာယေဝ ပညာပေတိ ဝိညတ္တိဝိယ အဓိပ္ပါယံ ဝိညာပေန္တီတိ သာ ဂဟေတဗ္ဗဘာဝတော ဝုစ္စမာနတ္တာ ဥပစာရေန၊ ဝုစ္စမာနာတိ ဝုတ္တာ။-ဟု မိန့်ဆိုလေသည်။**

အဓိပ္ပါယသသ၊ အလို၏။ ဝိညတ္တိယာ၊ ဝိညတ်ကို။ ဂဟိတာယေဝ၊ စိတ်ဖြင့်မှတ်ယူအပ်သော်သာလျှင်။ ဝိညတ္တိ၊ ဝိညတ်သည်။ အဓိပ္ပါယံ၊ အလိုကို။ ဝိညာပေန္တိဝိယ၊ သိစေနိုင်သကဲ့သို့။ တထာ၊ထို့အတူ။ ပညာပေတဗ္ဗဿ၊ပညတ်အပ်သော။ အတ္ထဿ၊ အနက်၏။ နာမပညတ္တိယာ၊အမည်ပညတ်ကို။ဂဟိတာယေဝ၊ စိတ်ဖြင့် မှတ်ယူအပ်သော်သာလျှင်။ နာမပညတ္တိ၊ နာမပညတ်သည်။ ပညာပေတဗ္ဗံ၊ ပညတ်အပ်သော။ အတ္ထံ၊ အနက်ကို။ ပညာပေတိ၊ သိစေနိုင်၏။ ဣတိ၊ ဤသို့။ နာမပညတ္တိယာ၊ နာမပညတ်ကို။ ဂဟေတဗ္ဗဘာဝတော၊ စိတ်ဖြင့် မှတ်ယူအပ်သည်၏ အဖြစ်ကြောင့်။ ဝုစ္စမာနတ္တူပစာရေန၊ ရှုတ်ဆိုအပ်သော သဒ္ဒါ၏ အကြောင်း. ဟောအပ်သော အနက်၏ အကြောင်းဖြင့်။ သာ နာမပညတ္တိ၊ ထိုနာမပညတ်ကို။ ဝုစ္စမာနာတိ၊နှုန်ဖြင့်ရှုတ်ဆိုအပ်၏ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။

အလုံ၏ပိညတ်ကို စိတ်ဖြင့် အမှတ်ပြု၍ မယူအပ်သည်ရှိသော်၊ ပိညတ်သည် အလုံကို မသိစေနိုင်သကဲ့သို့။ ထို့အတူ၊ ပညတ်အပ်သောအနက်၏အမည်ပညတ်ကို၊ စိတ်ဖြင့်အမှတ်ပြု၍ မယူအပ်သည်ရှိသော်၊နာမပညတ်သည် ပညတ်အပ်သောအနက်ကို မသိစေနိုင်။ ထို့ကြောင့်။ ပေ, စက္ကူ၌ထင်သော အက္ခရာအစဉ်ကို မြင်သော်လည်း၊ အနက်၏ အမည်ကို စိတ်ဖြင့် အမှတ်ပြု၍ မယူနိုင်သောကြောင့်၊ အနက်မထင်ကြ။ မနုဿ ဝစ္စပိတ ပါဠိကိုဆင်ခြင်သော်လည်း၊ အနက်၏အမည်ကို စိတ်ဖြင့်အမှတ်ပြု၍ မယူနိုင်သောကြောင့်၊အနက်မထင်ကြ။ နှုတ်ငုံရသော မနုဿ ဝစ္စပိတ ပါဠိကို၊ ဝဒန္တ ပုဂ္ဂိုလ်က ရွတ်ဆို၍ ကြားနာရသော်လည်း၊ အနက်၏အမည်ကို စိတ်ဖြင့် အမှတ်ပြု၍ မယူနိုင်သောကြောင့်၊ အနက်မထင်ကြ။ ။ ဤသို့ ဝေဿဖလ နိဝေဒ္ဒတဗ္ဗ လှန်လေ။

ပညာပေတဗ္ဗဿ အပရမတ္ထ သဘာဝဿ ပညတ္တိဘာဝေါ အဝိဘွေဘော၊–ဟူသည်နှင့်အညီ၊ နာမ်ရုပ် ဆတ်ဆတ် ပရမတ် သဘောရှိသော၊ ပညတ်အပ်သော အနက်၏ အမည်ကို၊ အတ္ထပညတ် မလိုအပ်။ နာမ်ရုပ် ဆတ်ဆတ် ပရမတ်သဘောမရှိသော၊ ပညတ်အပ်သော၊ အနက်၏အမည်ကိုသာလျှင်၊လိုအပ်သော အတ္ထပညတ်၏ အမည်ကိုထုတ်၍၊ နှုတ်ဖြင့်ရွတ်ဆိုအပ်သော သဘော၌သော်ကား ဆိုဘွယ်ပင်မရှိ၊ ဂဟေဘဗ္ဗနှင့် ညီသောကြောင့်၊ ထိုအတ္ထပညတ်၏ အမည်ကိုထုတ်၍၊ နှုတ်ဖြင့် ရွတ်ဆိုအပ်သော သဘောမရှိ ဟူသော စောဒက အာဘော်သည် ရောက်၏၊ မရောက်စေလင့်။

### အတ္ထပညတ်၏ အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုအပ်သော သဘောကို မှတ်ယူလေဟု–ဖြေဆိုသည်ကို ပြခြင်း

နစ အယံ ဇာတ္တန္တာမော့တိ သင်္ကေတဂ္ဂဟဏံ ရုပ်တိသောတိ အာဒိဝစနဂ္ဂဟဏဉ္စ မုဉ္စိတွာ အညဿ အသိဒ္ဓ သဘာဝဿ အတ္ထ ပညာပနေ သမတ္ထတာ သမ္ဘဝတိ၊ တေသဉ္စ အသမတ္ထတာ၊–ဟူသောပါဠိဖြင့်၊ အယံဇာတ္တန္တာမော–ဟု လောကဝေါဟာရကိုယူခြင်း၊

ရှုပံဘိသော–ဤသို့အစရှိသော သဒ္ဒါကိုယူခြင်း။ ဤ ၂–ပါးသော ယူခြင်းကိုလွှတ်၍၊ အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုအပ်သော သဘောမပြီးဘဲ။ တပါးပါးသောအမည်၏ အနက်ကို၊ မိမိပညတ်ခြင်း, သူ့ကို ပညတ်စေခြင်း, မိမိသိခြင်း, သူ့ကိုသိစေခြင်း၌ ပြီးစေနိုင်သောသူ တစုံတယောက်မဖြစ်သင့်သည်ကို ထောက်သော်ကား၊ အခြင်းအရာအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်၊ သိစေအပ်သော အနက်အခြင်းအရာကို သိစေခြင်းသည်၊ အဏ္ဏပညတ်မည်၏ဟု– စိတ်၌အမည်သညာကို ပြု၍၊ စိတ်ဖြင့်အမည်သညာကို မှတ်ယူအပ်သည်၏ အဖြစ်ကြောင့်သာလျှင်လည်း၊ ထိုအဏ္ဏပညတ်၏အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုအပ်သော သဘောမရှိသည်၏ အဖြစ်ကို ပယ်လေ။ ထိုအဏ္ဏပညတ်၏ အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုအပ်သော သဘောရှိသည်၏ အဖြစ်ကိုသာလျှင် မှတ်ယူလေဟု ဖြေဆိုခြင်းငှာ။......

ပညာပိတဗ္ဗ ပညတ္တိယာ ပန ဝုစ္စမာန ဘာဝေ ဝတ္တဗ္ဗမေဝ နတ္ထိ၊ တထာ ပကာရတော ဥာပနဘာဝေန ဥာပေတဗ္ဗဥာပနတ္ထံ ကတွာ ဂဟေတဗ္ဗတာယေဝစ တဿာ အနိဒ္ဒါရိတ သဘာဝတာ ပဋိက္ခိတ္တာ ဒဋ္ဌဗ္ဗာ။–ဟု မိန့်ဆိုလေသည်။

ပညာပိတဗ္ဗ ပညတ္တိယာ၊ အဏ္ဏပညတ်၏။ ဝုစ္စမာနဘာဝေန၊ အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုအပ်သော သဘော၌သော်ကား၊ ဝတ္တဗ္ဗမေဝ၊ ဆိုဘွယ်သည်ပင်။ နတ္ထိ၊ မရှိ။ အဓိပ္ပါယသာ၊ အလို၏။ ဝိညတ္တိယာ၊ ဝိညတ်ကို။ ဂဟိတာဒေယဝ၊ စိတ်ဖြင့်အမှတ်ပြု၍ ယူအပ်သော်သာလျှင်။ အဓိပ္ပါယံ၊ အလိုကို။ ဝိညာပေန္တိ၊ သိစေခြင်းသည်။ ဝိညတ္တိဝိယ၊ ဝိညတ်မည်သကဲ့သို့။ တထာ၊ ထို့အတူ၊ ပကာရတော၊ အခြင်းအရာအားဖြင့်။ ဉာပနဘာဝေန၊ သိစေအပ်သော အနက်အခြင်းအရာကို သိစေခြင်းသည်။ ပညာပိတဗ္ဗပညတ္တိ၊ အဏ္ဏပညတ်မည်၏။ ဣတိ၊ ဤသို့။ စိတ္တေ၊ စိတ်၌။ နာမသညာ၊ အမည်သညာကို။ ကတွာ၊ ပြု၍။ ဂဟေတဗ္ဗတာယေဝစ၊ ယူအပ်သည်၏အဖြစ်ကြောင့်သာလျှင်လည်း။

တသော ပညာပိတဗ္ဗပညတ္တိယာ၊ ထိုအတ္တပညတ်၏။အနိဒ္ဒေါရိတသဘာဝတာ၊ အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုအပ်သော သဘောမရှိသည်၏အဖြစ်ကို။ ပဋိက္ခိတ္တာ၊ ပယ်အပ်၏။ တသော ပညာပိတဗ္ဗပညတ္တိယာ၊ ထိုအတ္တပညတ်၏။နိဒ္ဒေါရိတသဘာဝဘာဝေယ၊အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုအပ်သော သဘောရှိသည်၏အဖြစ်ကိုသာလျှင်။ ဒဠှဗ္ဗာ၊မှတ်ယူအပ်၏။

## အနက်ချင်းချင်း ဆက်ဆံကြသော ဝစနီယအဖြစ်သို့ မရောက်သည်ကို ပြခြင်း

ပညတ်အပ်သော အနက်၏ အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုမှုကား၊ သဘောတရားတို့၏ကက္ခဠ, ဖုသန အစရှိသော အနက်သည်၊ ပထဝိ, ဖဿ အစရှိသော အမည်သဒ္ဒါအားဖြင့်၊အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုအပ်သော သဒ္ဒါအားဖြင့်၊ ကက္ခဠ၏အာဗန္ဓနနှင့်, ဖုသန၏ဝေဒယိတနှင့်၊ ဤသို့အစရှိသော အနက်တပါး၏ အနက်တပါးနှင့်ရောနှောခြင်း မရှိရကား၊ မထူးမပြား သဘောတရား သက်သက် အနက် ချင်းချင်း ဆက်ဆံကြသော၊ ဝစနီယ၏ အဖြစ်သို့၊ မကပ်ရောက်ဟု ပြခြင်းပေ။......

န ဟိ သဘာဝဓမ္မာနံ ကက္ခဠဖုသနာဒိသရူပတော
သဒ္ဒေန ဝစနီယဘာဝံ ဘဇတိ။–ဟု မိန့်ဆိုလေသည်။

ဟိ သစ္စံ၊ မှန်၏။ သဘာဝဓမ္မာနံ၊ သဘောတရားတို့၏။ကက္ခဠဖုသနာဒိ၊ ကက္ခဠ ဖုသနအစရှိသော အနက်သည်။ သရူပတော၊သရုပ်အားဖြင့်။သဒ္ဒေန၊ သဒ္ဒါအားဖြင့်။ ဝစနီယဘာဝံ၊ ဝစနီယအဖြစ်သို့။ န ဘဇတိ၊မကပ်ရောက်။

## သဘောတရား အနက်တခုတည်းသော အာကာရသည်၊ ဝစနီယ မည်သည်ကို ပြခြင်း

ပညတ်အပ်သော အနက်၏ အမည်ကိုထုတ်၍ နှုတ်ဖြင့်မရွတ်ဆိုမှုကား၊ကာလ ဒေသ အစရှိသော အပြားအားဖြင့်၊ ပြားကုန်သော

သဘောတရားတို့၏၊ ဝေဘန်အပ်သော သူတပါး၌ဖြစ်သော အနက်မျိုးလည်းရောနှော၊ မိမိ၌ဖြစ်သော အနက်မျိုးလည်းရောနှော။ သူတပါး၌ဖြစ်သော အနက်မျိုး၏လည်း၊ မိမိ၌ဖြစ်သော အနက်မျိုးနှင့်ရောနှောဆက်ဆံကြသော၊ သဘာဝဓမ္မာနံ-ဟူသောရှေးဝေါဟာရအားလျော်စွာ၊သဘောတရားဟု စိတ်၌ထင်သဖြင့် ပြီးသော၊ မထူးမပြားသဘောတရား သက်သက် အနက်ချင်းချင်း ဆက်ဆံကြသော-သာမည၊ သဘောတရား အနက်တခုတည်းသော-အာကာရသည်၊ ဝစနီယမည်၏ဟု ပြခြင်းငှာ။........

> အပိစ ခေါ နေသံ ကာလဒေသာဒိ ဘေဒဘိန္နာနံ ဝိနိဝတ္တ အညဇာတိယကော သဇာတိယ သာဓာရဏော ပုဗ္ဗသင်္ကေတာနုရူပံ အဇ္ဈာရောပသိဒ္ဓေါ သာမညာကာရော ဝစနီယော။ ဟုမိန့်ဆိုလေသည်။

အပိစခေါ၊ စင်စစ်သော်ကား။ ကာလဒေသာဒိဘေဒဘိန္နာနံ၊ ကာလ, ဒေသ အစရှိသော အပြားအားဖြင့် ပြားကုန်သော။ နေသံ သဘာဝဓမ္မာနံ၊ ထိုသဘောတရားတို့၏။ ဝိနိဝတ္တအညဇာတိကော၊ ဝေဘန်အပ်သော သူတပါး၌ဖြစ်သော အနက်မျိုးလည်း ဖြစ်သော၊ သဇာတိယ သာဓာရဏော၊ မိမိ၌ ဖြစ်သော အနက်မျိုးနှင့်လည်း ရောနှောဆက်ဆံသော။ ပုဗ္ဗသင်္ကေတာနုရူပံ၊ ရှေးဝေါဟာရအားလျော်စွာ၊ အဇ္ဈာရောပသိဒ္ဓေါ၊ ထင်သဖြင့်ပြီးသော၊ သာမညာကာရော၊ သာမညအခြင်းအရာ အာကာရသည်။ ဝစနီယော၊ ဝစနီယမည်၏။

နှုတ်ဖြင့်မရွတ်ဆိုဘဲ၊ လောကဝေါဟာရ စိတ်၌ထင်သော သဘာဝဓမ္မ သာမည၌။ပဉ္စက္ခန္ဓာ-ရူပက္ခန္ဓော, ဝေဒနက္ခန္ဓော, သညက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော။တတ္ထ ကတမော ရူပက္ခန္ဓော၊ ယံကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ, အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ, ဩဠာရိကံဝါ, သုခုမံဝါ, ဟီနံဝါ ပဏီတံဝါ,ယံဒူရေ သန္တိကေဝါ, တဒေကဇ္ဈံ အဘိသံယူဟိတွာ အဘိသံခိပိတွာ အယံဝုစ္စတိ ရူပက္ခန္ဓော၊ — အစရှိသည်ဖြင့် ဝေဘန်အပ်သည်ရှိသော်၊ သဘာဝဓမ္မ သာမညမှ ထူး

သော၊ နှာ်ဖြင့်မရှုတ်ဆိုမီက စိတ်၌ထင်သော၊ ယံကိဉ္စိရူပံ-ဟူသော မနသာ ဝဝတ္ထပိတ ပါဠိသည်ကား၊ ရှေးလောက ဝေါဟာရ အလုံးစုံသော ချပ်သည်ကား-အနက်၊ ဤအနက်၏အမည်ဟု စိတ်၌အမှတ်ပြု၍၊ ကိဉ္စိရူပံ-ဟု နှာ်ဖြင့်ရှုတ်ဆိုမှုကား- အက္ခရာအစဉ်၊ အနက်၏အမည် စိတ်၌ထင်သည်ကား- နာမပညတ်၊ နှာ်ဖြင့်ရှုတ်ဆိုသည်ကား-သဒ္ဒါ။ အက္ခရာအစဉ် အနက်၏အမည် စိတ်၌ထင်သော နာမပညတ်သည်ကား၊ နှာ်ဖြင့် ရှုတ်ဆိုသော သဒ္ဒါ၏ဖြစ်ကြောင်း ပဝတ္တနိမိတ် ကာရိတ် ဟိတ်။ နှာ်ဖြင့်ရှုတ်ဆိုသော သဒ္ဒါကိုပင်၊ အရှုတ်အဆို သဒ္ဒါကိုဖြစ်စေသည်ဟူလို။

တံ ဘဝင်္ဂသဒိသနည်းကဲ့သို့။ တံ ယံကိဉ္စိရူပသဒိသနည်းဖြင့်၊ နာမ်ဝိဘတ်အဆုံးရှိသော ပုဒ် တခုတခု၊ အာချာတ်ဝိဘတ် အဆုံး ရှိသော ပုဒ် တခုတခု၊ နှာ်ဖြင့်မရှုတ်ဆိုမီက စိတ်၌ထင်သော ပုဒ်တခုတခု ဟူသော၊ မနသာ ဝဝတ္ထပိတ ပါဠိတိုင်း ပါဠိတိုင်းက- ရှေးလောက ဝေါဟာရ။ ဤဝေါဟာရ ဤဝေါဟာရက၊ ဤအနက် ဤအနက်၏ အမည်ဟု စိတ်၌အမှတ်ပြု၍၊ ပုဒ် တခုတိုင်း ပုဒ်တခုတိုင်း နှာ်ဖြင့် ရှုတ်ဆိုမှုကား- အက္ခရာအစဉ်။ အနက်၏အမည် စိတ်၌ထင်တိုင်း ထင်တိုင်းက- နာမပညတ်၊ နှာ်ဖြင့်ရှုတ်ဆိုတိုင်း ရှုတ်ဆိုတိုင်းက-သဒ္ဒါ၊ အက္ခရာအစဉ် အနက်၏အမည် စိတ်၌ထင်သော နာမပညတ်တိုင်း နာမပညတ်တိုင်းက၊ နှာ်ဖြင့် ရှုတ်ဆိုတိုင်း နှာ်ဖြင့်ရှုတ်ဆိုတိုင်းသော သဒ္ဒါ၏ ဖြစ်ကြောင်း ပဝတ္တနိမိတ် ကာရိတ်ဟိတ်။ နှာ်ဖြင့်ရှုတ်ဆိုတိုင်း ရှုတ်ဆိုတိုင်း သဒ္ဒါကိုပင်၊ အရှုတ်အဆို သဒ္ဒါကိုဖြစ်စေသည်ဟူလို။ ရှုတ်ဆိုသောသူကို ဒေန္တပုဂ္ဂိုလ်မှတ်။

## အခြင်းအရာ အာကာရသည်၊ နာမပညတ်မည်သည်ကို ပြခြင်း

မထူးမပြား သဘောတရား သက်သက်၊ အနက်ချင်းချင်း ဆက်ဆံကြသော သဘာဝမဖွ သမညာကာရ၌၊ တစုံတခု ဖြစ်ကြောင်း ပဝတ္တနိမိတ်နှင့်ကင်း၍ သဒ္ဒါမဖြစ်။ ထို့ကြောင့်၊ သဒ္ဒါ၏ဖြစ်ကြောင်း ပဝတ္တနိမိတ်ဖြစ်၍ဖြစ်သော၊ မရှုတ်ဆိုမီက စိတ်၌ထင်သော၊ လောက ဝေါဟာရဖြင့်ပြီးသော၊ ထိုထိုအနက်ဖြင့် မှတ်အပ်သော၊ သဘာဝ

ဓမ္မ သာမညမှ ထူးသော၊ ရွတ်ဆိုသောကာလ အက္ခရာအစဉ်၊အ
အနက်၏အမည် စိတ်၌ထင်သော အခြင်းအရာ အာကာရသည်၊ နာ
မပညတ်မည်၏ဟု ပြခြင်းငှာ။ .....

> တတ္ထာပိ န ဝိနာ ကေနစိ ပဝတ္တိနိမိတ္တေန သဒ္ဒေါ ပဝတ္တတီတိ တဿ ပဝတ္တိနိမိတ္တဘူတော လောကသင်္ကေ တသိဒ္ဓေါ တံတံ ဝစနတ္ထနိယတော သာမညာကာရ ဝိသေသော နာမပညတ္တိ။- ဟု မိန့်ဆိုလေသည်။

တတ္ထာပိ သာမညာကာရေ၊ ထိုသဘာဝဓမ္မ သာမည အာကာရ၌လည်း။ ကေနစိ၊ တစုံတယောက်သော။ ပဝတ္တိနိမိတ္တေန ဖြစ်ကြောင်း ပဝတ္တိနိမိတ်နှင့်။ ဝိနာ၊ ကင်း၍။ သဒ္ဒေါ၊ သဒ္ဒါသည်။ န ပဝတ္တတိ၊ မဖြစ်နိုင်။ ဣတိ၊ ထို့ကြောင့်။ တဿ သဒ္ဒဿ၊ ထိုသဒ္ဒါ၏။ ပဝတ္တိနိမိတ္တဘူတော၊ ဖြစ်ကြောင်း ပဝတ္တိနိမိတ်ဖြစ်၍ ဖြစ်သော။ လောကသင်္ကေတသိဒ္ဓေါ၊ လောကဝေါဟာရဖြင့် ပြီးသော။ တံတံ ဝစနတ္ထနိယတော၊ ထိုထိုအနက်ဖြင့် မှတ်အပ်သော။ သမညာကာရဝိသေသော၊ သဘာဝဓမ္မ သာမညမှထူးသော အခြင်းအရာ အာကာရသည်။ နာမပညတ္တိ၊ နာမပညတ်မည်၏။

## နာမပညတ်၏ ဝစနတ်ကို ပြခြင်းငှာ

> သော ဟိ တသ္မိံ တသ္မိံ အတ္ထေ သဒ္ဒံ နာမေတိ၊ တဿ တဿ ဝါ အတ္ထဿ နာမသညံ ကရောတီတိ နာမံ၊ ပကာရေဟိ ဉာပနတော ပညတ္တိ စာတိ။-ဟု မိန့်ဆို လေသည်။

သော၊ အာကာရဝိသေသော၊ ရွတ်ဆိုသောကာလ အက္ခရာအစဉ် အနက်၏အမည် စိတ်၌ထင်သော၊ ထိုအခြင်းအရာ အာကာရသည်။ တသ္မိံ တသ္မိံ အတ္ထေ၊ ထိုထိုအနက်၌။ သဒ္ဒံ၊ သဒ္ဒါကို။ နာမေတိ၊ ညွတ်စေတတ်၏။ ဝါ၊ တနည်း။ တဿ တဿ အတ္ထဿ၊ ထိုထိုအနက်၏။ နာမသညံ၊ အမည်သညာကို။ ဟိ၊ အကြင့်ကြောင့်၊ ကရောတိ၊

ပြုတတ်၏။ဣတိ၊ ထို့ကြောင့်။ နာမဥ္စ၊ အမည်လည်းဟုတ်၏။ ပကာ
ရေဟိ၊ရွတ်ဆိုသော ကာလ အက္ခရာအစဉ် အနက်အမည် စိတ်၌ထင်
သော၊ အခြင်းအရာအာကာရတို့ဖြင့်။ ဉာပနတော၊ အနက်ကိုသိခြင်း
ကြောင့်။ ဟိ၊ အကြင့်ကြောင့်။ပညတ္တိစ၊ပညတ်လည်းဟုတ်၏။ ဣတိ၊
ထို ၂-ပါးသော သတ္တိကြောင့်။နာမပညတ္တိ၊ နာမပညတ်မည်၏။

## အက္ခရာအစဉ် အနက်၏အမည် အဖြေ၏
## အကျိုးကို ပြခြင်း

သဘာဝဓမ္မ သာမညမှ ထူးသော နှုန်ဖြင့် ရွတ်ဆိုသော ကာလ၊
အက္ခရာအစဉ် အနက်၏အမည် စိတ်၌ထင်သော၊ အဖြေ၏ အကျိုးကို
ပြခြင်း၄၁။ .....

> ကဿ ပန သော အာကာရဝိသေသော တိ၊ ပညာပေ
> တဗ္ဗတ္ထဿာတိ ဝေဒိတဗ္ဗံ၊ အနေကာကာရာ ဟိ အတ္ထာ
> တိ။ -ဟု မိန့်ဆိုလေသည်။

သော အာကာရဝိသေသော၊ ထိုထူးသော အခြင်းအရာသည်၊
ကဿ ပန အတ္ထဿ၊ အဘယ်အနက်၏။ အာကာရဝိသေသော၊ထူး
သော အခြင်းအရာနည်း။ဣတိ ဤသို့။ပုစ္ဆာ၊မေးအပ်သည်ရှိသော်။
ပညာပေတဗ္ဗတ္ထဿ၊ ပညတ်အပ်သော အနက်၏။ အာကာရဝိသေ
သော၊ထူးသောအခြင်းအရာတည်း။ဣတိ ဣဒံ ဝိဿဇ္ဇနံ၊ ဤအဖြေကို။
ဝေဒိတဗ္ဗံ၊ သိအပ်၏၊ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဟိ ယသ္မာ၊အ
ကြင့်ကြောင့်။ အတ္ထာ၊ အနက်တို့သည်။ အနေကာကာရာ၊ များသော
အခြင်းအရာရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်တည်း။

ကတမေ ဓမ္မာ အဓိဝစနာ၊ယာ တေသံတေသံ ဓမ္မာနံ သင်္ခါ သမ
ညာ ပညတ္တိ ဝေါဟာရော နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ
အဘိလာပေါ၊ သဗ္ဗေဝ ဓမ္မာ အဓိဝစနပထာ။-
ဟူ သော နိက္ခေပကဏ္ဍ အဓိဝစန ဒုကနိဒ္ဒေသ၌၊ အဓိဝစနသဒ္ဒါ
သည် သဒ္ဒါဖြင့် အများအပြား ရောနှောသောကြောင့်-ဝစနဘေဒ

မည်၏။ အဝိဝစနပထသဒ္ဒါသည်၊ အနက်အားဖြင့် အများအပြား ရောနှောသောကြောင့်–ဝစနီယဘေဒမည်၏။ ဘယ်သဒ္ဒါ, ဘယ်အနက်-ဟု အထူးပြု၍တချမှုမယူနိုင်။

ဤသို့ သဒ္ဒါ, အနက် အားဖြင့် အများ အပြား ရောနှောသောကြောင့်၊ မရောနှောအောင် နှုတ်ဖြင့်ရွတ်ဆိုသောကာလ၊ အက္ခရာအစဉ် ပညတ်လိုသော အနက်၏အမည် ထင်သော နာမပညတ်ကို၊ ယူအပ်သောအခြင်းအရာ နှုတ်ဖြင့်ရွတ်ဆိုအပ်သော သဒ္ဒါသည်၊ ပညတ်လိုသောအနက်ကိုပြီးစေ၏။ ဤသို့ဆိုတိုင်း၊........

## မချွတ်မလွဲ အမြဲကောန် အမှန်ဤစကားကို၊မငြင်းမဆံ မပယ်မလှန်ဘဲ ဝန်ခံအပ်၏ဟု ပြခြင်းငှာ

ဝေဌ္ဌ ကတွာ တဿ ပညတ္တိယာ ဂဟေတဗ္ဗတာ ဝစနဋ္ဌ သမတ္တိတံ ဘဝတိ၊ အဝဿဋ္ဌ တေမေဝံ သမ္ပဋိစ္ဆိတဗ္ဗံ။-ဟု မိန့်ဆိုလေသည်။

ဝေဠ္ဌကတွာ၊ ဤသို့သော အကြောင်းကြောင့်။ တဿ ပညာပေတဗ္ဗဿ၊ ပညတ်သော ထိုအနက်၏။ ပညတ္တိယာ၊ နာမပညတ်ကို။ ဂဟေတဗ္ဗတာ ဝစနဋ္ဌ၊ ယူအပ်သောအခြင်းအရာ နှုတ်ဖြင့်ရွတ်ဆိုအပ်သောသဒ္ဒါသည်လည်း။ သမတ္တိတံ၊ ပြီးစေအပ်သည်။ဘဝတိ၊ဖြစ်၏။ အဝဿဋ္ဌ၊ မချွတ်လည်း။တေံဝစနံ၊ ဤစကားကို။ဧဝံ၊ ဤသို့ဆိုတိုင်း။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံအပ်၏။

## မဖြစ်သင့်ရာဟု ဝန်မခံလိုသော စောဒက အာဘော်ကို တွန်းဖြိုပယ်လှန်သည်ကို ပြခြင်း

ဣမေဓမ္မာ အဝိဝစနာ၊ သဗ္ဗေဝဓမ္မာ အဝိဝစနပထာ-ဟု နှုတ်ဖြင့် မရွတ်ဆိုဘဲ၊ အလုံးစုံသောအနက်သည်လည်း၊ အလုံးစုံသော သဒ္ဒါ၏ ဝစနီယတည်း။ အလုံးစုံသောသဒ္ဒါသည်လည်း၊အလုံးစုံသော အနက်၏ ဝါစကတည်း။-ဟု စိတ်ဖြင့်သာ အမှတ်ပြု၍ လောကဝေါဟာရကို

ယူသော ဤအရာဌာန၌၊ ဝစနဘေဒ, ဝစနီယဘေဒတို့၏ ရောနှောခြင်းသည်၊ မဖြစ်သင့်ရာဟု ဝန်မခံလိုသော စောဒက အာဘော်ကို တွန်းဖြိုပယ်လှန်ခြင်းငှာ။ ......

> အညတြ ဝစန ဝစနီယ ဘေဒါနံ သင်္ကရော သိယာ၊ သဗ္ဗောပိ အတ္ထော သဗ္ဗသ္သ သဒ္ဒသ္သ ဝစနီယော၊ သဗ္ဗော စ သဒ္ဒေါ သဗ္ဗသ္သ အတ္ထသ္သ ဝါစကောတိ န စေတ္ထ သင်္ကေတဂ္ဂဟဏေ နေဝ တေသံ ပဝတ္တာတိ သက္ကာ ဝတ္တုံ၊ ဝဝတ္ထိတေသု ဧဝ တေသု သင်္ကေတဂ္ဂဟဏဿ ပဝတ္တိတော။—ဟု မိန့်ဆိုလေသည်။

အညတြ၊ ဝန်ခံအပ်သည်မှတပါး၊ ဝန်မခံအပ်သည်ရှိသော်၊ ဝစန ဝစနီယ ဘေဒါနံ၊ ဝစနဘေဒ, ဝစနီယ ဘေဒတို့၏။ သင်္ကရော၊ ရောနှောခြင်းသည်၊ သိယာ၊ ဖြစ်ရာ၏။ သဗ္ဗော၊ အလုံးစုံသော၊ အတ္ထော ပိ၊ အနက်သည်လည်း။ သဗ္ဗသ္သ၊ အလုံးစုံသော။ သဒ္ဒသ္သ၊ သဒ္ဒါ၏။ ဝစနီယော၊ ဝစနီယတည်း။ သဗ္ဗော၊ သော။ သဒ္ဒေါ စ၊ သဒ္ဒါသည်လည်း။ သဗ္ဗသ္သ၊ သော။ အတ္ထသ္သ၊ အနက်၏။ ဝါစကော၊ ဝါစကတည်း။ ဣတိ၊ ဤသို့။ သင်္ကေတဂ္ဂဟဏော၊ လောကဝေါဟာရကိုယူသော၊ ဧတ္ထ၊ ဤအရာဌာန၌၊ တေသံ ဝစန ဝစနီယဘေဒါနံ၊ ထိုဝစနဘေဒ, ဝစနီယဘေဒတို့၏။ နေဝ ပဝတ္တာ၊ မဖြစ်သည်ကား။ န၊ မဟုတ်။ ပဝတ္တာစဧဝ၊ ဖြစ်သည်သာတည်း။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဝဝတ္ထိတေသု ဧဝ၊ ပိုင်းခြားအပ်သည်သာလျှင်ဖြစ်ကုန်သော။ တေသု ဝစန ဝစနီယဘေဒေသု၊ ထို ဝစနဘေဒ, ဝစနီယဘေဒတို့၌။ သင်္ကေတဂ္ဂဟဏဿ၊ လောကဝေါဟာရကိုယူခြင်း၏။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်တည်း။

ဩတ္တပန နိဒ္ဒေသော၊ နိက္ခေပကဏ္ဍ အဓိဝစနဒုက ၏နိဒ္ဒေသ၌။ ယထာ ဓူမတော အဂ္ဂိအနုမာနေန၊ ပ။ ပညတ္တိတိ စ ဝုစ္စတိ ဣဒံ ဝစနံ၊ ပညတ္တိတိ စ ဝုစ္စော—ဟူသော ဤစကားကို၊ အပရေပန၊ တပါးသော ဆရာတို့သည်ကား။ ဝဏ္ဏယန္တိ၊ ဖွင့်ဆိုကြကုန်၏။

အလုံးစုံသောအခိုး၏လောင်စာသည်၊လောင်စာ သာမညသာဖြစ်သကဲ့သို့။ ထို့အတူ၊အလုံးစုံသောအနက်၏အမည်သည်၊အမည်သာမညသာဖြစ်၏။ ။

အလုံးစုံသောအခိုးဖြင့် မီးကိုသိ၏၊ လောင်စာမပါ သာမညသာဖြစ်၏။ဓူမာယ အဂ္ဂိ အဂ္ဂိတိ ဉာယတိ၊-ကိုထောက်။

အလုံးစုံသောသဒ္ဒါဖြင့် အနက်ကိုသိ၏။ အမည်မပါ သာမညသာဖြစ်၏။ ။ယာ တေသံ ဓမ္မာနံ သင်္ခါ သမညာ ပညတ္တိဝေါဟာရော နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ-ကိုထောက်။

လောင်စာမပါ သာမညဟူသည်လည်း၊ နိဿဘာဝ ပင်တည်း။ အမည်မပါသာမည ဟူသည်လည်း၊ တေသံတေသံ ဓမ္မာနံ-ဟု ပညတ်အပ်သော်လည်း၊ ထိုထိုတရားဟူသော အမည်ကိုမရ။ အချို့တရားကား သသဘာဝ၊ အချို့တရားကား နိဿဘာဝ ပင်တည်း။ ဤသို့သော သသဘာဝ, နိဿဘာဝကိုရည်၍။........

ပညာပေတဗ္ဗမတ္တဋ္ဌေန ပညတ္တီတိ အတ္ထော၊ ပညာပေတဗ္ဗံပိ ဟိ သသဘာဝံ တဇ္ဇပရမတ္ထနာမ လာဘတော နံ ပရတော လဘိတဗ္ဗံ ပညတ္တိနာမံ လဘတိ၊ နိဿဘာဝံ ပန သဘာဝါဘာဝတော နံ အတ္တနော သဘာဝေန နာမံ လဘတီတိ။-ဟု (မူလဋီကာ။)

သသဘာဝံ ဝေဒနာဒိကံ၊ တဇ္ဇပရမတ္ထနာမ လာဘတော တိ တဇ္ဇဿ တဒနုရူပဿ ပရမတ္ထဿ အနွတ္ထဿ နာမဿ လာဘနတော၊ အနုဘဝနာဒိ သဘာဝါနံ ဓမ္မာနံ ပရမတ္ထိကဿ ဝေဒနာဒိ နာမဿ လဘနတ္ထာ တိ အတ္ထော။ တေန ဝိသေသနိဝတ္တိ အတ္ထော မတ္တ သဒ္ဒေါ၊ တေန စာယံ ဝိသေသော နိဝတ္တိတော တိ ဒဿေတိ။-ဟု (အနုဋီကာ။) မတ္တသဒ္ဒါ၏အနက်၊ အခွင့်အဖြတ် အရိပ်ကို မိန့်ဆိုကြလေသည်။

ရှိသောသဘောသည်၊သဘာဝဟု ပညတ်အပ်သော်လည်း၊ တစ္ဆ အမည်ကို ရခြင်းကြောင့်၊သသဘာဝဟု ပညတ်တပါးမှ ရအပ်သော ပညတ်အမည်ကို မရ။ ။မရှိသော သဘောသည်၊ နိသဘာဝ ဟု ပညတ်အပ်သော်လည်း၊သဘော၏မရှိခြင်းကြောင့်၊မိမိမရှိသော သ ဘောအားဖြင့်၊နိသဘာဝဟု ပညတ်တပါးမှ ရအပ်သော ပညတ် အမည်ကိုမရ။

သသဘာဝ, နိသဘာဝ ပညတ်မရ-ဟူလို။ဤအနက်ဖြင့် ဤအနက်ကို၊ ဤအမည် ဖြင့် ဤအမည်ကို ပညတ်မရ ဟူလိုသည်။

အခိုး၏မိုးနှင့်မကင်းသော သမ္ဘန်သည်ကား၊လောင်စာပင်တည်း။ ထိုလောင်စာသည်၊ထင်းလောင်စာ, မြက်လောင်စာ, ဖွဲလောင်စာ, နွားခြေးလောင်စာ,အပွေးလောင်စာ,အမှိုက်လောင်စာအစရှိသော လောင်စာ များစွာပင်တည်း။

ကဋ္ဌံ ပဋိစ္စ ဇလတိ အဂ္ဂိ၊ ကဋ္ဌဂ္ဂိတွေဝ သင်္ခံ ဂစ္ဆတိ။ တိဏံ ပဋိစ္စ ဇလတိ အဂ္ဂိ၊ တိဏဂ္ဂိတွေဝ သင်္ခံ ဂစ္ဆတိ။ ထုသံ ပဋိစ္စ ဇလတိ အဂ္ဂိ၊ ထုသဂ္ဂိတွေဝ သင်္ခံ ဂစ္ဆတိ။ ဂေါမယံ ပဋိစ္စ ဇလတိ အဂ္ဂိ၊ ဂေါမယဂ္ဂိတွေဝ သင်္ခံ ဂစ္ဆတိ။ သကလိကံ ပဋိစ္စ ဇလတိ အဂ္ဂိ၊ သကလိကဂ္ဂိ တွေဝ သင်္ခံ ဂစ္ဆတိ။သင်္ကာရံပဋိစ္စ ဇလတိ အဂ္ဂိ၊သင်္ကာ ရဂ္ဂိ တွေဝ သင်္ခံ ဂစ္ဆတိ။-စသည်ကိုထောက်။

သဒ္ဒါ၏ အနက်နှင့် မကင်းသော သမ္ဘန်သည်ကား၊ဝေါဟာရပင် တည်း။ ထိုဝေါဟာရသည်၊ အဟံ ဝေါဟာရ, မမ ဝေါဟာရ, ပ ရော ဝေါဟာရ, ပုဂ္ဂလ ဝေါဟာရ,သတ္တော ဝေါဟာရ,ဘာဝေါ ဝေါဟာရ, ပေါသော ဝေါဟာရ, ပုဂ္ဂလော ဝေါဟာရ, နရော ဝေါဟာရ, မာဏဝေါ ဝေါဟာရ, တိဿော ဝေါဟာရ, ဒတ္တော ဝေါဟာရ, မဉ္စော ဝေါဟာရ,ပီဌံ ဝေါဟာရ, ဘိသိ ဝေါဟာရ, ဗိမ္ဗောဟနံ ဝေါဟာရ, ဝိဟာရော ဝေါဟာရ,ပရိဝေဏံ ဝေါဟာရ, ဒွါရ ဝေါဟာရ, ဝါတပါနံ ဝေါဟာရ- အစရှိသော နိသဘာဝ၏

ဝေါဟာရလည်း များစွာပင်တည်း။ ရူပံ ဝေါဟာရ, ဝေဒနာဝေါဟာရ, သညာ ဝေါဟာရ, သင်္ခါရာ ဝေါဟာရ, ဝိညာဏံ ဝေါဟာရ အစရှိသော သဿတဘာဝ၏ဝေါဟာရလည်း များစွာပင်တည်း။

သင်္ခါယတိတိ သင်္ခါ၊ သံကထိယတီတိ အဘွော၊ ကိန္တိ သံကထိယတိ၊ အဟန္တိ, မမန္တိ, ပရောတိ, ပရဿာတိ, သတ္တောတိ, ဘာဝေါတိ, ပေါသောတိ, ပုဂ္ဂလောတိ, နရောတိ, မာဏဝေါတိ, တိဿောတိ, ဒတ္တောတိ, မဉ္စော, ပီဌံ, ဘိသိ, ဗိမ္ဗောဟနံ, ဝိဟာရော, ပရိဝေဏံ, ဒွါရံ, ဝါတပါနန္တိ ဧဝံ အနေကေဟိ အာကာရေဟိ သံကထိယတီတိ သင်္ခါ။ (နည်းတူ)။ သင်္ခါယတိတိ သင်္ခါ၊ သံကထိယတီတိ အဘွော၊ ကိန္တိ သံကထိယတိ၊ ရူပန္တိ, ဝေဒနာတိ, သညာတိ, သင်္ခါရာတိ, ဝိညာဏန္တိ, ဖဿော, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယံ, မနသိကာရောတိ ဧဝံ အနေကေဟိ အာကာရေဟိ သံကထိယတီတိ သင်္ခါ၊–စသည်ကိုထောက်။

အခိုးဖြင့် မီးကို သိသောသူသည်၊ အလုံးစုံသော အခိုးဖြင့် မီးကိုသိသကဲ့သို့။ အခိုး၏မီးနှင့်မကင်းသော သမ္ဗန်လောင်စာကို ထင်း- ဟု သိသော်၊ ထင်း၏ အခိုးဖြင့် ထင်းမီးကို သိသကဲ့သို့။ မြက်ဟုသိသော်၊ မြက်၏အခိုးဖြင့် မြက်မီးကိုသိသကဲ့သို့။ ဖွဲဟုသိသော်၊ ဖွဲ၏အခိုးဖြင့် ဖွဲမီးကို သိသကဲ့သို့။ နွားခြေးဟု သိသော်၊ နွားခြေး၏ အခိုးဖြင့် နွားခြေးမီးကိုသိသကဲ့သို့။ အပွေးဟု သိသော်၊ အပွေး၏အခိုးဖြင့်အပွေးမီးကို သိသကဲ့သို့။ အမှိုက်ဟု သိသော်၊ အမှိုက်၏အခိုးဖြင့် အမှိုက်မီးကို သိသကဲ့သို့။ ထို့အတူ၊........

သဒ္ဒါဖြင့် အနက်ကို သိသောသူသည်၊ အလုံးစုံသောသဒ္ဒါဖြင့် အနက်ကိုသိ၏။ သဒ္ဒါ၏ အနက်နှင့် မကင်းသော သမ္ဗန် ဝေါဟာရကို အဟံ-ဟု သိသော်၊ အဟံ-ဟု ရွတ်ဆိုသောသဒ္ဒါဖြင့် ငါ-ဟူသော အနက်ကိုသိ၏။ မမံ-ဟု သိသော်၊ မမံ–ဟုရွတ်ဆိုသော သဒ္ဒါဖြင့် ငါ၏ဥစ္စာ-ဟူသော အနက်ကိုသိ၏။ ပရော-ဟု သိသော်၊ ပရော-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် သူတပါး-ဟူသော အနက်ကိုသိ၏။ ပရဿ–ဟုသိသော်၊ ပရဿ-ဟုရွတ်ဆိုသော သဒ္ဒါဖြင့်သူတပါး၏ဥစ္စာ-ဟူသော အ

နက်ကိုသိ၏။ သတ္တော-ဟု သိသော်၊ သတ္တောဟု ရွတ်ဆိုသောသဒ္ဒါဖြင့် သတ္တဝါ-ဟူသောအနက်ကိုသိ၏။ ဘာဝေါ-ဟု သိသော်၊ ဘာဝေါ-ဟု ရွတ်ဆိုသောသဒ္ဒါဖြင့် သတ္တဝါ-ဟူသော အနက်ကို သိ၏။ ပုဂ္ဂလော-ဟု သိသော်၊ ပုဂ္ဂလော-ဟု ရွတ်ဆိုသောသဒ္ဒါဖြင့် ပုဂ္ဂိုလ်-ဟူသော အနက်ကိုသိ၏။ နရော-ဟုသိသော်၊ နရော-ဟုရွတ်ဆိုသော သဒ္ဒါဖြင့် လူဒိုဟူသော အနက်ကိုသိ၏။ မာဏဝေါ-ဟု သိသော်၊ မာဏဝေါ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် လူမျိုး- ဟူသော အနက်ကိုသိ၏။ တိဿော-ဟုသိသော်၊ တိဿော-ဟုရွတ်ဆိုသောသဒ္ဒါဖြင့် တိဿ-မည်သောသူ ဟူသော အနက်ကိုသိ၏။ ဒတ္တော-ဟု သိသော်၊ ဒတ္တ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် ဒတ္တ-မည်သောသူဟူသော အနက်ကိုသိ၏။ မဉ္စော-ဟု သိသော်၊ မဉ္စော-ဟုရွတ်ဆိုသော သဒ္ဒါဖြင့် ညောင်စောင်း ဟူသောအနက်ကိုသိ၏။ ပီဌံ-ဟုသိသော်၊ ပီဌံ-ဟု ရွတ်ဆိုသောသဒ္ဒါဖြင့် အင်ပျဉ်ဟူသောအနက်ကိုသိ၏။ ဘိသိ-ဟုသိသော်၊ ဘိသိ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် ဘုံလျှိုဟူသော အနက်ကိုသိ၏။ ဗိမ္ဗောဟနံ-ဟု သိသော်၊ ဗိမ္ဗောဟနံ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် အုန်းဟူသော အနက်ကို သိ၏။ ဝိဟာရော-ဟု သိသော်၊ ဝိဟာရော-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် ကျောင်းဟူသောအနက်ကိုသိ၏။ ပရိဝေဏံ-ဟုသိသော်၊ ပရိဝေဏံ-ဟု ရွတ်ဆိုသောသဒ္ဒါဖြင့် ပရဝုဏ်ဟူသောအနက်ကိုသိ၏။ ဒွါရံ-ဟုသိသော်၊ ဒွါရံ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် တံခါးဟူသောအနက်ကိုသိ၏။ ဝါတပါနံ-ဟုသိသော်၊ ဝါတပါနံဟု ရွတ်ဆိုသော သဒ္ဒါဖြင့် လေသာပြတင်းဟူသော အနက်ကိုသိ၏။ ရူပံ ဟု သိသော်၊ ရူပံ-ဟု ရွတ်ဆိုသောသဒ္ဒါဖြင့် ရုပ်ဟူသော အနက်ကိုသိ၏။ ဝေဒနာဟု သိသော်၊ ဝေဒနာ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် ဝေဒနာဟူသော အနက်ကိုသိ၏။ သညာ-ဟု သိသော်၊ သညာ-ဟုရွတ်ဆိုသော သဒ္ဒါဖြင့်သညာဟူသော အနက်ကိုသိ၏။ သင်္ခါရ-ဟုသိသော်၊ သင်္ခါရ-ဟုရွတ်ဆိုသောသဒ္ဒါဖြင့် သင်္ခါရ-ဟူသော အနက်ကိုသိ၏။ ဝိညာဏံ-ဟု သိသော်၊ ဝိညာဏံ-ဟု ရွတ်ဆိုသော သဒ္ဒါဖြင့် ဝိညာဏ်ဟူသော အနက်ကိုသိ၏။-ဟု……

## လောင်စာနှင့် ဝေါဟာရစပ်၊ ဥပမာနှင့် ဥပမေး ဟပ်ပြခြင်းငှာ

**ယထာ ဓူမတော အဂ္ဂိ အနုမာနေန ကေဝလေန ဓူမေနေဝ အဂ္ဂိ ဝိညာယတိ၊ ဓူမဿ ပန အဂ္ဂိနာ အဝိနာဘာဝသဒ္ဒါတော သမ္ဗန္ဓော ဝိညာယမာနော ဓူမေန အဂ္ဂိ ဝိညာယတိ၊ ဧဝံ သဒ္ဒေန အတ္ထဝိဇာနနေန ကေဝလေန သဒ္ဒေန တဒတ္ထော ဝိညာယတိ၊ တံတံ သဒ္ဒဿ ပန တေန တေန အတ္ထေန အဝိနာဘာဝသဒ္ဒါတော သမ္ဗန္ဓော ဝိညာယမာနော တေန တေန သဒ္ဒေန အတ္ထံ ဉာပေတီတိ၊ ဝေဒိတဗ္ဗံ။**"ဟု မိန့်ဆိုလေသည်။

ဓူမတော၊ အခိုးဖြင့်။ အဂ္ဂိအနုမာနေန၊ မီးကိုသိသောသူသည်။ ကေဝလေန၊ အလုံးစုံသော။ ဓူမေနေဝ၊ အခိုးဖြင့်သာလျှင်။ အဂ္ဂိ၊ မီးကို။ ဝိညာယတိ ယထာ၊ သိအပ်သကဲ့သို့။ ဓူမဿ ပန၊ အခိုး၏ကား။ အဂ္ဂိနာ၊ မီးနှင့်။ အဝိနာဘာဝသဒ္ဒါတော၊ မကင်းသည်ဟုဆိုအပ်သော။ သမ္ဗန္ဓော၊ သမ္ဗန်ကို။ ဝိညာယမာနော၊ သိအပ်သည်ရှိသော်။ ဓူမေန၊ အခိုးဖြင့်။ အဂ္ဂိ၊ မီးကို။ ဝိညာယတိ ယထာ၊ သိအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သဒ္ဒေန၊ သဒ္ဒါဖြင့်။ အတ္ထဝိဇာနနေန၊ အနက်ကိုသိသောသူသည်။ ကေဝလေန၊ အလုံးစုံသော။ သဒ္ဒေနေဝ၊ သဒ္ဒါဖြင့်သာလျှင်။ တဒတ္ထော၊ ထိုသဒ္ဒါ၏အနက်ကို။ ဝိညာယတိ၊ သိအပ်၏။ တံတံ သဒ္ဒဿ ပန၊ ထိုထို သဒ္ဒါ၏ကား။ တေန တေန အတ္ထေန၊ ထိုထို အနက်နှင့်။ အဝိနာဘာဝသဒ္ဒါတော၊ မကင်းသည်ဟုဆိုအပ်သော။ သမ္ဗန္ဓော၊ သမ္ဗန်ကို။ ဝိညာယမာနော၊ သိအပ်သည်ရှိသော်။ တေန တေန သဒ္ဒေန၊ ထိုထိုသဒ္ဒါဖြင့်။ အတ္ထံ၊ အနက်ကို။ ဉာပေတိ၊ သိစေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

လောကသင်္ကေတ-ဟူသည်ကား၊ လောကဝေါဟာရပင်တည်း။ လောကဝေါဟာရ- ဟူသည်ကား၊ ဘာသာအလျောက် လူတို့ခေါ်ဝေါ်ပြောဆိုကြသော အမည်နာမပင်တည်း။ သမ္ဗန်ကို ယူဘူးခြင်း ဟူသည်ကား၊ ဤဝေါဟာရကား ဤအနက်၏ အမည်တည်းဟု အ

မှတ်သညာပြုဘူးခြင်းပင်တည်း။ အနက်၏ အမည် ဟူသည်ကား၊ လောကဝေါဟာရ အမည်နာမပင်တည်း။ အနက်ကို ပညတ်ခြင်း, အမည်ကိုပညတ်ခြင်းဟူသည်ကား၊ အနက်၏အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသော သဒ္ဒါပင်တည်း။ အနက်၏အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသောသဒ္ဒါဖြင့် အနက်ကိုသိ၏ဟူသည်ကား၊ ဤဝေါဟာရကား ဤအနက်၏အမည်တည်းဟု အမှတ်သညာပြုဘူးသောအနက်၏သဒ္ဒါကား၊ ဤသဒ္ဒါပင်တည်းဟု သဒ္ဒါကိုသိသော အားဖြင့် အနက်ကိုသိခြင်းပင်တည်း။ သဒ္ဒါကို မသိက၊ ထိုသဒ္ဒါ၏ အနက်ကို သိသောမည်သည် မရှိလေ။

**အဟဉ္စိ စ ပဝတ္တံ အဓိဝစနံ ဝဒန္တေန သုဏန္တေန စ ပုဗ္ဗေ ဂဟိတသညေန အတ္ထပကာသနဘာဝေန ဝိညာယတိ၊ န ဟိ တသ္မိံ အဝိညာတေ ဒတတ္ထ ဝိဇာနနံ အတ္ထိ။**

**အဓိဝစနံ သဒ္ဒေါတိ အဓိပ္ပါယေန ဝဒန္တေနာတိ အာဒိ ဝုတ္တံ၊ သော ဟိ အတ္ထနာ ဥာပေတဗ္ဗမတ္ထံ သယံ ဥာတော ဝေ ဥာပေတီတိ အဂ္ဂဟိတ သမ္ဗန္ဓဿ န သဒ္ဒေါ အတ္ထပကာသန သမတ္ထောတိ ဝုတ္တံ ပုဗ္ဗေ ဂဟိတသညေနာတိ။**

အနက်၏အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသောသဒ္ဒါဖြင့် အနက်ကိုသိ၏ဟူသောစကားဖြင့်လည်း၊သဒ္ဒါနှင့်အနက် ၂-ချက်, ၂-ချက်၊ အစုံအစုံ ဒုက်ဖြစ်ပုံကို၊ အဓိဝစနဒုက်, နိရုတ္တိဒုက်, ပညတ္တိဒုက် ဟု သရုပ်အားဖြင့် ၃-ပါးထုတ်တော်မူသည်။ ထို ၃-ပါးတို့တွင်၊အဓိဝစနဒုက်၌၊သင်္ခါ, သမညာ,ပညတ္တိ,ဝေါဟာရော,နာမံ,နာမကမ္မံ, နာမဓေယျံ,နိရုတ္တိ ဗျဉ္ဇနံ,အဘိလာပေါ။-ဟူသော သဒ္ဒါဆယ်ပုဒ် တပုဒ်တပုဒ်၌၊သဒ္ဒါနှင့်အနက် ၂-ချက်, ၂-ချက်၊အစုံအအစုံ ဒုက်ဖြစ်ပုံကား။......
သင်္ခါယတီတိ သင်္ခါ၊သံကထိယတီတိ အတ္ထော၊ကိန္တိ သံကထိယတိ၊အဟန္တိ သံကထိယတီတိ သင်္ခါ-အစရှိသည်တည်း။

သဒ္ဒါယတီတိ သဒ္ဒါ၊ သံကထိယတီတိ အတ္ထော။ ကိန္တိ သံကထိယတိ၊-ကား လိုရင်းမဟုတ်။ အဟန္တိ သံကထိယတီတိ သဒ္ဒါ။ -သာ လိုရင်းတည်း။ ။ယောဇနာကား။ ယသ္မာ ယော အတ္ထော အဟန္တိ သံကထိယတီတိ တသ္မာ သော အတ္ထော သဒ္ဒါနာမ။-ဟူသည်တည်း။

အဟန္တိ သံကထိယတီတိသဒ္ဒါ-ဟူသော ဤဝိဂ္ဂဟဝါကျ၌၊ ဝစန, ဝစနတ္ထ, ဝစနဟေတု, ဝစနီယ, ဝစနီယတ္ထ, ဝစနဟေတုဓောတက ၆-ဌာနတွင်၊ သဒ္ဒါသည်-ဝစနမည်၏၊ သံကထိယတိသည်- ဝစနတ္ထမည်၏။ သဒ္ဒါ အရ အဟံသည်-ဝစနဟေတုမည်၏၊ အတ္ထောသည်- ဝစနီယမည်၏၊ ယော သော သည်- ဝစနီယတ္ထမည်၏၊ ဣတိ သည်-ဝစနဟေတုဓောတကမည်၏။ ဤ ၆-ဌာနတွင်၊ သဒ္ဒါကား ဝစန- သဒ္ဒါရ၏၊ သံကထိယတိကား ဝစနတ္ထ-အနက်ရ၏။ ဤသို့ သဒ္ဒါ ဆယ်ပုဒ် တပုဒ်တပုဒ်၌၊ သဒ္ဒါနှင့်အနက် ၂-ချက်, ၂-ချက်၊ အစုံအစုံသည် ဒုက် ဖြစ်ပုံတည်း။

အနက်ကို အဟံဟု ရွတ်ဆိုသော်၊ အဟန္တိ-ဟု အဟံ၏ နောက်၌ရှိသော၊ ဣတိ-သဒ္ဒါဖြင့်၊ အဟံကား အနက်မဖြစ် သဒ္ဒါဖြစ်သောကြောင့်၊ အဟံကား အနက်၏အမည်တည်းဟု အမှတ်သညာပြုဘူးသော အနက်၏၊ ရွတ်ဆိုသောအခါ ဟိတ်ဖြစ်သော အဟံ-သဒ္ဒါကို၊ သိသော အားဖြင့် အနက်ကိုသိ၏။-ဟု(မူလဋီကာ) ၌ဆို၏။

အဟံကား အနက်၏အမည်တည်းဟု အမှတ်သညာ ပြုဘူးသော အနက်၏၊ အတ္ထောနှင့်ယှဉ်သော အဟံသဒ္ဒါသည်၊ အနက်ကိုသိရခြင်း အကျိုးရှိသဖြင့်၊ အဟံကို အနက်အလိုဟု (အနုဋီကာ) ၌လည်း ဆို၏။ ဤသို့ မူလဋီကာ, အနုဋီကာ ဆရာ ၂-ဆူ သမ္ဗန်ကိုယူမှ၊ သဒ္ဒါနှင့်အနက် ၂-ချက်, ၂-ချက်၊ အစုံအစုံ ဒုက်ဖြစ်ပုံကို မိန့်ဆိုကြလေသည်။

အဟန္တိ ဣတိ သဒ္ဒ ပစ္စယေန အဟံသဒ္ဒေန ဟေတု
ဘူတေန ယော အတ္ထော ဝိညာယတိ သော သံကထိ
ယတိ၊ ဥဒီရိယတီတိ အတ္ထော။ ။မူလဋီကာ။

**အဟံ သဒ္ဒေန ဟေတုဘူတေန ယောအတ္ထောတိ ဧတ္ထ အဟံ သဒ္ဒေါ အတ္ထောတိ အဓိပ္ပေတော၊ အတ္တာဝဧဝ ဧနတ္ထော ဟိ သဒ္ဒပ္ပယောဂေါ။** ။ အနုဋီကာ။

အဟံကား အနက်၏အမည်တည်းဟု အမှတ်သညာပြုတူး၊သဒ္ဒါ၏အနက်နှင့်စပ်သော ဝေါဟာရသမ္မုန်ကို ယူဘူးမှု၊ရွတ်ဆိုသောအခါ အဟံသဒ္ဒါကို သိသောအားဖြင့် အနက်ကို သိသည်မှ တပါး၊ အသံ ကြားရုံမျှဖြင့် အနက်ကိုသိ၏ဆိုမှု၊ ဝေါဟာရသမ္မုန်ကို မယူဘူးဘဲ အသံကိုကြားရုံမျှဖြင့်၊ကြားနာသူ နားခွက် အနက်ထင်သည် ဖြစ်ခဲ့ရာ၏။ဖြစ်လည်းမဖြစ်နိုင်ရာ။

## အဟဉ္ဇိ သံကထိယတိတိ သဒ္ဒါ-ကို အညထာနှင့်ပြခြင်း၄၁

**အညထာ အဂ္ဂဟိတသမ္ဗန္ဓေနာပိ သဒ္ဒသဝနေ မတ္ထေန တဒတ္ထော ဝိညာယေယျာတိ။-ဟု မိန့်ဆိုလေသည်။**

အညထာ၊သဒ္ဒါ၏ အနက်နှင့်စပ်သော ဝေါဟာရသမ္ဗန်ကို ယူဘူးက၊ ရွတ်ဆိုသံကိုသိသော အားဖြင့် အနက် ကိုသိသည်မှတပါး၊ရွတ်ဆိုသံကိုကြားရုံမျှဖြင့် အနက်ကိုသိသော်၊ အဂ္ဂဟိတသမ္ဗန္ဓေနာပိ၊ ဝေါဟာရသမ္ဗန်ကိုမယူသော်လည်း၊သဒ္ဒသဝနမတ္တေန၊ အသံကိုကြားရုံမျှဖြင့်။တဒတ္ထော၊ထိုသဒ္ဒါ၏အနက်သည်။ ဝိညာယေယျ၊ ထင်သည်ဖြစ်ခဲ့ရာ၏။ န ဝိညာယေယျ၊ထင်သည်မဖြစ်နိုင်ရာ။ ဣတိ-အယံ ဒေါသော၊ ဤအပြစ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

ဝေါဟာရကို ယူခြင်းသည်ကား- သင်္ကေတဂ္ဂဟဏ၊ နှုတ်ဖြင့်ရွတ်ဆိုခြင်းသည်ကား-ဝစနဂ္ဂဟဏ။သင်္ကေတဂ္ဂဟဏ, ဝစနဂ္ဂဟဏတို့၏ အမည်ကိုပြုသောအလေ့နှင့် အတူတကွပြုသော၊ လောကဝေါဟာရ အမည်နာမသည်ကား- ဝစန, ဝစနတ္ထ ဝိနိမုတ္တ၊ ဆရာတို့၏သိလိုသော သဒ္ဒါ, အနက် ပျက်ခြင်းသည်ကား-အာစရိယမတ်ဘေဒ။ ဤကား သဒ္ဒါ၏အနက်, ဤကား အနက်၏သဒ္ဒါ၊အမှတ်သညာ ပြုရုံမျှ

ဝေါဟာရကိုယူရာ၌၊ သင်္ကေတဂ္ဂဟဏ, ဝစနဂ္ဂဟဏတို့၏၊ အမည်ကို ပြုသောအလေ့နှင့် အတူတကွပြုသော၊ ဝစန, ဝစနတ္ထဝိနိမုတ္တ၊ လောဝေါဟာရ အမည်နာမကို၊ ဤကား အယံ၊ ဤကား ဣမဿ၊ ဤကား ဘာသိတ၊ ဤကား အတ္ထော၊ ဤကား ဣမဿ၊ ဤကား အတ္ထဿ၊ ဤကား ဣဒံ၊ ဤကား ဝစနံ၊ ဤကား ဇောတကံ–ဟု အသီးအသီးကြံခြင်း၌၊ ဆရာတို့၏သိလိုသော သဒ္ဒါ အနက်ပျက်ခြင်းကြောင့်၊ အကျိုးမရှိ။

အယံ ဣမဿ ဘာသိတဿ အတ္ထောတိ ဝါ၊ ဣမဿ အတ္ထဿ ဣဒံ ဝစနံ ဇောတကန္တိ ဝါ သညုပ္ပါဒ မတ္တော ပန သင်္ကေတဂ္ဂဟဏော ဝစန ဝစနတ္ထ ဝိနိမုတ္တဿ ကပ္ပနေ ပယောဇနံ နတ္ထိ။

သင်္ကေတ ပန အာစရိယာနံ မတိဘေဒေါ ဝိဇ္ဇတိ တတ္ထ ကေစိ ကော အယံ ဒေါသောတိ ဒဿနတ္ထံ တဿ ဝိသုံ ဝစနံ ဝုစ္စမာနာ ရူပါဒယော ဓမ္မာ ဝစနတ္ထာ ပညာပိတဗ္ဗာစ တဒဘိဓာယကော သဒ္ဒေါ ပညတ္တီတိ ဧတ္တာဝတာ သဗ္ဗဝေါဟာရော သိဇ္ဈတီတိ ဣမိနာ အဓိပ္ပါယေန၊ ဝစန။ပ။ နံ နတ္ထီတိ အာဟ။

လောကဝေါဟာရကို ယူခြင်းသည်၊ ဝေါဟာရ၏အမည် ပညတ်သဘော၌မဖြစ်၊ ဝေါဟာရ၏အမည်ကို ထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသော်သာ နာမပညတ်ဖြစ်၏။ မရွတ်ဆိုက မဖြစ်၊ အဖြစ်သို့သာရောက်၏။

နာပိ သင်္ကေတဂ္ဂဟဏံ သင်္ကေတဿ ပညတ္တိဘာဝေ၊ သင်္ကေတော ရူပါဒီသု နကိဉ္စိ ဟောတိ၊ ဘူတာဒိ နိမိတ္တံ ဘာဝနာ ဝိသေသဉ္စ ဥပါဒါယ ဝေါဟာရိယမာနာ ကသိဏာဒိ ပညတ္တိယော ဝိယ၊ တံ တံ သင်္ကေတိတဗ္ဗံ သင်္ကေတကရဏဉ္စ ဥပါဒါယ ဝေါဟာရမတ္တော၊ တဿ စ ပညာပိကာ နာမပညတ္တီတိ ယထာ ဝုတ္တဒေါသာ ပတ္တိံ ဒဿေန္တော နာပိ သင်္ကေတဂ္ဂဟဏန္တိ အဝေါစ။

အလုံးစုံသော သင်္ကေတဂ္ဂဟဏ, ဝစနဂ္ဂဟဏ သည်၊ အနက်ကို ပညတ်ခြင်း,အမည်ကိုပညတ်ခြင်း၌ မပြီးစေနိုင်။ ပြီးစေနိုင်သော အမည်ပညတ်သည်လည်း၊အနက်၏အမည်ကို ထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုသောအခါ၊ ဤကား အနက် ဤကား အမည်တည်းဟု အမှတ်သညာပြုဘူးသော အမည်သည်ကား၊ဤအမည်ပင်တည်းဟု သိမှသာလျှင်၊ ထိုသင်္ကေတဂ္ဂဟဏ,ဝစနဂ္ဂဟဏတို့၏၊အမည်ကိုပြုသော အလေ့နှင့် အတူအကွ အမည်ကိုပြုသည်ဖြစ်ကြရ၏။

ထိုအမည်ကိုသိခြင်း၌သာ၊ ဤအနက်၏ အမည်တည်းဟု အမှတ်သညာပြုဘူးသော အနက်၏ အမည်ပညတ် အတွင်းမကျ၊ အပဖြစ်သော အမည်ပညတ်ကိုသာ၊ ဤအမည်ကား အယံ တည်း၊ ထိုအမည်ကိုပညတ်သော အမည်တပါးကား ဣမဿတည်း၊ထိုအမည်ကို ပညတ်သော အမည်တပါးကား အတ္တဿ တည်း၊ ထိုအမည်ကို ပညတ်သော အမည်တပါးကား ဣတ္တန္တာမောတည်းဟု၊အမည်တပါးမှ အမည်တပါးသို့ ပြောင်းရွှေ့၍၊ အဆင့်ဆင့်ကြံခြင်း၌ ပြီးစေနိုင်သော အမည်ပညတ်လည်း၊အနက်၏အမည် ကင်းပြတ်ရပ်တည်ရာ မရှိခြင်းသို့ရောက်၏။ ထို့ကြောင့်၊ သိအပ်သော အနက်ကို သိသည်ပင် မဖြစ်သင့်နိုင်ဟုလို။

တဒေတာ အတ္ထဝိဇာနနမေဝ န သိယာ။

တဒေတာ အတ္ထဝိဇာနနမေဝ န သိယာတိ ကေဝလာနိ သင်္ကေတဂ္ဂဟဏ ဝစနဂ္ဂဟဏာနိ အတ္ထပညာပနေဝိယ ပညတ္တိဉာပနေပိ အသမတ္ထာနိ၊ ပညတ္တိဉ္စ ဉာတာယေဝ တေသံ သဟကာရိ ကရဏံ တံ ဇာနနတ္ထံ ပညတ္တိအနန္တရပရိကပ္ပနေစ အနဝတ္ထာနာပတ္တိတိ အတ္ထာဓိဂမဿ သမ္ဘဝေါ ဝေ န ဘဝေယျ။

အနက်၏အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုသော သဒ္ဒါသည်၊ ဤကား ဤအနက်၏အမည်တည်း ဟု အမှတ်သညာပြုဘူးသော အမည်သည်ကား၊ ဤအမည်တည်း ဟု ထိုအမည်ပညတ်ကို သိစေရာ၌၊

သင်္ကေတဂ္ဂဟာဏ, ဝစနဂ္ဂဟာဏတို့၏အမည်ကိုပြုသောအလေ့နှင့်အတူတကွ၊ အမည်ကိုပြုသည်ဖြစ်ကြရသော တပါးသော အမည်ပညတ်သည် ရှိ၏ဟု အဆင့်ဆင့်အမည်ကို ခွင့်ပြုသည်ဖြစ်အံ့၊ ထိုအမည် ထိုအမည်ဟု အနက်၏အမည် ကင်းပြတ် ရပ်တည်ရာ မရှိခြင်းသို့ရောက်၏ဟုလို။

**တဿာ အညာ ပညတ္တိ ဝတ္တဗ္ဗာ သိယာ၊ တဿာ တဿာတိ အနဝတ္ထာနံ။**

**တဿာ အညာ ပညတ္တိ ဝတ္တဗ္ဗာ သိယာတိ တဿာ နာမပညတ္တိယာ ဉာပနေ သင်္ကေတဂ္ဂဟဏ ဝစနဂ္ဂဟဏာနံ သဟကာရိ ကာရဏဘူတာ အညာ နာမပညတ္တိ အတ္ထီတိ ဝတ္တဗ္ဗာ အနုညာတဗ္ဗာ သိယာ။**

အယံ ဈတ္တန္တာဝမောတိ သင်္ကေတဂ္ဂဟာဏံ-ဟူသော စကားရပ်၊ ရူပံ တိသောတိ အာဒိဝစနဂ္ဂဟာဏံ-ဟူသော စကားရပ်၊ သင်္ကေတဂ္ဂဟာဏ ဝစနဂ္ဂဟာဏာနံ သဟကာရီ ကာရဏဘူတာ အညာ နာမပညတ္တိ အတ္ထိ- ဟူသော စကားရပ်၊ ပညတ္တိစ ဉာတာယေဝ တေသံ သဟကာရီ ကာရဏံ-ဟူသောစကားရပ်။ ပေါင်းစပ်စေ၍ အကြိမ်ကြိမ်ရှု၍ အတုအပ သဘောကျနိုင်မှ၊ အညဿ အသိဒ္ဓ သဘာဝဿ အတ္ထပညာပနေ သမတ္ထတာ နစ သမ္ဘဝတိ—ကိုလည်း၊နည်းတူ သဘောကျနိုင်မည်။

ဈာဒ်ရူပံ ဈတ္တန္တာဝမံ၊ အယံ တိသောာ ဈတ္တန္တာဝမော-ဟု အမှတ်ပြု၍၊ ဝေါဟာရ ယူဘူးသည်ကို၊ သင်္ကေတဂ္ဂဟာဏ=ဆိုသည်မှတ်။

ရူပံ တိသော ဟုအမည်ကိုထုတ်၍၊နှုတ်ဖြင့်ရွတ်ဆိုသည်ကို၊ဝစနဂ္ဂဟာဏ—ဆိုသည်မှတ်။

သင်္ကေတဂ္ဂဟာဏ,ဝစနဂ္ဂဟာဏတို့၏၊ရူပံ အမည်၊ တိသော အမည်ကို၊ ပြုသောအလေ့နှင့် အတူတကွ၊ ရွတ်ဆိုသူ, ကြားနာသူက ပြုသော၊ရူပံ အမည်,တိသော အမည်မှတပါး၊ ဈာဒ်-ဟူသောအမည်ပညတ်လည်းရှိ၊ ဈတ္တန္တာဝမံ-ဟူသော အမည်,ပညတ်လည်းရှိ။အယံ-

ဟူသော အမည်ပညတ်လည်း ရှိ၊ ဇုတ္တန္တာမော-ဟူသော အမည် ပညတ်လည်း ရှိသည်ကို၊ အညာနာမပညတ္တိ အတ္ထိ–ဆိုသည်မှတ်။

ရူပံ တိဿော-ဟူသော အမည်ပညတ်သည်လည်း၊ ရူပံတိဿော -ဟု အမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုသော အခါ၊ သောတဒွါရ ဝိညာဏ် အစဉ်ဖြင့်၊ ရွတ်ဆိုသူ,ကြားနာသူက၊ ရူပံ တိဿော ဟု တ လုံး တလုံးသော အက္ခရာအစဉ် အမည်ကို သိမှသာလျှင်၊ ထိုသင်္ကေ တဂ္ဂဟဏ, ဝစနဂ္ဂဟဏတို့၏၊ ရူပံ အမည်,တိဿော အမည်ကို၊ ပြု သောအလေ့နှင့် အတူတကွ၊ ရွတ်ဆိုသူ,ကြားနာသူက၊ အနက်ကို လည်း မပညတ်ရသေး၊ အမည်ကိုလည်း မပညတ်ရသေး၊ ရူပံ အ မည်, တိဿော အမည်ကိုသာ ပြုရသေးသည်ကို၊ တေသံ သဟကာ ရီ ကရဏံ–ဆိုသည်မှတ်။

ရူပံတိဿော–ဟု အမည်ကို ထုတ်၍၊ နှုတ်ဖြင့် ရွတ်ဆိုသောအခါ၊ သောတဒွါရဝိညာဏ် အစဉ်ဖြင့်၊ ရွတ်ဆိုသူ ကြားနာသူက၊ ရူပံ တိဿော–ဟု တလုံးတလုံးသော အက္ခရာအစဉ် အမည်ကို ကြားနာ ပြီးမှ၊ ရူပံတိဿော ဟု အမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသည်ကိုစွန့် လွှတ်၍၊ အခြားမဲ့ မနောဒွါရ ဝိညာဏ် အစဉ်ဖြင့်၊ ဣဒံ ဇုတ္တန္တာမံ, အယံဇုတ္တန္တာမော- ဟု ဝေါဟာရကို ယူခြင်းသည်၊ အမည်ထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုသော သဘော ပြီးသည်မရှိ၊ ဣဒံ ဟူသော အမည်၊ ဇုတ္တန္တာမံ–ဟူသောအမည်၊ အယံ ဟူသော အမည်၊ ဇုတ္တန္တာမော- ဟူသောအမည်၊ တပါးတပါးသော အမည်၏အနက်ကို ပညတ်ခြင်း၌ ပြီးစေနိုင်သည် မဖြစ်သင့်။ အဘယ့်ကြောင့်၊ ထိုသင်္ကေတဂ္ဂဟဏ, ဝစ နဂ္ဂဟဏတို့၏၊ ရူပံ အမည်, တိဿော အမည် မပြီးခြင်းကြောင့်၊ ထိုသင်္ကေတဂ္ဂဟဏ,ဝစနဂ္ဂဟဏတို့၏၊ရူပံအမည်,တိဿောအမည် ပညတ်နှင့်ကင်း၍၊ အခြားမဲ့ မနောဒွါရဝိညာဏ် အစဉ်ဖြင့်၊ ဣဒံ ဇုတ္တန္တာမံ,အယံဇုတ္တန္တာမော ဟု ဝေါဟာရကိုယူကတည်းက၊ ဤရူပံ

ကား ဤအနက်၏အမည်တည်း၊ ဤတိသောကား ဤအနက်၏အမည်တည်းဟု၊ ပြုသောစိတ်အစဉ် ဖြစ်သည့်ပင်မရှိသောကြောင့်၊ အနက်ကိုပညတ်ခြင်းငှါလည်း မပြီးစေနိုင်၊ အမည်ကို ပညတ်ခြင်းငှါလည်း မပြီးစေနိုင်။

န စ အယံ ဉတ္တန္တာမေဝါတိ သင်္ကေတဂ္ဂဟဏံ ရူပံ တိဿောတိအာဒိ ဝစနဂ္ဂဟဏဉ္စ မုဉ္စိတွာ အညဿ အသိဒ္ဓသဘာဝဿ အတ္ထ ပညာပနေ သမတ္ထတာ သမ္ဘဝတိ၊ တေသဉ္စ အသမတ္ထတာ၊ ယဒိ ဟိ တေသံ ဝိနာ ပညတ္တိယာ အတ္ထပညာပနေ အသမတ္ထတာ သိယာ၊ ပညတ္တိ ပညာပနေစ အသမတ္ထတာတိ။

ဝစနဂ္ဂဟဏံ ဝစနုစ္စာရဏံ၊ အညဿာတိ နာမ ပညတ္တိံ သန္ဓာယာဟ၊ တေသန္တိ သင်္ကေတဂ္ဂဟဏ ဝစနဂ္ဂဟဏာနံ၊ သမတ္ထတာ န သမ္ဘဝတီတိ ယောဇနာ။ တဒေဝ အသမ္ဘဝံ ယဒိဟီတိ အာဒိနာ ဝိဝရတိ၊ ပညတ္တိယာတိ နာမပညတ္တိယာ၊ ပညတ္တိ ပညာပနေတိ ယာယ နာမပညတ္တိယာ ဥပါဒါယ ပညတ္တိ ရူပါဒယောစ ပညာပီယန္တိ။

ယာစ သောတဒွါရ ဝိညာဏ သန္တာနာ နန္တရ မုပ္ပန္နေန ဂဟိတ ပုဗ္ဗသင်္ကေတေန မနောဒွါရဝိညာဏ သန္တာနေန ဂယှတိ၊ သာ အယံ နာမာတိ တဿာ ပညာပနေ အသက်ရတော ဌပနေ၊ အထဝါ သောတဒွါရဝိညာဏ သန္တာနာနန္တရ မုပ္ပန္နေန မနောဒွါရ ဝိညာဏသန္တာနေန ပညတ္တိယာ ဂါဟာပနေ ပရိစ္ဆိန္ဒနေ။

ဝစန ဝစနတ္ထ ဝိနိမုတ္တဿ ကပ္ပနေ ပယောဇနံ နတ္ထိ-မှစ၍၊ မနော ဒွါရဝိညာဏ သန္တာနေန ပညတ္တိယာ ဂါဟာပနေ ပရိစ္ဆိန္ဒနေ-တိုင် အောင်သော စကားရပ်သည်ကား၊ သဒ္ဒါ၏အနက်နှင့် မစပ်သော

ကြောင့်၊ ဝေါဟာရသမ္ဘန် မဖြစ်သည်ကို ဆိုသော စကားရပ်သာ တည်း။

ဣဒံ ဣတ္ထန္နာမံ၊ အယံ ဣတ္ထန္နာမောတိ သင်္ကေတဂ္ဂဟဏ၊ ရူပံ တိသောတိ အာဒိ ဝစနဂ္ဂဟဏ ၂-ဌာနတွင်၊ အယံ ဣတ္ထန္နာမောတိ သင်္ကေတဂ္ဂဟဏ၊ တိသောတိအာဒိ ဝစနဂ္ဂဟဏ-တဌာနဖြင့်၊ အတ္ထပညတ် ဝေါဟာရသမ္ဘန်ကိုပြ၏။ ဣဒံ ဣတ္ထန္နာမန္တိ သင်္ကေတဂ္ဂဟဏ၊ ရူပန္တိ အာဒိ ဝစနဂ္ဂဟဏ-တဌာနဖြင့်၊ နာမပညတ် ဝေါဟာရ သမ္ဘန်ကိုပြ၏။

န ပညတ္တိ အန္တရုပရိကပ္ပနေ၊ န ပယောဇနံ အတ္ထိ ပညာပေတဗ္ဗတ္ထ ပညာပနေ- ဟူသောပါဌ်ဖြင့်၊ အတ္ထပညတ်၏ အတွင်းဖြစ်သော အမည်ပညတ်ကိုကြံခြင်းကြောင့်၊ ပညတ်အပ်သော အနက်ကို ပညတ်ရာ၌၊ အကျိုးမရှိသည် မရှိ၊ အကျိုးရှိ၏ဟု အတ္ထပညတ်နှင့် ဝေါဟာရသမ္ဘန် စပ်နေပုံကိုပြ၏။ နာမပညတ်၏အတွင်းဖြစ်သော အမည်ပညတ်ကိုကြံခြင်းကြောင့်၊ ပညတ်အပ်သောအနက်ကို ပညတ်ရာ၌၊ အကျိုးမရှိသည် မရှိ၊ အကျိုးရှိ၏ဟု နာမပညတ်နှင့် ဝေါဟာရသမ္ဘန် စပ်နေပုံကိုပြ၏။

ဥပါဒါနဘေဒတောဘိန္နာ ဥပါဒါယ ပညတ္တိဝိယ၊-ဟူသော ပါဌ်ဖြင့် အစွဲပြုကောင်း အကြောင်းပြားသော အားဖြင့်၊ ပြားသော အမည်ပညတ်သည် ဥပါဒါပညတ်မည်၏ဟုတပါးတပါးသောအတ္ထပညတ်၏၊ တပါးတပါးသော ဝေါဟာရသမ္ဘန်နှင့် အသီးအသီး စပ်နေပုံကို ပြ၏။

တံတံ ဝစန ဝစနတ္ထ ဘေဒတောဘိန္နာ နာမပညတ္တိ၊-ဟူသော ပါဌ်ဖြင့်၊ ထိုထိုအနက်၏ထိုထိုအမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုအပ်သော၊ ထိုထို သဒ္ဒါ ထိုထိုအနက် ပြားသောအားဖြင့်၊ ပြားသော အမည်ပညတ် သည် နာမပညတ်မည်၏ဟု တပါးတပါးသော နာမပညတ်၏၊ တပါးတပါးသော ဝေါဟာရသမ္ဘန်နှင့်အသီးအသီး စပ်နေပုံကို ပြ၏။

ဣတိ အညာပညတ္တိ ဣရိတာ ဝေ၊ နစ အနုဝတ္တာ န ဒေါသော၊- ဟူသောပါဌ်ဖြင့်၊ တပါးတပါးသော အတ္ထပညတ်မှ တပါးတပါး သော အတ္ထပညတ်ကို၊ တပါးတပါးသော နာမပညတ်မှ တပါးတ

ပါးသော နာမပညတ်ကို လိုသာလိုအပ်၏။ အနက်၏အမည်ကင်းပြတ် ရပ်တည်ရာမရှိခြင်းသို့ ရောက်သော အပြစ်ဒေါသလည်း မရှိဟု ပြ၏။

တံတံ ဝစနဿ တဒတ္ထ ဝိဘာဝနေ သဟကာရီ ကာရဏာဘာဝေန ပဋိနိယတ သရူပတ္တာ၊-ဟူသော ပါဌ်ဖြင့်၊ ထိုထိုအနက်၏ ထိုထိုအမည်ကိုထုတ်၍၊နှုတ်ဖြင့်ရွတ်ဆိုအပ်သော ထိုထိုသဒ္ဒါ၏ ထိုထိုအနက်ကိုပြရာ၌၊ထိုထိုအမည်ကိုပြုသော အလေ့နှင့် အတူတကွ၊ရွတ်ဆိုသူ, ကြားနာသူက ထိုထိုအမည်ကိုပြုသည်၏အဖြစ်ဖြင့်၊ အသီးအသီး မှတ်အပ်ပြီးသော အမည်သရုပ်ရှိသည်၏အဖြစ်ကြောင့်၊ အနက်၏အမည်ကင်းပြတ် ရပ်တည်ရာမရှိခြင်းသို့ ရောက်သော အပြစ်ဒေါသလည်း မရှိ ဟု ပြ၏။

ဧတေန သင်္ကေတဂ္ဂဟဏာဘာဝေပိ ပဋိသိဒ္ဓါ ဒဗ္ဗမ္ဗော-ဟူသော ပါဌ်ဖြင့်၊ထိုထိုအနက်၏ထိုထိုအမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုအပ်သော ထိုထိုသဒ္ဒါကို၊ သဒ္ဒါ၏အနက်နှင့် ဝေါဟာရ သမ္ဗန်စပ်သောကြောင့်၊ ဝေါဟာရကိုယူသည်မရှိဟု မပြစ်ပယ်အပ်၊ ယူသာယူအပ်သည်မှတ် ဟူ၍သာပြ၏။

တထာ နာမပညတ္တိယာ ပယောဇနာဘာဝေါ- ဟူသော ပါဌ်ဖြင့်၊ထိုထိုအနက်၏ ထိုထိုအမည်ကိုထုတ်၍ နှုတ်ဖြင့် ရွတ်ဆိုအပ်သော ထိုထိုသဒ္ဒါကို၊ သဒ္ဒါ၏အနက်နှင့် ဝေါဟာရသမ္ဗန်စပ်သောကြောင့်၊ နာမပညတ် အကျိုးမရှိဟု မပြစ်ပယ်အပ်၊ အကျိုးရှိသည်မှတ် ဟူ၍သာပြ၏။

ထိုထိုအနက်၏ ထိုထိုအမည်ကိုထုတ်၍ နှုတ်ဖြင့်ရွတ်ဆိုအပ်သော၊ ထိုထိုသဒ္ဒါ၏ ထိုထိုအနက်နှင့်စပ်သော အကြင်အကြင် ဝေါဟာရသမ္ဗန်သည်၊ ထိုထိုနာမပညတ် အကျိုးရှိသည်နှင့် စပ်၏။ ထိုထိုနာမပညတ် အကျိုးရှိသည်နှင့်စပ်သော ထိုထိုဝေါဟာရသမ္ဗန်ကို၊ထိုထိုအနက်၏ အမည်သညာသို့ ရောက်သည်၏အဖြစ်ကြောင့်၊ အမည်ဟူ၍လည်းဆိုအပ်၏။ပရမတ်အားဖြင့် ထင်ရှားမရှိခြင်းကြောင့်၊လောကသင်္ကေတဝသေန သိဒ္ဓေါတိဝါ ဉာတော လောကသင်္ကေတသိဒ္ဓေါ။ ဟူသော သဒ္ဒါဖြင့်ပြအပ်သော-အဋ္ဌုပ္ပကာရ။

လောကသင်္ကေတော သိဒ္ဓေါတိဝါ ဥာတော လောကသင်္ကေတ သိဒ္ဓေါ။-ဟူသော သဒ္ဒါဖြင့်ပြအပ်သော-နာမပ္ပကာရ။

## အနက်, အမည်ကို သိခြင်းကြောင့်၊ ပညတ် ဆိုအပ်သည်ကို ပြခြင်း

အနက်၏အခြင်းအရာ, အမည်၏ အခြင်းအရာတို့ကို သိခြင်း၏အကြောင်းဖြစ်သော၊ဝေါဟာရသမ္မုန်ဟူသော အနက်ရိပ်, အမည်ရိပ်၌၊ အနက်၏ အခြင်းအရာ, အမည်၏ အခြင်းအရာအားဖြင့်၊ အနက်ကို အနက်ကိုသိခြင်းကြောင့်၊ ပညတ်ဟူ၍ဆိုအပ်၏ဟု ပြခြင်းငှာ။........

ယော ယမတ္ထံ ယထာဝုတ္တရူပေါ သမ္မန္နော၊သော တဿ တဿ အတ္ထဿ သညာပန ဘာဝေန နာမန္တိ၊ ပရမတ္ထတော အဘာဝါ လောက သင်္ကေတ ဝသေန၊ လောကသင်္ကေတောတိဝါ သိဒ္ဓေါ ဥာတောတိ လောက သင်္ကေတသိဒ္ဓေါတိ သဒ္ဒေန ပကာသိယ မာနာနံ အတ္ထပ္ပကာရာနံ အဓိဂမ ဟေတုတာယ ပကာရတော ပညတ္တီတိစ ဝုတ္တော။-ဟု မိန့်ဆိုလေသည်။

ဧတ္ထ ဝစနေ၊ ဤစကား၌၊ ယထာဝုတ္တရူပေါ၊ အကြင်အကြင် ဆိုအပ်ပြီးသော သဘောရှိသော၊ယော အယံ သမ္မန္နော၊ အကြင်သမ္မုန်။ သော သမ္မန္နော၊ထိုသမ္မုန်ကို၊တဿ တဿ အတ္ထဿ၊ထိုထိုအနက်၏။ သညာပနဘာဝေန၊ ထိုထိုအမည်သညာသို့ ရောက်သည်၏ အဖြစ်ကြောင့်၊နာမန္တိစ၊ အမည်ဟူ၍လည်း၊ ဝုတ္တော၊ ဆိုအပ်၏၊ပရမတ္ထတော၊ ပရမတ္ထအားဖြင့်၊အဘာဝါ၊မရှိခြင်းကြောင့်။ လောကသင်္ကေတဝသေန၊လောကဝေါဟာရ အလိုအားဖြင့်၊သိဒ္ဓေါ၊ပြီးသည်တည်း။ ဣတိ ဝါ ဤသို့ လည်း။ ဥာတော၊ သိအပ်သော၊ လောကသင်္ကေတ သိဒ္ဓေါတိ သဒ္ဒေန၊ လောကသင်္ကေတသိဒ္ဓေါ၊-ဟူသော သဒ္ဒါဖြင့်၊ ပကာသိယမာနာနံ၊ ပြအပ်ကုန်သော။ အတ္ထပ္ပကာရာနံ၊ အနက်၏အခြင်းအရာ, အမည်၏ အခြင်းအရာ တို့ကို၊ အဓိဂမဟေတုတာယ၊သိ

ခြင်း၏အကြောင်းဖြစ်သော။ (ထည့်)အတ္ထစ္ဆာယာ, နာမစ္ဆာယာယ၊ အနက်ရိပ်,အမည်ရိပ်၌။ပကာရတော၊ အနက်၏အခြင်းအရာ, အမည်၏အခြင်းအရာအားဖြင့်။ ဉာပနတော၊ အနက်ကို အမည်ကိုသိခြင်းကြောင့်။ ပညတ္တိတိစ၊ ပညတ်ဟူ၍လည်း၊ ဝုတ္တော၊ ဆိုအပ်၏။

ဤသို့ဆိုအပ်ပြီးသော မူလဋီကာပါဌ်, အနုဋီကာပါဌ် ဤ ၂-ရပ်တွင် မူလဋီကာပါဌ်ဖြင့် အတ္ထပညတ်ကိုပြ၏။ အနုဋီကာပါဌ်ဖြင့် နာမပညတ်ကိုပြ၏။ အတ္ထပညတ်မည်ပုံနှင့် သမူဟပညတ် ကထိန်မည်ပုံ အလုံးစုံအကုန်တူ၏။ သမူဟပညတ် ကထိန်အမည် ဟူသည်လည်း၊ အတ္ထပညတ်ပင်တည်း။ နာမပညတ်မည်ပုံနှင့် ဧကဒေသပညတ် ကထိန်မည်ပုံ အလုံးစုံ အကုန်တူ၏။ ဧကဒေသ ပညတ် ကထိန် အမည်ဟူသည်လည်း၊ နာမပညတ်ပင်တည်း။

ဤသို့ဆိုအပ်ပြီးသော မူလဋီကာ စကားရပ် အထပ်ထပ်ပင်ဖြစ်သော်လည်း။ ယသ္မာ ပန ယေသု ရူပါဒိသု စက္ခာဒိသုစ တထာ တထာ ပဝတ္တမာနေသု သတ္တော ရုက္ခော ရထော ဃဋော တိအာဒိကာ ဝိစိတ္တသညာ ဥပ္ပဇ္ဇတိ။- ဟူသော မူလဋီကာ စကားရပ် ပါဌ်အလိုတည်း။ ။ယေသု ရူပါဒိခန္ဓေသု သတိ ကထိနံနာမ ဟောတိ။- ဟူသော အဋ္ဌကထာ စကားရပ် ပါဌ်အလို၌၊ အာဂမ်ယုတ္တိ ညီခြင်းငှာ ထိုက်သည်၏အဖြစ်ဖြင့် ဆိုက်၍ထား။

စက္ခု၊ရူပါရုံ၊စက္ခုဝိညာဏ် အစရှိသော၊ရုပ်တရား, နာမ်တရား တို့သည်၊ထိုထိုအခြင်းအရာအားဖြင့် ဖြစ်ကြကုန်သည်ရှိသော်၊ လောကဝေါဟာရ လူတို့ ခေါ်ဝေါ်ပြောဆိုကြသော၊ အကျရာအစဉ် စိတ်၌ ထင်သော၊ ရုက္ခ - ဟူသော အမည် သညာ၊ ပုရိသ - ဟူသော အမည်သညာ၊သတ္တ-ဟူသော အမည်သညာ၊ ရထ- ဟူသောအမည် သညာ၊ ဃဋ - အစရှိသော အမည်သညာသည်၊ ဖြစ်၏ ဟူသော မူလဋီကာစကား အလိုတည်း။

ကထိန်ခင်းသော ရဟန်း, အနုမောဒနာပြုသော ရဟန်းတို့၏၊ ကိုယ်မှု,နှုတ်မှု,စိတ်မှု ရာထောင်မကပြုသော၊ မြဲသော သောကြီးသော ရုပ်တရား,နာမ်တရားတို့သည်၊ထိုထိုအခြင်းအရာအားဖြင့်ဖြစ်ကြကုန်

သည့်ရှိသော်၊ **လောကဝေါဟာရ** လူတို့ခေါ်ဝေါ်ပြောဆိုကြသော၊ အက္ခရာအစဉ် စိတ်၌ထင်သော ကထိန်ဟူသောအမည်သည်၊ ဖြစ်၏ ဟူသောအဋ္ဌကထာ စကားရပ်အလို၌၊ အာဂုမ်ယုတ္တိ ညှိခြင်းငှာထိုက် သည့်၏အဖြစ်ဖြင့် ဆိုက်၍ထား။

ဤသို့ဆိုအပ်ပြီးသော အနွတ္ထိကာစကားရပ် အထပ်ထပ်ပင် ဖြစ်သော်လည်း။ တထာပိ နဝိနာ ကေနစိ ပဝတ္တိ နိမိတ္တေန သဒ္ဒေါ ပဝတ္တတီတိ တသ္မာ ပဝတ္တိနိမိတ္တဘူတော လောကသင်္ကေတသိဒ္ဓေါ တံတံ ဝစနတ္ထ နိယတော သာမညာကာရ ဝိသေသော နာမပညတ္တိ-ဟူသော အနွတ္ထိကာ စကားရပ် ပါဠိအလိုသည်။ ကထိနန္တိ ဣဒံ ဗဟုသု ဓမ္မေသု နာမမတ္တံ။-ဟူသော အဋ္ဌကထာ စကားရပ် ပါဠိအလို၌၊ အာဂုမ်ယုတ္တိ ညှိခြင်းငှာထိုက်သည့်၏အဖြစ်ဖြင့် ဆိုက်၍ထား။

မထူးမပြား သဘောတရားသက်သက် အနက်ချင်းချင်း ဆက်ဆံကြသော၊သဘာဝဓမ္မ သာမညာကာရ၌၊တစုံတခုဖြစ်ကြောင်း ပဝတ္တိနိမိတ်နှင့်ကင်း၍ သဒ္ဒါသည်မဖြစ်၊ ထို့ကြောင့် သဒ္ဒါ၏ ဖြစ်ကြောင်း ပဝတ္တိနိမိတ်ဖြစ်၍ ဖြစ်သော၊ မရွတ်ဆိုမိက စိတ်၌ထင်သော လောကဝေါဟာရဖြင့်ပြီးသော၊ ထိုထိုအနက်ဖြင့် မှတ်အပ်သော၊ ရွတ်ဆိုသောကာလ အက္ခရာအစဉ် အနက်၏အမည် စိတ်၌ထင်သော၊ သဘာဝဓမ္မ သာမညမှ ထူးသော အခြင်းအရာ အာကာရသည်၊နာမပညတ်မည်၏ ဟူသော အနွတ္ထိကာစကားရပ်အလိုသည်၊

ကထိန်ဟူသော ဤအမည်သည်၊ ကထိန်ခင်းသောရဟန်း အနုမောဒနာပြုသော ရဟန်းတို့၏၊ကိုယ်မှု, နှုတ်မှု, စိတ်မှု ရာထောင်မကပြုသော၊ မြဲသော ဘောကြီးသော များစွာသောရုပ်တရား, နာမ်တရားတို့၌၊ အမည်မျှဖြစ်၏ဟူသော အဋ္ဌကထာစကားရပ်အလို၌၊ အာဂုမ်ယုတ္တိ ညှိခြင်းငှာထိုက်သည့်၏အဖြစ်ဖြင့် ဆိုက်၍ထား။ ။

ရှေ့သို့ သွားဆိုက်ရဦးမည်။

ယေသု ရူပါဒိဓမ္မေသု သတိ ကထိနံနာမ ဟောတိ။-ဟူသော အဋ္ဌကထာသည်၊ ကထိနံ ဇာနိတဗ္ဗန္တိ တေ သဒ္ဒေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော။-ဟူသော ပရိဝါပါဠိ၌ဆိုက်၏။

အကြင်ရုပ်တရား, နာမ်တရားတို့သည်၊ ထိုထိုအခြင်းအရာအားဖြင့် ဖြစ်ကြကုန်သည်ရှိသော်၊ ဖြစ်သော ကထိန်အမည်သည်၊ ထိုရုပ်တရား, နာမ်တရားတို့၏အပေါင်းဖြစ်သော သမူဟပညတ် ကထိန်၌ဆိုက်၏။

ကထိနန္တိ ဣဒံ ဗဟူသု နာမမတ္တံ။-ဟူသော အဋ္ဌကထာသည်၊ နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ ယာဒိဒံ ကထိနံ။-ဟူသော ပရိဝါပါဠိ၌ဆိုက်၏။

များစွာသော အကြင်ရုပ်တရား, နာမ်တရားတို့၌၊ အမည်မျှဖြစ်သော ဤကထိန်သည်၊ ထိုရုပ်တရား နာမ်တရားတို့၏အမည် အကြိမ်ကြိမ်၊ ဧကဒေသ ပညတ်ကထိန်၌ဆိုက်၏။

ကထိနံ ဇာနိတဗ္ဗန္တိ တေ သညေဝ ဓမ္မာနံ သင်္ဂဟော သမဝါယော။-ဟူသော ပရိဝါသည်၊ အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။ ပ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ကထိနဿ အပလိဗောဓာ။- ဟူသော ကထိနက္ခန္ဓက၌ ဆိုက်၏။ ။သမူဟပညတ်ကထိန်သည်၊ ကထိနက္ခန္ဓက၌ တပေါင်းတည်းဆိုက်၏။

နာမံ နာမကမ္မံ နာမဓေယျံ နိရုတ္တိ ဗျဉ္ဇနံ အဘိလာပေါ ယာဒိဒံ ကထိနံ။- ဟူသော ပရိဝါပါဠိသည်၊ ဧဝံ ခေါ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ၊ ဧဝံ အနတ္ထတံ။-ဟူသော ကရဏိယ ကထိနဘေဒ, အကရဏိယ ကထိနဘေဒ၌ ဆိုက်၏။

ဧကဒေသ ပညတ် ကထိန်သည်၊ ကထိနဘေဒ၌ ပုဒ်တပုဒ်, ဝါကျတပိုဒ်, ဝါရတပိုဒ်၊ ကိုယ်,နှုတ်,စိတ်မှ ပြုတိုင်းပြုတိုင်း ဆိုက်၏။

ကထိန်အမည် စကားရပ် ပြီး၏။

# သင်္ကန်းအစီအရင်

## ကထိန်ခင်းလိုသော ဒါယကာသည် ချုပ်လုပ်ပြီး သင်းပိုင်, ကိုယ်ဝတ်, ဒုဂုဋ် တထည် ထည်ဖြင့် လှူပုံကို ပြခြင်း

ကထိန်ခင်းလိုသော ဒါယကာသည် ချုပ်လုပ်ပြီးသည် ဖြစ်အံ့၊ သင်းပိုင်တထည်ပင်ဖြစ်စေ၊ ကိုယ်ဝတ်တထည်ပင် ဖြစ်စေ၊ ဒုဂုဋ်တထည်ပင်ဖြစ်စေ၊ သင်းပိုင်,ကိုယ်ဝတ် ၂-ထည်ပင်ဖြစ်စေ၊တိစီဝရိတ် ၃-ထည်ပင်ဖြစ်စေ၊ အခြံအရံနှင့်တကွပင် ဖြစ်စေ၊ ကထိန်သင်္ကန်းကို ယူဆောင်၍၊ သံဃာတော်၏အထံသို့ ချဉ်းကပ်၍၊ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊-ဟု ဆို၍လှူသော် အပ်၏။

မချုပ်သေးသည်ဖြစ်အံ့၊ ကထိန်လျှာပုဆိုး သင်းပိုင်တထည်စာပင်ဖြစ်စေ၊ ကိုယ်ဝတ်တထည်စာပင်ဖြစ်စေ၊ ဒုဂုဋ်တထည်စာပင်ဖြစ်စေ၊ တိစီဝရိတ် ၃–ထည်စာပင်ဖြစ်စေ၊ အခြံအရံနှင့်တကွပင် ဖြစ်စေ၊ သင်္ကန်းလျှာပုဆိုးကို ယူဆောင်၍၊သံဃာတော်၏အထံသို့ ချဉ်းကပ်၍၊ ဣဒံ ကထိနဒုဿံ သံဃဿ ဒေမ၊-ဟု ဆို၍လှူသော် အပ်၏။

ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ၊ ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။ ။အဋ္ဌကထာ။

ဝါဆိုသင်္ကန်းကဲ့သို့၊ ဝါဆိုသံဃာကို ရည်မှတ်၍လည်း ကထိန်သင်္ကန်းကိုမလှူအပ်၊ ဝါကျွတ် သံဃာကို ရည်မှတ်၍လည်း ကထိန်သင်္ကန်းကို မလှူအပ်၊ ပုဂ္ဂိုလ်ကိုရည်မှတ်၍လည်း ကထိန်သင်္ကန်းကို မလှူအပ်။ တွေ့ရှိသော သံဃာတော်အားသာလျှင် ကထိန်သင်္ကန်းကို လှူအပ်၏။

ဒါယကေနပိ ဝဿာဝါသိကံဝိယ ကထိနစီဝရံ ဥဒ္ဒိဿ ဒိန္နံ န ဝဋ္ဋတိ။ ။ဝဇိရဗုဒ္ဓိ။

ဣမံ ကထိနစီဝရံ သံဃဿ ကထိနတ္ထာရာယ ဒေမ၊-ဟူ၍ရင်း၊ ဣဒံ ကထိနဒုဿံ သံဃဿ ကထိနတ္ထာရာယ ဒေမ၊-ဟူ၍ရင်း ဆို၍ လှူသော်၊ ပိုသည့်လိုသည့်မထင်၊ အပ်သည့်ပင်ထင်၏။ ဤသို့ပင်ထင်သော်လည်း၊ ဣမံ သံဃဿ ကထိနစီဝရံ ဒေမ၊- ဟူ၍ရင်း။ ဣဒံ သံဃဿ ကထိနဒုဿံ ဒေမ။-ဟူ၍ရင်း ဆို၍လှူမှသာ ကမ္မဝါစာနှင့် ညီသော ဟူ၏။

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ သံဃဿ ကထိနစီဝရံ ဒေမာတိ ဝတ္တဗ္ဗံ။ ဧဝံ ဟိ သတိ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ သမေတိ။ ။ ဝိနယာလင်္ကာရ။

## ဤစကားရပ်၌ စကားရှိမဲ့ ကုန်စင်အောင်ဆိုမှ၊ အသင့် ယုတ္တိ ရှိမရှိ သိနိုင်ကြမည် လိုရင်းကို ပြခြင်း

ဤစကားရပ်၌၊ စကားရှိမဲ့ ကုန်စင်အောင်ဆိုမှ၊ အသင့်ယုတ္တိ ရှိမရှိသိနိုင်ကြမည် လိုရင်း။

ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊-ဟု ဆို၍ လှူသောနည်း။ ဣမံ ကထိနစီဝရံ သံဃဿ ကထိနတ္ထာရာယ ဒေမ၊-ဟု ဆို၍ လှူသောနည်း။ ဣမံ သံဃဿ ကထိနစီဝရံ ဒေမ၊-ဟု ဆို၍ လှူသောနည်း။ ဤသုံးပါးသော နည်းသည်ကား၊ ဝိနယာလင်္ကာရဋီကာ နည်းချည်းပင်တည်း။ ရှေးနည်းမဟုတ်။

ဤဝိနယာလင်္ကာရဋီကာ သျှင်သည်၊ ပုဂ္ဂိုလ်ကို ရည်မှတ်၍လှူသော ကထိန်ကိုသာ မအပ်ဟု ယူသည်၊ သံဃာကို ရည်မှတ်၍ လှူသော ကထိန်ကိုကား အပ်သဟု ယူသည်။ သံဃဿ ဒေမ၊-ဟု ဆို၍ လှူသော်လည်း၊ သံဃာကို ရည်မှတ်သည်ဟု မယူ။-ထို့ကြောင့်၊........

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ သံဃဿ ကထိနစီဝရံ ဒေမာတိ ဝတ္တဗ္ဗံ။ ဧဝံ ဟိ သတိ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ သမေတိ။-ဟု မိန့်ဆိုချေသည်။

သံဃဿ ဒေမ၊-ဟု ဆို၍ လှူကတည်းက၊ သံဃာကို ရည်မှတ်သည်ပင်၊ သံဃာကို ရည်မှတ်ကတည်းက မအပ်သည်ပင်။ ထို့ကြောင့်၊ ဝဇီရ ဗုဒ္ဓိဋီကာ၌.......

ဒါယကေနာပိ ဝဿာဝါသိကံဝိယ ကထိနစီဝရံ ဥဒိဿ ဒိန္နံ န ဝဋ္ဋတိ။-ဟု မိန့်ဆိုလေသည်။

ကထိန်သင်္ကန်းကို လှူသောမည်သည်ကား၊ တစုံတခု ရည်မှတ်အပ်သော ပုဒ်ကို၊ မာတိကာသို့တင်၍ လှူခြင်းငှါမအပ်။

ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရံ နာမ။ ။ပါစိတ်။

ယဉ္စ ကာလေပိ သံဃဿဝါ ဣဒံ အကာလစီဝရန္တိ၊ ပုဂ္ဂလဿဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာနယေန ဒိန္နံ၊ ဧတံ အကာလစီဝရံနာမ။ ။ ကင်္ခါ။

ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟု ရည်မှတ်အပ်သော၊ သံဃဿ-ပုဒ်ကို မာတိကာသို့တင်၍။ ဣမံ ကထိနစီဝရံ ပုဂ္ဂလဿ ဒေမ-ဟု ရည်မှတ်အပ်သော၊ ပုဂ္ဂလဿ-ပုဒ်ကို မာတိကာသို့တင်၍၊ လှူသော ကထိန်သင်္ကန်းသည်၊ အကာလစီဝရ လက္ခဏာ မဟုတ်သည်တကားဟု မဆိုရ။ ၈-ပါးသော မာတိကာပုဒ်တို့၏အလို၊ အကာလစီဝရလက္ခဏာ-ဟု ဆိုရချေသည်။

အထဝါ ပန အဋ္ဌိမာ ဘိက္ခဝေ မာတိကာ စီဝရဿ ဥပ္ပါဒါယ၊ သီမာယ ဒေတိ၊ ကတိကာယ ဒေတိ၊ ဘိက္ခာ ပညတ္တိကာယ ဒေတိ၊ သံဃဿ ဒေတိ၊ ဥဘတောသံဃဿ ဒေတိ၊ ဝဿံဝုတ္ထ သံဃဿ ဒေတိ၊ အာဒိဿ ဒေတိ၊ ပုဂ္ဂလဿ ဒေတီတိ ဣမာသံ အဋ္ဌန္နံ မာတိကာနံ အညတရတော ဥပ္ပဇ္ဇေယျ။ ပ ။ ဣတိ ဣမာသံ အဋ္ဌန္နံ မာတိကာပဒါနံ ဝသေန ယံ အကာလစီဝရလက္ခဏေန ပဋိလဒ္ဓံ၊ တံ သန္ဓာယ အကာလစီဝရံ ဥပ္ပဇ္ဇေယျာတိ ဝုတ္တံ။ ။ ကင်္ခါ။

## ကထိန် ဒါယကာလဲ ရှုရန်မလွယ်၊ ကထိန်အလှူခံလဲ အလှူခံ မလွယ်သည်ကို ပြခြင်း။

ကထိန်ဒါယကာသည်လည်း ကထိန်အလှူ မလွယ်၊ ကထိန်အလှူခံ ရဟန်းသည်လည်း ကထိန်အလှူခံ မလွယ်။

ကထိန ဒါယကဿ ဝတ္တံ အတ္ထိ၊ သစေ သော တံ အဇာနန္တော ပုစ္ဆတိ၊ ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗန္တိ၊ တဿ ဧဝံ အာစိက္ခိတဗ္ဗံ။-ဟူသော အဋ္ဌကထာ စကား အဖွင့်ဖြင့်၊ ဣမံ ကထိနစီဝရံ ဇမ္ဗုဒီပေ ဗုဒ္ဓပမုခဿ သံဃဿ ဒေမ-ဤသို့ဆို၍ လှူလောဟု သင်ကြားခဲ့သော်၊ သင်ကြားသောအတိုင်း လှူခဲ့သော်၊ လှူသောအတိုင်း အလှူခံခဲ့သော်၊ ဇမ္ဗုဒီပေ ဗုဒ္ဓပမုခဿ သံဃဿ-ပုဒ်ကို၊ မာတိကာသို့တင်၍ လှူသောကြောင့်လည်း၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရံနာမ။-ဟူသော သံဝဏ္ဏနာတဗ္ဗ၏၊ ယတ္ထ ကာလေပိ သံဃဿဝါ ဣဒံ အကာလစီဝရန္တိ။ ပုဂ္ဂလဿဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာနယေန ဒိန္နံ၊ ဧတံ အကာလစီဝရံနာမ။-ဟူသော သံဝဏ္ဏနာ၌ အာဒိသဒ္ဒါဖြင့်၊ ဇမ္ဗုဒီပေ ဗုဒ္ဓပမုခဿ သံဃဿ-ဟု ရည်မှတ်၍ လှူသောကြောင့်လည်း၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

ဤသို့ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်လျက် ကထိန် ပေးခဲ့သော်၊ ပေးပြီး၍ ကထိန်ခင်းခဲ့သော်၊ ခင်းပြီး၍ ဝေဘန်ခဲ့သော်၊ ဝေဘန်ပြီး၍ သုံးဆောင်ခဲ့သော်၊ ကထိန ဝိပတ္တိ ဖြစ်ရုံမျှမက၊ နဝ အဓမ္မိကဒါန ပရိဘောဂ-ဖြစ်သော ဟူ၏။

နဝ အဓမ္မိကာနိ ဒါနာနိ၊ နဝ အဓမ္မိကာ ပဋိဂ္ဂဟာ၊
နဝ အဓမ္မိကာ ပရိဘောဂါ။ ။ပရိဝါ။

နဝ အဓမ္မိကာနိ ဒါနာနီတိ သံဃဿ ပရိဏတံ အညသံဃဿဝါ စေတိယဿဝါ ပုဂ္ဂလဿဝါ ပရိ

ဏာမေတိ၊ စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ ပုဂ္ဂလဿ ပရိဏတံ အည ပုဂ္ဂလဿ ဝါ သံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတီတိ ဧဝံ ဝုတ္တာနိ။

န စ ပဋိဂ္ဂဟာ ပရိဘောဂါတိ ဧတေသံယေဝ ဒါနာနံ ပဋိဂ္ဂဟာ စ ပရိဘောဂါ စ။ ॥ပရိဝါအဋ္ဌကထာ॥ အကျယ်ကိုလိုသော် ဝိနယာလင်္ကာရဋီကာမှာရှု။

သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ အာပတ္တိ ဒုက္ကဋဿ။ စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ အာပတ္တိ ဒုက္ကဋဿ။ ပုဂ္ဂလဿ ပရိဏတံ အညပုဂ္ဂလဿ ဝါ သံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ အာပတ္တိ ဒုက္ကဋဿ။

ပရိဏတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ။ ॥ပတ္တဝဂ် ဒသမ, သဟဓမ္မိကဝဂ် ဒွါဒသမ သိက္ခာပုဒ်။ ပဒဘာဇနီ အာပတ္တိဝါရ။

ဣမံ ကထိနစီဝရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ။-ဤသို့ဆို၍ လှူလောဟု သင်ကြားခဲ့သော်၊ သင်ကြားသောအတိုင်း လှူခဲ့သော်၊ လှူသောအတိုင်း အလှူခံခဲ့သော်၊ ကထိန်သင်္ကန်း မဖြစ်၊ ဂရုဘဏ်ပစ္စည်း အဝေဘာဂီယဝတ္ထုသာ ဖြစ်၏။ သင်္ကန်းသည် ဝေဘာဂီယပစ္စည်းဝတ္ထုပင် ဖြစ်သော်လည်း၊ အာဂတာနာဂတ စာတုဒ္ဒိသာ သံဃာအားသာ လှူသောကြောင့်၊ ဂရုဘဏ်ပစ္စည်း အဝေဘာဂီယဝတ္ထု ဖြစ်၏။

ယံ တဿ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘာဂိကန္တိ။
စီဝရက္ခန္ဓက။

ကထိန်ပေးသည်မှစ၍ သုံးဆောင်သည့်တိုင်အောင် ဆိုသင့်သော

စကားအကျဉ်းကို၊ မှစွန့်အပ်၊ မစီရင်အပ်၊ မဝေဘန်အပ်သော အဝေဘင်္ဂိယဝတ္ထုပစ္စည်းကို၊ မတင့်မသင့် စွန့်သောနည်း၊ စီရင်သောနည်း၊ ဝေဘန်သောနည်း၊ သုံးဆောင်သောနည်းဖြင့် သိကြလေကုန်။

ဣမံ ကထိနစီဝရံ ဣမသ္မိံ ဝိဟာရေ ပုရိမဝဿံဝုတ္ထ ဘိက္ခုသံဃဿ ဒေမ။—ဤသို့ဆို၍ လှူလေသောဟု သင်ကြားခဲ့သော်၊ သင်ကြားသောအတိုင်း လှူခဲ့သော်၊ လှူသောအတိုင်း အလှူခံခဲ့သော်၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းသာဖြစ်၏။

အဘယ့်ကြောင့် အကာလသင်္ကန်း ဖြစ်ထိုက်မည်နည်း၊ ကထိန်သင်္ကန်းသာ ဖြစ်သည် မဟုတ်လော၊ ပုရိမဝဿံဝုတ္ထ ရဟန်းတို့အားသာလျှင်၊ မြတ်စွာဘုရားသခင် ကထိန်ကို ခွင့်ပြုသည် မဟုတ်လော။

အကြင်ကျောင်းတိုက်၌ ပုရိမဝါသို့ ကပ်ကြကုန်၏။ ထိုကျောင်းတိုက်၌ ပုရိမဝဿံဝုတ္ထ ရဟန်းတို့အားသာလျှင် ကထိန်ဒါယကာက၊ ဣမိနာ ကထိနံ အတ္ထရထ—ဟုဆို၍ လှူသော သင်္ကန်း၊ ကထိန်သင်္ကန်းဖြစ်သည်ကို ကခ်ါမိန့်ဆိုသည်မဟုတ်လော။ ဤသို့ စောကြော စစ်ဆေးမေးမြန်းခဲ့သော်။........

ပုရိမဝဿံဝုတ္ထ ရဟန်းတို့အား သာလျှင်၊ မြတ်စွာဘုရားသခင် ကထိန်ကိုခွင့်ပြုတော်မူသည်မှန်၏။

အကြင်ကျောင်းတိုက်၌ ပုရိမဝါသို့ ကပ်ကြကုန်၏။ ထိုကျောင်းတိုက်၌၊ ပုရိမဝဿံဝုတ္ထ ရဟန်းတို့အားသာလျှင် ကထိန်ဒါယကာက၊ ဣမိနာ ကထိနံ အတ္ထရထ-ဟု ဆို၍ လှူသောသင်္ကန်း၊ ကထိန်သင်္ကန်းဖြစ်သည်ကို ကခ်ါမိန့်ဆိုသည်မှန်၏။ ထိုသို့ပင် မှန်သော်လည်း။........

ဣမံ ကထိနစီဝရံ ဣမသ္မိံ ဝိဟာရေ ပုရိမဝဿံဝုတ္ထ ဘိက္ခုသံဃဿ ဒေမ။—ဟု ကထိန်ဒါယကာ ဆို၍ လှူသော သင်္ကန်းသည်၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းသာဖြစ်၏။

အဘယ့်ကြောင့် အကာလသင်္ကန်း ဖြစ်သနည်း၊ ရည်မှတ်ပိုင်းခြား၍လှူသောကြောင့် အကာလသင်္ကန်းဖြစ်သည်။

ဣမံကထိနစီဝရံ ဣမသ္မိံ ဝိဟာရေ ပုရိမဝဿံဝုတ္ထ ဘိက္ခုသံဃဿ ဒေမ။- ဟု ကထိန်ဒါယကာ ဆို၍ လှူသော စကားရပ်အပေါင်းတွင်၊ ဣမံ ကထိနစီဝရံ၊-ဟူသော စကားရပ်၌၊ ကထိန်ဒါယကာက ဣမ-သဒ္ဒါဖြင့် ဤကထိန်သင်္ကန်းဟု ဝတ္ထုကို ရည်မှတ်ပိုင်းခြား၍လှူသောကြောင့်၊ အာဒိဿဒေတိ၊-ဟူသော မာတိကာသို့ ရောက်ရကား၊ အကာလ သင်္ကန်းဖြစ်၏။

ဣမသ္မိံ ဝိဟာရေ-ဟူသောစကားရပ်၌၊ကထိန်ဒါယကာက ဣမ-သဒ္ဒါဖြင့်၊ဤကျောင်းတိုက်ဟု ဌာနကို ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊အာဒိဿ ဒေတိ-ဟူသော မာတိကာသို့ရောက်ရကား၊ အကာလသင်္ကန်းဖြစ်၏။

ပုရိမဝဿံ ဝုတ္ထ ဘိက္ခု သံဃဿ ဒေမ။-ဟူသော စကားရပ်၌၊ ကထိန်ဒါယကာက ပုရိမဝဿံ ဝုတ္ထ ဘိက္ခုသံဃ-သဒ္ဒါဖြင့်၊ ပုရိမဝါမှ ထမြောက်သော ဘိက္ခုသံဃာ ဟု၊ ပဋိဂ္ဂါဟက သမ္ဗန် အလှူခံကို ရည်မှတ်ပိုင်းခြားသောကြောင့်၊ ဝဿံဝုတ္ထသံဃဿ ဒေတိ၊-ဟူသော မာတိကာသို့ ရောက်ရကား၊ အကာလသင်္ကန်းဖြစ်၏။

သီမာယ ဒေတိ၊ ကတိကာယ ဒေတိ၊ ဘိက္ခာပညတ္တိကာယ ဒေတိ၊ သံဃဿ ဒေတိ၊ ဥဘတော သံဃဿ ဒေတိ၊ ဝဿံဝုတ္ထသံဃဿ ဒေတိ၊ ပုဂ္ဂလဿ ဒေတိ။ ဤမာတိကာ ၇-ပါး၊ တပါး ပါးသို့ ရောက်အောင်ဆို၍ လှူသောသင်္ကန်းသည်ကား၊ အကာလသင်္ကန်းဖြစ်၏ဟု သိခြင်းငှါလည်း လွယ်၏၊ မာတိကာသို့တင်ခြင်းငှါလည်း လွယ်၏။

## အာဒိဿ ဒေတိ-ဟူသော မာတိကာသို့ရောက်သော သင်္ကန်း၊ အကာလ သင်္ကန်းဟု သိခြင်းငှါလည်း မလွယ်၊ မာတိကာသို့တင်ခြင်းငှါလည်း မလွယ်သည်ကို ပြခြင်း

အာဒိဿ ဒေတိ-ဟူသော မာတိကာသို့ ရောက်အောင် ဆို၍ လှူသော သင်္ကန်းသည်ကား၊ အကာလသင်္ကန်းဖြစ်၏ဟု သိခြင်း

ဌါမျှလည်းမလွယ်၊ မာတိကာသို့တင်ခြင်းငှါလည်း လွယ်နိုင်မည်မှာ ဆိုဘွယ်ရာမရှိ။ ထိုကြောင့် အာဒိဿ ဒေတိ-ဟူသော မာတိကာသို့ရောက်အောင် ဆို၍လှူသောသင်္ကန်းသည်၊ အကာလသင်္ကန်းဖြစ်၏ဟု သိခြင်းငှါလည်း လွယ်ရုံမျှ၊မာတိကာသို့တင်ခြင်းငှါလည်း လွယ်ရုံမျှ၊ ပါဠိတော်နည်း,အဋ္ဌကထာနည်းကိုထုတ်၍၊ သချုပ်ထင်အောင်ဆောင်သဖြင့် ပြဆိုပေအံ့။

ကာလေပိ အာဒိဿ ဒိန္နံ၊ တံ အကာလစီဝရံနာမ။ ။
ပါဠိတော်။

ယဉ္စ ကာလေပိ သံဃဿ ဒိန္နံ အကာလစီဝရန္တိ၊ ပုဂ္ဂလဿ ဝါ ဒိန္နံ တုယှံ ဒမ္မီတိ အာဒိနာနယေန ဒိန္နံ၊ တံ အကာလစီဝရံနာမ။ ။ ကင်္ခါ။

အာဒိဿ ဒေတိ။ (မာတိကာ)။ အာဒိဿာတိ အာဒိသိတွာ ပရိစ္ဆိန္ဒိတွာ ဒေတိ။ ။ကင်္ခါ။

ကာလေပိ၊ သင်္ကန်းကာလပင် ဖြစ်သော်လည်း။ အာဒိဿ၊ ရည်ရွယ်မှတ်သား ပိုင်းခြားညွှန်ပြ၍။ ယံ စီဝရံ၊ ကို။ ဒိန္နံ၊ ၏။ တံစီဝရံ၊ သည်။ အကာလ စီဝရံနာမ၊ မည်၏။ ။ ပါဠိတော်နက်။

ကာလေပိ၊ သော်လည်း။ ဗုဒ္ဓံ၊ ၍သည့်ကား။ အကာလစီဝရံ၊ အကာလသင်္ကန်းတည်း။ ဣတိအာဒိနာ နယေန၊ နည်းဖြင့်။ ယဉ္စ-ယံ ဝေစီဝရံ၊ ကိုသာလျှင်။ သံဃဿဝါ၊ အားလည်း။ ဒိန္နံ၊ ၏။ တံ စီဝရံ၊ သည်။ အကာလစီဝရံနာမ၊ မည်၏။ ကာလေပိ၊ သော်လည်း။ ဗုဒ္ဓံ စီဝရံ၊ ကို။ တုယှံ၊ အား။ ဒမ္မိ၊ လှူ၏။ ဣတိအာဒိနာ နယေန၊ နည်းဖြင့်။ ယဉ္စ-ယံ ဝေစီဝရံ၊ ကိုသာလျှင်။ ပုဂ္ဂလဿဝါ အားလည်း။ ဒိန္နံ၊ ၏။ တံ စီဝရံ၊ သည်။ အကာလစီဝရံနာမ၊ မည်၏။ ။ ကင်္ခါနက်။

အာဒိဿ၊ ရည်ရွယ်မှတ်သား ပိုင်းခြားညွှန်ပြ၍။ ဒေတိ၊ လှူ၏။ ။
မာတိကာနက်။

အာဒိဿာတိ၊ ကား။ အာဒိသိတွာ။ ရည်ရွယ်မှတ်သား၍။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြားညွှန်ပြ၍။ ဒေတိ၊ လှူ၏။ ။ကင်္ခါနက်။

၍ ပါဠိတော်စကားရပ်, ကတ္တါစကားရပ်၌။ အစီအရင်ကိုဆိုသော စကားရပ်, ဒါယကာဆို၍လှူသောစကားရပ် ဤ ၂-ရပ်တွင်၊ ကာလေ ပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရံနာမ။—ဟူသောစကားရပ်သည် လည်း၊ အစီအရင်ကိုဆိုသော စကားရပ်သာတည်း။ ဒါယကာဆို၍ လှူသောစကားရပ်မဟုတ်။

ယဥ္စ ကာလေပိ သံဃဿဒါ၊ ဣတိအာဒိနာ နယေန ဒိန္နံ၊ ဧတံ အ ကာလစီဝရံနာမ။ -ဟူသော စကားရပ်သည်လည်း၊ အစီအရင်ကို ဆိုသော စကားရပ်သာတည်း။ ဒါယကာဆို၍ လှူသော စကားရပ် မဟုတ်။ ။ယဥ္စ ကာလေပိ ပုဂ္ဂလဿဒါ၊ ဣတိ အာဒိနာ နယေန ဒိန္နံ၊ ဧတံ အကာလစီဝရံနာမ။-ဟူသော စကားရပ်သည်လည်း၊ အစီအရင်ကို ဆိုသော စကားရပ်သာတည်း။ ဒါယကာဆို၍ လှူသောစကားရပ် မဟုတ်။

အာဒိဿ ဒေတိ။-ဟူသော စကားရပ်သည်လည်း၊ အစီအရင်ကို ဆိုသော စကားရပ်သာတည်း။ ဒါယကာဆို၍ လှူသောစကားရပ် မဟုတ်။ ။အာဒိဿာတိ အာဒိသိတွာ ပရိစ္ဆိန္ဒိတွာ ဒေတိ။-ဟူသောစ ကား ရပ်သည်လည်း၊ အစီအရင်ကိုဆိုသော စကားရပ်သာတည်း။ ဒါ ယကာဆို၍လှူသော စကားရပ်မဟုတ်။ ။ဣဒံ အကာလစီဝရံ။ - ဟူ သော စကားရပ်သည်ကား၊ ဒါယကာဆို၍ လှူသောစကားရပ်ပင် တည်း။ အစီအရင်ကိုဆိုသော စကားရပ်မဟုတ်။ ။ဣဒံ တုယှံ ဒမ္မိ။- ဟူသော စကားရပ်သည်ကား၊ ဒါယကာဆို၍ လှူသောစကားရပ် ပင်တည်း။ အစီအရင်ကိုဆိုသော စကားရပ်မဟုတ်။

ဣဒံ အကာလစီဝရံ။-ဟူသော စကားရပ်၌၊ ဒါယကာက ဤသည် ကား အကာလသင်္ကန်းတည်းဟု၊ ဝတ္ထုကို ရည်မှတ်ပိုင်းခြား၍ လှူ သောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ ရောက်ရကား၊ ကာလ သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

ဣဒံ တုယှံ ဒမ္မိ။ -ဟူသော စကားရပ်၌၊ ဒါယကာက ဣဒံ-ဟု ဝတ္ထုကိုလည်း ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ တုယှံ- ဟု

အလှူခံကိုလည်း ရည်မှတ်ပိုင်းခြား၍လှူသောကြောင့်၊ ကာလသင်္ကန်း မဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

အာဒိ—သဒ္ဒါဖြင့်၊ ကထိန်သင်္ကန်းကိုလှူသော်လည်း၊ အာဒိဿ ဒေတိ မာတိကာသို့ ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်ပုံကို ပြလိုသော်ကား၊........

(၁) ဣမံ ကထိနစီဝရံ ဒေထ-ဟူသော စကားရပ်၌၊ ကထိန်ဒါယကာက ဤကထိန်သင်္ကန်းဟု၊ ဝတ္ထုကို ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ ရောက်ရကား၊ ကထိန်သင်္ကန်း မဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

(၂) ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟူသောစကားရပ်၌၊ ကထိန်ဒါယကာက ဤကထိန်သင်္ကန်းဟု၊ ဝတ္ထုကိုလည်း ရည်မှတ်ပိုင်းခြား၍လှူသောကြောင့်၊ သံဃဿ-ဟု အလှူခံကိုလည်း ရည်မှတ်ပိုင်းခြား၍လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

(၃) ဣမံ ကထိနစီဝရံ သံဃဿ ကထိနတ္ထာယ ဒေမ-ဟူသော စကားရပ်၌၊ ကထိန်ဒါယကာက ဤကထိန်သင်္ကန်းဟု၊ ဝတ္ထုကိုလည်း ရည်မှတ်ပိုင်းခြား၍၊ သံဃဿ-ဟု အလှူခံကိုလည်း ရည်မှတ်ပိုင်းခြား၍လှူသောကြောင့်၊ ကထိနတ္ထာယ-ဟု ကထိန်အကျိုးငှါ၊ တဒတ္ထသမ္ပဒါန် မပြဋ္ဌာန်းနိုင်ဘဲ၊ အာဒိဿ ဒေတိ-မာတိကာသို့ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

(၄) ကထိနစီဝရံ သံဃဿဒေမ-ဟူသော စကားရပ်၌၊ သံဃဿဟု အလှူခံကို ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလ သင်္ကန်း ဖြစ်၏။

(၅) သံဃဿ ကထိနစီဝရံ ဒေမ-ဟူသော စကားရပ်၌၊ သံဃဿ-ဟုအလှူခံကို ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလ သင်္ကန်း ဖြစ်၏။

(၆) ဣမံ ကထိနစီဝရံ အာဂတာနာဂတဿ စတုဒ္ဒိသဿ သံဃဿ ဒေမ။-ဟူသော စကားရပ်၌၊ ကထိန်ဒါယကာက ဤကထိန်သင်္ကန်းဟု၊ ဝတ္ထုကိုလည်း ရည်မှတ်ပိုင်းခြား၍၊ အာဂတာနာဂတဿ စတုဒ္ဒိသဿ သံဃဿ-ဟု၊ အလှူခံကိုလည်း ရည်မှတ်ပိုင်းခြား၍၊ လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

(၇) ဣမံ ကထိနစီဝရံ ဣမသ္မိံ ဇမ္ဗုဒီပေ ဗုဒ္ဓပမုခဿ သံဃဿ ဒေမ။-ဟူသော ဤစကားရပ်၌၊ ကထိန်ဒါယကာက ဤကထိန်သင်္ကန်းဟု၊ ဝတ္ထုကိုလည်း ရည်မှတ်ပိုင်းခြား၍၊ ဣမသ္မိံ ဇမ္ဗုဒီပေ-ဟု၊ ဌာနကိုလည်းရည်မှတ်ပိုင်းခြား၍၊ ဗုဒ္ဓပမုခဿ သံဃဿ-ဟု၊ အလှူခံကိုလည်း ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

၈) ဣမံ ကထိနစီဝရံ ဣမသ္မိံ ဝိဟာရေ ပုရိမဝဿံဝုတ္ထ ဘိက္ခုသံဃဿ ဒေမ။-ဟူသောစကားရပ်၌၊ ကထိန်ဒါယကာက ဤကထိန်သင်္ကန်းဟု၊ ဝတ္ထုကိုလည်း ရည်မှတ်ပိုင်းခြား၍၊ ဣမသ္မိံ ဝိဟာရေ-ဟု၊ ဌာနကိုလည်း ရည်မှတ်ပိုင်းခြား၍၊ ပုရိမဝဿံ ဝုတ္ထ ဘိက္ခုသံဃဿ-ဟု၊ အလှူခံကိုလည်းရည်မှတ်ပိုင်းခြား၍လှူသောကြောင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ရောက်ရကား၊ ကထိန်သင်္ကန်းမဖြစ်၊ အကာလသင်္ကန်းဖြစ်၏။

## ဆိုမလှူရ ရှစ်ဌာနကို ပြခြင်း

၁-ဣမံ ကထိနစီဝရံ ဒေမ-မဆိုရ။ ။၂-ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-မဆိုရ။ ။၃-ဣမံ ကထိနစီဝရံ သံဃဿ ကထိနတ္ထာယ ဒေမ-မဆိုရ။ ။၄-ကထိနစီဝရံ သံဃဿ ဒေမ မဆိုရ။ ။၅-သံဃဿ ကထိနစီဝရံ ဒေမ-မဆိုရ။ ။၆-ဣမံ ကထိနစီဝရံ အာဂတာနာဂတဿ စတုဒ္ဒိသဿ သံဃဿ ဒေမ-မဆိုရ။ ။၇-ဣမံ ကထိနစီဝရံ ဣမသ္မိံ ဇမ္ဗုဒီပေ ဗုဒ္ဓပမုခဿ သံဃဿ ဒေမ-မဆိုရ။ ၈-ဣမံ ကထိနစီဝရံ ဣမသ္မိံ ဝိဟာရေ ပုရိမဝဿံ ဝုတ္ထ ဘိက္ခုသံဃဿ ဒေမ-မဆိုရ။ ။(ရှစ်ဌာန)

ကထိန်သက်နိုင်းလှူသော အရာဌာန၌၊ ဤဒံကထိနံစီဝရံ ဤမံကထိနံစီဝရံ စကား၂-တန်တွင်၊ကထိန်ဒါယကာက ဝတ္ထုကို ရည်မှတ်ပိုင်းခြားသော၊ ဤဒံ ပုဒ် မဆိုရ၊ ဤမံ—ပုဒ် မဆိုရ။ဌာနကိုရည်မှတ်ပိုင်းခြားသော ဤမသ္မိံ ဇမ္ဗုဒိပေ-ပုဒ်မဆိုရ၊ဤမသ္မိံ ဝိဟာရေ-ပုဒ် မဆိုရ။အလှူခံကို ရည်မှတ်ပိုင်းခြားသော၊ သံဃဿ-ပုဒ် မဆိုရ။ဆိုခဲ့သော်၊ ကထိန်သက်နိုင်းကို လှူသော်လည်း၊ အာဒိဿ-သဒ္ဒါဖြင့်၊ အာဒိဿ ဒေတိ-မာတိကာသို့ ရောက်ရကား၊ ကထိန်သက်နိုင်းမဖြစ်၊ အကာလသက်နိုင်းဖြစ်၏ဟု၊ အဋ္ဌကထာက ပြသည်မှတ်လေကြ။

## ဆိုလှူရ နှစ်ဌာန ကို ပြခြင်း

ကထိန်သက်နိုင်းလှူသော အရာဌာန၌၊ ဝတ္ထုကိုလည်း မရည်မှတ်မပိုင်းခြားဘဲ၊ ဌာနကိုလည်း မရည်မှတ် မပိုင်းခြားဘဲ၊ အလှူခံကိုလည်း မရည်မှတ် မပိုင်းခြားဘဲ၊ ကထိန်ဒါယကာက ဆိုလှူရပုံကား။......

**လှူပုံ။** ။ကထိနစီဝရံ ဒေမ-ဆိုလှူရ။ **ထိုသို့မဟုတ်၊** ဤမိနာ ကထိနံ အတ္ထရထ-ဆိုလှူရ။ ။(နှစ်ဌာန)

**ကထိနစီဝရံ ဒေမ။** ။အဋ္ဌကထာ ပမာဏ။

**ဤမိနာ ကထိနံ အတ္ထရထ။** ။အဋ္ဌကထာ ပမာဏ။ ။ (မယုတ်မလွန်ရ)

ဝတ္ထု,ဌာန,အလှူခံ၊ မရည်သန်ဘဲ ကထိန်ဒါယကာက၊ ကထိနစီဝရံ ဒေမ။-ဟုဆို၍ လှူသောသက်နိုင်း။ ထိုသို့မဟုတ်၊ ဤမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသော သက်နိုင်းကို၊ ကထိန်သက်နိုင်း ဖြစ်၏ဟု ဆိုသော်၊ ထို ကထိန်သက်နိုင်းသည်၊ အဘယ်ကျောင်းတိုက်၌နေသော အဘယ်သံဃာ,အဘယ်ဂိုဏ်း,အဘယ်ပုဂ္ဂိုလ်အား၊ လှူသည် ဖြစ်ပါအံ့နည်း။

ထိုသို့မဟုတ်၊ အဘယ်ကျောင်းတိုက်၌၊ ပုရိမဝါမှ ထမြောက်သော၊ တပါးသောရဟန်း,၂-ပါးသောရဟန်း,၃-ပါးသောရဟန်း,၄-ပါးသောရဟန်း,ရာထောင်မကသော ရဟန်းအား၊ ကထိန်ခင်းခြင်းငှါ ခွင့်ပြုတော်မူအပ်သော၊ ကထိန်သက်နိုင်းဖြစ်ပါအံ့နည်း။

ကထိန်သင်္ကန်းဖြစ်၏၊ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်အား လှူသောသင်္ကန်း မဖြစ်။ ။ဝတ္ထု၊ ဈာန၊ အလှူခံ၊ မရည်သန်ဘဲ ကထိန်ဒါယကာက၊ ကထိနစီဝရံ ဒေမ။-ဟုဆို၍ လှူသောသင်္ကန်း။ ထိုသို့မဟုတ်၊ ဣမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသောသင်္ကန်းကို၊ ကထိန်သင်္ကန်းဖြစ်၏ဟု ဆိုသော်၊ ထိုကထိန် သင်္ကန်းသည်၊ အာဘယ် ကျောင်းတိုက်၌နေသော အာဘယ်သံဃာ၊ အာဘယ်ဂိုဏ်း၊ အာဘယ် ပုဂ္ဂိုလ်အား၊ လှူသောသင်္ကန်းဖြစ်ပါအံ့နည်း။ ။ပုဂ္ဂိုလ်အား လှူသော သင်္ကန်းလည်းမဖြစ်၊ ဂိုဏ်းအား လှူသော သင်္ကန်းလည်းမဖြစ်၊ သံဃာအားလှူသော သင်္ကန်းလည်းမဖြစ်။

စင်စစ်သော်ကား၊ အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ရဟန်းတပါးရှိ၏။ ထိုကျောင်းတိုက်သို့ ဒါယကာသွား၍၊ ကထိန စီဝရံ ဒေမ။-ဟုဆို၍ လှူသောသင်္ကန်း။ ထိုသို့မဟုတ်၊ ဣမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသောသင်္ကန်းသည်၊ ထိုကျောင်းတိုက်၌ ပုရိမဝါမှထမြောက်သော၊ တပါးသော ရဟန်းအား ကထိန်ခင်းခြင်းငှါ၊ ခွင့်ပြုတော်မူသော ကထိန်သင်္ကန်းဖြစ်၏။

အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သောရဟန်း ၂-ပါး ရှိ၏၊ ထိုကျောင်းတိုက်သို့ ဒါယကာသွား၍၊ ကထိန စီဝရံ ဒေမ။-ဟုဆို၍ လှူသောသင်္ကန်း။ ထိုသို့မဟုတ်၊ ဣမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသောသင်္ကန်းသည်၊ ထိုကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ၂-ပါးသော ရဟန်းအား ကထိန်ခင်းခြင်းငှါ၊ ခွင့်ပြုတော်မူသော ကထိန်သင်္ကန်းဖြစ်၏။

အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ရဟန်း ၃-ပါးရှိ၏၊ ထိုကျောင်းတိုက်သို့ ဒါယကာသွား၍၊ ကထိန စီဝရံ ဒေမ။-ဟုဆို၍ လှူသောသင်္ကန်း။ ထိုသို့မဟုတ်၊ ဣမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသောသင်္ကန်းသည်၊ ထိုကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော၊ ၃-ပါးသော ရဟန်းအား ကထိန်ခင်းခြင်းငှါ၊ ခွင့်ပြုတော်မူသော ကထိန်သင်္ကန်းဖြစ်၏။

အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ရဟန်း ၄-ပါး

ရှိ၏။ ထိုကျောင်းတိုက်သို့ ဒါယကာသွား၍၊ ကထိနစီဝရံ ဒေမ။-ဟုဆို၍ လှူသောသင်္ကန်း။ ထိုသို့မဟုတ်၊ ဣမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသောသင်္ကန်းသည်၊ ထိုကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော၊ ၄-ပါးသော ရဟန်းအား ကထိန်ခင်းခြင်းငှါ၊ ခွင့်ပြုတော်မူသော ကထိန်သင်္ကန်းဖြစ်၏။

အကြင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ရဟန်းရာထောင်မကရှိ၏။ ထိုကျောင်းတိုက်သို့ ဒါယကာသွား၍၊ ကထိနစီဝရံ ဒေမ။-ဟုဆို၍ လှူသောသင်္ကန်း။ ထိုသို့မဟုတ်၊ ဣမိနာ ကထိနံ အတ္ထရထ။-ဟုဆို၍ လှူသောသင်္ကန်းသည်၊ ထိုကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော၊ ရာထောင်မကသော ရဟန်းအား ကထိန်ခင်းခြင်းငှါ၊ ခွင့်ပြုတော်မူသော ကထိန်သင်္ကန်းဖြစ်၏။

ထိုကထိန်သင်္ကန်းကို ဒါယကာလှူသော အစီအရင်။ ဣမိနာ ကထိနံ အတ္ထရထ-ဟုဆို၍ လှူသော အစီအရင်။ ဝတ္ထု,ဉာန,အလှူခံ၊ မရည်သန်သော အစီအရင်ကိုလည်း၊ ကင်္ခါ၌ဆို၏။ ပေးသော အစီအရင်၊ ခင်းသော အစီအရင်၊ ဂိုဏ်းပြည့်ပြုသော အစီအရင်၊ အပ်သော အစီအရင်၊ ခွင့်ပြုသော အစီအရင်ကိုလည်း၊ ကင်္ခါ၌ဆို၏။

အယံ ဟိ ကထိနတ္ထာရော နာမ ဘဂဝတာ ပုရိမဝဿံ ဝုတ္ထာနံ အနုညာတော၊ သော သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ။ တသ္မာ ယတ္ထ စတ္တာရော ဝါ တယော ဝါ ဒွေ ဝါ ဧကော ဝါ ပုရိမဝဿံ ဥပဂတာ၊ တတ္ထ ပစ္ဆိမဝဿူပဂတေ ဂဏပူရကေ ကတွာ အတ္ထရိတဗ္ဗံ၊ တေစ ဂဏပူရကာဝ ဟောန္တိ အာနိသံသေ န လဘန္တိ။ တသ္မာ သစေ ပုရိမဝဿံ ဝုတ္ထာနံ ဂဟဋ္ဌပဗ္ဗဇိတေသု ယောကောစိ ဓမ္မေန သမေန စီဝရံ ဒေတိ ဣမိနာ ကထိနံ အတ္ထရထာတိ၊ တံ ခန္ဓကေ ဝုတ္တာယ ဉတ္တိဒုတိယကမ္မဝါစာယ ကထိနတ္ထာရာရဟဿ ဘိက္ခုနော ဒါတဗ္ဗံ။ ။ကင်္ခါ။

ဟိ ယသ္မာ၊ အကြင်ကြောင့်။ အယံ ကထိနတ္ထာရော နာမ၊ ဤကထိန်ခင်းခြင်းမည်သည်ကို၊ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ပုရိမဝဿံ ဝုတ္ထာနံ၊ ပုရိမဝါမှ ထမြောက်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ သော ကထိနတ္ထာရော၊ ထိုကထိန်ခင်းခြင်းသည်။ သဗ္ဗန္တိမေန၊ အလုံးစုံတို့ အောက်ယုတ်သော။ ပရိစ္ဆေဒေန၊ အပိုင်းအခြားအားဖြင့်။ ပဉ္စန္နံ ဇနာနံ၊ ငါးယောက်သော ရဟန်းတို့အား။ ဝဋ္ဋတိ၊ အပ်၏။

တသ္မာ၊ ထို့ကြောင့်။ ယတ္ထ ဝိဟာရေ၊ ၌။ စတ္တာရော ဝါ ဘိက္ခူ၊ တို့သည်လည်း။ ယတ္ထဝိဟာရေ၊ ၌။ တယော ဝါ ဘိက္ခူ တို့သည်လည်း။ ယတ္ထဝိဟာရေ၊ ၌။ ဒွေ ဝါ ဘိက္ခူ၊ တို့သည်လည်း။ ယတ္ထဝိဟာရေ၊ ၌။ ဧကော ဝါ ဘိက္ခူ၊ တယောက်သောရဟန်းသည်လည်း။ ပုရိမဝဿံ၊ ပုရိမဝါသို့။ ဥပဂတော၊ ကပ်၏။ တတ္ထ ဝိဟာရေ၊ ၌။ ပစ္ဆိမဝဿူပဂတံ၊ ပစ္ဆိမဝါသို့ကပ်သော။ ဧကံ ဘိက္ခုံ၊ ကို။ တတ္ထ ဝိဟာရေ၊ ၌။ ပစ္ဆိမဝဿူပဂတေ၊ ပစ္ဆိမဝါသို့ကပ်ကုန်သော။ ဒွေ ဘိက္ခူ၊ တို့ကို။ ပ။ တယော ဘိက္ခူ၊ တို့ကို။ ပ။ စတ္တာရော ဘိက္ခူ၊ လေးယောက်သော ရဟန်းတို့ကို။ ဂဏပူရကေ ကတွာ၊ ဂိုဏ်းပြည့်ပြု၍။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ တေစ၊ ထိုပစ္ဆိမဝါသို့ ကပ်သော တယောက်သောရဟန်း, ၂-ယောက်သောရဟန်း, ၃ - ယောက်သော ရဟန်း, ၄-ယောက်သောရဟန်းတို့သည်။ ဂဏပူရကာဝ၊ ဂိုဏ်းပြည့်တို့သည်သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာနိသံသေ၊ အာနိသင်တို့ကို။ န လဘန္တိ၊ မရကုန်။

## ပဉ္စဇန-အရ ၄-ဌာန ပုဒ်ကို ဝါကျနှင့်ယှဉ်ပုံ

အကြင်ကျောင်းတိုက်၌ ပုရိမဝါမှထမြောက်သော ရဟန်းက ၄-ပါး၊ ထိုကျောင်းတိုက်၌ ဂဏပူရက ပစ္ဆိမဝါကပ်သော ရဟန်း ၁-ပါး။ ၅-ယောက် တဌာန၌၊ ပုရိမဝဿံဝုတ္ထာနံ စီဝရံ ဒေတိ၊ တံ ဒါတဗ္ဗံ။-ဟူသော ဝါကျ တထပ်။

အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှထမြောက်သော ရဟန်းက ၃-ပါး၊ ထိုကျောင်းတိုက်၌ ဂဏပူရက ပစ္ဆိမဝါကပ်သော ရဟန်း ၂-ပါး။ ၅-ယောက် တဥ္စာနန္တ၌၊ ပုရိမဝဿံ ဝုဋ္ဌာနံ စီဝရံ ဒေတိ၊ တံ ဒါတဗ္ဗံ။-ဟူသော ဝါကျက တထင်။

အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ရဟန်းက ၂-ပါး၊ ထိုကျောင်းတိုက်၌ ဂဏပူရက ပစ္ဆိမဝါကပ်သော ရဟန်းက ၃-ပါး။ ၅-ယောက် တဥ္စာနန္တ၌၊ ပုရိမဝဿံ ဝုဋ္ဌာနံ စီဝရံ ဒေတိ၊ တံဒါတဗ္ဗံ။-ဟူသော ဝါကျက တထင်။

အကြွင်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်သော ရဟန်းက ၁-ပါး၊ ထိုကျောင်းတိုက်၌ ဂဏပူရက ပစ္ဆိမဝါကပ်သော ရဟန်း ၄-ပါး။ ၅-ယောက် တဥ္စာနန္တ၌၊ ပုရိမဝဿံ ဝုဋ္ဌာနံ စီဝရံဒေတိ၊ တံဒါတဗ္ဗံ။-ဟူသော ဝါကျက တထင်။ ။ဤဝါကျ ၄-ထပ်၊ တဆယ်ထည်း ထပ်၍ ပြခြင်းငှါ။......

> တသ္မာ သစေ ပုရိမဝဿံ ဝုဋ္ဌာနံ ပဗ္ဗဇိတေသု ယော ကောစိ ဓမ္မေန သမေန စီဝရံဒေတိ ဣမိနာ ကထိနံ အတ္ထရထာတိ၊ တံ ခန္ဓကေ ဝုတ္တာယ ဉတ္တိ ဒုတိယကမ္မဝါစာယ ကထိနတ္ထာရာရဟဿ ဘိက္ခုနောဒါ တဗ္ဗံ။-ဟု မိန့်ဆိုလေသည်။

တသ္မာ၊ ထို့ကြောင့်။ ပုရိမဝဿံ ဝုဋ္ဌာနံ၊ ပုရိမဝါမှထမြောက်ကုန်သော ရဟန်းတို့အား။ ဂဟဋ္ဌ ပဗ္ဗဇိတေသု၊ လူ့ရှင်ရဟန်းတို့တွင်။ ယော ကောစိ၊ အမှတ်မရှိ တယောက် ယောက်သောသူသည်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ စီဝရံ၊ သင်္ကန်းကို။ ဒေတိ၊ လှူ၏။ ဣမိနာ စီဝရေန၊ ဤသင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထရထ၊ ခင်းကြကုန်လော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သစေ ဒေတိ၊ အကယ်၍ လှူသည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ လှူသည်ရှိသော်။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ခန္ဓကေ၊ ကထိန ခန္ဓက၌။ ဝုတ္တာယ၊ ဟောတော်မူအပ်သော။ ဉတ္တိ ဒုတိယကမ္မဝါစာယ၊ ဉတ္တိ ဒုတိယကမ္မဝါစာဖြင့်။ က

ထိနုဏ္ဏာရာ ရဟာသာ၊ ကထိန်ခင်းခြင်းငှါထိုက်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ။အနက်။

ဤဝါကျစကားရပ် အထပ်ထပ်နေသော်လည်း၊ တဿာ-အစ, ဣတိ-အဆုံးရှိသော စကားရပ်၌၊ အစီအရင်ကိုဆိုသော စကားရပ်၊ ဒါယကာဆို၍လှူသော စကားရပ်။ ဤ ၂-ရပ်တွင်၊......

တဿာ သင်္ဃေ ပုရိမဝဿံဝုဋ္ဌာနံ ဂဟာ၌ ပဗ္ဗဇိတေသု ယော ကောစိ ဓမ္မေန သမေန စီဝရံ ဒေတိ ဣတိ။-ဟူသော စကားရပ်သည်ကား၊ အစီအရင်ကိုဆိုသော စကားရပ်သာတည်း။ ဒါယကာဆို၍ လှူသော စကားရပ်မဟုတ်။ ဣမိနာ ကထိနံ အတ္ထရထ။-ဟူသော စကားရပ်သည်ကား၊ ဒါယကာဆို၍ လှူသောစကားရပ်သာတည်း။ အစီအရင်ကိုဆိုသော စကားရပ်မဟုတ်။

ဤဒါယကာဆို၍လှူသော စကားရပ်၌၊ ဣမိနာ ကထိနံအတ္ထရထ၊-ဟုဆို၍ လှူကတည်းက၊ ဣမိနာ-သဒ္ဒါဖြင့် ဤသင်္ကန်းဟု၊ ဝတ္ထုကို ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ အာဒိသ ဒေတိ-မာတိကာသို့ ရောက်ရကား၊ လှူသောသင်္ကန်းသည် ကထိန်သင်္ကန်းမဖြစ်ဟု ဆိုရသည်မဟုတ်လော။ မဆိုရ၊ အဘယ့်ကြောင့် မဆိုရသနည်း။

ဤဌာန၌ ဝတ္ထုက ၂-ပါး။ ကထိန်၏ ဝတ္ထုက တပါး,အလှူ၏ ဝတ္ထုက တပါး။ ထို ၂-ပါးတို့တွင်၊ ကထိန် အတ္ထရထ-ဟူသော ကထိန်၏ ဝတ္ထုသည်ကား၊ စီဝရေန-သာတည်း။ ဒေတိ-ဟူသော အလှူ၏ ဝတ္ထုသည်ကား၊ စီဝရံ-သာတည်း။ အလှူ၏ ဝတ္ထုက ကထိန်၏ ဝတ္ထုမဖြစ်၊ ကထိန်၏ ဝတ္ထုက အလှူ၏ ဝတ္ထုမဖြစ်။ ဣမိနာ ကထိနံ အတ္ထရထ-ဟုဆို၍ လှူကတည်းက၊ စီဝရံ-ဟု အလှူ၏ ဝတ္ထုကိုလည်း၊ ရည်မှတ်ပိုင်းခြားသည်မဟုတ်။ ယတ္ထ ဝိဟာရေ, တတ္ထ ဝိဟာရေ-ဟု အလှူခံ၏ ဌာနကိုလည်း၊ ရည်မှတ်ပိုင်းခြားသည်မဟုတ်။ ပုရိမဝဿံ ဝုဋ္ဌာနံ-ဟု အလှူခံကိုလည်း၊ ရည်မှတ် ပိုင်းခြားသည်မဟုတ်။ ဤသို့ ဝတ္ထု,ဌာန,အလှူခံမရည်သန်ဘဲ၊ ဣမိနာ-သဒ္ဒါဖြင့် ဤသင်္ကန်းဟု၊ ကထိန်၏ ဝတ္ထုကိုသာ ရည်မှတ်ပိုင်းခြား၍ လှူသောကြောင့်၊ အာဒိသ ဒေတိ-မာတိကာသို့ မရောက်

ရကား၊ လှူသောသင်္ကန်းသည် ကထိန်သင်္ကန်းမဖြစ်ဟု မဆိုရ၊ ကထိန်သင်္ကန်းဖြစ်၏ဟူ၍သာ ဆိုရချေသည်။

ထိုသို့ ဝဿ,ဣ္ဍာန,အလျှံ မရည်သန်ဘဲဟု ဆိုပြန်ချေသော်၊ ပုရိမဝဿံဝုဋ္ဌာနံ စီဝရံ ဒေတိ။-ဟူသော စကားရပ်၌၊ ဝဿ,ဣ္ဍာန, အလှူခံ မရည်သန်ဘဲလျက်၊ အဘယ့်ကြောင့် ပုရိမဝါမှ ထမြောက်သော ရဟန်းတို့အား၊ သင်္ကန်းလှူ၏ဟု အဋ္ဌကထာဆိုသနည်း။

## ထိုက်သော အစီအရင် ဤမျှသာ ထင်သည်မဟုတ် အဓိပ္ပါယ်ချုပ်ကို ပြခြင်း

ဣမိနာ ကထိနံ အတ္ထရထ-ဟုဆို၍ သင်္ကန်းလှူသောကာလ၊ ၅-ယောက်တဣ္ဍာန,၅ယောက်တဣ္ဍာန၌၊ ဂဏပူရက ပြုကြရုံသာ၊ ပစ္ဆိမဝါကပ်သော ရဟန်းတို့အား၊ ကထိန်ခင်းခြင်းငှါမထိုက်။ ဝဿ, ဣ္ဍာန,အလှူခံ မရည်သန်ဘဲလျက်၊ ပုရိမဝါမှထမြောက်သော ရဟန်းတို့အားသာ၊ ကထိန်ခင်းခြင်းငှါထိုက်သောကြောင့်၊ ထိုက်သော အစီအရင် သင်္ကန်းကို ပြခြင်းငှါ၊ ပုရိမဝါမှ ထမြောက်သော ရဟန်းတို့အား သင်္ကန်းကိုလှူ၏ဟု အဋ္ဌကထာဆိုသည်။ ထို့ကြောင့်၊ တံ ခန္ဓကေ ဝုတ္တာယ ဉတ္တိ ဒုတိယကမ္မဝါစာယ ကထိနတ္ထာရာ ရဟာသာ ဘိက္ခုနော ဒါတဗ္ဗံ။-ဟု ထိုက်သော အစီအရင်၊ ထင်သည်ပင်မဟုတ်လော၊ ထင်၏။ ဤမျှသာထင်သည်မဟုတ်၊ အဓိပ္ပါယ်ချုပ်ကို ဆိုမူ။........

အကြွင်ကျောင်းတိုက်၌ ရဟန်းတပါး ပဌမဝါကပ်၏၊ ထိုကျောင်း၌ ပဌမဝါကျွတ်သော ရဟန်းတပါးအထံ၊ လှူသောသူက၊ ဣမိနာ ကထိနံ အတ္ထရထ-ဟုဆို၍ ကထိန်သင်္ကန်းလှူ၏။

အကြွင်ကျောင်းတိုက်၌ ရဟန်း ၂-ပါး ပဌမဝါကပ်၏။ ထိုကျောင်း၌ ပဌမဝါကျွတ်သော ရဟန်း ၂-ပါးအထံ၊ လှူသောသူက၊ ဣမိနာ ကထိနံ အတ္ထရထ-ဟုဆို၍ ကထိန်သင်္ကန်းလှူ၏။

အကြွင်ကျောင်းတိုက်၌ ရဟန်း ၃-ပါး ပဌမဝါကပ်၏။ ထိုကျောင်း၌ ပဌမဝါကျွတ်သော ရဟန်း ၃ - ပါး အထံ၊ လှူသောသူက၊ ဣမိနာ ကထိနံ အတ္ထရထ-ဟု ဆို၍ ကထိန်သင်္ကန်းလှူ၏။

အကြွင်ကျောင်းတိုက်၌ ရဟန်း ၄-ပါး ပဉ္စမဝါကပ်၏။ ထိုကျောင်း၌ ပဉ္စမဝါကျွတ်သော ရဟန်း ၄-ပါး အထံ၊ လှူသောသူက၊ ဣမိနာ ကထိနံ အတ္ထရထ-ဟု ဆို၍ ကထိန်သင်္ကန်းလှူ၏။

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဧကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံသု။ တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဥတုကာလံ ဧကော ဝသိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံသု။ တေန ခေါ ပန သမယေန တယော ဘိက္ခူ ရာဇဂဟေ ဝဿံ ဝသန္တိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ။ ။စီဝရက္ခန္ဓက။

တပါးသော ရဟန်းအထံ,သုံးပါးသော ရဟန်းအထံ လှူသောသူက၊ သံဃဿ ဒေမ-ဟု ဆို၍လှူသောသင်္ကန်း၊ သံဃိကသင်္ကန်းဖြစ်သကဲ့သို့။ ထို့အတူ၊ တပါးသော ရဟန်းအထံ,၂-ပါးသော ရဟန်းအထံ,သုံးပါးသော ရဟန်းအထံ,လေးပါးသော ရဟန်းအထံ လှူသောသူက၊ ဣမိနာ ကထိနံ အတ္ထရထ-ဟုဆို၍လှူသောသင်္ကန်း၊ ကထိန်သင်္ကန်းဖြစ်၏။

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ။ - ဟု အဋ္ဌကထာကလည်းမိန့်၏။ ထိုကျောင်းတိုက်၌ ပဉ္စမဝါကျွတ်သော ရဟန်းတပါးက၊ ကထိန်သင်္ကန်း အလှူခံပြီး၍ ကထိန်ခင်းခြင်း၌၊ ပဌမဝါကပ်သော ရဟန်းလေးပါးကို ဂဏပူရကပြု၏။

ထိုကျောင်းတိုက်၌ ပဉ္စမဝါကျွတ်သော ရဟန်း ၂-ပါးက၊ ကထိန်သင်္ကန်းအလှူခံပြီး၍ ကထိန်ခင်းခြင်း၌၊ ပဌမဝါကပ်သော ရဟန်းသုံးပါးကို ဂဏပူရကပြု၏။

ထိုကျောင်းတိုက်၌ ပဉ္စမဝါကျွတ်သော ရဟန်း၃-ပါးက၊ ကထိန်သင်္ကန်းအလှူခံပြီး၍ ကထိန်ခင်းခြင်း၌၊ ပဌမဝါကပ်သော ရဟန်း ၂-ပါးကို ဂဏပူရကပြု၏။

ထိုကျောင်းတိုက်၌ ပဌမဝါကျွတ်သော ရဟန်း၄-ပါးက၊ ကထိန်ခင်းခြင်းငှါ၊ ပစ္ဆိမဝါကစ်သော ရဟန်းတပါးကို ဂဏပူရကပြု၏။

ကထိန်သင်္ကန်းလည်း သံဃာ အားဖြစ်၏။ ထိုကထိန်သင်္ကန်းကို သံဃာက၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်ခင်းခြင်းငှါထိုက်သော ရဟန်းအားပေး၏။ ထို့ကြောင့် ပရိဝါ၌၊........

သစေ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ ဟောတိ၊ သံဃေန ကထံ ပဋ္ဌပေတဗ္ဗံ။ပ။ သံဃေန ဉတ္တိ ဒုတိယေန ကမ္မေန ကထိနတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ။-ဟု မိန့်သည်။
။ ။ ဤကား ပဌမ ကထိန သိက္ခာပုဒ်ဖွင့် ကန်ခါစကားရပ်။

ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တိ၊ ဂဏဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟဿံပိ၊ ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တိ။ သစေ ပုရိမိကာယ ဥပဂတာ စတ္တာရောဝါ ဟောန္တိ တယောဝါ ဒွေဝါ ဧကောဝါ၊ ဣတရေ ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗံ။ ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ၊ ယေန ကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။

ကထိန ဒါယကဿ ဝတ္တံ အတ္ထိ၊ သစေ သော တံ အဇာနန္တော ပုစ္ဆတိ၊ ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗန္တိ။ တဿ ဧဝံ အာစိက္ခိတဗ္ဗံ၊ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမန သမယေ ဝတ္တုံ ကထိန စီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ။ ။ကထိနက္ခန္ဓက အဋ္ဌကထာ။

ယဿ ပန ဒီယတိ၊ တဿ။ ။သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ။ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ။ ယဿာယသ္မတော ခမတိ ဣမဿ ကထိန ဒုဿဿ ဣတ္ထန္နာမဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒိန္နံ ဣဒံ သံဃေန ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ။ တသ္မာ တုဏှီ။ ဧဝမေတံ ဓါရယာမီတိ။ ။ဧဝံ ဉာတ္တိ ဒုတိယ ကမ္မဝါစာယ ဒါတဗ္ဗံ။ ။ဝိနယသင်္ဂဟ အဋ္ဌကထာ။

ကထိနဒုဿာ၏၊ ကထိန်ခင်းခြင်းကို။ ကော၊ အဘယ်မျှသော ရဟန်းတို့သည်။ လဘန္တိ သာဓေန္တိ၊ ပြီးစေကုန်သနည်း။ ကော၊ တို့သည်။ နလဘန္တိ နသာဓေန္တိ၊ မပြီးစေကုန်သနည်း။

ဂဏာဝသေန၊ ဂိုဏ်းအလိုအားဖြင့်။ တာဝ ပဌမကောဋိယာ၊ ရှေးဦးစွာ အယုတ်ဆုံး။ ပဉ္စန္နာ၊ ငါးယောက်သောရဟန်းတို့သည်။ လဘန္တိ သာဓေန္တိ၊ ပြီးစေကုန်၏။ ပဉ္စန္နံ၊ ငါးယောက်သောရဟန်းတို့၏။ ဥဒ္ဓံ၊ အထက်သည်။ သတသဟဿံပိ၊ တသိန်းပင်။ လဘန္တိ သာဓေန္တိ၊ ပြီးစေကုန်၏။ ဟေဋ္ဌာ၊ အောက်သည်။ နလဘန္တိ နသာဓေန္တိ၊ မပြီးစေကုန်။

သစေ၊ အကယ်၍။ ပုရိမိကာယ ဥပဂတာ၊ ပုရိမဝါကပ်သော ရဟန်းတို့သည်။ စတ္တာရောဝ၊ လေးယောက်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တယောဝ၊ သုံးယောက်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ဒွေဝ၊ ၂-ယောက်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ဧကောဝ၊ တယောက်သည်လည်း။ ဟောတိ၊ ဖြစ်အံ့။ ဣတရေ၊ ပစ္ဆိမဝါကပ်သော ရဟန်းတို့ကို။ ဂဏပူရကေ ကတွာ၊ ဂိုဏ်းပြည့်ပြု၍။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။

ကေန၊ အဘယ်သူသည်။ ဒိန္နံ၊ လှူအပ်သော။ ကထိနံ၊ ကထိန်သည်။ ရုဟတိ၊ အပ်သနည်း။ ယေန ကေနစိ၊ အမှတ်မရှိသော။ ဒေဝေနဝါ၊ နတ်

သည့်ဂုဏ်း။ မနုဿေသု ဝါ၊ လူသည့်ဂုဏ်း။ ပဉ္စန္နံ သဟဓမ္မိကာနံ၊ သီတင်းသုံးဘော်ငါးယောက်တို့တွင်။ အညတရေန ဝါ၊ တယောက်ယောက်သည့်ဂုဏ်း။ ဒိန္နံ၊ လှူအပ်သော။ ကထိနံ၊ ကထိန်သည်။ ဝဋ္ဋတိ၊ အပ်၏။

ကထိနဒါယကဿ၊ ကထိန်လှူသောသူအား။ ဝတ္တံ၊ ဝတ်သည်။ အတ္ထိ၊ ရှိ၏။ သစေ၊ အကယ်၍။ သော၊ ထိုကထိန်လှူသောသူသည်။ တံ၊ ထိုဝတ်ကို။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ဘန္တေ၊ အရှင်ဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ကထိနံ၊ ကထိန်ကို။ ဒါတဗ္ဗံ၊ လှူအပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆတိ၊ မေးအံ့။ တဿ၊ ထိုမေးသောသူအား။ ဧဝံ၊ ဤသို့။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။

တိဏ္ဏံ စီဝရာနံ၊ သုံးထည်သောသင်္ကန်းတို့တွင်။ အညတရပ္ပဟောနကံ၊ တထည်ထည်လောက် လှောက်အောင်။ သူရိယုဂ္ဂမန သမယေ၊ နေထွက်သောအခါ၌။ ဝတ္ထံ၊ ကထိန်လျှာပုဆိုးကို။ ကထိနစီဝရံ ဒေမာတိ၊ ကထိနစီဝရံ ဒေမ-ဟူ၍။ ဝတွာ၊ ဆို၍။ ဒါတုံ၊ လှူခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ ဤသို့။ အာစိက္ခိတဗ္ဗံ၊ ၏။ ။ကထိနက္ခန္ဓက အဋ္ဌကထာ အနက်။

ယဿ ဘိက္ခုနော၊ အကြင် ရဟန်းအား။ ယံ၊ အကြင်ကထိန်သင်္ကန်းကို။ သံဃေန၊ သံဃာသည်။ ဒီယတိ၊ ပေးအပ်၏။ တဿ၊ ထိုရဟန်းအား။ တံ၊ ထိုသင်္ကန်းကို။ သုဏာတု မေ ဘန္တေ၊ ပ။ ဧဝမေတံ ဓါရယာမီတိ၊ ဓါရယာမိ-ဟူ၍။ ဧဝံရူပါယ ဉတ္တိဒုတိယကမ္မဝါစာယ၊ ဤဉတ္တိ ဒုတိယကမ္မဝါစာဖြင့်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ။

ဝိနယသင်္ဂဟ အဋ္ဌကထာ အနက်။

## သိလိုရင်း အဓိပ္ပါယ်သော်ကား

အကြင်ကျောင်းတိုက်၌ ရဟန်းဘ ပါး ပဉ္စမဝါကပ်၏။ ထိုကျောင်းတိုက်၌ပဉ္စမဝါကျွတ်သော ရဟန်းတပါးအထံ၊ လှူသောသူက၊ ကထိနစီဝရံ ဒေမ -ဟုဆို၍ ကထိန်သင်္ကန်းလှူ၏။

အကြင်ကျောင်းတိုက်၌ရဟန်း ၂-ပါး ပဉ္စမဝါကပ်၏။ ထိုကျောင်းတိုက်၌ ပဉ္စမဝါကျွတ်သော ရဟန်း ၂-ပါးအထံ၊ လှူသောသူက၊ ကထိနစီဝရံ ဒေမ -ဟုဆို၍ ကထိန်သင်္ကန်းလှူ၏။

အကြွင် ကျောင်းတိုက်၌ ရဟန်းသုံးပါး ပဌမဝါကပ်၏။ ထိုကျောင်းတိုက်၌ ပဌမဝါကျွတ်သော ရဟန်းသုံးပါးအထံ၊ လှူသောသူက၊ ကထိနစီဝရံ ဒေမ-ဟုဆို၍ ကထိန်သင်္ကန်းလှူ၏။

အကြွင် ကျောင်းတိုက်၌ ရဟန်း လေးပါး ပဌမဝါကပ်၏။ ထိုကျောင်းတိုက်၌ ပဌမဝါကျွတ်သော ရဟန်းလေးပါးအထံ၊ လှူသောသူက၊ ကထိနစီဝရံဒေမ-ဟုဆို၍ ကထိန်သင်္ကန်းလှူ၏။

ထိုကျောင်းတိုက်၌ ပဌမဝါကျွတ်သော ရဟန်းတပါးက၊ ကထိန်သင်္ကန်းအလှူခံပြီး၍ ကထိန်ခင်းခြင်းငှါ၊ ပစ္ဆိမဝါကပ်သော ရဟန်းလေးပါးကို၊ ဂဏပူရကပြု၏။

ထိုကျောင်းတိုက်၌ ပဌမဝါ ကျွတ်သော ရဟန်း ၂-ပါးက၊ ကထိန်သင်္ကန်းအလှူခံပြီး၍ ကထိန် ခင်းခြင်းငှါ၊ ပစ္ဆိမဝါကပ်သော ရဟန်းသုံးပါးကို၊ ဂဏပူရကပြု၏။

ထိုကျောင်းတိုက်၌ ပဌမဝါကျွတ်သော ရဟန်းသုံးပါးက၊ ကထိန်သင်္ကန်းအလှူခံပြီး၍ ကထိန်ခင်းခြင်းငှါ၊ ပစ္ဆိမဝါကပ်သော ရဟန်း ၂-ပါးကို၊ ဂဏပူရကပြု၏။

ထိုကျောင်းတိုက်၌ ပဌမဝါကျွတ်သော ရဟန်းလေးပါးက၊ ကထိန်သင်္ကန်းအလှူခံပြီး၍ ကထိန်ခင်းခြင်းငှါ၊ ပစ္ဆိမဝါကပ်သော ရဟန်းတပါးကို၊ ဂဏပူရကပြု၏။

ကထိန်သင်္ကန်းလည်း သံဃာအားဖြစ်၏။ ထိုသင်္ကန်းကို သံဃာက ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်၊ ကထိန် ခင်းခြင်းငှါ ထိုက်သော ရဟန်းအား ပေး၏။

ကထိန်ပေးသော အရာဌာန၊ ကထိန်ခံသော အရာဌာနနှင့်

ယဿ သံဃော ကထိနဒုဿံ ဒေတိ၊ တံ ဟတ္ထပါသေ အကတွာပိ ဗဟိသီမာယ ဌိတဿာပိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ။ - ဟူသော ပါဌ်ကို ရှုသဖြင့်၊ ပဉ္စန္နာ လဘန္တိ-ဟူသော အဋ္ဌကထာပါဌ်၏ အလို၊ ပဉ္စန္နာ သာဓေန္တိ-ဟူသော ဋီကာပါဌ်၏အလိုအဓိပ္ပါယ်ဆို၍၊ လေးယောက်သော ရဟန်းတို့သည်ကား– ကထိန်ပေးသော သံဃာပင်

တည်း။ တပေါက်သော ရဟန်းသည်ကား- ကထိန်ခံသော ရဟန်း ပင်တည်း။ ကထိန်ပေးသော ကံသည်ကား၊ ပဉ္စင်္ဂကရဏီယ ကံ မဟုတ်၊ စတုဝဂ္ဂကရဏီယ ကံပင်တည်း။

ထို့ကြောင့်၊ ကထိန်ခံသော အကြင်ရဟန်းအား၊ စတုဝဂ္ဂသံဃာက ကထိန်ပေးသည်ရှိသော်၊ ထိုကထိန်ခံသောရဟန်းကိုလည်း ဟတ္ထပါသ်၌မပြုမူ၍၊ ထိုကထိန်သင်္ကန်းကိုလည်း ဟတ္ထပါသ်၌မပြုမူ၍၊ သိမ်ပ၌တည်သော ကထိန်ခံသော ရဟန်းအား၊ သိမ်ပ၌တည်သော ထိုကထိန်သင်္ကန်းကို၊ ပေးခြင်းငှါအပ်၏ ဟူသော အယူဝါဒစကား ဖြစ်ပွားကြ၏။

ထိုအယူဝါဒစကား ဖြစ်ပွားကြသည်ကို၊ တံ ဟတ္ထပါသေ ကတွာဝ ဒါတဗ္ဗံ၊ ကသ္မာ၊ တဿ ကမ္မပ္ပတ္တတ္တာတိ ဝုတ္တံ။-ဟူသော ပါဠိဖြင့် ပယ်၏။

အဓိပ္ပါယ်ကား၊ ကထိန်ခံသော အကြင်ရဟန်းအား၊ စတုဝဂ္ဂသံဃာက ကထိန်ပေးသည်ရှိသော်၊ ထိုကထိန်ခံသော ရဟန်းကိုလည်း ဟတ္ထပါသ်၌ပြု၍သာလျှင်၊ ထိုကထိန်သင်္ကန်းကိုလည်း ဟတ္ထပါသ်၌ ပြု၍သာလျှင်၊ဟတ္ထပါသ်၌တည်သော ကထိန်ခံသော ထိုရဟန်းအား၊ ဟတ္ထပါသ်၌တည်သော ထိုကထိန်သင်္ကန်းကို ပေးမှ အပ်၏။

အဘယ့်ကြောင့် ပေးမှ အပ်သနည်း၊ ကထိန်ခံသော ထိုရဟန်း၊ ကထိန်ပေးသော ထိုသင်္ကန်း၏ကံပြုရာသို့ ဟတ္ထပါသ် အတွင်းကျအောင် ရောက်မှ အပ်သည်၏အဖြစ်ကြောင့်၊ဟတ္ထပါသ်၌တည်သော ကထိန်ခံသော ရဟန်းအား၊ ဟတ္ထပါသ်၌တည်သော ထိုသင်္ကန်းကို၊ ပေးမှအပ်၏ဟူသော ဤစကားဖြင့် ပယ်သည် ဟူလို။

ယဿ သံဃော ကထိနဒုဿံ ဒေတိ၊ တံ ဟတ္ထပါသေ အကတွာပိ ဗဟိသီမာယ ဌိတဿာပိ ဒါတုံ ဝဋ္ဋတီတိ ဝဒန္တိ။ တံ ဟတ္ထပါသေ ကတွာ ဝ ဒါတဗ္ဗံ၊ ကသ္မာ၊ တဿ ကမ္မပ္ပတ္တတ္တာတိ ဝုတ္တံ။ ။ဝဇိရဗုဒ္ဓိဋီကာ။

အကတွာပိ-ဟူသော ပုဒ်၌ ပိ-သဒ္ဒါ၊ ဥတ္တဿာပိ-ဟူသောပုဒ်၌ ပိ-သဒ္ဒါ အနွာနုပယုဂ် ယှဉ်သင့်တိုင်းယှဉ်။

ကမ္မပ္ပတ္တတ္တာ-ဟူသော ပုဒ်၌၊ ကမ္မပ္ပတ္တ-သဒ္ဒါသည်၊ စတ္တာရောဘိက္ခူ ပကတတ္တာ ကမ္မပ္ပတ္တ-စသည်၌ လာသော၊ ကမ္မပ္ပတ္တ-သဒ္ဒါနှင့် သဒ္ဒါကား တူ၏။ အနက်ကား မတူ၊ စောဒနာမှုမသင့်။

မပြည့်စုံသော နောက်ဝါကျကို၊ ရှေ့ဝါကျမှ ယူ၍ အနက်ပေးမြဲ။

ယဿ၊ အကြင်ရဟန်းအား။ သံဃေန၊ သံဃာသည်။ ကထိနဒုဿံ၊ ကထိန်သင်္ကန်းကို။ ဒေတိ၊ ပေး၏။ တံပိ၊ ထိုရဟန်းကိုလည်း။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ အကတွာ၊ မပြုမူ၍။ တံပိ၊ ထိုကထိန်သင်္ကန်းကိုလည်း။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ အကတွာ၊ မပြုမူ၍။ ဗဟိသီမာယ၊ သိမ်ပ၌။ ဋ္ဌိတဿ၊ တည်သော။ တဿ၊ ထိုရဟန်းအား။ ဗဟိသီမာယ၊ သိမ်ပ၌။ ဋ္ဌိတံ၊ တည်သော။ တံ၊ ထိုသင်္ကန်းကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ယဿ၊ အကြင်ရဟန်းအား။ သံဃော၊ သံဃာသည်။ ကထိနဒုဿံ၊ ကထိန်သင်္ကန်းကို။ ဒေတိ။ ပေး၏။ တံ၊ ထိုရဟန်းကိုလည်း။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ကတွာဝ၊ ပြု၍သာလျှင်။ တံပိ၊ ထိုကထိန်သင်္ကန်းကိုလည်း။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ကတွာဝ၊ ပြု၍သာလျှင်။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ဋ္ဌိတဿ။ တည်သော။ တဿ၊ ထိုရဟန်းအား။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ဋ္ဌိတံ၊ တည်သော။ တံ။ ထိုသင်္ကန်းကို။ ဒါတဗ္ဗံ၊ ပေးမှအပ်၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဒါတဗ္ဗံ၊ ပေးမှအပ်သနည်း။ တဿ၊ ကထိန်ခံသော ထိုရဟန်း့, ကထိန်ပေးသော ထိုရဟန်း၏။ ကမ္မပ္ပတ္တတ္တာ၊ ကံပြုရာသို့ ဟတ္ထပါသ်တွင်းကျအောင် ရောက်မှ အပ်သည်၏အဖြစ်ကြောင့်။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ဋ္ဌိတဿ၊ တည်သော။ တဿ၊ ထိုရဟန်းအား။ ဟတ္ထပါသေ၊ ဟတ္ထပါသ်၌။ ဋ္ဌိတံ၊ တည်သော။ တံ၊ ထိုကထိန်သင်္ကန်းကို။ ဒါတဗ္ဗံ၊ ပေးမှအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ။ဤသို့ အပြည့်အစုံ အနက်ပေး။

အယုတ်ဆုံး စတုဝဂ်သံဃာ ကမ္မဝါစာဖတ်၍၊ ကထိန်ပေးသော ရဟန်းသည် ကထိန်ခံသောကြောင့်၊ ကထိနတ္ထာရက မည်၏။

ကထိနတ္ထာရကေနာပိ ဓမ္မေန သမေန ဥပ္ပန္နံ ကထိနံ အတ္ထရဏာရဟံ ဝတ္ထံ ဇာနိတဗ္ဗံ။

ကထိနတ္ထာရကေနာပိ၊ ကထိန်ခင်းသောရဟန်းသည်လည်း။ ဓမ္မေန၊ တရားနှင့်။ သမေန၊ အညီ။ ဥပ္ပန္နံ၊ ဖြစ်သော။ ကထိနံ၊ ကထိန်ကို။ အတ္ထရဏာရဟံ၊ ခင်းလိုသည်ရှိသော်။ ဝတ္ထံ၊ ဝတ်ကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ။ ကထိန်ခင်းသော ပုဂ္ဂိုလ် ကထိန်ခံလို၍ ဝတ်ကိုသိပုံ။

ကထိန်မခင်းအပ်သော ပုဂ္ဂိုလ် ၂-ယောက်။ ကထိန်ခံလျက် ကထိန်မခင်းသော ပုဂ္ဂိုလ်တယောက်၊ ကထိန်ခင်းလျက် အနုမောဒနာ မပြုသော ပုဂ္ဂိုလ်တယောက်။

ဒွိန္နံ ပုဂ္ဂလာနံ အနတ္ထတံ ဟောတိ ကထိနံ။ အနတ္ထာရကဿ စ အနနုမောဒကဿ စ၊ ဣမေသံ ဒွိန္နံ ပုဂ္ဂလာနံ အနတ္ထတံ ဟောတိ ကထိနံ။ ။အနက်ထင်၏။

ကထိန်ခံလျက် ကထိန်မခင်းသော်၊ ကထိန်ခင်းလျက် အနုမောဒနာမပြုသော်၊ ဒုက္ကဋ်။ ။ ဒုက္ကဋ် အဆုံးအဖြတ်ကို၊ ဥဿာရဏ်ဆိုလတံ့။

ကထိန်ခင်းသော ပုဂ္ဂိုလ် ၂-ယောက်။ ကထိန်ခံလျက် ကထိန်ခင်းသော ပုဂ္ဂိုလ် တယောက်၊ ကထိန်ခင်းလျက် အနုမောဒနာ ပြုသော ပုဂ္ဂိုလ်တယောက်။

ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ။ အတ္ထာရကဿ စ အနုမောဒကဿ စ၊ ဣမေသံ ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ။ ။အနက်ထင်၏။

ကထိန် မခင်းအပ်သော အကြောင်း ၂၄-ပါး

(၁) အလျား,အနံ ပမာဏ၊ အတိုင်းအထွာ ယူကာမျှဖြင့်၊ ကထိန် မခင်းအပ်။

နဥလ္လိခိတ မတ္တေန အတ္ထတံ ဟောတိ ကထိနံ။ ။ဥလ္လိခိတမတ္တေန၊အလျားအနံ ပမာဏကို ယူခါမျှဖြင့်။ပ။ ။
မထင်ရာနက်။ မခင်းအပ်ဘဲ ခင်းသော် ဒုက္ကဋ်။

(၂) ကထိန်ပုဆိုးကို ဖွပ်လျှော်ကာ မျှဖြင့်၊ ကထိန် မခင်းအပ်။
နဓောဝန မတ္တေန အတ္ထတံ ဟောတိ ကထိနံ။ ။ဓောဝနမတ္တေန၊ ဖွပ်လျှော်ကာမျှဖြင့်။ပ။ ။မခင်းအပ်ဘဲ ခင်းသော်၊ ဒုက္ကဋ်။

(၃) ပဥ္စခဏ်း, သတ္တခဏ်း စသည် စီရင်ကာ:မျှဖြင့်၊ ကထိန် မခင်းအပ်။
နစီဝရ ဝိစာရဏမတ္တေန အတ္ထတံ ဟောတိ ကထိနံ။ ။စီဝရဝိစာရဏမတ္တေန၊ပဥ္စခဏ်း, သတ္တခဏ်းစသည် စီရင်ကာမျှဖြင့်။ပ။ ။မခင်းအပ်ဘဲ ခင်းသော် ဒုက္ကဋ်။

(၄) စီရင် တိုင်းဖြတ်ခါမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။
နဆေဒနမတ္တေန အတ္ထတံ ဟောတိ ကထိနံ။ ။ဆေဒနမတ္တေန၊စီရင် တိုင်းဖြတ်ခါမျှဖြင့်။ပ။

(၅) တည်းအပ် တည်းကာမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်း သော် ဒုက္ကဋ်။
နဗန္ဓနမတ္တေန အတ္ထတံ ဟောတိ ကထိနံ။ ။ဗန္ဓနမတ္တေန၊ တည်းအပ် တည်းကာမျှဖြင့်။ပ။

(၆) တည်းအပ်ကြောင်းသို့ အစဉ်လိုက်၍၊ အလျားလိုက် ချုပ်ကာမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။
နဩဝဋ္ဋိယ ကရဏမတ္တေန အတ္ထတံ ဟောတိ ကထိနံ။ ။ဩဝဋ္ဋိယ ကရဏမတ္တေန၊ တည်းအပ်ကြောင်းသို့ အစဉ်လိုက်၍၊ အလျားလိုက်ချုပ်ကာမျှဖြင့်။ပ။

(၇) တလုပ်အုပ်၍ ချုပ်ကာမျှဖြင့်၊ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န ကဏ္ဍုသ ကရဏမတ္တေန အဏ္ဍတံ ပောဝတိ ကထိနံ။ ။ကဏ္ဍုသ ကရဏမတ္တေန၊ တလုပ်အုပ်၍ ချုပ်ကာမျှဖြင့်။ပ။

(၈) အလွှာ ၂-လွှာကို တပေါင်းတည်းပြု၍ ချုပ်ကာမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န ဒုဂ္ဂကရဏမတ္တေန အဏ္ဍတံ ပောဝတိ ကထိနံ။ ။ဒုဂ္ဂကရဏမတ္တေန၊ အလွှာ ၂-လွှာကို တပေါင်းတည်းပြု၍ ချုပ်ကာမျှဖြင့်။ပ။

(၉) အလျားအနားပတ် တင်ကာမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န အနုဝါတ ကရဏမတ္တေန အဏ္ဍတံ ပောဝတိ ကထိနံ။ ။အနုဝါတ ကရဏမတ္တေန၊ အလျားအနားပတ် တင်ကာမျှဖြင့်။ပ။

(၁၀ အနံအနားပတ် တင်ကာမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န ပရိဘဏ္ဍကရဏမတ္တေန အဏ္ဍတံ ပောဝတိ ကထိနံ။ ။ပရိဘဏ္ဍကရဏမတ္တေန၊ အနံအနားပတ် တင်ကာမျှဖြင့်။ပ။

(၁၁ သလင်းတောင် တင်ကာမျှဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န ဩဝဒ္ဓေယျကရဏမတ္တေန အဏ္ဍတံ ပောဝတိ ကထိနံ။ ။ဩဝဒ္ဓေယျကရဏမတ္တေန၊ သလင်းတောင် တင်ကာမျှဖြင့်။ပ။

(၁၂) ဆင်စွယ်ရောင်အဆင်းဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န ကမ္ဗလမတ္တေန အဏ္ဍတံ ပောဝတိ ကထိနံ။ ။ကမ္ဗလမတ္တေန၊ ဆင်စွယ်ရောင်အဆင်းဖြင့်။ပ။

(၁၃) နိမိတ်ပြု၍ ရသဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န နိမိတ္တကတေန အတ္တတံ ဟောတိ ကထိနံ။ ။နိမိတ္တကတေန၊ နိမိတ်ပြုသဖြင့်။ပ။

(၁၄) ပရိယာယ် စကားပြော၍ရသဖြင့်၊ ကထိန်မခင်းအပ်၊ ။ ခင်းသော် ဒုက္ကဋ်။

န ပရိကထာကတေန အတ္တတံ ဟောတိ ကထိနံ။ ။ပရိကထာကတေန၊ ပရိယာယ်ပြုသော ပုဆိုးဖြင့်။ပ။

(၁၅) ငှါးသောပုဆိုးဖြင့် ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န ကုက္ကုကတေန အတ္တတံ ဟောတိ ကထိနံ။ ။ကုက္ကုကတေန၊ငှါးသော ပုဆိုးဖြင့်။ပ။

(၁၆) သံဃာက ကထိန်ပုဆိုးရသောနေ့ မပေး၊ နက်ဖန်မှပေး အပေးသိုးသောပုဆိုး။ သံဃာကပေး၍ ကထိန်ပုဆိုးရသော ကထိန်ခံရဟန်းက၊ ရသောနေ့မချုပ် နက်ဖန်မှချုပ်၊ အချုပ်သိုးသော ပုဆိုးဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်၊

န သန္နိဓိကတေန အတ္တတံ ဟောတိ ကထိနံ။ ။သန္နိဓိကတေန၊ အပေးသိုး, အချုပ်သိုးသော ပုဆိုးဖြင့်။ပ။

(၁၇) ချုပ်စဉ်, ဆိုးစဉ်, မခင်းခင် ညဉ့်ကိုလွန်သဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န နိဿဂ္ဂိယေန အတ္တတံ ဟောတိ ကထိနံ။ ။နိဿဂ္ဂိယေန၊ ညဉ့်ကိုစွန့်သဖြင့်။ပ။

(၁၈) ကပ္ပဗိန္ဒု မထိုးသောသက်နိုးဖြင့်၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န အကပ္ပကတေန အတ္တတံ ဟောတိ ကထိနံ။ ။အကပ္ပကတေန၊ ကပ္ပဗိန္ဒုမထိုးသော သက်နိုးဖြင့်။ပ။

(၁၉) ဒုဂုဋ်ကိုထား၍ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

န အညတြ သံဃာဋိယာ အတ္တတံ ဟောတိ ကထိနံ။ ။ သံဃာဋိယာ၊ ဒုဂုဋ်ကို၊ အညတြ၊ထား၍။ပ။

(၂၀) ကိုယ်ဝတ်ကိုထား၍ ကထိန်မခင်းအပ်။ ။ ခင်းသော် ဒုက္ကဋ်။

နှ အညတြ ဥတ္တရာသံဂေန အတ္ထတံ ဟောတိ ကထိနံ။ ။ ဥတ္တရာသံဂေန၊ ကိုယ်ဝတ်ကို။ အညတြ၊ ထား၍။ ပ။

(၂၁) သင်းပိုင်ကိုထား၍ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

နှ အညတြ အန္တရဝါသကေန အတ္ထတံ ဟောတိ ကထိနံ။ ။အန္တရဝါသကေန၊ သင်းပိုင်ကို။ အညတြ၊ ထား၍။ ပ။

(၂၂) ထိုနေ့ပင် ကောင်းစွာဖြတ်အပ်သော၊ အိမ်ကြီး၊ အိမ်ငယ်၊ မြောင်းရှည်၊ မြောင်းတိုနှင့် တကွသော၊ ပဥ္စခဏ်းကိုရင်း ပဥ္စခဏ်းထက်အလွန်၊ သတ္တခဏ်း နဝခဏ်းကိုရင်း ထား၍၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

နှ အညတြ ပဥ္စကေနဝါ အတိရေကပဥ္စကေနဝါ တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ။ ။တဒဟေဝ၊ ထိုနေ့ပင်၊ သဉ္ဆိန္နေန၊ ကောင်းစွာဖြတ်အပ်သော။ သမဏ္ဍလိကတေန၊ အိမ်ကြီး၊ အိမ်ငယ်၊ မြောင်းရှည်၊ မြောင်းတိုနှင့်တကွသော။ ပဥ္စကေနဝါ၊ ပဥ္စခဏ်းကိုရင်း။ အတိရေက ပဥ္စကေနဝါ၊ ၅–ခဏ်းထက် လွန်သော သတ္တခဏ်း၊ နဝခဏ်းကိုရင်း။ အညတြ၊ ထား၍။ ပ။

(၂၃) ပုဂ္ဂိုလ်၏ ခင်းခြင်းကိုထား၍၊ ကထိန်မခင်းအပ်။ ။ခင်းသော် ဒုက္ကဋ်။

နှ အညတြ ပုဂ္ဂလဿ အဇ္ဈာရာ အတ္ထတံ ဟောတိ ကထိနံ။ ။ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ အဇ္ဈာရာ၊ ခင်းခြင်းကို။ အညတြ၊ ထား၍။ ပ။

(၂၄) ကောင်းစွာခင်းသည်ဖြစ်စေ၊ ထိုကထိန်ကို သိမ်ပကနေ၍ အနုမောဒနာပြုသည်ဖြစ်အံ့၊ ဤသို့ပြုသော်လည်း ကထိန် မခင်းအပ်။ သိမ်ပကနေ၍ အနုမောဒနာပြုသော် ဒုက္ကဋ်။

သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊ တဉ္စေ နိဿီမဋ္ဌော အနုမောဒတိ၊ ဧဝံပိ အနတ္ထတံ ဟောတိ ကထိနံ။ ။အနက်ထင်လောက်ပြီ။

ဤကား ကထိန်မခင်းအပ်သောအကြောင်း ၂၄-ပါး။ ပဋိက္ခေပပညတ္တိ သိက္ခာပုဒ်အားဖြင့် ၂၄-ပါး၊

......း၀း......

## ကထိန်ခင်းအပ်သော အကြောင်း ၁၇-ပါး

(၁) အသစ်အစာမချေ မသုံးဆောင်သေးသောပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

အဟတေန အတ္ထတံ ဟောတိ ကထိနံ။ ။အဟတေန၊ အသစ်အစာမချေ မသုံးဆောင်သေးသောပုဆိုးဖြင့်။ပ။

(၂) အသစ်နှင့်တူ, အစာမချေသည်နှင့်တူ, မသုံးဆောင်သည်နှင့်တူ၊ တကြိမ်, ၂-ကြိမ်လျှော်သောပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

အဟတကပ္ပေန အတ္ထတံ ဟောတိ ကထိနံ။ ။အဟတကပ္ပေန၊ တကြိမ်, ၂-ကြိမ်လျှော်သော ပုဆိုးဖြင့်။ပ။

(၃) အစာချေသောပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

ပိလောတိကာယ အတ္ထတံ ဟောတိ ကထိနံ။ ။ပိလောတိကာယ၊ အစာချေသော ပုဆိုးဖြင့်။ပ။

(၄) ပံသုကူပုဆိုး, ပံသုကူသင်္ကန်းဖြင့်၊ ကထိန်ခင်းအပ်၏။

ပံသုကူလေန အတ္ထတံ ဟောတိ ကထိနံ။ ။ပံသုကူလေန ပံသုကူသင်္ကန်းဖြင့်။ ပ ။

(၅) အိမ်ဈေးတံခါး၌ကျသော ပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

ပါပဏိကေန အတ္ထတံ ဟောတိ ကထိနံ။ ။ပါပဏိကေန၊ အိမ်ဈေးတံခါး၌ကျသော ပုဆိုးဖြင့်။ ပ ။

၆) နိမိတ်အမှု မပြုဘဲရသော ပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

အနိမိတ္တကတေန အတ္ထတံ ဟောတိ ကထိနံ၊ ။အနိမိတ္တကတေန၊ နိမိတ်မပြုသော ပုဆိုးဖြင့်၊ ပ ။

၇) ပရိယာယ်စကားမှုမပြုဘဲ ဖြစ်သော ပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

အပရိကထာ ကတေန အတ္ထတံ ဟောတိ ကထိနံ၊ ။အပရိကထာကတေန၊ ပရိယာယ်စကား မပြုသော ပုဆိုးဖြင့်။ ပ။

(၈) အခိုက်အတန့် မထောင်း မငြါးသော ပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

အကုက္ကုကတေန အတ္ထတံ ဟောတိ ကထိနံ။ ။အကုက္ကုကတေန၊ မငြားသော ပုဆိုးဖြင့်။ ပ။

(၉) အပေး, အချုပ် မသိုးသော ပုဆိုးဖြင့်၊ ကထိန်ခင်းအပ်၏။

အသန္နိဓိကတေန အတ္ထတံ ဟောတိ ကထိနံ၊ ။အသန္နိဓိကတေန၊ အပေးမသိုး, အချုပ်မသိုးသော ပုဆိုးဖြင့်။ ပ။

(၁၀) ချုပ်စဉ်, ဆိုးစဉ်, မခင်းခင် ညဉ့်အာရုံမလွန်သဖြင့်၊ ကထိန်ခင်းအပ်၏။

အနိဿဂ္ဂိယေန အတ္ထတံ ဟောတိ ကထိနံ၊ ။အနိဿဂ္ဂိယေန၊ ညဉ့်အာရုံကိုမစွန့်သဖြင့်။ ပ။

(၁၁) ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်၊ ကထိန်ခင်းအပ်၏။

ကပ္ပကတေန အတ္ထတံ ဟောတိ ကထိနံ၊ ။ကပ္ပကတေန၊ ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်။ ပ။

(၁၂) ဒုဂုဋ်ဖြင့်၊ ကထိန်ခင်းအပ်၏။

သံဃာဋိယာ အတ္ထတံ ဟောတိ ကထိနံ။ ။သံဃာဋိယာ၊ ဒုဂုဋ်ဖြင့်။ ပ။

(၁၃) ကိုယ်ဝတ်ဖြင့်၊ ကထိန်ခင်းအပ်၏။

ဥတ္တရာသင်္ဂေန အတ္ထတံ ဟောတိ ကထိနံ၊ ။ဥတ္တရာသင်္ဂေန၊ ကိုယ်ဝတ်ဖြင့်။ ပ။

(၁၄) သင်းပိုင်ဖြင့်၊ ကထိန်ခင်းအပ်၏။

အန္တရဝါသကေန အတ္ထတံ ဟောတိ ကထိနံ၊ ။အန္တရ ဝါသကေန၊ သင်းပိုင်ဖြင့်။ပ။

(၁၅) ထိုနေ့ပင် ကောင်းစွာဖြတ်အပ်သော၊ အိမ်ကြီး, အိမ်ငယ်၊ မြောင်းရှည်, မြောင်းတို့နှင့်တကွသော၊ ပဉ္စခဏ်း, ပဉ္စခဏ်း ထက်အလွန်၊ သတ္တခဏ်း, နဝခဏ်းဖြင့်၊ ကထိန်ခင်းအပ်၏။

ပဉ္စကေနဝါ အတိရေက ပဉ္စကေနဝါ တဒဟော သံဆိန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ။ ။ တဒဟော၊ ထိုနေ့ပင်။သံဆိန္နေန၊ ကောင်းစွာဖြတ်အပ်သော။ သမဏ္ဍလိကတေန၊ အိမ်ကြီး, အိမ်ငယ်၊ မြောင်းရှည်, မြောင်းတို့နှင့်တကွသော။ ပဉ္စကေနဝါ၊ ၅–ခဏ်းဖြင့်ရင်း။ အတိရေက ပဉ္စကေနဝါ၊ ၅-ခဏ်းထက်အလွန် သတ္တခဏ်း, နဝ ခဏ်းဖြင့်ရင်း။ပ။

(၁၆) ပုဂ္ဂိုလ်၏ခင်းခြင်းဖြင့်၊ ကထိန်ခင်းအပ်၏။

ပုဂ္ဂလဿ အတ္ထာရာ အတ္ထတံ ဟောတိ ကထိနံ။ ။ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ အတ္ထာရာ၊ ခင်းခြင်းဖြင့်။ပ။

(၁၇) ကောင်းစွာ ကထိန်ခင်းအပ်သည်ဖြစ်အံ့၊ ထိုကထိန်ကို ဥပစာရ သိမ်၌တည်သော၊ ရဟန်းက အနုမောဒနာပြုသည် ဖြစ်အံ့၊ ဤသို့လည်း ကထိန်ခင်းအပ်၏။

သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊ တစ္စေ သီမဋ္ဌော အနုမောဒတိ၊ ဧဝံပိ အတ္ထတံ ဟောတိ ကထိနံ။ ။ အဓိပ္ပါယ်ဖြင့်ပင် အနက်ထင်ပြီ။

ဤကား ကထိန်ခင်းအပ်သော အကြောင်း ၁၇–ပါး၊ အနုညာတပညတ္တိသိက္ခာပုဒ် အားဖြင့် ၁၇–ပါး။

သက်နိုးအစီအရင်ပြီး၏။

★

# ပစ္စည်းပစ္စယုပ္ပန်

## ကထိန်ခင်းသည်နှင့် တပြိုင်နက် ၁၅-ပါးသော တရားတို့ ဖြစ်ကြသည်ကို ပြခြင်း

သဟ ကထိနသ္သ အတ္ထာရာ ကတိဓမ္မာ ဇာယန္တိ။ ။သဟ ကထိနသ္သ အတ္ထာရာ ပန္နရသဓမ္မာ ဇာယန္တိ။ အဋ္ဌ မာတိကာ, ဒွေ ပလိဗောဓာ, ပဉ္စာနိသံသာ၊ သဟ ကထိနသ္သ အတ္ထာရာ ဣမေ ပန္နရသဓမ္မာ ဇာယန္တိ။-ဟူသော အဖြေ၌၊ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အာသာဝစ္ဆေဒိကာ, သီမာတိက္ကန္တိကာ, သဟုဗ္ဘာရာ၊ မာတိကာ ရှစ်ပါး။ အာဝါသ ပလိဗောဓ, စီဝရ ပလိဗောဓ ၂-ပါး။ အနာမန္တစာရ, အသမာဒါနစာရ, ဂဏဘောဇန, ယာဝဒတ္ထစီဝရ, ယောစတတ္ထ စီဝရုပ္ပါဒ၊ အာနိသင် ၅-ပါး။ ဤ၁၅-ပါးတရားတို့သည်၊ ကထိန်ခင်းသည်နှင့်တကွ ဖြစ်ကြကုန်၏။

အဓိပ္ပါယ်ကား၊ ကထိန်ခင်းခြင်းဟူသည်၊အတ္ထာရကြိယာတည်ရှိခြင်းပင်တည်း။ အတ္ထာရကြိယာနှင့်တကွ ကထိန်နုတ်ခြင်း, ခြုတ်ငြိမ်းခြင်းကို ဖြစ်စေတတ်ကုန်သော၊ မာတိကာရှစ်ပါးတို့သည်လည်း၊ တည်ရှိကုန်၏။ နုတ်ခြင်း,ခြုတ်ခြင်းကို မဖြစ်စေကြကုန်လင့်။ကြောင့်ကြကို ပြုတတ်ကြကုန်သော၊ အာဝါသ ပလိဗောဓ, စီဝရ ပလိဗောဓ ၂-ပါးတို့သည်လည်း၊ တည်ရှိကြကုန်၏၊ ကြောင့်ကြကို မပျက်စေကြကုန်လင့်။ ကထိန်၏အကျိုးဆက်ဖြစ်သော၊ အာနိသင်တရား ၅-ပါးတို့သည်လည်း၊ တည်ရှိကြကုန်၏။ အာနိသင်အကျိုးဆက်မပျက်ကြစေကုန်လင့်-ဟူလိုသည်။

## ပယောဂဿ ကတမေ ဓမ္မာ၊ အနန္တရ ပစ္စယေန ပစ္စယော စသော ပယောဂ-ကို ပြခြင်း၊

ပယောဂဿ ကတမေ ဓမ္မာ၊ အနန္တရ ပစ္စယေန ပစ္စယော၊ သမနန္တရပစ္စယေနပစ္စယော၊ နိဿယပစ္စယေ

န ပစ္စယော၊ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ပစ္ဆာဇာတပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန ပစ္စယော။ ဟူသောအမေး၌၊........

ကထိန်ပုဆိုး ဖွပ်ခြင်းအကျိုးငှါ၊ ရေကိုဆောင်ခြင်း။ ပဥ္စခဏ်းစိရင်ခြင်းအကျိုးငှါ၊ နှင်း,တမြဥ်းကိုဆောင်ခြင်း။ ဖြတ်ခြင်း အကျိုးငှါ၊ ဓားကိုဆောင်ခြင်း။ စပ်ခြင်း အကျိုးငှါ၊ တည်းအပ်ကို ဆောင်ခြင်း။ ချုပ်ခြင်းအကျိုးငှါ၊ အပ်,အပ်ချည်ကိုဆောင်ခြင်း။ ဆိုးခြင်းအကျိုးငှါ ဆိုးရေကိုဆောင်ခြင်း။ ကပ္ပဗိန္ဒုထိုးခြင်းအကျိုးငှါ၊ ညွန်ကိုဆောင်ခြင်း။ ဤဆောင်ခြင်း ၇-ပါးသည်၊ ပယောဂမည်၏။ ထိုပယောဂအား။........

ပယောဂဿာတိ စီဝရဓောဝနာဒိနော သတ္တဝိဓဿ ပုဗ္ဗကရဏဿတ္ထာယ ယော ဥဒကာ ဟရဏာဒိကော ပယောဂေါ ကရီယတိ၊ တဿ ပယောဂဿ။ ။အဋ္ဌကထာ။

ကတမေ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော၊ – ဟူသော အမေးဖြင့်၊ အဘယ်တရားတို့သည်၊ ဖြစ်ဆဲ ပယောဂ၏နောက်၊ အနာဂတ်အခြားမဲ့ဖြစ်၍၊ အနန္တရပစ္စည်းဖြစ်ကုန်သနည်း ဟု မေး၏။

သမနန္တရပစ္စယေန ပစ္စယော၊-ဟူသော အမေးဖြင့်၊ အဘယ်တရားတို့သည်၊ ဖြစ်ဆဲ ပယောဂ၏နောက်၊ ကောင်းစွာ အနာဂတ်အခြားမဲ့ဖြစ်၍၊ သမနန္တရပစ္စည်း ဖြစ်ကုန်သနည်းဟု မေး၏။

နိဿယပစ္စယေန ပစ္စယော၊ -ဟူသော အမေးဖြင့်၊ အဘယ်တရားတို့သည်၊ ဖြစ်ဆဲ ပယောဂ၏တည်ရာ အဖြစ်သို့ ရောက်၍၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း ဟု မေး၏။

ဥပနိဿယပစ္စယေန ပစ္စယော၊–ဟူသော အမေးဖြင့်၊ အဘယ်တရားတို့သည်၊ ဖြစ်ဆဲ ပယောဂ၏ အထူးသဖြင့် တည်ရာအဖြစ်သို့ ရောက်၍၊ ဥပနိဿယပစ္စည်း ဖြစ်ကုန်သနည်း ဟု မေး၏။

ပုရေဇာတပစ္စယေန ပစ္စယော၊ -ဟူသော အမေးဖြင့်၊ အဘယ်

တရားတို့သည်၊ ရှေ့ဖြစ်ဆဲ ပယောဂ၏၊ ပုရေဇာတပစ္စည်း ဖြစ်ကုန်သနည်း ဟု မေး၏။

ပစ္ဆာဇာတပစ္စယေန ပစ္စယော၊- ဟူသော အမေးဖြင့်၊ အဘယ်တရားတို့သည်၊ နောက် အနာဂတ်အခြားမဲ့ ဖြစ်လတံ့သော ပုဗ္ဗကရဏ၏၊ ပစ္ဆာဇာတ ပစ္စည်း ဖြစ်ကုန်သနည်း ဟု မေး၏။

သဟဇာတပစ္စယေန ပစ္စယော၊- ဟူသော အမေးဖြင့်၊ အဘယ်တရားတို့သည်၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်သော ၁၅-ပါး တရားတို့၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်းဟု မေး၏။

ဤသို့မေးမှု၊ ဧဝံ ယတ္ထ လဗ္ဘတိ ယတ္ထ န လဗ္ဘတိ သဗ္ဗံ ပုစ္ဆိတဗ္ဗာ။- ဟူသော အဋ္ဌကထာနှင့်ညီသည်။

ပုဗ္ဗကရဏဿ ကတမေ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော။ ၆။ သဟဇာတ ပစ္စယေန ပစ္စယော။-ဟူသော အမေး၌၊ ကထိန်လျှာပုဆိုးကို၊ ဖွပ်ခြင်း, နယ်ခြင်း တမြည်းဖြင့် ပဋ္ဌခဏ်း ဖိရင်ခြင်း, ဓားဖြင့်ဖြတ်ခြင်း, တည်းအပ်ဖြင့် စပ်ခြင်း, အပ်ချည်ဖြင့် ချုပ်ခြင်း, ဆိုးရည်ဖြင့် ဆိုးခြင်း, ညွှန်ဖြင့် ကပ္ပဗိန္ဒုထိုးခြင်း။ ဤ ၇-ပါးသည်၊ ပုဗ္ဗကရဏ မည်၏။

ထိုပုဗ္ဗကရဏအား။ ပုဗ္ဗကရဏဿာတိ ဓောဝနာဒိနော ပုဗ္ဗကရဏဿ။ ။ပစ္စည်းမေး၊ ရှေးနည်းလိုက်။

ပစ္စုဒ္ဓါရဿ ကတမေ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော။ပ။ သဟဇာတပစ္စယေန ပစ္စယော။-ဟူသောအမေး၌၊ သက်နှီးဟောင်းကို ပစ္စုဒ္ဓိုရ်ပြုခြင်းသည်၊ ပစ္စုဒ္ဓါရမည်၏။

ထိုပစ္စုဒ္ဓိုရ်အား။ ပစ္စုဒ္ဓါရဿာတိ ပုရာဏ သံဃာဋိအာဒိနံ ပစ္စုဒ္ဓါရဿ။ ။ ပစ္စည်းမေး၊ ရှေးနည်းလိုက်။

အဓိဋ္ဌာနဿ ကတမေ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော။ပ။ သဟဇာတပစ္စယေန ပစ္စယော။-ဟူသောအမေး၌၊ ကထိန်သင်္ကန်းကို အဓိဋ္ဌာန်ပြုခြင်းသည်၊ အဓိဋ္ဌာနမည်၏။

ထိုအဓိဋ္ဌာန်အား။ အဓိဋ္ဌာနဿာတိ ကထိနစီဝရ အဓိဋ္ဌာနဿ။ ။ ပစ္စည်းမေး၊ ရှေးနည်းလိုက်။

အဋ္ဌာရသ ကတမေ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော။ ပ။ သဟာဇာတပစ္စယေန ပစ္စယော။-ဟူသောအမေး၌၊ ကထိန်ခင်းခြင်းသည်၊ အဋ္ဌာရမည်၏။

ထိုကထိန်ခင်းခြင်းအား။ အဋ္ဌာရသာတိ ကထိနဋ္ဌာရသ။ ။ ပစ္စည်းမေး၊ ရှေးနည်းလိုက်။

မာတိကာနဉ္စ ပလိဗောဓာနဉ္စ ကတမေ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော၊ ပ။ သဟဇာတပစ္စယေန ပစ္စယော။-ဟူသောအမေး၌၊ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အာသာဝစ္ဆေဒိကာ, သီမာတိက္ကန္တိကာ, သဟုဗ္ဘာရာ။ ဤရှစ်ပါးသည်၊ မာတိကာမည်၏။ အာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါးသည်၊ ပလိဗောဓမည်၏။ ထိုမာတိကာ ရှစ်ပါးတို့အားရင်း၊ ထိုပလိဗောဓ ၂-ပါးတို့အားရင်း။

မာတိကာနဉ္စ ပလိဗောဓာနဉ္စာတိ အဋ္ဌန္နံ မာတိကာနံ ဒွိန္နံ ပလိဗောဓာနဉ္စ။ ။ပစ္စည်းမေး၊ ရှေးနည်းလိုက်။

ဝတ္ထုသ ကတမေဓမ္မာ အနန္တရပစ္စယေန ပစ္စယော။ ပ။ သဟဇာတပစ္စယေန ပစ္စယော။-ဟူသောအမေး၌၊ ဝတ္ထုသည် သာမညအားဖြင့် တပါး၊ ဝိသေသအားဖြင့်သော်ကား၊ ကထိနဝတ္ထု, ပဉ္ဉာတဝတ္ထု, အာနိသံသဝတ္ထု အားဖြင့် သုံးပါး။

ထိုသုံးပါးတို့တွင်၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ၊ ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ၊ ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ။-ဟု ကထိန်ခင်းသော သင်္ကန်းသည်၊ ကထိနဝတ္ထုမည်၏။

ကထိနဿ ဧကံ မူလံ သံဃော၊ တိဏိ ဝတ္ထူနိ သံဃာဋိ,ဥတ္တရာသင်္ဂေါ,အန္တရဝါသကော၊ ဆ ဘူမိယော ခေါမံ,ကပ္ပါသိကံ,ကောသေယျံ, ကမ္ဗလံ, သာဏံ, ဘင်္ဂံ။

ကထိန်ဝတ္ထုကား မဖြစ်သေး၊ အရှင်ဘုရားအား သင်္ကန်းလှူကုန်အံ့၊ အရှင်ဘုရားအလို့ငှါ သင်္ကန်းပြုကုန်အံ့၊-ဟု ဒါယကာတို့က ဝန်ခံသောသင်္ကန်းသည်၊ ပဉ္ဉာတဝတ္ထုမည်၏။

အာသာတိ စိဝရာသာ၊ ဝတ္ထုတိ အာသာယ နိမိတ္တဘူတံ အနုပ္ပန္န စီဝရံ၊ ဒဿာမ ကရိဿာမာတိ ဟိ ဒါယကာ ယေဟိ ပဋိညာတ စီဝရံ နိဿာယ အနန္တရံ ဥပ္ပဇ္ဇမာနာ စီဝရာသာ အနန္တရပစ္စယာ ဝိဘာဝေန ဝုတ္တာ။ ။ဝိမတိ။

ကထိန်ခင်းသော ဥပစာရသိမ်၌၊ ကထိန်ခင်းသောရဟန်း, အနုမောဒနာပြုသောရဟန်းအား၊ ကထိန်ခင်းကတည်းက ရခြင်းငှါ ထိုက်သော အာနိသင် ကထိန်ပုဆိုးသည်၊ အာနိသံသ ဝတ္ထု မည်၏။

ထိုအာနိသင် ကထိန်ပုဆိုးဝတ္ထုအား။ ဝတ္ထုဿာတိ သံဃာဒိ အာနိသံသ ကထိနဿ ဝတ္ထုဿ။ ။ အဋ္ဌကထာ ။ ။ဝတ္ထုဿာတိ- ဟုတည်ပါဌ်ရှိသည်ကား၊ ပါဌ်ပျက်တည်း။

ပါဠိယံ ပနေတ္ထ ဝတ္ထု အာသာစ အနာသာစာတိ အာဒိသု အတ္ထတေ ကထိနေ အာနိသံသဝသေန ဥပ္ပဇ္ဇနက ပစ္စာသာစီဝရံ ဝတ္ထုတိ ဝုတ္တံ။ ။ဝိမတိ။

ဧတ္ထ ပန ပါဠိယံ၊ ဤကထိနဘေဒ ပရိဝါပါဠိ၌ကား။ ဝတ္ထု အာသာစ အနာသာစာတိအာဒိသု၊ ဝတ္ထု အာသာစ အနာသာစ- ဤသို့ အစရှိကုန်သော။ ဝိသဇ္ဇနေသု၊ အဖြေတို့၌။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်သည်ရှိသော်။ အာနိသံသဝသေန၊ အာနိသင်အလိုအားဖြင့်။ ဥပ္ပဇ္ဇနက ပစ္စာသာစီဝရံ၊ ရနိုးသောစိတ် အာသာအကြောင်း, မရနိုးသောစိတ် အနာသာအကြောင်း၏၊ အကျိုးဖြစ်ခြင်းငှါထိုက်သော သင်္ကန်းကို။ ဝတ္ထုတိ၊ ဝတ္ထုဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ။ ပစ္စည်းမေး၊ ရှေးနည်းလိုက်။

ပဋ္ဌာန်းပစ္စည်းနှင့် ဝိနည်းပစ္စည်း၊ နှီးနှောမရ မတူကြ။

ပုဗ္ဗကရဏံ ပယောဂဿ အနန္တရပစ္စယေန ပစ္စယော၊-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏသည်ကား၊ ရှေးယခုပြုဆဲဖြစ်သော ပယောဂ၏ အနန္တရပစ္စည်းတည်း။ ရှေးယခုပြုဆဲ ဖြစ်သော ပယောဂသည်ကား၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပုဗ္ဗကရဏံ ပယောဂဿ သမနန္တရပစ္စယေန ပစ္စယော၊-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏသည်ကား၊ ဖြေးပြုဆဲဖြစ်သော ပယောဂ၏ သမနန္တရပစ္စည်းတည်း။ ဖြေးယခုပြုဆဲ ဖြစ်သော ပယောဂသည်ကား၊ သမနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပုဗ္ဗကရဏံ ပယောဂဿ နိဿယပစ္စယေန ပစ္စယော၊-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏသည်ကား၊ ဖြေးယခုပြုဆဲဖြစ်သော ပယောဂ၏ နိဿယပစ္စည်းတည်း။ ဖြေးယခုပြုဆဲဖြစ်သော ပယောဂသည်ကား၊ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပုဗ္ဗကရဏံ ပယောဂဿ ဥပနိဿယပစ္စယေန ပစ္စယော၊-ဟူသောအဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏသည်ကား၊ ဖြေးယခုပြုဆဲဖြစ်သော ပယောဂ၏ ဥပနိဿယပစ္စည်းတည်း။ ဖြေးယခုပြုဆဲဖြစ်သော ပယောဂသည်ကား၊ ဥပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

**ပုဗ္ဗကရဏံ ပယောဂဿ အနန္တရပစ္စယေန ပစ္စယော၊ သမနန္တရ, နိဿယ, ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပယောဂဿ ဟိ သတ္တိဝိဓမ္မိ ပုဗ္ဗကရဏံ၊ ယသ္မာ တေန ပယောဂေန နိပ္ဖါဒေတဗ္ဗဿ ပုဗ္ဗကရဏဿတ္ထာယ သော ပယောဂေါ ကရီယတိ၊ တသ္မာ ဣမေဟိ စတူဟိ ပစ္စယေဟိ ပစ္စယော ဟောတိ။** ။ ၁-အဋ္ဌကထာ။

အနာဂတဝသေနာတိ ဥဒကာဟရဏာဒိ ပယောဂေ ဥပ္ပန္နေ ပစ္ဆာဓောဝနာဒိ ပုဗ္ဗကရဏဿ ဥပတ္ထိ တော တပ္ပယောဂဿ အနာဂတဝသေနေဝ အနန္တရပစ္စယော၊ ပစ္စယတ္တဉ္စဿ ကာရိယဘူတဿ ယသ္မာ နိပ္ဖါဒေတဗ္ဗတံ နိဿာယ ပစ္စယာ ပဝတ္တာ၊ န ဝိနာ

တေန၊ တသ္မာ တေန ပရိယာယေန ဝုတ္တံ၊န သဘာဝတော သမ္ဘူတ္တ၊တေနာဟ ပယောဂဿ ဟီတိ အာဒိ၊ တတ္ထ ပယောဂဿ သတ္တဝိဓေပိ ပုဗ္ဗကရဏံ ပစ္စယော ဟောတီတိ သမ္ဗန္ဓော။ ။ ၂-ဝိမတိ။

ပယောဂေါ ပုဗ္ဗကရဏဿ ပူရေဇာတပစ္စယေန ပစ္စယော။-ဟူသောအဖြေ၌၊ ရှေးယခုပြုဆဲဖြစ်သော ပယောဂသည်ကား၊ အနာဂတ် နောက် အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏ၏ ပူရေဇာတ ပစ္စည်းတည်း။ အနာဂတ် နောက်အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏ သည်ကား၊ပူရေဇာတ ပစ္စည်း၏ပစ္စယုပ္ပန်တည်း။

ပူရေဇာတပစ္စယော ပနေသ ဥဒ္ဒိဋ္ဌဓမ္မေသု ကေစိ န လဗ္ဘတိ၊ အညဒတ္ထု ပုဗ္ဗကရဏဿ အယံ ပူရေဇာတပစ္စယော ဟောတိ၊ပယောဂေ သတိ ပုဗ္ဗကရဏဿ နိပ္ဖန္နတော၊တေန ဝုတ္တံ ပယောဂေါ ပုဗ္ဗကရဏဿ ပူရေဇာတပစ္စယေန ပစ္စယောတိ။ ။အဋ္ဌကထာ။

ပုဗ္ဗကရဏံ ပယောဂဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊အနာဂတ် နောက်အခြားမဲ့၌၊ ပြီးစေအပ်သော ပုဗ္ဗကရဏသည်ကား၊ ရှေး ယခုပြုဆဲဖြစ်သော ပယောဂ၏ ပစ္ဆာဇာတ ပစ္စည်းတည်း။ ရှေးယခုပြုဆဲဖြစ်သော ပယောဂသည်ကား၊ ပစ္ဆာဇာတပစ္စည်း၏ပစ္စယုပ္ပန်တည်း။

ပစ္ဆာဇာတပစ္စယံ ပန လဗ္ဘတိ၊ ကေန ဝုတ္တံ ပုဗ္ဗကရဏံ ပယောဂဿ ပစ္ဆာဇာတပစ္စယေန ပစ္စယောတိ၊ ပစ္ဆာ ဥပ္ပဇ္ဇနကဿ ဟိ ပုဗ္ဗကရဏဿ အတ္ထာယ သော ပယောဂေါ ကရိယတိ။ ။အဋ္ဌကထာ။

လဗ္ဘတီတိ ပစ္ဆာဇာတပစ္စယံ ပုဗ္ဗကရဏံ လဗ္ဘတိ၊ ပစ္ဆာဇာတပစ္စယော ဟောတီတိ အတ္ထော။ ။ ၂-ဝိမတိ။

ပန္နရသမ္မော သဟာဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ရှေး ယာခု ပြုဆဲဖြစ်သော ပယောဂနှင့် တကွ၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်၊ အချင်းချင်း တပါးသည်တပါး၏ ပစ္စည်းပစ္စယုပ္ပန်ကို၊အပြန်အလှန် ယူသည် ဖြစ်၍၊ ၁၅ - ပါးသော တရားတို့၏ သဟာဇာတ ပစ္စည်းချည်းပင် တည်း။

ရှေး ယာခုပြုဆဲဖြစ်သော ပယောဂနှင့်တကွ၊ မရှေး မနှောင်း တပေါင်းဘည်းဖြစ်ကြသော၊၁၅-ပါးသော တရားတို့သည်၊အချင်းချင်း တပါးသည်တပါး၏ ပစ္စည်းပစ္စယုပ္ပန်ကို၊ အပြန်အလှန်ယူသည် ဖြစ်၍ သဟာဇာတ ပစ္စည်းပစ္စယုပ္ပန်ချည်းပင်တည်း။

သဟာကထိနသော အဋ္ဌာရာ ကတိမ္မော ဇာယန္တိ၊သဟာကထိနသော အဋ္ဌာရာ ပန္နရသမ္မော ဇာယန္တိ၊ အဋ္ဌ မာတိကာ, ဒွေ ပလိဗောဓာ, ပဥ္စာနိသံသာ သဟာကထိနသော အဋ္ဌာရာ ဣမေ ပန္နရသမ္မော ဇာယန္တိ။-ဟူသော ပါဠိဖြင့်၊ကထိန်ခင်းသည်နှင့်တကွ၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅- ပါးသော တရားတို့သည်ဟု အဓိပ္ပါယ်ကိုဆိုအပ်သည်ဖြစ်လျက်၊ မဆိုမူ၍ ရှေး ယာခု ပြုဆဲဖြစ်သော ပယောပနှင့်တကွ၊ မရှေး မနှောင်း တပေါင်းတည်း ဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်ဟု အဓိပ္ပါယ်ကို ဆိုရခြင်းသည်ကား၊ ကထိနဿ ကော အာဒိ၊ ကိံ မဇ္ဈေ၊ ကိံ ပရိယောသာနံ။ ကထိနဿ ပုဗ္ဗကရဏံ အာဒိ၊ကြိယာ မဇ္ဈေ၊ အဋ္ဌာရော ပရိယောသာနံ။-ဟူသော ပါဠိဖြင့်၊ကထိန်၏ အစ,အလည်,အဆုံး သုံးပါးပြ၏။

ထိုသုံးပါးတို့တွင်၊ ကထိန်၏အစဖြင့်၊ပယောဂ, ပုဗ္ဗကရဏ ၂-ဌာနပြ၏။ ကထိန်၏ အလည်ဖြင့်၊ ပစ္စုဒ္ဓါရ, အဓိဋ္ဌာန ၂-ဌာနပြ၏။ ကထိန်၏ အဆုံးဖြင့်၊ အဋ္ဌာရ, ဝဋ္ဋ ၂-ဌာန ပြ၏။ ဤသို့ ကထိန်၏ အစ, အလည်, အဆုံး သုံးပါးဖြင့် ပြအပ်သော၊ ရှေးယာခုပြုဆဲ ဖြစ်သော ပစ္စယုပ္ပန်ဌာန အစဉ်သည်ကား၊ ဂယောဂ, ပုဗ္ဗကရဏ, ပစ္စုဒ္ဓါရ,အဓိဋ္ဌာန, အဋ္ဌာရ, ဝဋ္ဋ အားဖြင့် ၆-ပါး အပြားရှိ၏။

ခြောက်ပါးအပြားရှိသော၊ရှေးယာခု ပြုဆဲဖြစ်သော ပစ္စယုပ္ပန်ဌာန

အစဉ် ဖြင့် ပြအပ်သော၊ အနာဂတ် အခြားမဲ့၌ ပြီးစေအပ်သော ပစ္စည်းဌာန် အစဉ်သည်ကား၊ ပုဗ္ဗကရဏ,ပစ္စုဒ္ဓါရ,အဓိဋ္ဌာန်,မာတိကာ,ပလိဗောဓ,အာသာ အနာသာ အားဖြင့် ၆-ပါး အပြားရှိ၏။ ခြောက်ပါး အပြားရှိသော ပစ္စည်းဌာန် အစဉ်သည်ကား၊ အနာဂတ် အခြားမဲ့ ဖြစ်၍၊ သဟဇာတ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ခြင်းငှါ မတတ် ကောင်း။

ခြောက်ပါး အပြားရှိသော ပစ္စယုပ္ပန်ဌာန် အစဉ်သည်ကား၊ ရှေ့ယခုပြုဆဲဖြစ်၍ သဟဇာတ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ခြင်းငှါ တတ် ကောင်းသောကြောင့်၊ ပစ္စုပ္ပန်ဌာန် အစမှ အဆုံးတိုင်အောင်၊ ၆-ဌာနအစဉ်အတိုင်း သဟဇာတပစ္စည်း ပစ္စယုပ္ပန်ကို ဖြေဆိုခြင်းငှါ။ ရှေ့ယခု ပြုဆဲဖြစ်သော ပယောဂနှင့် တကွ၊ မရှေးမနှောင်း တပေါင်း တည်းဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်ဟု-အဓိပ္ပါယ်ကို ဆိုရချေသည်။

သဟဇာတပစ္စယံ ပန မာတိကာ ပလိဗောဓာနိသံ သသင်္ဂါဓေတ ပန္နရသ ဓမ္မေ ထပေတွာ အညော ပယောဂါဒီသု ကောစိ ဓမ္မော န လဘတိ၊ ဧဝံ ဟိ ပန္နရသ ဓမ္မာ သဟ ကထိနတ္ထာရေန ဧကတော နိပ္ပဇ္ဇန္တိ အညမညံ သဟဇာတ ပစ္စယာ ဟောန္တိ၊ တေန ဝုတ္တံ ပန္နရသ ဓမ္မာ သဟဇာတ ပစ္စယေန ပစ္စယောတိ။ ဧတေနု ပါယေန သဗ္ဗပဒ ဝိဿဇ္ဇနာနိ ဝေဒိတဗ္ဗာနိ။ ။၁-အဋ္ဌကထာ။

ပါဠိယံ ပန္နရသဓမ္မာ သဟဇာတ ပစ္စယေန ပစ္စယောတိ ဧတ္ထ ပုဗ္ဗကရဏဿာတိ ဝါ ပယောဂဿာတိ ဝါ အညဿ ကဿစိ ပစ္စယုပ္ပန္နဿ အပရာမဋ္ဌတ္တာ ပန္နရသဓမ္မာ သယံ အညမည သဟဇာတ ပစ္စယေန ပစ္စယောတိ ဧဝမတ္ထော ဂဟေတဗ္ဗောတိ ဧတဟိ သ

ဟ ဥပ္ပန္နကာသ အညဿ အဘာဝါ၊ ဧဝံ ဥပရိ သဗ္ဗတ္ထ၊ တေနာဟ သဟဇာတပစ္စယံ ပနာတိ အာဒိ။
။၂-ဝိမတိ။

ပစ္စုဒ္ဓါရေ ပုဗ္ဗကရဏာသ အနန္တရပစ္စယေန ပစ္စယော။ - ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော ပစ္စုဒ္ဓါရသည်ကား၊ ရှေးယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏာ၏ အနန္တရပစ္စည်းတည်း။ ရှေ့ယခု ပြုဆဲဖြစ်သော ပုဗ္ဗကရဏာ သည်ကား၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပစ္စုဒ္ဓါရေ ပုဗ္ဗကရဏာသ သမနန္တရပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ်နောက် အခြားမဲ့၌ ပြီးစေအပ်သော ပစ္စုဒ္ဓါရသည်ကား၊ ရှေ့ ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏာ၏ သမနန္တရပစ္စည်းတည်း။ ရှေ့ယခု ပြုဆဲဖြစ်သော ပုဗ္ဗကရဏာ သည်ကား၊ သမနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပစ္စုဒ္ဓါရေ ပုဗ္ဗကရဏာသ နိဿယ ပစ္စယေန ပစ္စယော။- ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော ပစ္စုဒ္ဓါရသည်ကား၊ ရှေ့ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏာ၏ နိဿယပစ္စည်းတည်း။ ရှေ့ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏာသည်ကား၊ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပစ္စုဒ္ဓါရေ ပုဗ္ဗကရဏာသ ဥပနိဿယပစ္စယေန ပစ္စယော။- ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော ပစ္စုဒ္ဓါရသည်ကား၊ ရှေ့ယခု ပြုဆဲဖြစ်သော ပုဗ္ဗကရဏာ၏ ဥပနိဿယပစ္စည်းတည်း။ ရှေ့ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏာသည်ကား၊ ဥပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပုဗ္ဗကရဏံ ပစ္စုဒ္ဓါရဿ ပုရေဇာတပစ္စယေန ပစ္စယော။ - ဟူသော အဖြေ၌၊ ရှေ့ယခု ပြုဆဲဖြစ်သော ပုဗ္ဗကရဏာသည်ကား၊ အနာဂတ်နောက်အခြားမဲ့၌ ပြီးစေအပ်သော ပစ္စုဒ္ဓါရ၏ ပုရေဇာတပစ္စည်းတည်း။ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော ပစ္စုဒ္ဓါရသည်ကား၊ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပစ္စုဒ္ဓါရေ ပုဗ္ဗကရဏဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ပြီးစေအပ်သော ပစ္စုဒ္ဓါရသည်ကား၊ ရှေ့ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏ၏ ပစ္ဆာဇာတပစ္စည်းတည်း။ ရှေ့ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏသည်ကား၊ ပစ္ဆာဇာတပစ္စည်း၏ပစ္စယုပ္ပန်တည်း။

ပန္နရသဓမ္မာ သဟဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ရှေ့ယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏနှင့်တကွ၊ မရှေးမနှောင်းတပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်၊ အချင်းချင်း တပါးသည် တပါး၏ပစ္စည်း, ပစ္စယုပ္ပန်ကို၊ အပြန်အလှန်ယူသည်ဖြစ်၍၊ ၁၅-ပါးသောတရားတို့၏ သဟဇာတပစ္စည်းချည်းပင်တည်း။

ရှေးယခုပြုဆဲဖြစ်သော ပုဗ္ဗကရဏနှင့်တကွ၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်၊ အချင်းချင်း တပါးသည် တပါး၏ပစ္စည်း, ပစ္စယုပ္ပန်ကို၊ အပြန်အလှန်ယူသည်ဖြစ်၍၊ သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ချည်းပင်တည်း။

အဓိဋ္ဌာနံ ပစ္စုဒ္ဓါရဿ အနန္တရပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော အဓိဋ္ဌာနသည်ကား၊ ရှေ့ယခု ပြုဆဲဖြစ်သော ပစ္စုဒ္ဓါရ၏ အနန္တရပစ္စည်းတည်း၊ ရှေ့ယခု ပြုဆဲ ဖြစ်သော ပစ္စုဒ္ဓါရသည်ကား၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အဓိဋ္ဌာနံ ပစ္စုဒ္ဓါရဿ သမနန္တရပစ္စယေန ပစ္စယော။- ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အဓိဋ္ဌာနသည်ကား၊ ရှေးယခု ပြုဆဲဖြစ်သော ပစ္စုဒ္ဓါရ၏ သမနန္တရပစ္စည်းတည်း။ ရှေ့ ယခု ပြုဆဲဖြစ်သော ပစ္စုဒ္ဓါရသည်ကား၊ သမနန္တရပစ္စည်း၏ပစ္စယုပ္ပန်တည်း။

အဓိဋ္ဌာနံ ပစ္စုဒ္ဓါရဿ နိဿယပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အဓိဋ္ဌာနသည်ကား၊ ရှေ့ယခုပြုဆဲဖြစ်သော ပစ္စုဒ္ဓါရ၏နိဿယပစ္စည်းတည်း။ ရှေ့

ယခုပြုဆဲဖြစ်သော ပစ္စုဒ္ဓါရသည်ကား၊ နိဿယပစ္စည်း၏ပစ္စယုပ္ပန်တည်း။

အမိဋ္ဌာနံ ပစ္စုဒ္ဓါရဿ ဥပနိဿယပစ္စယေန ပစ္စယော။ -ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ပြီးစေအပ်သော အမိဋ္ဌာနသည်ကား ၊ ရှေ့ယခုပြုဆဲဖြစ်သော ပစ္စုဒ္ဓါရ၏ ဥပနိဿယပစ္စည်းတည်း။ ရှေ့ ယခု ပြုဆဲ ဖြစ်သော ပစ္စုဒ္ဓါရသည်ကား၊ ဥပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပစ္စုဒ္ဓါရော အမိဋ္ဌာနဿ ပုရေဇာတ ပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ရှေ့ယခု ပြုဆဲဖြစ်သော ပစ္စုဒ္ဓါရသည်ကား၊ အနာဂတ်နောက်အခြားမဲ့၌ပြီးစေအပ်သော အမိဋ္ဌာန၏ ပုရေဇာတပစ္စည်းတည်း။ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော အမိဋ္ဌာနသည်ကား၊ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အမိဋ္ဌာနံ ပစ္စုဒ္ဓါရဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။- ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အမိဋ္ဌာနသည်ကား၊ ရှေ့ယခု ပြုဆဲဖြစ်သော ပစ္စုဒ္ဓါရ၏ ပစ္ဆာဇာတ ပစ္စည်းတည်း။ ရှေ့ယခုပြုဆဲဖြစ်သော ပစ္စုဒ္ဓါရသည်ကား၊ ပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပန္နရသမ္မာ သဟဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ရှေ့ယခုပြုဆဲဖြစ်သော ပစ္စုဒ္ဓါရနှင့်တကွ၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသောတရားတို့သည်ကား၊ အချင်းချင်း တပါးသည် တပါး၏ပစ္စည်း,ပစ္စယုပ္ပန်ကို၊ အပြန်အလှန် ယူကြသည်ဖြစ်၍၊ ၁၅-ပါးသော တရားတို့၏ သဟဇာတ ပစ္စည်းချည်းပင်တည်း။

ရှေ့ယခုပြုဆဲဖြစ်သော ပစ္စုဒ္ဓါရနှင့်တကွ၊ မရှေး မနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသောတရားတို့သည်ကား၊ အချင်းချင်း တပါးသည် တပါး၏ ပစ္စည်း,ပစ္စယုပ္ပန်ကို၊ အပြန်အလှန်ယူကြသည်ဖြစ်၍၊ သဟဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်ချည်းပင်တည်း။

အညာရော အမိဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။- ဟူသော

အဖြေ၌၊ အနာဂတ်နောက်အခြားမဲ့၌ ပြီးစေအပ်သော အညာရသည်ကား၊ ရှေ့ယခုပြုဆဲဖြစ်သော အဓိဋ္ဌာန၏အနန္တရပစ္စည်းတည်း။ ရှေ့ယခုပြုဆဲဖြစ်သော အဓိဋ္ဌာနသည်ကား၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အညာရော အဓိဋ္ဌာနဿ သမနန္တရပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အညာရသည်ကား၊ ရှေ့ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာန၏ သမနန္တရပစ္စည်းတည်း။ ရှေ့ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာနသည်ကား၊ သမနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အညာရော အဓိဋ္ဌာနဿ နိဿယ ပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အညာရသည်ကား၊ ရှေ့ ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာန၏ နိဿယ ပစ္စည်းတည်း။ရှေ့ ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာနသည်ကား၊ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အညာရော အဓိဋ္ဌာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ -ဟူသော အဖြေ၌၊အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော အညာရသည်ကား၊ရှေ့ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာန၏ဥပနိဿယ ပစ္စည်းတည်း။ရှေ့ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာနသည်ကား၊ ဥပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အဓိဋ္ဌာနံ အညာရဿ ပုရေဇာတ ပစ္စယေန ပစ္စယော။ - ဟူသော အဖြေ၌၊ရှေ့ယခုပြုဆဲဖြစ်သော အဓိဋ္ဌာနသည်ကား၊အနာဂတ် နောက် အခြားမဲ့၌ပြီးစေအပ်သော အညာရ၏ပုရေဇာတပစ္စည်းတည်း။အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အညာရသည်ကား၊ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အညာရော အဓိဋ္ဌာနဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။ -ဟူသော အဖြေ၌၊အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အညာရသည်ကား၊ ရှေ့ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာန၏ပစ္ဆာဇာတ ပစ္စည်းတည်း။ ရှေ့ယခု ပြုဆဲဖြစ်သော အဓိဋ္ဌာနသည်ကား၊ ပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပန္နရသမဂ္ဂ သဟာဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ဇေ့ယျ ပြုဆဲဖြစ်သော အဓိဋ္ဌာနနှင့်တကွ၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊၁၅-ပါးသော တရားတို့သည်ကား၊အချင်းချင်း တပါးသည် တပါး၏ပစ္စည်း,ပစ္စယုပ္ပန်ကို၊အပြန်အလှန် ယူသည်ဖြစ်၍၊ ၁၅-ပါးသော တရားဘို့၏ သဟာဇာတပစ္စည်းချည်းပင်တည်း။

ဇေ့ယျ ပြုဆဲဖြစ်သော အဓိဋ္ဌာနနှင့်တကွ၊ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်ကား၊ အချင်းချင်း တပါးသည်တပါး၏ပစ္စည်း, ပစ္စယုပ္ပန်ကို၊ အပြန်အလှန်ယူသည်ဖြစ်၍၊သဟာဇာတပစ္စည်း၏ ပစ္စယုပ္ပန်ချည်းပင်တည်း။

ပစ္စည်း ပစ္စယုပ္ပန် ပြီး၏။

★

# ကထိန်ခင်းသော အစီအရင်

## အပလိဗောဓ, သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ ၂-ပါးကို ပြခြင်း

ဧဝံ ခေါ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ။ ကထဉ္စ ဘိက္ခဝေ ဥဗ္ဘတံ ဟောတိ ကထိနံ။ အဋ္ဌိမာ ဘိက္ခဝေ မာတိကာ ကထိနဿ ဥဗ္ဘာရာယ၊ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အာသာဝစ္ဆေဒိကာ, သီမာတိက္ကန္တိကာ, သဟုဗ္ဘာရာ။ -ဟူသော ပါဠိဖြင့်၊ ကထိန်ခင်းသည်၏ အခြားမဲ့၌၊ ကထိန်နှုတ်ခြင်း၌ ဟောတော်မူသော မာတိကာသည်၊ အပလိဗောဓ ကထိနုဒ္ဓါရမာတိကာ, သပလိဗောဓကထိနုဒ္ဓါရမာတိကာ အားဖြင့် ၂-ပါး အပြားရှိ၏။

ဧဝံ သဗ္ဗကထိနုဒ္ဓါရေသု ပလိဗောဓုပစ္ဆေဒေါ ဝေဒိတဗ္ဗော။ -ဟူသော ပါဠိဖြင့်၊ အပလိဗောဓ ကထိနုဒ္ဓါရ မာတိကာကို ဘွင့်ဆိုသည်မှတ်၊ ။ဧဝံ ပဘေဒတော ကထိနုဒ္ဓါရံ ဒဿေတွာ ဣဒါနိ ယေ တေန တေန ကထိနုဒ္ဓါရေန ပလိဗောဓာ ဆိဇ္ဇန္တီတိ ဝုတ္တာ၊ တေသံ ပဋိပက္ခ ဒဿနတ္ထံ ဒွေမေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာတိ အာဒိမာဟ။ -ဟူသော အဋ္ဌကထာပါဠိဖြင့်၊ သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ-ကိုဘွင့်ဆိုသည်မှတ်။

ထိုအပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ, သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ ၂-ပါးတို့တွင်၊ သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ-သည်၊ အတ္ထာရ၏အခြားမဲ့၌ဖြစ်၏။ ထို့ကြောင့်၊ မာတိကာစ ပလိဗောဓာစ အတ္ထာရဿ အနန္တရပစ္စယေန ပစ္စယော၊ သမနန္တရပစ္စယေန ပစ္စယော၊ နိဿယပစ္စယေန ပစ္စယော၊ ဥပနိဿယပစ္စယေန ပစ္စယော၊ အတ္ထာရော မာတိကာနဉ္စ ပလိဗောဓာနဉ္စ ပုရေဇာတပစ္စယေန ပစ္စယော။ မာတိကာစ ပလိဗောဓာစ အတ္ထာရဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။ ပန္နရသဓမ္မာ သဟဇာတ ပစ္စယေန ပစ္စယော။ ဟု-ကထိနဘေဒ၌၊ မာတိကာ ပလိဗောဓကို၊ အတ္ထာရ၏ ပစ္စည်း

ထုတ်တော်မူသည်။ ။ဝဇိရဗုဒ္ဓိ၌လည်း၊ ဒွေမေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာတိ ကထိနုဗ္ဘာရဿ အနုပ္ပဗန္ဓန ပစ္စယာတိ။—ဟု မိန့်မှာတော်မူသည်။

ဒွေမေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာတိ ဣမိနာ ပဒေန၊ ပ။ ပလိဗောဓာ—ဟူသော ဤပုဒ်ဖြင့်၊ မာတိကာ ပလိဗောဓ၊ မာတိကာ ပလိဗောဓ-တို့ကို။ ကထိနုဗ္ဘာရဿ၊ ကထိနုဗ္ဘာရ-၏။ အနုပ္ပဗန္ဓန ပစ္စယာတိ၊ အစဉ်မပြတ် အကျိုး၏အကြောင်းနှင့်စပ်သော ပစ္စည်းတို့ဟူ၍၊ ဥဒ္ဓဋာ၊ ထုတ်အပ်ကုန်၏။

ဤသို့ ပေါ်လွင် ထင်ရှားအောင် မာတိကာ ပလိဗောဓကို ဆောင် အနက်ပေးမှု။ မာတိကာစ ပလိဗောဓာစ အဗ္ဘာရဿ အနန္တရပစ္စယေန ပစ္စယော။-ဘွင့်ပြသောဟု၊ သဘောကျနိုင်မည်။

## သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာသည်၊ အဗ္ဘာရ၏ အခြားမဲ့ဖြစ်သောကြောင့်၊ အနန္တရမာတိကာ မည်ပုံကို ပြခြင်း

သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာသည်၊ အဗ္ဘာရ၏ အခြားမဲ့ ဖြစ်သောကြောင့်၊ အနန္တရ မာတိကာမည်၏။ အပလိဗောဓ ကထိနုဒ္ဓါရ မာတိကာသည်ကား၊ ဧကနိရောဓ မာတိကာ ပလိဗောဓ, နာနာနိရောဓ မာတိကာ ပလိဗောဓ အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ မာတိကာ ပလိဗောဓသည်၊ အဗ္ဘာရနိရောဓနှင့်တကွ၊ တပေါင်းတည်းချုပ်ကြသောကြောင့်၊ ဧကနိရောဓ မာတိကာ ပလိဗောဓမည်၏။ ကြွင်းသော ဥဗ္ဘာရ မာတိကာ ပလိဗောဓသည်၊ အဗ္ဘာရ နိရောဓ အသီးအသီး ချုပ်ကြသောကြောင့်၊ နာနာနိရောဓ မာတိကာ ပလိဗောဓ မည်၏။

ထို့ကြောင့်၊ မာတိကာ ပလိဗောဓ—ဟူသည်လည်း၊ ကထိနုဒ္ဓါရ သာမညအားဖြင့် တပါး။ အပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ ပလိဗောဓ, သပလိဗောဓ ကထိနုဒ္ဓါရ မာတိကာ ပလိဗောဓ အားဖြင့်

၂-ပါး၊ အနန္တရမာတိကာပလိဗောဓ, ဧကနိရောဓမာတိကာပလိဗောဓ, နာနာနိရောဓ မာတိကာ ပလိဗောဓ အားဖြင့် ၃-ပါး၊ သဟဇာတ မာတိကာ ပလိဗောဓ, အနန္တရမာတိကာပလိဗောဓ, ဧကနိရောဓ မာတိကာ ပလိဗောဓ, နာနာနိရောဓ မာတိကာ ပလိဗောဓ အားဖြင့် ၄-ပါး၊ ဧကုပ္ပါဒ ကထိနုဒ္ဓါရ, ဥပ္ပတ္တိ ကထိနုဒ္ဓါရ, ဧကနိရောဓ ကထိနုဒ္ဓါရ, နာနာနိရောဓ ကထိနုဒ္ဓါရ အားဖြင့် ၄-ပါး။

ထို ၄-ပါးတို့တွင်၊ သဟဇာတ မာတိကာ ပလိဗောဓသည်၊ အတ္ထာရနှင့်တကွ၊ တပေါင်းတည်းဖြစ်ကြသောကြောင့်၊ ဧကုပ္ပါဒ ကထိနုဒ္ဓါရမည်၏။ အနန္တရမာတိကာ ပလိဗောဓသည်၊ အတ္ထာရ၏အခြားမဲ့၌ စောင့်ရှောက်သောကြောင့်၊ နှစ်သော ဘောကြိယာသို့ မရောက်၊ ဥဒ္ဓါရရှိသော ဘောကြိယာသို့သာ ရောက်သောကြောင့်၊ ဥပ္ပတ္တိ ကထိနုဒ္ဓါရမည်၏။ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ, ဧကနိရောဓ မာတိကာပလိဗောဓသည်၊ အတ္ထာရနိရောဓနှင့် တကွ၊ တပေါင်းတည်း ဖြစ်ကြသောကြောင့်၊ ဧကနိရောဓကထိနုဒ္ဓါရမည်၏။ ကြွင်းသော ဥဗ္ဘာရ နာနာနိရောဓမာတိကာ ပလိဗောဓသည်၊ အတ္ထာရ နိရောဓ အသီးအသီးဖြစ်ကြသောကြောင့်၊ နာနာနိရောဓ ကထိနုဒ္ဓါရမည်၏။

ဧကတော ဥပ္ပဇ္ဇန္တီတိ ကထိနတ္ထာရေန သဟ ဥပ္ပဇ္ဇမာနာ ရဟာ ဟောန္တီတိ အတ္ထော။ ကထိနတ္ထာရတော ဟိ ပဘုတိ သဗ္ဗေ ကထိနုဒ္ဓါရာ တံတံ ကာရဏန္တရ မာဂမ္မ ဥပ္ပဇ္ဇန္တိ၊ တသ္မာ သဗ္ဗေ ဧကုပ္ပါဒါနာမ ဇာတာ။

ဧတေသု အန္တရုဗ္ဘာရ သဟုဗ္ဘာရာ ဒွေ ဝေ တံ ဝိဟာရံ အနတ္ထတ ကထိန ဝိဟာရသဒိသံ ကရောန္တော သယံ သကလေန ကထိနတ္ထာရေန သဟ နိရုဇ္ဈန္တိ ဥဒ္ဓါရဘာဝံ ပါပုဏန္တိ။

အဝသေသာ ပန တံတံ ပါဠိပုဂ္ဂလိက မေဝ ကထိနတ္ထာရံ [illegible] ပလိဗောဓာနံ ဥပစ္ဆိန္နဝသေန နိရော

ဓေန္တာ သယံ ဥဗ္ဘါရဘာဝံ ပါပုဏန္တိ။ န သကလံ ကထိနတ္ထာရံ ကထိနုဗ္ဘါရဉ္စ။

နိရောဓောနာမ တံတံ ကာရဏာ မာဂမ္မ ဥဗ္ဘါရဘာဝပ္ပတ္တိ၊ ဝေဠ ဥပ္ပတ္တိနာမ ကထိနုဗ္ဘါရောဝေ။ ။ဝိမတိ။

ကေတော ဥပ္ပဇ္ဇန္တီတိ၊ကား။ ကထိနတ္ထာရေန၊ ကထိနတ္ထာရနှင့်။ သဟ၊တကွ။ ဥပ္ပဇ္ဇမာနာရဟာ၊ ဖြစ်ခြင်းငှါထိုက်ကုန်သည်၊ဟောန္တိ၊ ဖြစ်ကုန်၏။ဣတိ အယံ အတ္ထော၊ဤကားအနက်။ ကထိနတ္ထာရတော၊ ကထိန်ခင်းသည်မှ။ပဘုတိ၊စ၍။သဗ္ဗေ၊ အလုံးစုံကုန်သော။ ကထိနုဗ္ဘါရာ၊ ကထိနုဗ္ဘါရတို့သည်။ တံတံ ကာရဏန္တရံ၊ပယောဂ,ပုဗ္ဗကရဏ, ပစ္စုဒ္ဓါရ,အဓိဋ္ဌာန,အတ္ထာရ,ဝတ္ထု-ဟုဆိုသော ထိုထို အကြောင်းတပါးတပါးကို၊အာဂမ္မ၊စွဲ၍။ဥပ္ပဇ္ဇန္တိ-ဥပ္ပဇ္ဇိတုံ အရဟန္တိ၊ ဖြစ်ခြင်းငှါ ထိုက်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗေ ကထိနုဗ္ဘါရာ၊ အလုံးစုံသော ကထိနုဗ္ဘါရတို့သည်။ဧကုပ္ပါဒါနာမ၊ဧကုပ္ပါဒကထိနုဗ္ဘါရအမည်ရှိသည်။ဇာတာ၊ဖြစ်ကြကုန်၏။ ။ဤစကားရပ်ဖြင့်၊ အတ္ထာရနှင့်တကွ၊ တပေါင်းတည်းဖြစ်ကြသော ဧကုပ္ပါဒ ကထိနုဗ္ဘါရကို ပြသည်။

တေသု နဝသု ကထိနုဗ္ဘါရေသု၊တို့တွင်။ အန္တရုဗ္ဘာရ သဟုဗ္ဘာရ ဒွေ ဌပေ၊ အန္တရုဗ္ဘာရ ကထိနုဗ္ဘါရ, သဟုဗ္ဘာရ ကထိနုဗ္ဘါရ ၂-ပါးတို့သည်သာလျှင်၊တံ ဝိဟာရံ၊ထိုကထိန်ခင်းသောကျောင်းကို၊ အနုဗ္ဗတ ကထိနဝိဟာရသဒိသံ၊ ကထိန်မခင်းသော ကျောင်းနှင့်တူသည်ကို။ ဘရော္တာ၊ပြုကြကုန်လျက်။သယံ၊ မိမိတို့သည်။ သကလေန၊ အလုံးစုံသော။ကထိနတ္ထာရေန၊ကထိနတ္ထာရနှင့်၊သဟ၊တကွ၊နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ဥဗ္ဘါရဘာဝံ၊နုတ်သောဘောကြိယာသို့၊ပါပုဏန္တိ၊ရောက်ကြကုန်၏။ ။ဤစကားရပ်ဖြင့်၊ အတ္ထာရနိရောဓနှင့်တကွ၊ တပေါင်း တည်းချုပ်ကြသော ဧကနိရောဓ ကထိနုဗ္ဘါရကို ပြသည်။

အဝသေသာ၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ကထိနုဗ္ဘါရ ၂-ပါးမှ ကြွင်းကုန်သော၊ကထိနုဗ္ဘါရာပန၊ပက္ကမနန္တိက ကထိနုဗ္ဘါရ, နိဋ္ဌာနန္တိက ကထိနုဗ္ဘါရ,သန္နိဋ္ဌာနန္တိက ကထိနုဗ္ဘါရ, နာသနန္တိက ကထိနုဗ္ဘါ၊

ရ,သဝနန္တိက ကထိနုဗ္ဘာရ, အာသာဝစ္ဆေဒိက ကထိနုဗ္ဘာရ, သီမာ
တိက္ကန္တိက ကထိနုဗ္ဘာရ ၇-ပါးတို့သည်ကား။ တံတံ ပါဠိပုဂ္ဂလိက
မေဝ၊ထိုထို ပုဂ္ဂိုလ်၏ဥဗ္ဘာ အသီးအသီးသာဖြစ်သော။ကထိနတ္ထာရံ၊
ကထိနတ္ထာရ-ကို။ဒွိန္နံ ပလိဗောဓာနံ၊ပလိဗောဓ ၂-ပါးတို့၏ ။ဥပစ္ဆိန္န
နဝသေန၊ ပြတ်သောအလိုအားဖြင့်။ ဒိရောဓေန္တော။ ခြုမ်စေကုန်
လျက်။သဃံ၊မိမိတို့သည်။ ဥဗ္ဘာရဘာဝံ၊ နှုတ်သော ဘောကြိယာသို့။ပါ
ပုဏန္တိ။ ရောက်ကုန်၏။ သကလံ၊အားလုံးကုန်သော။ကထိနတ္ထာရဥ္စ၊က
ထိနတ္ထာရ-ကိုလည်း။ကထိနုဗ္ဘာရဥ္စ၊ကထိနုဗ္ဘာရကိုလည်း။ဥဗ္ဘာရဘာဝံ၊နှုတ်
သော ဘောကြိယာသို့၊န ပါပုဏန္တိ၊မရောက်စေနိုင်ကုန်။ ။ဤကား
အတ္ထာရနိရောဓ၊အသီးအသီးခြုမ်ကြသော နာနာနိရောဓ ကထိနုဗ္ဘာရကိုပြသည်။

တံတံ ကာရဏံ၊ အာဝါသ ပလိဗောဓ, စီဝရ ပလိဗောဓ, ဥပ
စ္ဆိန္န ထိုထိုအကြောင်းကို။ အာဂမ္မ၊ စွဲ၍။ ဥဗ္ဘာရဘာဝပ္ပတ္တိ၊ နှုတ်သော
ဘောကြိယာသို့ ရောက်သော။ ကထိနုဗ္ဘာရော၊ ကထိနုဗ္ဘာရသည်။ နိ
ရောဓေနာမ ယထာ၊နိရောဓမည်သကဲ့သို့။ဧဝံ တထာဧဝ၊ထို့အတူ
သာလျှင်။တံတံ ကာရဏံ၊ အာဝါသ ပလိဗောဓ, စီဝရပလိဗောဓ အ
နုပစ္ဆိန္န ထိုထိုအကြောင်းကို။အာဂမ္မ၊စွဲ၍။ ဥဗ္ဘာရဘာဝပ္ပတ္တိ၊ ဥဗ္ဘာရရှိ
သော ဘောကြိယာသို့ရောက်သော။ဝါ၊ ဥဗ္ဘာရရှိသည်၏ အဖြစ်သို့
ရောက်သော။ကထိနုဗ္ဘာရော၊ ကထိနုဗ္ဘာရသည်။ ဥပစ္ဆိန္နာမ၊ဥပစ္ဆိန္န
မည်၏။ ။ဤစကားရပ်ဖြင့်၊စောင့်ရှောက်သောကြောင့်၊ နှုတ်သော ဘောကြိယာ
သို့မရောက်။ ဥဗ္ဘာရရှိသည်၏အဖြစ်သို့ရောက်သော ဥပစ္ဆိန္နကထိနုဗ္ဘာရကိုပြသည်။

## ဥပစ္ဆိန္နကထိနုဗ္ဘာရကို၊ ကထိန်ခင်းသည်၏အခြားမဲ့၌၊ ပလိဗောဓ စောင့်ရှောက်သော ရဟန်းက စေသော ဥဗ္ဘာရပင် တည်းဟု ပြခြင်း

ဥပစ္ဆိန္န ကထိနုဗ္ဘာရကိုပင်၊ ကထိန်ခင်းသည်၏ အခြားမဲ့ ကစ၍တ
ပေါင်း လပြည့်နေ့ တိုင်အောင်၊ ပလိဗောဓ စောင့် ရှောက် သော
ရဟန်းကဖြစ်သော ဥဗ္ဘာရပင်တည်းဟု၊ သိစေခြင်းငှါ၊........

ကိမတ္ထိယံ ဥဗ္ဘာရနိဒဿနတ္ထိစေ၊ ပဉ္စဟိ အနာပတ္တိကာလ ပရိယန္တဒဿနေန တေသု သံဝရုပ္ပါဒနတ္ထံ။-ဟု မိန့်သည်။ ။ ဝဇီရဗုဒ္ဓိ ။

ဥဗ္ဘာရနိဒဿနံ၊ ဥဗ္ဘာရကို ပြခြင်းသည်။ ကိမတ္ထိယံ၊ အဘယ်အကျိုးရှိသနည်း။ ဣတိ၊ ဤသို့။ စေပုစ္ဆေယျ၊ မေးငြားအံ့။ ပဉ္စဟိ အာနိသံသေဟိ၊ ၅-ပါးသော အာနိသင်တို့ဖြင့်။ ယာနိ ပဉ္စမာသာနိ၊ အကြင် ငါးလတို့ပတ်လုံး။ အနာပတ္တိကာလပရိယန္တဒဿနေန၊ အာပတ်မသင့်သော ကာလအပိုင်းအခြားကို ပြခြင်းကြောင့်။ တေသု ပဉ္စသု မာသေသု၊ ထိုငါးလတို့၌။ ဥဗ္ဘာရနိဒဿနံ၊ ဥဗ္ဘာရ ပြခြင်းသည်။ သံဝရုပ္ပါဒနတ္ထံ၊ အစောင့်အရှောက်ကို ဖြစ်စေခြင်း အကျိုးရှိ၏။ ဣတိ၊ ဤသို့။ ဝိသဇ္ဇေယျ၊ ဖြေဆိုရာ၏။

ယော ကရောတိ၊ တံ အညော ကရောဟိ ကရောဟိ။-ဟူသော၊ ဟေတု အန္တောနီတ—အတွင်းဝှက်သော ကာရိတ်ဟိတ်ကို ပြသောကြောင့်၊ ကထိန်ခင်းသည်၏ အခြားမဲ့၌ ကထိန်နှုတ်ခြင်း၌၊ ဥဗ္ဘာရကို ထုတ်ပြတော်မူသော မြတ်စွာဘုရားသခင်သည်၊ ကထိန်ခင်းသည်၏ အခြားမဲ့ကစ၍ တပေါင်းလပြည့်နေ့တိုင်အောင်၊ ပလိဗောဓ စောင့်ရှောက်သော ရဟန်းကို၊ မာတိကာ ပလိဗောဓ ဥဗ္ဘာရ ဖြစ်စေလိုသည်။ အနာဂတ် နောက်အခြားမဲ့၌၊ မာတိကာ ပလိဗောဓ ဖြစ်ခြင်း၏ အကျိုး၌ ကထိန်ခင်းသည် ဟူလို။

စောင့်ရှောက်၏၊ အဘယ်ကို စောင့်ရှောက်သနည်း၊ အာဝါသပလိဗောဓ, စီဝရပလိဗောဓကို စောင့်ရှောက်၏။ အဘယ်အကျိုး၌ စောင့်ရှောက်သနည်း၊ ဥဗ္ဘာရအကျိုး၌ စောင့်ရှောက်၏။ ဥပ္ပတ္တိ ကထိနုဒ္ဓါရ အကျိုး၌ စောင့်ရှောက်၏ ဟူလို။

မစောင့်ရှောက်၊ အဘယ်ကို မစောင့်ရှောက်သနည်း၊ အာဝါသပလိဗောဓ,စီဝရပလိဗောဓကို မစောင့်ရှောက်။ အဘယ်အကျိုး၌ မစောင့်ရှောက်သနည်း။ ဥဗ္ဘာရအကျိုး၌ မစောင့်ရှောက်။ နိရောဓ ကထိနုဒ္ဓါရ အကျိုး၌ မစောင့်ရှောက် ဟူလို။

နိရောဓ ကထိနုဗ္ဘါရ–ဟူသည်ကား၊ မစောင့်ရှောက်သောကြောင့် ကထိန်နှုတ်သည်မည်၏။ အတ္ထာရ အဆက်ဆက်, မာတိကာပလိဗောဓ အဆက်ဆက်ဖြစ်သည် မမည်။

ဥပ္ပတ္တိ ကထိနုဗ္ဘါရ– ဟူသည်ကား၊ စောင့်ရှောက်သောကြောင့် ကထိန်နှုတ်သည် မမည်။ အတ္ထာရ အဆက်ဆက်, မာတိကာ ပလိဗောဓ အဆက်ဆက်ဖြစ်သည်မည်၏။

အတ္ထာရ အဆက်ဆက်ဖြစ်ပုံ၊ မာတိကာ ပလိဗောဓ အဆက်ဆက် ဖြစ်ပုံတွင်၊ ရောက်ရာကာလ ခဏခဏ အတ္ထာရသည်၊ ရှေ့ကယခု, ရှေ့ကယခုဟု ပြု၍ဖြစ်၏။ အတ္ထာရ၏ အခြားမဲ့, အခြားမဲ့၌၊ မာတိကာပလိဗောဓသည်၊ နောက်က အခြားမဲ့, နောက်က အခြားမဲ့ဟု ပြု၍ဖြစ်၏။ ဤသို့ ရောက်ရာကာလ ခဏခဏ၊ အတ္ထာရ, မာတိကာ ပလိဗောဓ အဆက်ဆက်ဖြစ်သောအားဖြင့်၊ အနန္တရပစ္စည်း, ပစ္စယုပ္ပန် အဆက်ဆက် ဖြစ်ပုံကို ဤသို့ သိလေ။

ပဋိသန္ဓေစိတ်မှစ၍ စုတိအဆုံးခဏ ကျသည်တိုင်အောင်၊ ရောက်ရာကာလ ခဏခဏ၊ ရှေ့အခြားမဲ့, ရှေ့အခြားမဲ့က ပျက်သော စိတ်သည်၊ နောက်က ယခု, နောက်က ယခု ဖြစ်သော စိတ်၏ အနန္တရပစ္စည်းတည်း။ နောက်က ယခု, နောက်က ယခု ဖြစ်သော စိတ်သည်၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။ ဤသို့ ရောက်ရာကာလ ခဏခဏ၊ ရှေ့အခြားမဲ့က ပျက်သော စိတ်နှင့်၊ နောက်က ယခုဖြစ်သောစိတ်၏ အနန္တရပစ္စည်း, ပစ္စယုပ္ပန် အဆက်ဆက်ဖြစ်ပုံကို သိရသကဲ့သို့။

ထို့အတူ၊ ကထိန်ခင်းသည်မှစ၍ တပေါင်းလပြည့်နေ့ ကထိန်နှုတ်သည်၏ ရှေ့အဆုံးခဏ ကျသည် တိုင်အောင်၊ ရောက်ရာကာလ ခဏခဏ၊ အနာဂတ် နောက်အခြားမဲ့, နောက်အခြားမဲ့၌ ပြီးစေအပ်သော မာတိကာ ပလိဗောဓသည်ကား၊ ရှေ့ကယခု, ရှေ့ကယခု ပြုဆဲဖြစ်သော အတ္ထာရ၏ အနန္တရပစ္စည်းတည်း။ ရှေ့ကယခု, ရှေ့ကယခုပြုဆဲဖြစ်သော အတ္ထာရသည်ကား၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။ ဤသို့ ရောက်ရာကာလ ခဏခဏ၊ ရှေ့ကယခု, ရှေ့ကယခုဟု ပြုသော

အဏ္ဏာရ၏။နောက်ကအခြားမဲ့,နောက်ကအခြားမဲ့ဟု ပြုသော မာတိကာပလိဗောဓနှင့်၊အနန္တရပစ္စည်း,ပစ္စယုပ္ပန် အဆက်ဆက်ဖြစ်ပုံကို သိလေ။

ဤနည်းဖြင့်၊ အာသာယ လဘတိ၊အနာသာယ န လဘတိ။အနာသာယ လဘတိ၊အာသာယ န လဘတိ။-ဟူသော ပါဠိဖြင့်၊ ကထိနက္ခန္ဓကဋ္ဌကထာ၌ပြဆိုအပ်သော၊ အာသာ အနာသာ၊ အာသာစ အနာသာစ ဝဏ္ဏသာ။-ဟူသော ပါဠိဖြင့်၊ကထိနဘေဒ၌ပြအပ်သော၊ အာသာ,အနာသာ အလုံးစုံကို အကုန်ပေါင်း၍၊အာနိသံသ ဝိဝရဝဏ္ဏ နိဗန္ဓဝိဝရဝဏ္ဏ ဖြစ်သင့်သည်အားလျော်စွာ၊ဝဏ္ဏ၏ အာသာ, အနာသာနှင့်၊ အနန္တရပစ္စည်း,ပစ္စယုပ္ပန် အဆက်ဆက်ဖြစ်ပုံကို သိလေ။

မာတိကာစ ပလိဗောဓာစ အဏ္ဏာရသာ အနန္တရပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော မာတိကာပလိဗောဓသည်ကား၊ရှေ့ယခုပြုဆဲဖြစ်သော အဏ္ဏာရ၏အနန္တရပစ္စည်းတည်း။ရှေ့ယခုပြုဆဲဖြစ်သောအဏ္ဏာရသည်ကား၊ အနန္တရပစ္စည်း၏ပစ္စယုပ္ပန်တည်း။

မာတိကာစ ပလိဗောဓာစ အဏ္ဏာရသာ သမနန္တရပစ္စယေန ပစ္စယော။- ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော မာတိကာပလိဗောဓသည်ကား၊ရှေ့ယခုပြုဆဲဖြစ်သော အဏ္ဏာရ၏ သမနန္တရပစ္စည်းတည်း။ ရှေးယခုပြုဆဲဖြစ်သော အဏ္ဏာရသည်ကား၊သမနန္တရပစ္စည်း၏ပစ္စယုပ္ပန်တည်း။

မာတိကာစ ပလိဗောဓာစ အဏ္ဏာရသာ နိဿယပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော မာတိကာပလိဗောဓသည်ကား၊ရှေးယခုပြုဆဲဖြစ်သော အဏ္ဏာရ၏နိဿယ ပစ္စည်းတည်း။ ရှေ့,ယခု ပြုဆဲဖြစ်သော အဏ္ဏာရသည်ကား၊နိဿယပစ္စည်း၏ပစ္စယုပ္ပန်တည်း။

မာတိကာစ ပလိဗောဓာစ အဏ္ဏာရသာ ဥပနိဿယ ပစ္စယေန ပစ္စယော။- ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော မာတိကာ ပလိဗောဓသည်ကား၊ ရှေ့ယခုပြုဆဲ ဖြစ်သော

အဇ္ဈာရ၏ ဥပနိဿယပစ္စည်းတည်း။ရှေ့ယခုပြုဆဲဖြစ်သော အဇ္ဈာရသည်ကား၊ဥပနိဿယပစ္စည်း၏ပစ္စယုပ္ပန်တည်း။

အဇ္ဈာရော မာတိကာနဉ္စ ပလိဗောဓာနဉ္စ ပုရေဇာတ ပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ရှေးယခု ပြုဆဲဖြစ်သော အဇ္ဈာရသည်ကား၊အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော မာတိကာပလိဗောဓ၏ပုရေဇာတပစ္စည်းတည်း၊အနာဂတ် နောက်အခြားမဲ့၌ပြီးစေအပ်သော မာတိကာပလိဗောဓသည်ကား၊ ပုရေဇာတပစ္စည်း၏ပစ္စယုပ္ပန်တည်း။

မာတိကာစ ပလိဗောဓာစ အဇ္ဈာရဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊အနာဂတ်နောက်အခြားမဲ့၌ ပြီးစေအပ်သော မာတိကာ ပလိဗောဓသည်ကား၊ ရှေး ယခု ပြုဆဲဖြစ်သော အဇ္ဈာရ၏ပစ္ဆာဇာတပစ္စည်းတည်း။ရှေ့ယခုပြုဆဲဖြစ်သောအဇ္ဈာရသည်ကား၊ပစ္ဆာဇာတပစ္စည်း၏ပစ္စယုပ္ပန်တည်း။

ပန္နရသဓမ္မာ သဟဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အဇ္ဈာရနှင့်တကွ၊မရှေးမနှောင်း တပေါင်းတည်းဖြစ်သော၊၁၅-ပါးသောတရားတို့သည်ကား၊အချင်းချင်း တပါးသည် တပါး၏ ပစ္စည်း, ပစ္စယုပ္ပန်ကို အပြန်အလှန်ယူသည်ဖြစ်၍၊၁၅-ပါးသော တရားတို့၏ သဟဇာတပစ္စည်း ချည်းပင်တည်း။

အဇ္ဈာရနှင့်တကွ မရှေးမနှောင်း တပေါင်းတည်းဖြစ်သော၊၁၅-ပါးသော တရားတို့သည်ကား၊ အချင်းချင်း တပါးသည် တပါး၏ ပစ္စည်း,ပစ္စယုပ္ပန်ကို အပြန်အလှန် ယူသည်ဖြစ်၍၊ သဟဇာတပစ္စည်း၏ပစ္စယုပ္ပန်ချည်းပင်တည်း။

အာသာစ အနာသာစ ဝတ္ထုဿ အနန္တရပစ္စယေန ပစ္စယော၊-ဟူသော အဖြေ၌၊အနာဂတ် နောက်အခြားမဲ့၌ပြီးစေအပ်သော အာသာ, အနာသာသည်ကား၊ ရှေ့ယခုပြုဆဲဖြစ်သော ဝတ္ထု၏ အနန္တရပစ္စည်းတည်း။ ရှေးယခု ပြုဆဲဖြစ်သော ဝတ္ထုသည်ကား၊ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အာသာဝစ အနာသာဝစ ဝတ္ထုဿ သမနန္တရပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော အာသာ, အနာသာသည်ကား၊ ရှေး ယခုပြုဆဲဖြစ်သော ဝတ္ထု၏ သမနန္တရ ပစ္စည်းတည်း။ ရှေးယခု ပြုဆဲဖြစ်သော ဝတ္ထုသည်ကား၊ သမနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အာသာဝစ အနာသာဝစ ဝတ္ထုဿ နိဿယပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော အာသာ, အနာသာသည်ကား၊ ရှေးယခု ပြုဆဲဖြစ်သော ဝတ္ထု၏ နိဿယ ပစ္စည်းတည်း။ ရှေ့ ယခု ပြုဆဲဖြစ်သော ဝတ္ထုသည်ကား၊ နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အာသာဝစ အနာသာဝစ ဝတ္ထုဿ ဥပနိဿယပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော အာသာ, အနာသာ သည်ကား၊ ရှေ့ယခု ပြုဆဲဖြစ်သော ဝတ္ထု၏ ဥပနိဿယပစ္စည်းတည်း။ ရှေ့ ယခုပြုဆဲဖြစ်သော ဝတ္ထုသည်ကား၊ ဥပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ဝတ္ထု အာသာနဉ္စ အနာသာနဉ္စ ပုရေဇာတ ပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ရှေး ယခု ပြုဆဲ ဖြစ်သော ဝတ္ထုသည်ကား၊ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော၊ အာသာ, အနာသာ၏ ပုရေဇာတပစ္စည်းတည်း။ အနာဂတ် နောက်အခြားမဲ့၌ ပြီးစေအပ်သော၊ အာသာ, အနာသာ သည်ကား၊ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

အာသာဝစ အနာသာဝစ ဝတ္ထုဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော၊-ဟူသော အဖြေ၌၊ အနာဂတ် နောက် အခြားမဲ့၌ ပြီးစေအပ်သော၊ အာသာ, အနာသာသည်ကား၊ ရှေး ယခုပြုဆဲ ဖြစ်သော ဝတ္ထု၏ ပစ္ဆာဇာတပစ္စည်းတည်း။ ရှေးယခုပြုဆဲဖြစ်သော ဝတ္ထုသည်ကား၊ ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

ပန္နရသမ္မော သဟဇာတပစ္စယေန ပစ္စယော။-ဟူသော အဖြေ၌၊ ဝတ္ထုနှင့်တကွ မရှေးမနှောင်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါး သော တရားတို့သည်ကား၊ အချင်းချင်း တပါးသည်တပါး၏ပစ္စည်း,

ပစ္စယုပ္ပန်ကို အပြန်အလှန်ယူသည်ဖြစ်၍၊ ၁၅-ပါးသော တရားတို့၏ သဟာဇာတပစ္စည်းပင်တည်း။

ဝတ္ထုနှင့်တကွ မရောမနှော၀င်း တပေါင်းတည်းဖြစ်ကြသော၊ ၁၅-ပါးသော တရားတို့သည်ကား၊ အချင်းချင်း တပါးသည် တပါး၏ ပစ္စည်း,ပစ္စယုပ္ပန်ကို အပြန်အလှန်ယူသည်ဖြစ်၍၊သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ချည်းပင်တည်း။

## အမေးအဖြေစကားရပ်ဖြင့်၊ ၆-ပါးသော ကျင့်ဝတ်၏ ၆-ပါးသော နိဒါန်းနှင့်စပ်သည်ကို ပြခြင်း

ပုဗ္ဗကရဏံ ကိံနိဒါနံ၊ ပုဗ္ဗကရဏံ ပယောဂ နိဒါနံ။ အစရှိသော အမေးအဖြေ၌၊ ပုဗ္ဗကရဏသည် အဘယ်နိဒါန်း ရှိသနည်း၊ ပုဗ္ဗကရဏသည် ပယောဂ နိဒါန်းရှိသတည်း။ ပစ္စုဒ္ဓါရသည် အဘယ် နိဒါန်းရှိသနည်း၊ပစ္စုဒ္ဓါရသည် ပုဗ္ဗကရဏ နိဒါန်း ရှိသတည်း။အဓိဋ္ဌာနသည် အဘယ်နိဒါန်း ရှိသနည်း၊ အဓိဋ္ဌာနသည် ပစ္စုဒ္ဓါရ နိဒါန်းရှိသတည်း။ အတ္ထာရသည် အဘယ်နိဒါန်းရှိသနည်း၊ အတ္ထာရသည် အဓိဋ္ဌာန နိဒါန်းရှိသတည်း။ မာတိကာ ပလိဗောဓသည် အဘယ် နိဒါန်းရှိသနည်း၊ မာတိကာ ပလိဗောဓသည် အတ္ထာရ နိဒါန်းရှိသတည်း။အာသာ,အနာသာ သည် အဘယ်နိဒါန်းရှိသနည်း၊ အာသာ, အနာသာသည် ဝတ္ထုနိဒါန်းရှိသတည်း။ ။ဤအမေးအဖြေစကားရှင်ဖြင့်၊ ၆-ပါးသော ကျင့်ဝတ်၏၊၆-ပါးသော နိဒါန်းနှင့် စပ်သည်ကို ပြ၏။

ပယောဂေါ ကိံနိဒါနော၊ ပယောဂေါ ဟေတုနိဒါနော။-အစရှိသော အမေးအဖြေ၌၊ ပယောဂသည် အဘယ်နိဒါန်း ရှိသနည်း။ ပယောဂသည် ဟေတုနိဒါန်းရှိသတည်း။ ပုဗ္ဗကရဏသည် အဘယ် နိဒါန်းရှိသနည်း။ပုဗ္ဗကရဏသည် ဟေတုနိဒါန်းရှိသတည်း။ပစ္စုဒ္ဓါရသည် အဘယ်နိဒါန်း ရှိသနည်း။ ပစ္စုဒ္ဓါရသည် ဟေတုနိဒါန်းရှိသတည်း။အဓိဋ္ဌာနသည် အဘယ်နိဒါန်းရှိသနည်း၊ အဓိဋ္ဌာနသည် ဟေတုနိဒါန်းရှိသတည်း။အတ္ထာရသည် အဘယ်နိဒါန်းရှိသနည်း၊အတ္ထာရသည် ဟေတုနိဒါန်းရှိသတည်း။ မာတိကာပလိဗောဓ သည် အဘယ်

နိဒါန်း ရှိသနည်း၊ မာတိကာ ပလိဗောဓသည် ဟေတုနိဒါန်း ရှိသတည်း။ ဝတ္ထုသည် အဘယ်နိဒါန်းရှိသနည်း၊ ဝတ္ထုသည် ဟေတုနိဒါန်း ရှိသတည်း။ အာသာ,အနာသာ သည် အဘယ်နိဒါန်းရှိသနည်း၊ အာသာ,အနာသာသည် ဟေတုနိဒါန်းရှိသတည်း။

ပယောဂေါ ကိံ နိဒါနော၊ ပယောဂေါ ပစ္စယနိဒါနော။- အစရှိသော အမေးအဖြေ၌၊ ပယောဂသည် အဘယ်နိဒါန်း ရှိသနည်း၊ ပယောဂသည် ပစ္စယနိဒါန်း ရှိသတည်း။ ပုဗ္ဗကရဏသည် အဘယ်နိဒါန်းရှိသနည်း၊ ပုဗ္ဗကရဏသည် ပစ္စယနိဒါန်း ရှိသတည်း။ ပစ္စုဒ္ဓါရသည် အဘယ်နိဒါန်းရှိသနည်း၊ ပစ္စုဒ္ဓါရသည် ပစ္စယနိဒါန်း ရှိသတည်း။ အဓိဋ္ဌာနသည် အဘယ်နိဒါန်းရှိသနည်း၊ အဓိဋ္ဌာနသည် ပစ္စယနိဒါန်းရှိသတည်း။ အတ္ထာရသည် အဘယ်နိဒါန်းရှိသနည်း၊ အတ္ထာရသည် ပစ္စယနိဒါန်း ရှိသတည်း။ မာတိကာ ပလိဗောဓသည် အဘယ်နိဒါန်း ရှိသနည်း၊ မာတိကာ ပလိဗောဓသည် ပစ္စယနိဒါန်းရှိသတည်း။ ဝတ္ထုသည် အဘယ်နိဒါန်း ရှိသနည်း၊ ဝတ္ထုသည် ပစ္စယနိဒါန်းရှိသတည်း။ အာသာ, အနာသာ သည် အဘယ် နိဒါန်း ရှိသနည်း၊ အာသာ,အနာသာသည် ပစ္စယနိဒါန်းရှိသတည်း။ ။ဤအမေးအဖြေ စကားရပ်အစုံဖြင့်၊ ရှစ်ပါးသော ကျင့်ဝတ်တို့၏ ဟေတုနိဒါန်းတပါးတည်း, ပစ္စယနိဒါန်းတပါးတည်းနှင့် စပ်သည်ကို ပြ၏။

ဟေတုနိဒါန်း, ပစ္စယနိဒါန်း ဟူသည်လည်း၊ ကထိန်သင်္ကန်းပင်တည်း။ ။ကထိနစီဝရံ ဟေတုပစ္စယ သဒ္ဒေဟိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ။ ဝိမတိ။

ထိုကထိန်သင်္ကန်းကို၊ ပုဗ္ဗကရဏံ သတ္တဟိ ဓမ္မေဟိ သင်္ဂဟိတံ။- အစရှိသော အချို့သော ဌာနတို့၌၊ သံဃာပေးအပ်သော ကထိန်သင်္ကန်းဟုမှတ်၊ ဒါယကာလှူအပ်သော ကထိန်သင်္ကန်းဟု မမှတ်အပ်။

ဝတ္ထုဝိပန္နဉ္စေဝ ဟောတိ၊ နိမိတ္တကမ္မံ ဇာနိတဗ္ဗံ။- အစရှိသော အချို့သော ဌာနတို့၌၊ ကထိနစီဝရံ ဒေမ။-ဟုဆို၍ ဒါယကာလှူအပ်သော ကထိန်သင်္ကန်းဟုမှတ်၊ သံဃာပေးအပ်သော ကထိန်သင်္ကန်းဟု မမှတ်အပ်။ ။ဘာရဋ္ဌာန အားလျော်စွာ သင့်အောင်ယူလေ။

တဒဟေဝ သဉ္ဆိန္နေနာတိ သံဃေန ကထိနတ္ထာရကဿ ကမ္မဝါစံ ဝတွာ ဒိန္နေနေဝ တဒဟေဝ သဉ္ဆိန္နေန သမဏ္ဍလိကတေန ဘဝိတဗ္ဗံ၊ ဧဝံ ဒိန္နံယေဝ ဟိ ပရိဝါရေ ပုဗ္ဗကရဏံ သတ္တဟိ ဓမ္မေဟိ သင်္ဂဟိတန္တိ ဝုတ္တံ၊ ဒါယကေန ဒိယျမာနံ။

## သံဃာပေးအပ်သော ကထိန်သင်္ကန်းဟု ယူခြင်းငှါ သင့်သော အချို့သောဒါနပြ ပြဆိုခြင်း၊

သံဃာပေးအပ်သော ကထိန်သင်္ကန်းဟု ယူခြင်းငှါသင့်သော အချို့သောဒါနပြ။ ။ဝဇိရဗုဒ္ဓိ။

ပုဗ္ဗကရဏံ၊ ပုဗ္ဗကရဏကို။ကတိဟိ၊ အဘယ်မျှကုန်သော။ဓမ္မေဟိ၊ ကျင့်ဝတ်တရားတို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်သနည်း။ ပုဗ္ဗကရဏံ၊ ပုဗ္ဗကရဏကို၊ သတ္တဟိ၊ ၇-ပါးကုန်သော။ဓမ္မေဟိ၊ ကျင့်ဝတ်တရားတို့ဖြင့်။သင်္ဂဟိတံ၊ ရေတွက်အပ်၏။ဓောဝနေန၊ ဖွပ်ခြင်းဖြင့်။ ဝိစာရေန၊ ပဉ္စခဏ်းစသည် စီရင်ခြင်းဖြင့်။ဆေဒနေန၊ ဖြတ်ခြင်းဖြင့်။ ဗန္ဓနေန၊ စပ်ခြင်းဖြင့်။သိဗ္ဗနေန၊ ချုပ်ခြင်းဖြင့်။ရဇနေန၊ ဆိုးခြင်းဖြင့်။ ကပ္ပကရဏေန၊ ကပ္ပဗိန္ဒုထိုးခြင်းဖြင့်။ပုဗ္ဗကရဏံ၊ ပုဗ္ဗကရဏကို။ ဣမေဟိ သတ္တဟိ ဓမ္မေဟိ၊ ဤ ၇-ပါးသော ကျင့်ဝတ်တရားတို့ဖြင့်။သင်္ဂဟိတံ၊ ရေတွက်အပ်၏။

လုပ်သော ရဟန်း၏အရာဌာန၌တည်၍၊ ဝဇိရဗုဒ္ဓိဋီကာဆရာ, တေရသကဏ္ဍဋီကာဆရာ, ဝိမတိဝိနောဒနီဋီကာဆရာ၊ မဟာထေရ် အရှင် ၃-ပါးတို့သည်၊ အကာလတုံ န လဗ္ဘတိ။- ဟူသော အဋ္ဌကထာပါဌ်ဖြင့်. ကထိန်၌ အာပတ်သင့်၏ ဟူသော အဓိပ္ပါယ်ကို ပြကြကုန်၏။ ကထိန်၌အာပတ်မသင့်- ဟူသော အဓိပ္ပါယ်ကို ပယ်ကြကုန်၏။ ကထိန်၌ အာပတ်သင့်သော ပါဠိတော်သုတ် သိက္ခာပုဒ်ကို ထုတ်မပြကြကုန်။

သဗ္ဗေဟေဝ သန္နိပတိတွာ ဓောဝန ဆိဗ္ဗန ရဇနာဒီနိ နိဋ္ဌာပေတဗ္ဗာနိ။-ဟူသော အဋ္ဌကထာပါဌ်ဖြင့်၊ မပြုမနေရအပ်၊ ပြုမှအပ်သော ကထိန်ကျင့်ဝတ်ကို ပြတော်မူ၏။

ဣဒံ ကထိနဝတ္ထုံနာမ ဗုဒ္ဓပသတ္ထံ ။ဟူသော အဋ္ဌကထာပါဌ်ဖြင့်၊ အညတ္ထ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ကပ္ပိဿန္တိ— ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူသော ကထိန်ကျင့်ဝတ်ကို ပြတော်မူ၏။

အတီတေ ပဒုမုတ္တရော ဘဂဝါ ကထိနဝတ္ထုံ အကာသိ၊ တဿ ကိရ အဂ္ဂသာဝကော သုဇာတော ထေရော နာမ ကထိနံ ဂဏှိ၊ တံ သတ္ထာ အဋ္ဌ သဋ္ဌိယာ သတသဟဿေဟိ ဘိက္ခူဟိ သဒ္ဓိံ နိသိဒိတွာ အကာသိ။- ဟူသော အဋ္ဌကထာပါဌ်ဖြင့်၊ ဘုရားနှင့်တကွ တပည့်သား သံဃာ၊ ဓမ္မတာသဘော ပြုရသော ကထိန်ကျင့်ဝတ်ကို၊ ပဒုမုတ္တိုရ်ဝတ္ထုကို ဆောင်တော်မူ၏။

သဗ္ဗေ ဟေဝ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်။ သန္နိပတိတွာ၊ စည်းဝေးကုန်၍၊ ဓောဝန ဆိဗ္ဗန ရဇနာဒီနိ၊ ဖွပ်ခြင်း, ချုပ်ခြင်း, ဆိုးခြင်းတို့ကို။ နိဋ္ဌာပေတဗ္ဗာနိ၊ ပြီးဆုံးစေအပ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ ဣဒံ ကထိနဝတ္ထုံ နာမ၊ ဤကထိန်ကျင့်ဝတ်မည်သည်ကို၊ ဗုဒ္ဓပသတ္ထံ၊ မြတ်စွာဘုရားသခင် ချီးမွမ်းတော်မူအပ်၏။ အတီတေ၊ လွန်လေပြီးသော ကမ္ဘာတသိန်းဆက်၌။ ပဒုမုတ္တရော ဘဂဝါ၊ ပဒုမုတ္တိုရ်မြတ်စွာဘုရားသခင်သည်လည်း။ ကထိနဝတ္ထုံ၊ ကထိန်ကျင့်ဝတ်ကို။ အကာသိ ပြုတော်မူ၏။ တဿ၊ ထိုပဒုမုတ္တိုရ် မြတ်စွာဘုရား၏။ အဂ္ဂ

သာဝကော၊ လက်ျာရံ အဂ္ဂသာဝကဖြစ်သော။ သုဇာတထေရောနာမ၊ သုဇာတအမည်သော မထေရ်သည်။ ကထိနံ၊ ကထိန်ကို။ ဂဏှိ၊ ခံတော်မူ၏။ တံ၊ ထိုကထိန်ကျင့်ဝတ်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဋ္ဌသဋ္ဌိယာ သတသဟဿေဟိ၊ ခြောက်သန်း ရှစ်သိန်း ကုန်သော၊ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ နိသိဒိတွာ၊ နေတော်မူ၍။ အကာသိ ကိရ၊ ပြုတော်မူပြီသတတ်။

## ကတပရိယောသိတံ ပန ကထိနံ ဂဟေတွာ အဋ္ဌာရကေန ဘိက္ခုနာ- ဟူသော အဋ္ဌကထာ ပါဠိဖြင့်၊ ဝိနည်း တိစီဝရိက် အဓိဋ္ဌာန်ဆောင်သော ရဟန်းသာ၊ ကထိန်ခင်းအပ်သော အနက်ကိုပြတော်မူခြင်း

ကတပရိယောသိတံ ပန ကထိနံ ဂဟေတွာ အဋ္ဌာရကေန ဘိက္ခုနာ သစေ သံဃာဋိယာ ကထိနံ အတ္ထရိတုကာမော ဟောတိ၊ ပေါရာဏိကာ သံဃာဋိ ပစ္စုဒ္ဓရိတဗ္ဗာ၊ နဝါ သံဃာဋိ အဓိဋ္ဌာတဗ္ဗာ၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမီတိ ဝါစာ ဘိန္ဒိတဗ္ဗာတိ အာဒိနာ ပရိဝါရေ ဝုတ္တဝိဓာနေန ကထိနံ အတ္ထရိတဗ္ဗံ။—ဟူသော အဋ္ဌကထာ ပါဠိဖြင့်၊ ဝိနည်း တိစီဝရိက် အဓိဋ္ဌာန်ဆောင်သော ရဟန်းသာ၊ ကထိန်ခင်းအပ်သော အနက်ကို ပြတော်မူ၏။

စတုတ္ထစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ၊- ဟု ဆောက်တည်သော သုတ္တန်ရှုတင် တေစီဝရိက် အဓိဋ္ဌာန်သည်၊ ကထိန်ခင်းခြင်းငှါ မအပ်။

ဣမာနိ စီဝရာနိ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ၊- ဟု ဆောက်တည်သော၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်သည်လည်း၊ ကထိန်ခင်းခြင်းငှါ မအပ်။ ဝိနည်း တိစီဝရိက် အဓိဋ္ဌာန်သည်သာ၊ ကထိန်ခင်းခြင်းငှါ အပ်၏။

ဝိနည်း တိစီဝရိက်ဆောင်သော ရဟန်းသည်လည်း၊ တိစီဝ

ရိက်အမြဲဆောင်သောရဟန်း၊ အခိုက်အတန့်ဆောင်သော ရဟန်း အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ တိစိဝရိက် အမြဲ ဆောင်သော ရဟန်းသည်ကား၊ ဒုဂုဋ်ဖြင့် ကထိန်ခင်းလိုသော်၊ အဟောင်း ဒုဂုဋ်ကို ပစ္စုဒ္ဓရိပြု၍၊ အသစ်ဒုဂုဋ်ကို အဓိဋ္ဌာန်တင်၍၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟု ဆို၍၊ ကထိန်ကို ခင်းအပ်၏။

ကထိန်ခင်းခါနီး တိစီဝရိက် အခိုက်အတန့်ဆောင်သော ရဟန်း သည်ကား၊ ပရိက္ခာရ စောဠ အဓိဋ္ဌာန်ဆောင် သင်္ကန်းသုံးထည် ကို ပစ္စုဒ္ဓရိပြု၍၊ ထိုသင်္ကန်း သုံးထည်ကိုပင်၊ ထိုခဏ တိစီဝ ရိက် အဓိဋ္ဌာန်တင်၍၊ ဒုဂုဋ်ဖြင့် ကထိန်ခင်းလိုသော်၊ အဟောင်း ဒုဂုဋ်ကို ပစ္စုဒ္ဓရိပြု၍၊ အသစ် ဒုဂုဋ်ကို အဓိဋ္ဌာန်တင်၍၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ-ဟု ဆို၍၊ ကထိန်ခင်းအပ်၏။

ကိံ ပန နိစ္စတေစီဝရိကေနေဝ အတ္ထရိတဗ္ဗံ၊ ဥဒါဟု၊ အဝတ္ထာ တေစီဝရိကေနာပီတိ၊ အဝတ္ထာ တေစီဝရိကေ နာပိ၊ တသ္မာ ပရိက္ခာရစောဠကေနာပိ အာသန္နေ ကာ လေ ပရိက္ခာရစောဠံ ပစ္စုဒ္ဓရိတွာ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌဟိတွာ တေစီဝရိကေန ဟုတွာ ကထိနံ အတ္ထရိ တဗ္ဗံ။ ။ကင်္ခါယောဇနာ မဟာဋီကာ။

ကတပရိယောသိတံ ချုပ်ဆိုးမှုပြု၍ ပြီးဆုံးသော။ ကထိနံ ပန၊ ကထိန်သင်္ကန်းကို။ ဂဟေတွာ၊ ယူ၍။ အတ္ထာရကေန ဘိက္ခုနာ၊ ခင်းသောရဟန်းသည်။

သစေ သံဃာဋိယာ ကထိနံ အတ္ထရိတုကာမော ဟောတိ၊ ပေါ ရာဏိကာ သံဃာဋိ ပစ္စုဒ္ဓရိတဗ္ဗာ၊ နဝါ သံဃာဋိ အဓိဋ္ဌာတဗ္ဗာ၊ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမီတိ ဝါစာဘိန္ဒိတဗ္ဗာတိ အာဒိနာ။ ပ။ အတ္ထရာမိ၊ ဤသို့အစရှိသော။ ပရိဝါရေ၊ ပရိဝါ၌။ ဝုတ္တဝိဓိနာ၊ ဆိုအပ်သော အစီအရင်ဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။

သစေ၊ အကယ်၍။ သံဃာဒို့ယာ၊ ဒုဂုဋ္ဌ်ဖြင့်။ ကထိန်၊ ကထိန်
ကို။ အတ္တရိတုကာမော၊ ခင်းလိုသည်။ ဟောတိ၊ ဖြစ်အံ့။ ပေါရာ
ဏ်ကာလ သံဃာဒို့၊ ဒဟောင်း ဒုဂုန်ကို။ ပစ္စုဒ္ဓရိတဗ္ဗာ၊ စွန့်အပ်
၏။ နဝ သံဃာဒို့၊ အသစ်ဒုဂုန်ကို။ အဓိဋ္ဌာတဗ္ဗာ၊ အဓိဋ္ဌာန်အပ်
၏။ ဣမေသ သံဃာဒို့ယာ၊ ဤဒုဂုန်ဖြင့်။ ကထိန်၊ ကထိန်ကို။ အ
တ္ထရာမိ၊ ခင်းပါ၏။ ဣတိ ဤသို့။ ဝါစာ၊ နှုတ်ကို။ ဘိန္ဒိတဗ္ဗာ၊ ဖွက်
ဆိုအပ်၏။ ။ငှ့်ပါဠိအနက်၊ အာဒိသဒ္ဒါဖြင့် သင်းပိုင်း,ကိုယ်ဝတ်ကိုဆိုလေ။

## အတ္တရိတ္တာစ ပန၊ ခင်းပြီး၍လည်း

အတ္တရိတ္တာစ ပန တေန ကထိနတ္ထာရကေန ဘိက္ခုနာ
သံဃံ ဥပသင်္ကမိတွာ ကေံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇ
လိံ ပဂ္ဂဟေတွာ ဝေမဿ ဝစနီယော၊ အတ္တတံ ဘန္တေ
သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒ
ထာတိ ဝေမာဒိနာ ပရိဝါရေ ဝုတ္တပိဓါနေနေဝ အနု
မောဒါပေတဗ္ဗံ။

အတ္တရိတွာစ ပန၊ ခင်းပြီး၍လည်း။ တေန ကထိနတ္ထာရကေန
ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ ကေံသံ ဥတ္တရာသင်္ဂံ ကရိတွာ
အဉ္ဇလိံ ပဂ္ဂဟေတွာ ဝေမဿ ဝစနီယော၊ အတ္တတံ ဘန္တေ သံ
ဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထာတိ ဝေ
မာဒိနာ။ ပ။ အနုမောဒထ-ဤသို့ အစရှိသော။ ပရိဝါရေ၊ ပရိဝါ
၌။ ဝုတ္တပိဓါနေနေဝ၊ ဆိုအပ်သော အစီအရင်ဖြင့်သာလျှင်။ အနု
မောဒါပေတဗ္ဗံ၊ အနုမောဒနာ ပြုစေအပ်၏။

တေန ကထိနတ္ထာရကေန ဘိက္ခုနာ၊ ထိုကထိန်ခင်းသော ရ
ဟန်းသည်။ သံဃံ၊ သံဃာတော်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ကေံ
သံ-ကေသို့အံသော၊ လက်ဝဲဘက် ပခုန်းထက်၌။ ဥတ္တရာသင်္ဂံ၊
ကိုယ်ဝတ်ကို။ ကရိတွာ၊ ပြု၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊
ချီ၍။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃဿ၊ သံဃာတော်အား။ ကထိနံ၊
ကထိန်ကို။ အတ္တံ၊ ခင်းအပ်ပြီ။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်း

သည်။ ဓမ္မိကော၊ တရားအားလျော်၏။ အနုမောဒထ၊ အနုမောဒ
နာပြုကြကုန်လော။ ဣတိ ဧဝံ၊ ဤသို့၊ ဝစနီယော၊ ဆိုအပ်သည်။
အဿ ဘဝေယျ၊ ဖြစ်ရာ၏။ ။ငံ့ပါဠိအနက်။

တေဟိ အနုမောဒကေဟိ ဘိက္ခူဟိ ဧကံသံ ဥတ္တရာ
သင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော၊
အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိ
နတ္ထာရော အနုမောဒါမာတိ ဧဝမာဒိနာ ပရိဝါရေ
ဝုတ္တဝိဓာနေနေဝ ဣတရေဟိစ အနုမောဒိတဗ္ဗံ။

ဣတရေဟိစ၊ အနုမောဒက ရဟန်းတို့သည်လည်း။ တေဟိ
အနုမောဒကေဟိ ဘိက္ခူဟိ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ
ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော၊ အတ္ထတံ အာဝုသော သံဃဿ
ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမာတိ ဧဝမာဒိနာ။ ပ။
အနုမောဒါမ-ဤသို့ အစရှိသော။ ပရိဝါရေ၊ ပရိဝါ၌။ ဝုတ္တဝိဓာနေ
နေဝ၊ ဆိုအပ်သော အစီအရင်ဖြင့်သာလျှင်။ အနုမောဒိတဗ္ဗံ၊ ၏။

တေဟိ အနုမောဒကေဟိ ဘိက္ခူဟိ၊ ထိုအနုမောဒက ရဟန်းတို့
သည်။ ဧကံသံ-ဧကသ္မိံ အံသေ၊ လက်ဝဲဘက် ပခုံးထက်၌၊ ဥတ္တ
ရာသင်္ဂံ၊ ကိုယ်ဝတ်ကို။ ကရိတွာ၊ ပြု၍။ အဉ္ဇလိံ၊ လက်အုပ်ကို။
ပဂ္ဂဟေတွာ၊ ချီ၍။ အာဝုသော၊ ငါ့ရှင်တို့။ သံဃဿ၊ သံဃာတော်
အား။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်ပြီ။ ကထိနတ္ထာရော၊ က
ထိန်ခင်းခြင်းသည်။ ဓမ္မိကော၊ တရားအားလျော်၏။ အနုမောဒါမ၊
အနုမောဒနာပြုပါကုန်၏။ ဣတိ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။
အဿ ဘဝေယျ၊ ဖြစ်ရာ၏။ ။ငံ့ပါဠိအနက်။

ဧဝံ သဗ္ဗေသံ အတ္ထတံ ဟောတိ ကထိနံ။

ဧဝံ၊ ဤသို့။ သဗ္ဗေသံ၊ အားလုံးသော အနုမောဒကရဟန်း, အတ္ထာ
ရက ရဟန်းတို့အား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်
သည်။ ဟောတိ၊ ဖြစ်၏။

ဝုတ္တံ ဟေတံ ပရိဝါရေ ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟော
တိ ကထိနံ၊ အတ္ထာရကဿစ အနုမောဒကဿစာတိ။

ဟိသဗ္ဗံ၊ မှန်၏။ ပရိဝါရေ၊ ပရိဝါ၌။ ဒွိန္နံပုဂ္ဂလာနံ၊ ပ။ အနုမောဒကဿစာတိ၊ အနုမောဒကဿစ-ဟူ၍။ ဧတံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဟောအပ်ပြီ။ ဒွိန္နံ ပုဂ္ဂလာနံ၊ ၂-ယောက်ပုဂ္ဂိုလ်တို့အား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ အတ္ထာရကဿစ၊ ခင်းသောပုဂ္ဂိုလ်အားလည်း။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ အနုမောဒကဿစ၊ အနုမောဒနာပြုသော ပုဂ္ဂိုလ်အားလည်း။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

ပုနပိ ဝုတ္တံ န သံဃော ကထိနံ အတ္ထရတိ၊ နဂဏော ကထိနံ အတ္ထရတိ၊ ပုဂ္ဂလော ကထိနံ အတ္ထရတိ၊ သံဃဿ အနုမောဒနာ၊ ဂဏဿ အနုမောဒနာ၊ ပုဂ္ဂလဿ အတ္ထာရာ၊ သံဃဿ အတ္ထတံ ဟောတိ ကထိနံ၊ ဂဏဿ အတ္ထတံ ဟောတိ ကထိနံ၊ ပုဂ္ဂလဿ အတ္ထတံ ဟောတိ ကထိနန္တိ။

ပုနပိ၊ တဖန်လည်း။ ပရိဝါရေ၊ ပရိဝါ၌။ နသံဃော ကထိနံ၊ ပ။ ကထိနန္တိ၊ ကထိနံ-ဟူ၍။ ဧတံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။

သံဃော၊ သံဃာသည်။ ကထိနံ၊ ကထိန်ကို။ နအတ္ထရတိ၊ မခင်း။ ဂဏော၊ ဂိုဏ်းသည်။ ကထိနံ၊ ကထိန်ကို။ နအတ္ထရတိ၊ မခင်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရတိ၊ ခင်း၏။ သံဃဿ၊ သံဃာ၏။ အနုမောဒနာ၊ အနုမောဒနာပြုခြင်းကြောင့်။ ဂဏဿ၊ ဂိုဏ်း၏။ အနုမောဒနာ၊ အနုမောဒနာပြုခြင်းကြောင့်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ အတ္ထာရာ၊ ခင်းခြင်းကြောင့်။ သံဃဿ၊ သံဃာအား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဂဏဿ၊ ဂိုဏ်းအား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

## ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိန စီဝရေန သဒ္ဓိံ အာဘတံ-ဟူသော ပါဠိဖြင့်၊ ဝေဘင်္ဂိယ ဝဂ္ဂု လဟုဘဏ် ပစ္စည်းကို၊ ကထိန် ခံသော ရဟန်း အစိုးရသည်၏အဖြစ်ကို ပြခြင်း

ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာတိ ဒေန္တိ။ ဘိက္ခုသံဃော အနိဿရော။- ဟူသော ပါဠိဖြင့်၊ ဝေဘင်္ဂိယ ဝဂ္ဂု လဟုဘဏ်ပစ္စည်းကို၊ ကထိန်ခံသော ရဟန်း အစိုးရသည်၏အဖြစ်ကို ပြ၏။

အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော။- ဟူသော ပါဠိဖြင့်၊ ဝေဘင်္ဂိယဝဂ္ဂု လဟုဘဏ်ပစ္စည်းကို၊ ဘိက္ခုသံဃာ အစိုးရသည်၏အဖြစ်ကိုပြ၏။ အဝေဘင်္ဂိယဝဂ္ဂု ဂရုဘဏ်ပစ္စည်းကို၊ ကထိန်ခံ ရဟန်း, ဘိက္ခုသံဃာ အစိုးမရသည်ကို ပြ၏။

ဧဝံ၊ ဤသို့။ ကထိနေ၊ ကထိန်သည်။ အတ္ထတေ ပန၊ ခင်းပြီးသော်ကား။ သစေ၊ အကယ်၍။ ကထိနစီဝရေန၊ ကထိန်သင်္ကန်းနှင့်။ သဒ္ဓိံ၊ တကွ။ အာဘတံ၊ ဆောင်အပ်သော။ အာနိသံသံ၊ အာနိသင်ကို။ ဒါယကာ၊ ဒါယကာတို့သည်။ ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာတိ၊ အကြင်ရဟန်း ငါတို့ ကထိန်ကိုခံ၏၊ ထိုရဟန်းအားသာ ငါတို့လှူ ပါကုန်၏ဟု ဆို၍၊ ဒေန္တိ၊ လှူကုန်အံ့။ ဘိက္ခုသံဃော၊ ဘိက္ခုသံဃာ သည်။ အနိဿရော၊ အစိုးမရ။

အထ၊ ထိုသို့မဟုတ်။ အဝိစာရေတွာဝ၊ မစိစစ်ဘဲ။ ဒတွာ၊ လှူ၍။ ဂစ္ဆန္တိ၊ သွားကြကုန်အံ့။ ဘိက္ခုသံဃော၊ ဘိက္ခုသံဃာသည်။ ဣဿရော၊ အစိုးရ၏။

တသ္မာ သစေ ကထိနတ္ထာရကဿ သေသစီဝရာနိပိ ဒုဗ္ဗလာနိ ဟောန္တိ၊ သံဃေန အပလောကေတွာ၊ တေသမ္ပိ အညာနိ ဝတ္ထာနိ ဒါတဗ္ဗာနိ၊ ကမ္မဝါစာပန ဧကာယေဝ ဝဋ္ဋတိ၊-ဟူသော ပါဠိဖြင့်၊ က

ထိန်သင်္ကန်းနှင့် တကွ ဆောင်သော အာနိသင်သင်္ကန်း ပေါ်များခဲ့သော်၊ ဆွေးမြေ့ ဟောင်းနွမ်း သင်္ကန်းအကျိုးငှါ၊ ကထိန်ခင်းသော ရဟန်း, ဝါပြတ်သောရဟန်း, ဝါမကျပ်သောရဟန်း, ပဌမဝါကပ်သော ရဟန်း, တပါးသော ကျောင်းတိုက်မှ ပင့်ခေါ်သော ရဟန်းတို့အား၊ သံဃာကိုပန်ကြား၍ သင်္ကန်းပေးခြင်းငှါ၊ အပ်သော အစီအရင်ကိုပြ၏။ကမ္မဝါစာ မသတ်ဘဲ ပန်ကြား၍ပေး ဟူလို။

အပလောကေတွာတိ ဣဒံ အညေသံ ဝဿံ ဝုဋ္ဌ
ဘိက္ခူနံ အဒတွာ ဒါတုကာမေဟိ ကတ္တဗ္ဗဝိဓိဒဿနံ။

ဝိမတိ။

တသ္မာ၊ထို့ကြောင့်။ကထိနတ္ထာရကဿ၊ကထိန်ခင်းသောရဟန်းအား။ဿသစီဝရာနိပိ၊ကြွင်းသောသင်္ကန်းတို့သည်လည်း။ ဒုဗ္ဗလာနိ၊ အားနည်းကုန်သည်၊ သစေဟောန္တိ။ အကာယ်၍ဖြစ်ကုန်အံ့။ သံဃေန၊ သံဃာသည်။အပလောကေတွာ၊ပန်ကြား၍၊ ဒာတဗ္ဗ။ ထိုသင်္ကန်းတို့၏လည်း။အညာသယ၊အကျိုးငှါ၊ဥဿာနိ၊ သင်္ကန်းလျှော ပုဆိုးတို့ကို။ဒါတဗ္ဗာနိ၊ပေးအပ်ကုန်၏။ကမ္မဝါစာပန၊ကမ္မဝါစာသည်ကား။ ဩကာ ယောဝ၊တကြိမ်သာလျှင်။ဝဋ္ဋတိ၊အပ်၏။

တေနခေါပန သမယေန ဒွေဘာတိကာ ထေရာ-ဟူသော
ဒွေဘာတိက မထေရ်ညီနောင် ဝတ္ထုကို ထုတ်ဆောင်၍၊
အချို့သော ဆရာတို့သည် အာနိသင်သင်္ကန်းလှူသော်
လည်း၊ပင့်ခေါ်သောရဟန်းတို့ယူခြင်းငှါ မအပ်ကုန်
ဟု ဆိုကြကုန်၏။ ယော သာဒိယေယျ အာပတ္တိ
ဒုက္ကဋဿာတိ-ဟူ သော ဥပနန္ဒသိက္ခာပုဒ်
အဋ္ဌကထာကို ထုတ်ဆောင်၍၊ အကယ်၍
ယူခဲ့သော်ယူရာဌာနသို့၊ပြန်ပေးရသည်ကို ပြခြင်း

တေနခေါ ပန သမယေန ဒွေဘာတိကာ ထေရာ အာယသ္မာစ
ဣသိဒါသော အာယသ္မာစ ဣသိဘဒ္ဒေါ သာဝတ္ထိယံ ဝဿံဝုဋ္ဌာ အ

ညာတရံ ဂါမကာ ဝါသံ အဂမံသု။ မနုဿာ စီဝရဿာပိ ထေရာ အာဂတာတိ သစီဝရာနိ ဘတ္တာနိ အဒံသု။ အာဝါသိကာ ဘိက္ခူ ထေရေ ပုစ္ဆိံသု။ ဣမာနိ ဘန္တေ သံဃိကာနိ စီဝရာနိ ထေရေ အာဂမ္မ ဥပ္ပန္နာနိ သာဒိယိဿန္တိ ထေရာ ဘာဂန္တိ၊ ထေရာ ဧဝမာဟံသု ယထာခေါ မယံ အာဝုသော ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမ။ တုမှာကံ ယေဝ တာနိစီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာတိ။-ဟူသော ဒွေဘာတိက မထေရ်ညီနောင် ဝတ္ထုပါဠိကို ထုတ်ဆောင်၍၊ အချို့သောဆရာတို့သည် အာနိသင်သက်န်းလှူဒါန်းသော်လည်း၊ ပင့်ခေါ်သော ရဟန်းတို့ယူခြင်းငှါ၊ မအပ်ကုန်ဟု ဆိုကြကုန်၏။

ယော သာဒိယေယျ အာပတ္တိ ဒုက္ကဋဿာတိ ဧတ္ထ ပန ကိဉ္စာပိ လဟုကာ အာပတ္တိ၊ အထခေါ ဂဟိတာနိ ဂဟိတဋ္ဌာနေ ဒါတဗ္ဗာနိ၊ သစေပိ နဋ္ဌာနိဝါ ဇိဏ္ဏာနိဝါ ဟောန္တိ တဿေဝ ဂီဝါ၊ ဒေဟီတိ ဝုတ္တေ အဒေန္တော ဓုရနိက္ခေပေ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။-ဟူသော ဥပနန္ဒဝတ္ထု သိက္ခာပုဒ်တွင် အဋ္ဌကထာကို ထုတ်ဆောင်၍၊ အကယ်၍ယူခဲ့သော်၊ ယူရာဌာနသို့ ပြန်ပေးရ၏။ ပျောက်သော် ဟောင်းသော်လည်း၊ ယူသော ရဟန်းအား ဘဏ္ဍာစား ထိုက်၏။ ပေးဟု ပြန်တောင်းသော်၊ မပေး။ ဝန်ချသော်၊ ဘဏ္ဍာဘိုးဖြင့် ဆုံးဖြတ်အပ်၏ ဟူ၍လည်း ဆိုကြကုန်၏။

ဤသို့ဆိုရာ၌၊ သိမှတ်လိုရင်းသော်ကား၊ အစိုးတရ ငါ့အဘို့ ငါ့အစု-ဟု အတွက်ကျ တောင်းယူသော် မအပ်။ သဒ္ဓါသဖြင့် ပန်ကြား၍ ပေးလှူသော် ယူအပ်၏။ အပြစ်မရှိ။

အဝသေသေ ကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌိတိကာယ ဒါတဗ္ဗာနိ၊ ဌိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ။-ဟူသော အဋ္ဌကထာပါဠိဖြင့်၊ ကထိန်သက်န်းနှင့် တကွ လှူသော အာနိသင်သက်န်းကို၊ ကထိန်ခင်းသော ရဟန်းတို့အား ဝါဆိုသော ထေရ်စဉ်၊ ဝါဆို သက်န်း ကပ်သော ထေရ်စဉ် ဖြင့် ပေးလှူအပ်၏။ အစဉ်မရှိသော် ထေရ်ကြီးနေရာမှစ၍ပေးအပ်၏ဟု၊-သက်န်းအာနိသင် ဝေဘန်အပ်သော အစီအရင်ကိုပြ၏။

ဤသို့ပြရာ၌၊ ကထိန်ခင်းသော ရဟန်းအားသာ၊ အာနိသင်သင်္ကန်း ရခြင်း၌ ထိုက်သည် မဟုတ်သေး။ ဝါဆိုထေရ်စဉ်, ဝါဆိုသင်္ကန်း ကပ်သော ထေရ်စဉ်၌၊ သာမဏေပါဝင်သောကြောင့်၊ သာမဏေ သည် အာနိသင်သင်္ကန်းရခြင်း၌ထိုက်၏ ဟူသောအယူဝါဒ ဖြစ်၏။

ထိုအယူဝါဒ သင့်, မသင့်ကို ရွှေဥမင်နိဿယ၌ မှာဆို၏။ မှာဆိုပုံ ကား၊ ဤ၌ အာနိသင်ရကြောင်းကို မဆိုသင့်၊ စကားတရပ်။ ဂိုဏ်း ပြည့်စိမ့်သော၌ ပဉ္စင်းခံရကား၊ အာနိသင် ရသတည်း၊ စကားတရပ်။ ဤစကား ၂-ရပ်တွင်၊ ဂိုဏ်းပြည့်စိမ့်သော၌ ပဉ္စင်းခံရကား၊ အာနိ သင်ရသတည်း ဟူသောနောက် စကားရပ်ဖြင့်၊ ပစ္ဆိမိကာယ ဥပ သမ္ပန္နော ပဌမ ပဝါရဏာယ ပဝါရေတုမ္ပိ လဘတိ၊ အာနိသံသဉ္စ လဘတီတိ ဝဒန္တိ။=ဟူသော ဋီကာရှေ့အယူဝါဒကို သင့်၏ဟု မှာ ဆိုသည်။

အဓိပ္ပါယ်ကား၊ အသက် ၂၀-ပြည့် သာမဏေလည်း၊ ပုရိမဝါ ကပ်၏။ ပစ္ဆိမဝါ၌လည်း ပဉ္စင်းခံ၏။ ပဌမပဝါရဏာလည်း ပြု၏။ ဂိုဏ်းလည်း ပြည့်၏။ ကထိန်လည်းခင်း၏။ အာနိသင်ငါးပါးကိုလည်း ရ၏။-ဟူသောဋီကာ ရှေ့အယူဝါဒကို သင့်၏ဟု မှာဆိုသည်။

အာနိသင်ရကြောင်းကို မဆိုသင့်-ဟူသော ရှေ့စကားရပ်ဖြင့်၊ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံ ဟောတိ၊ သာမဏေရာ က ထိနာ နိသံသံ လဘန္တီတိ ဝဒန္တိ။-ဟူသော ဋီကာ နောက်အယူဝါဒ ကိုမသင့်ဟု မှာဆိုသည်။

အဓိပ္ပါယ်ကား၊ သာမဏေသပ်သပ် ပုရိမဝါကပ်၏၊ ပဉ္စင်းလည်း မခံ၊ ပဝါရဏာလည်းမပြု၊ ဂိုဏ်းလည်းမပြည့်၊ ကထိန်လည်းမခင်း၊ သာမဏေ ကထိန်၏အာနိသင်ကိုရ၏ဟူသော၊ ဋီကာ နောက်ဝါဒကို မသင့်ဟု မှာဆိုသည်။

အဝသေသော၊ ကြွင်းကုန်သော။ ကထိနာနိသံသေ၊ ကထိန်၏အာနိ သင်ဖြစ်ကုန်သော။ ဗလဝ ဝတ္ထာနိ၊ များစွာသော ပုဆိုးတို့ကို။ ဝဿာ ဝါသိကဋ္ဌိတိကာယ၊ ဝါဆိုထေရ်စဉ်, ဝါဆိုသင်္ကန်းကပ်သောထေရ် စဉ်ဖြင့်။ ဒါတဗ္ဗာနိ၊ ပေးလှူအပ်ကုန်၏။ ဌိတိကာယ၊ ထေရ်စဉ်သည်။

အဘာဝေ၊ မရှိသော်။ ထေရာသနတော၊ ထေရ်ကြီးနေရာမှ။ ပဉ္စာသ၊ စ၌၊ ဒါတဗ္ဗာနိ၊ ပေးလှူအပ်ကုန်၏။

## ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ၊-ဟူသောပါဠိဖြင့်၊ ဂရုဘဏ် ဝတ္ထုကို မဝေဘန်အပ် ဟူသော အနက်ကိုပြခြင်း၊

ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ၊-ဟူသော ပါဠိဖြင့်၊ ဂရုဘဏ် ဝတ္ထုကို မဝေဘန်အပ်၊ လဟုဘဏ် ဝတ္ထုကို ဝေဘန်အပ်၏ ဟူသော အနက်ကိုပြ၏။

ဂရုဘဏ် ဝတ္ထုကား အဘယ်နည်း၊ လဟုဘဏ် ဝတ္ထုကား အဘယ်နည်း။ ကထိန်သင်္ကန်းနှင့် တကွလှူသော သင်္ကန်း အာနိသင် ပုဆိုးအာနိသင်မှ တပါးသော၊ လှူဘွယ်ဝတ္ထုသည်ကား၊ ဂရုဘဏ်ဝတ္ထု၊ လဟုဘဏ် ဝတ္ထုအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ခဲ, ကလောင်, ပေါင်ဘိန်, စာမပါ ဗလာစက္ကူ, နာရီ, မျက်မှန်, သေတ္တာ, စာတိုက်, ညောင်စောင်း, ကတင်, အင်းပျဉ်, ကုလားထိုင်, ခုန်း, အိပ်ရာ, နေရာ, မွေ့ရာ, ဖျာ, ယိုင်, သင်ဖြူး, အိုး, အင်, ခွက်, ယောက်,ဇူး, ဆောက်, ဓါးမြှောက်, ဓါးမ-အစရှိသော ဝတ္ထုသည်၊ ဂရုဘဏ် ဝတ္ထုမည်၏။ မဝေဘန်အပ်။ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိသဇ္ဇိကံ အဝေဘင်္ဂိကံ။

ယံ ပန တတ္ထ သံဃဿ ဥပ္ပန္နံ ပတ္တာဒိဝါ အညံ ဘဏ္ဍံ ဝါ၊ တံ သဗ္ဗံ ပါပုဏာတိ။-ဟူသည်နှင့်အညီ၊ ကထိန် သင်္ကန်းနှင့်တကွ လှူသော အာနိသင် သင်္ကန်း၊ အဝတ် ပုဆိုးမှကြွင်းသော ထမီ, ဘိနပ်, သားရေ, သပိတ်, -အစရှိသော ဝတ္ထု၊ ထောပတ်, ဆီဦး, ပျား, သကာ, တင်လဲ-အစရှိသော ဝတ္ထု၊ ငရုပ်, ကြက်သွန်, ငါးပိ, ဆီ, ဆား, ငါးခြောက်, ဆန်-အစရှိသော ဝတ္ထုသည်၊ လဟုဘဏ် ဝတ္ထုမည်၏။ ထိုလဟုဘဏ် ဝတ္ထုကို ကထိန်ခင်းသော ဥပစာရ သိမ်တွင်း၌၊ ကထိန်ခင်းသည်ဖြစ်စေ, မခင်းသည်ဖြစ်စေ၊ သမ္မုခီဘူတဖြစ်သော ရဟန်းတို့အား ဝေဘန်အပ်၏။ **ယံ တတ္ထ လဟု ဘဏ္ဍံ** လဟု ပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံဃေန **ဘာဇေတုံ**။

## ကထိနဿ အတ္ထာရမာသော ဇာနိတဗ္ဗော။ - ဟူသည်နှင့် အညီ အတ္ထာရမာသ-ကထိန်လဖြစ်လျှင်၊ ဥပစာရသိမ် တသိမ်, တသိမ်၌၊ တနှစ်တကြိမ် ကထိန်ခင်း အပ်၏။ အကြိမ်ကြိမ် မခင်းအပ်

ကထိနဿ အတ္ထာရမာသော ဇာနိတဗ္ဗော။-ဟူသည်နှင့် အညီ၊ အတ္ထာရမာသ–ကထိန်လဖြစ်လျှင်၊ ဥပစာရသိမ် တသိမ်,တသိမ်၌၊ တနှစ်တကြိမ် ကထိန်ခင်းအပ်၏။ အကြိမ်ကြိမ် မခင်းအပ်။

ဤမှုနှင့် **အတောမသတ်** စောဒနာရပ်တိမ်မြုပ်ပုံမှာ။ ကထိန် မနှုပ်ဘဲ၊ကထိန်တဖန် ပြန်မခင်းအပ်။ ကထိန်နှုပ်သော်ကား ကထိန် မခင်းသောကျောင်းနှင့်တူသောကြောင့်၊ ကထိန်တဖန်ပြန်၍ ခင်းခြင်း ငှါ အပ်၏ဟူသော အယူဝါဒ ဖြစ်ကြရာ၏။ ထို အယူဝါဒ မဖြစ် ကြစေခြင်းငှါ၊ သစေ ပန ကောသိမာယ ဗဟုဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ၊-ဟူသော ပါဠ်ကိုမိန့်။ ။အဋ္ဌကထာ။

ကောသိမာယ၊ ဥပစာရတသိမ်တည်း၌၊ ဗဟုဝိဟာရာ၊ များစွာသောကျောင်းတို့သည်။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ သဗ္ဗေ ဘိက္ခူ၊ အလုံးစုံသော ရဟန်းတို့သို့။ သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ဧကတ္ထ၊ တကြိမ်တခါတည်း၌။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဝိသုံဝိသုံ၊ အသီးအသီး။ ဝါ၊ အခါခါ အကြိမ်ကြိမ်။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။

ဤသို့ အဋ္ဌကထာပါဠ်၏အနက်ကို၊ ဣဒဉ္စဝစနံ သဗ္ဗေသံယေဝ ဧကော ကထိနတ္ထာရောတိ ဒီပေတိ။ ဟူသော ဝဇိရဗုဒ္ဓိဋီကာပါဠ် ဖြင့် ပြ၏။

ဟိသဒ္ဒေါ၊ မှန်၏။ ဣဒံဝစနံ၊ သစေပန ကောသိမာယ ဗဟုဝိဟာ ရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံဝိသုံ န ဝဋ္ဋတိ။-ဟူသော ဤအဋ္ဌကထာ စကား သည်။ ကောသိမာယ၊ (တည်း) ဥပစာရတသိမ်တည်း၌၊ သဗ္ဗေသံ

အလုံးစုံသော ရဟန်းတို့အား။ ကထိနတ္ထာရော၊ ကထိန် ခင်းခြင်းသည်။ ဧကောဝေယဝ၊ တကြိမ်တခါတည်းသာတည်း။ ရုတိ ရုမံ အတ္ထံ၊ ဤအနက်ကို။ ဒိပေတိ၊ ပြတော်မူ၏။

ဘောသု အန္တရုဗ္ဘာရသဟုဗ္ဘာရော ဒွေဝေ တံ ဝိဟာရံ အနတ္ထတကထိနဝိဟာရသဒိသံ ကရောန္တာ သယံ သကလေန ကထိနတ္ထာရေန သဟ နိဂ္ဂစ္ဆန္တိ ဥဒ္ဓါရဘာဝံ ပါပုဏန္တိ။-ဟူသော ဝိမတိဝိနောဒနီ ဋီကာပါဌ်ကို ဆောင်၍၊ အဖြွက်မထောင်ကြရာ။

ကထိန်နှုတ်၍ ကထိန်မခင်းသော ကျောင်းနှင့်တူသော မည်သည်ကား။-ဟူသော စကားဖြင့်၊ ကထိန်ခင်းသော ဥပစာရသိမ်၌၊ ကထိန်ခင်းသော ရဟန်းတို့၏ အတ္ထာရနှင့်တကွ၊ အန္တရုဗ္ဘာရကထိန်နှုတ်, သဟုဗ္ဘာရ ကထိန်နှုတ်သည်ကို၊ခင်းသောကထိန် ခြုတ်ပြီ, ပြိမ်ပြီ, ယုတ်သိမ်းပြီဟုပြ၏။ ကထိန် နှုတ်သော်ကား၊ ကထိန် မခင်းသော ကျောင်းနှင့်တူသောကြောင့်၊ကထိန်တဖန်ပြန်၍ခင်းခြင်း၌အပ်၏ဟူသောအယူဝါဒကို မပြ။

တေသု နဝသု ဥဗ္ဘာရေသု၊ ထိုကိုးပါးသော ဥဗ္ဘာရတို့တွင်။ အန္တရုဗ္ဘာရ, သဟုဗ္ဘာရော ဒွေဝေ၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးတို့သည်သာလျှင်။ တံ ဝိဟာရံ၊ ထိုကထိန်ခင်းသောကျောင်းကို။ အနတ္ထတ ကထိန ဝိဟာရသဒိသံ၊ ကထိန်မခင်းသော ကျောင်းနှင့်တူသည်ကို။ ကရောန္တာ၊ ပြုကြကုန်လျက်။သယံ၊မိမိတို့သည်။ သကလေန၊အလုံးစုံသော။ကထိနတ္ထာရေန၊ကထိနတ္ထာရနှင့်။ သဟ၊တကွ။ နိဂ္ဂစ္ဆန္တိ။ခြုတ်ကုန်၏။ ဥဒ္ဓါရဘာဝံ၊ နှုတ်သော ဘောကြိယာသို့။ ဝါ၊ ယုတ်သိမ်းသော ဘောကြိယာသို့။ပါပုဏန္တိ၊ရောက်ကြကုန်၏။

ကထိန်ခင်းသော အစီအရင်ပြီး၏။

# ကထိန်နှုတ်သော အစီအရင်

ကထိန်နှုတ်သော အစီအရင် ဟူသည်ကား၊ ကထဉ္စ ဘိက္ခဝေ
ဥဗ္ဘတံ ဟောတိ ကထိနံ၊ အဋ္ဌိမာ ဘိက္ခဝေ မာ
တိကာ ကထိနဿ ဥဗ္ဘာရာယ။-ဟူသော ပါဠိ
ဖြင့်၊ ကထိနုဗ္ဘာရ မာတိကာ ရှစ်ပါးကို ပြခြင်း။

ကထိန်နှုတ်သောအစီအရင်ဟူသည်ကား၊ကထဉ္စ ဘိက္ခဝေ ဥဗ္ဘတံ ဟောတိ ကထိနံ အဋ္ဌိမာ ဘိက္ခဝေ မာတိကာ ကထိနဿ ဥဗ္ဘာရာယ၊ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ,အာသာဝစ္ဆေဒိကာ,သီမာတိက္ကန္တိကာ,သဟုဗ္ဘာရာတိ။

ဘိက္ခဝေ၊ရဟန်းတို့။ ကထဉ္စ၊အဘယ်သို့လျှင်။ကထိနံ၊ကထိန်ကို။ ဥဗ္ဘတံ၊နှုတ်သည်။ဟောတိ၊ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနဿ၊ကထိန်ကို။ဥဗ္ဘာရာယ၊နှုတ်ခြင်း၏အကျိုးငှါ၊ မာတိကာ၊မာတိကာတို့သည်။ဣမာ အဋ္ဌ၊ဤရှစ်ပါးတို့တည်း။

ကတမာ အဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်း။ ပက္ကမနန္တိကာ၊ ပက္ကမနန္တိကာ မာတိကာတပါး။ နိဋ္ဌာနန္တိကာ၊နိဋ္ဌာနန္တိကာမာတိကာ တပါး။ သန္နိဋ္ဌာနန္တိကာ၊သန္နိဋ္ဌာနန္တိကာ မာတိကာ တပါး။နာသနန္တိကာ၊နာသနန္တိကာမာတိကာ တပါး။ သဝနန္တိကာ၊ သဝနန္တိကာ မာတိကာ တပါး။ အာသာဝစ္ဆေဒိကာ, အာသာဝစ္ဆေဒိကာ မာတိကာ တပါး။ သီမာတိက္ကန္တိကာ၊သီမာတိက္ကန္တိကာ မာတိကာ တပါး။သဟုဗ္ဘာရာ၊ သဟုဗ္ဘာရာမာတိကာ တပါး။ ဣတိ ဣမာအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

တဿ မာတိကာတိ မာတရော ဇနေတ္တိယောတိ
အတ္ထော၊ ကထိနုဗ္ဘာရံ ဟိ ဧတာ အဋ္ဌ ဇနေတ္တိယော။
အဋ္ဌကထာ။

တဿ ဝစနေ၊ထိုပါဠိတော်စကားရပ်၌။မာတိကာတိ၊မာတိကာ-

ဟူသည်ကား၊ မာတရော၊ အမိတို့တည်း။ ဇနေတွိ ယော၊ ဖြစ်စေတတ်ကုန်၏။ ဉာတိအယံ၊ ဤသည်ကား၊ အဆွေ၊ အနက်တည်း။ ဟိသစ္စံ၊ မှန်၏။ ဧတာ အဋ္ဌမာတိကာ၊ ထိုရှစ်ပါးသော မာတိကာတို့သည်။ ကထိနုဗ္ဘာရံ၊ ကထိန်နှုတ်ခြင်းကို၊ ဇနေတွိ ယော၊ ဖြစ်စေတတ်ကုန်၏။

## ကထိန်နှုတ်ခြင်းကိုဖြစ်စေ၏ ဟူသောအဋ္ဌကထာ စကားသည် ကထိန်နှုတ်ခြင်းကို ဖြစ်စေတတ်သော-ကထိနုဗ္ဘာရ အခိုက် အတန့် ၂-ပါးသောအနက် ဆက်ဆံသည်ကို ပြခြင်း

ကထိန်နှုတ်ခြင်းကို ဖြစ်စေတတ်၏ ဟူသော အဋ္ဌကထာ စကားသည်၊ ကထိန်နှုတ်ခြင်းကို ဖြစ်စေတတ်သော- ကထိနုဗ္ဘာရ အခိုက်အတန့်၊ ကထိန်နှုတ်ခြင်းကို မဖြစ်စေတတ်သော ကထိနုဗ္ဘာရ အခိုက် အတန့်အားဖြင့် ၂-ပါး အနက် ဆက်ဆံချေသည်။

ထို ၂-ပါးတို့တွင်၊ ကထိန်နှုတ်စေသော်ကား၊ အာဝါသအပလိဗောဓ, စီဝရ အပလိဗောဓ၊ ထိုထိုအကြောင်းကိုစွဲ၍၊ ကထိန် နှုတ်သော ဘောကြိယာသို့ ရောက်သော ကထိနုဒ္ဓါရသည်၊ ကထိန်ပျက်သောကြောင့်ကထိနုဒ္ဓါရနိရောဓမည်၏။ ကထိန်ကိုမနှုတ်စေသော်ကား၊ အာဝါသ ပလိဗောဓ, စီဝရပလိဗောဓ၊ ထိုထိုအကြောင်းကိုစွဲ၍၊ ကထိန် မနှုတ်မီက ကထိနှုတ်ဘို့ရှိသော ဘောကြိယာသို့ရောက်သော ကထိနုဒ္ဓါရသည်၊ ကထိန်မပျက်သောကြောင့် ကထိနုဒ္ဓါရဥပ္ပတ္တိမည်၏။

> နိရောဓောနာမ တံတံ ကာရဏမာဂမ္မ ဥဒ္ဓါရဘာဝပ္ပတ္တိ၊ ဝေံဥပ္ပတ္တိနာမ ကထိနုဒ္ဓါရောဝေ။ ။ဝိမတိ။

တံတံ ကာရဏံ၊ ထိုထိုအကြောင်းကို၊ အာဂမ္မ၊ စွဲ၍။ ဥဒ္ဓါရဘာဝပ္ပတ္တိ၊ နှုတ်သော ဘောကြိယာသို့ရောက်သော၊ ကထိနုဒ္ဓါရော၊ ကထိနုဒ္ဓါရသည်၊ နိရောဓောနာမ ယထာ၊ ခြုပ်သည် ပျက်သည် မည်သကဲ့သို့။ ဧဝံ တထာဧဝ၊ ထို့အတူ သာလျှင်၊ တံတံ ကာရဏံ၊ ထိုထိုအ

ကြောင်းကို၊အာဂမ္မ၊စွဲ၍။ ဥဒ္ဒါရဘာဝပ္ပတ္တိ၊ နှုန်းတို့ရှိသော ဘောကြွယ်သို့ရောက်သော၊ကထိနတ္ထာရော၊ကထိနတ္ထာရသည်၊ဥပ္ပတ္တိနာမ၊ဖြစ်သည်မည်၏။

ဤဥပ္ပတ္တိကထိနတ္ထာရကိုရည်၍၊ကိမတ္ထိယံ ဥဗ္ဘာရနိဒ္ဒေသနတ္တိ စေ၊ ပဥ္စဟိ အနာပတ္တိ ကာလပရိယန္တံ ဒဿေနေန တေသု သံဝရပ္ပါဒနတ္ထံ။ -ဟူသော ပါဠိကိုမိန့်၏။ ။ဝဇိရဗုဒ္ဓိ။

ဥဗ္ဘာရနိဒ္ဒေသနံ၊ဥဗ္ဘာရကိုပြခြင်းသည်။ကိမတ္ထိယံ၊အဘယ်အကျိုးရှိသနည်း။ဣတိ၊ဤသို့။စေ ပုစ္ဆေယျ၊အကယ်၍မေးငြားအံ့။ပဥ္စဟိ အာနိသံသေဟိ၊ငါးပါးသော အာနိသင်တို့ဖြင့်၊အနာပတ္တိကာလပရိယန္တံ ဒဿေနေန၊အာပတ်မသင့်သောကာလ ၅-လ အပိုင်းအခြားကိုပြခြင်းကြောင့်၊တေသု၊ ထိုငါးလတို့၌။ ဥဗ္ဘာရနိဒ္ဒေသနံ၊ ဥဗ္ဘာရကိုပြခြင်းသည်။သံဝရုပ္ပါဒနတ္ထံ၊ဥဗ္ဘာရကိုစောင့်ခြင်းအကျိုးရှိ၏။ဣတိ၊ ဤသို့။ ဝိသဇ္ဇေယျ၊ဖြေဆိုရာ၏။

အဓိပ္ပါယ်ကား၊ကထိန်ခင်းသည်၏အခြားမဲ့၌၊ ကထိန်ပျက်သော နိဗ္ဗာနကထိနတ္ထာရ၏အနက်ကိုထုတ်၍။ ကထိန်နှုန်းသော ဥဗ္ဘာရကို ပြခြင်းသည်ကား၊ငါးပါးသော အာနိသင်တို့ဖြင့်။အာပတ်မသင့်သော ၅-လအပိုင်းအခြားကိုပြသောကြောင့်၊ ထိုငါးလတို့၌ ကထိန်မပျက်သော ဥပ္ပတ္တိကထိနတ္ထာရ၏အနက်ထုတ်၍၊ကထိန်မနှုန်းသော ဥဗ္ဘာရ၏အစောင့်အရှောက်ကိုဖြစ်စေခြင်းအကျိုးရှိ၏ ဟူလိုသည်။

နိဗ္ဗာန ကထိနတ္ထာရ,ဥပ္ပတ္တိကထိနတ္ထာရ၌။ကထိန်ပျက်သည်,မပျက်သည်ကို သိလွယ်စေခြင်းငှါ၊နိဗ္ဗာန–သဒ္ဒါ,ဥပ္ပတ္တိ–သဒ္ဒါကို ထည့်၍ဆိုသည် မှတ်ရမည်။

## နိဗ္ဗာန ကထိနတ္ထာရ ၉-ပါးကို ပြခြင်း

နိဗ္ဗာနကထိနတ္ထာရ-ဟူသော်ကား၊ ကိုးပါးတည်း။ ကိုးပါး ဟူသော်ကား၊ အဋ္ဌဗဒ္ဓာရ နိဗ္ဗာန ကထိနတ္ထာရ၊ပက္ကမနန္တိက နိဗ္ဗာန ကထိနတ္ထာရ၊နိဋ္ဌာနန္တိက နိဗ္ဗာန ကထိနတ္ထာရ၊သန္နိဋ္ဌာနန္တိက နိဗ္ဗာန ကထိနတ္ထာရ၊ နာသနန္တိက နိဗ္ဗာန ကထိနတ္ထာရ၊ သဝနန္တိက နိဗ္ဗာန

ကထိန္နဒ္ဓါရ၊ အာသာဝစ္ဆေဒိက နိရောဓ ကထိန္နဒ္ဓါရ၊ သိမာတိက္ကန္တိက နိရောဓ ကထိန္နဒ္ဓါရ၊ သဟုဗ္ဘာရ နိရောဓ ကထိန္နဒ္ဓါရ- အားဖြင့် ကိုးပါးတည်း၊

ထို ကိုးပါးတို့တွင်၊ တပါးပါး သော နိရောဓ ကထိန္နဒ္ဓါရ ကို မ စောင့်ရှောက်သော အားဖြင့် ကထိန်နှုတ်သည်ရှိသော်၊ ခင်းအပ်ပြီး သော ကထိန်ရှိသော ရဟန်း၌၊ထိုက်သည်အားလျော်စွာ နိရောဓ က ထိန္နဒ္ဓါရ ၉–ပါး၊တပါးပါးနှင့် ကထိန်ပျက်၏။ကိုးပါးလုံးနှင့် ကထိန် မပျက်၊မဆက်ဆံ၊တပါးပါးနှင့်သာ ဆက်ဆံ၏။

## ဥပ္ပတ္တိ ကထိန္နဒ္ဓါရ ၉–ပါးကို ပြခြင်း

ဥပ္ပတ္တိ ကထိန္နဒ္ဓါရ-ဟူသော်ကား၊ ကိုးပါးတည်း။ ကိုးပါးဟူ သော်ကား၊ အန္တရုဗ္ဘာရ ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ ပက္ကမနန္တိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ နိဋ္ဌာနန္တိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ သန္နိဋ္ဌာနန္တိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ နာသနန္တိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ သဝနန္တိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ အာသာဝစ္ဆေဒိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ သိ မာတိက္ကန္တိက ဥပ္ပတ္တိ ကထိန္နဒ္ဓါရ၊ သဟုဗ္ဘာရ ဥပ္ပတ္တိ ကထိန္နဒ္ဓါ ရ-အားဖြင့် ကိုးပါးတည်း။

ထိုကိုးပါးတို့တွင်၊ တပါးပါးသော ဥပ္ပတ္တိ ကထိန္နဒ္ဓါရကို၊စောင့် ရှောက်သောအားဖြင့် ကထိန်မနှုတ်သည်ရှိသော်၊ ခင်းအပ်သော က ထိန်ရှိသော ရဟန်း၌၊ ဥပ္ပတ္တိ ကထိန္နဒ္ဓါရ ၉-ပါး၊ တပေါင်းတည်း ဖြစ်သော အလိုအားဖြင့် ကထိန်မပျက်။ ကိုးပါးသော ဥပ္ပတ္တိ က ထိန္နဒ္ဓါရ၊ ကထိန်မပျက်သည်နှင့်ချည်း တပေါင်းတည်း ဆက် ဆံကြ၏။

ထို့ကြောင့်၊ တပါးပါးသော ဥပ္ပတ္တိ ကထိန္နဒ္ဓါရကို စောင့် ရှောက်သည်ရှိသော်၊ ခင်းအပ်သော ကထိန်ရှိသောရဟန်း၌၊ ဥပ္ပတ္တိ ကထိန္နဒ္ဓါရ ၉-ပါး၊ တပေါင်းတည်းဖြစ်သော အလိုအားဖြင့် က ထိန်မနှုတ်၊ ဥဗ္ဘာရရှိသည် ၏အဖြစ်ကိုသိသည်။

တပါးပါးသော နိဗောဓ ကထိနုဒ္ဓါရကို မစောင့်ရှောက်သည့် ရှိသော်၊ ခင်းအပ်သော ကထိန်ရှိသော ရဟန်း၌၊ နိဗောဓ ကထိနုဒ္ဓါရ ၈-ပါး၊ တပါးပါးမဖြစ်သော အလိုအားဖြင့် ကထိန်နှုတ်၍၊ ဥဗ္ဘာရ မရှိသည့်၏အဖြစ်ကို သိသည်။

**ကထိန်မပျက်သော ဥပ္ပတ္တိ ကထိနုဒ္ဓါရ၏ အနက်ကို ထုတ်၍၊ ကထိန်မနှုတ်သော ဥဗ္ဘာရ၏ အစောင့်အရှောက်ကိုဖြစ် စေရမည့် ကထိန်၏ ပလိဗောဓ ၂-ပါးကို ပြခြင်း**

ကထိန်မပျက်သော ဥပ္ပတ္တိ ကထိနုဒ္ဓါရ၏အနက်ကိုထုတ်၍၊ ကထိန်မနှုတ်သော ဥဗ္ဘာရ၏အစောင့်အရှောက်ကို ဖြစ်စေရမည်ကား၊ ကထိန်၏ပလိဗောဓ ၂-ပါးတည်း။

ကတမေ စ ဘိက္ခဝေ ဒွေ ကထိနဿ ပလိဗောဓါ၊ အာဝါသပလိဗောဓော စ စီဝရပလိဗောဓော စ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနဿ၊ ကထိန်ကို။ ပလိဗောဓါ။ ကြောင့်ကြခြင်းတို့သည်။ ကတမေစဒွေ၊ အဘယ်နှစ်ပါးတို့နည်း။ အာဝါသပလိဗောဓော စ၊ အာဝါသကို ကြောင့်ကြခြင်းသည်လည်း။ ကထိနဿ၊ ကထိန်ကို။ ပလိဗောဓော၊ကြောင့်ကြခြင်း တပါးပင်တည်း။ စီဝရပလိဗောဓော စ၊ သင်္ကန်းကို ကြောင့်ကြခြင်းသည်လည်း။ ကထိနဿ၊ ကထိန်ကို။ ပလိဗောဓော၊ ကြောင့်ကြခြင်း တပါးပင်တည်း။

ကထဉ္စ ဘိက္ခဝေ အာဝါသပလိဗောဓော ဟောတိ၊ဣဓ ဘိက္ခဝေ ဘိက္ခု ဝသတိ ဝါ တသ္မိံ အာဝါသေ၊ သာပေက္ခော ဝါ ပက္ကမတိ ပစ္စေဿန္တိ၊ ဧဝံ ခေါ ဘိက္ခဝေ အာဝါသပလိဗောဓော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ အာဝါသ ပလိဗောဓော၊ အာဝါသကြောင့်ကြသည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား၏အလိုတော်၌၊ ဘိက္ခု၊

ရဟန်းသည်၊ တည့်အာဝါသေဝါ၊ ထိုကထိန်ခင်းသော ကျောင်း၌လည်း။ ဝသတိ၊ နေ၏။ ပစ္စာသာံ၊ ပြန်အံ့။ ရှုတိ၊ ဤသို့။ သာပေက္ခောဝါ၊ ငဲ့သောစိတ်ရှိသည်ဖြစ်၍လည်း။ ပက္ကမတိ၊ ဖဲသွား၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝံခေါ၊ ဤသို့လျှင်။ အာဝါသပလိဗောဓော၊ အာဝါသ ကြောင့်ကြသည်၊ ဟောတိ၊ ဖြစ်၏။

> ကထဉ္စဘိက္ခဝေ စီဝရပလိဗောဓော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခုနော စီဝရံ အကတံဝါ ဟောတိ၊ ဝိပ္ပကတံဝါ၊ စီဝရာသာဝါ အနုပစ္ဆိန္နာ၊ ဧဝံခေါဘိက္ခဝေ စီဝရပလိဗောဓော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ စီဝရပလိဗောဓော၊ သင်္ကန်းကြောင့်ကြသည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား၏ အလိုတော်၌။ ဘိက္ခုနော၊ ရဟန်းအား။ စီဝရံ၊ သင်္ကန်းသည်။ အကတံဝါ၊ မပြုရသေးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိပ္ပကတံဝါ၊ မပြီးသေးသည်လည်း။ ဟောတိ၊ ဖြစ်၏။ စီဝရာသာဝါ၊ သင်္ကန်းရနိုးခြင်းသည်လည်း။ အနုပစ္ဆိန္နာ၊ မပြတ်သေး။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝံခေါ၊ ဤသို့လျှင်။ စီဝရပလိဗောဓော၊ သင်္ကန်းကြောင့်ကြသည်၊ ဟောတိ၊ ဖြစ်၏။

ဣမေခေါ ဘိက္ခဝေ ဒွေ ကထိနဿ ပလိဗောဓါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနဿ၊ ကထိန်ကို။ ပလိဗောဓါ၊ ကြောင့်ကြတို့သည်။ ဣမေခေါဒွေ၊ ဤနှစ်ပါးတို့တည်း။

အဓိပ္ပါယ်ကား၊ အာဝါသ၏ ကြောင့်ကြ, သင်္ကန်း၏ကြောင့်ကြ-ဟူသည်လည်း၊ ကထိန်၏ ကြောင့်ကြပင်တည်း။ ကထိန်၏ ကြောင့်ကြဟူသည်လည်း၊ ဥဗ္ဘာရ၏ အစောင့်အရှောက်ပင်တည်း။ ဥဗ္ဘာရကို စောင့်ရှောက်သော်ကား၊ ကထိန်မပျက်၊ ကထိန်မပျက်သော်ကား၊ အာနိသင်မပျက်။ အနိသင်မပျက်သော်ကား၊ အာပတ်မသင့်၊ အဆင့်ဆင့် အကျိုးရှိလေသည်။

## အကျိုးအဆင့်ဆင့်၊ အာပတ်မသင့်၊ အာနိသင်မပျက်၊ ကထိန်မပျက် မနှစ်၊ ဥဒ္ဓါရကို စောင့်ရှောက်သော ကထိန်၏ကြောင့်ကြ ပလိဗောဓ-၂ ပါးကိုပြခြင်း

ဤသို့ အကျိုးလည်း အဆင့်ဆင့်၊ အာပတ်လည်း မသင့်၊ အာနိသင်လည်း မပျက် ကထိန်လည်း မပျက် မနှစ်၊ ဥဒ္ဓါရကိုစောင့်ရှောက်သော ကထိန်၏ ကြောင့်ကြ ပလိဗောဓ ၂- ပါးတွင်၊ အာဝါသ ပလိဗောဓ-ဟူသည်ကား၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့ ကထိန်နှစ်သည့်တိုင်အောင်၊ ကထိန် ခင်းသော ကျောင်း၌ မရွှေ့မပြောင်းဘဲနေရသည်။ စီဝရ ပလိဗောဓ-ဟူသည်ကား၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့ ကထိန်နှစ်သည့်တိုင်အောင်၊ အာနိသင်မူလ ရသောအဝတ်ပုဆိုးကို၊ သင်္ကန်းပြုလုပ် ချုပ်နေရသည်။ အာနိသင်မူလ အဝတ်ပုဆိုးမရသော်၊ စီဝရာသာ သင်္ကန်းလျာပုဆိုး၊ ရနိုးသောအာသာ ဖြစ်စေရာသည်။ ဖြစ်စေပြီး၍ ရသောကာလ၊ သင်္ကန်းပြုလုပ် ချုပ်နေရသည်။

အာနိသင်မူလ ချုပ်ပြီးသော သင်္ကန်းကိုပင်၊ ရပါသည်ဟူစေဦးတော့။ ချုပ်ပြီးသော သင်္ကန်းပင်ဖြစ်သော်လည်း၊ သင်္ကန်းပြုလုပ် ထပ်၍ မချုပ်ပြီဟု၊ အစ်အမှုကို ရပ်သိမ်းသော်သာလျှင်၊ ကတစီဝရ ပလိဗောဓမဖြစ်၊ စီဝရ အပလိဗောဓသောဖြစ်၏။ အာပတ်လည်းသင့်၏။

ချုပ်ပြီးသော သင်္ကန်းပင်ဖြစ်စေ၊ သင်္ကန်းပြုလုပ် ချုပ်သော အသေးထုတ်ရခြင်း၊၊ အကြွင်းရှိသည် ပင်တည်းဟု ထပ်၍ချုပ်သော်ကား၊ အကျိုးလည်း အဆင့်ဆင့်၊ အာပတ်လည်း မသင့်၊ အာနိသင်လည်း မပျက်၊ ကထိန်လည်းမပျက် မနှစ်၊ ဥဒ္ဓါရကို စောင့်ရှောက်သော ကထိန်၏ကြောင့်ကြ စီဝရ ပလိဗောဓ ဖြစ်သည် ပင်တည်း။

ဤစကားရပ် အပေါင်းတွင်၊ အာနိသင်မူလ ရသောအဝတ်ပုဆိုးကို၊ သင်္ကန်းပြုလုပ် ချုပ်သောစကားရပ်။ စီဝရာသာ သင်္ကန်း

လျှာ အဝတ်ပုဆိုး၊ ရနိုးသောအာသာ စကားရပ်။ ရ၍သက်နိုး ပြုလုပ် ချုပ်သော စကားရပ်၊ ချုပ်၍ပြီး၏ ဆိုသော်လည်း၊ သင်္ကန်း ပြုလုပ် ချုပ်သောအားထုတ်ရခြင်း အကြွင်းရှိသော စကားရပ်၊ ဤစကား ၄-ရပ်သည်၊ တပေါင်းလပြည့်နေ့ ကထိန်နှုတ်သောကာလ၊ သဟဿာရ ကထိန္နုဒ္ဓါရ၌ ပေါင်းဆုံကြ၍၊ သံဃာနှင့်လည်း မစပ်ရ၊ ပုဂ္ဂိုလ်နှင့်လည်း မစပ်ရ၊ ပလိဗောဓ ၂-ပါးစုံ၊ မရှေးမနှောင်း တပေါင်းတည်း ပြတ်ခြင်းသို့ ဆိုက်ရောက်ကြသည်။ ဆိုက်ရောက်မှသာ စောင့်ရှောက်ရာကျသည်။

မဆိုက်ရောက်က စောင့်ရှောက်ရာမကျသော၊ ကြွင်းသော ဥဒ္ဓာရ ကထိန္နုဒ္ဓါရ ခုနှစ်ပါးမှာ၊ အပြစ်မကင်းပါ။ အန္တရုဒ္ဓာရကထိန္နုဒ္ဓါရမှာ၊ မာတိကာ မဟုတ် မဆိုရ။

ဘိက္ခု အတ္ထတ ကထိနော စီဝရာသာယ
ပက္ကမတိ ပစ္စေသန္တိ

ဘိက္ခု အတ္ထတ ကထိနော စီဝရာသာယ ပက္ကမတိ ပစ္စေသန္တိ၊ သော ဗဟိသီမဂတော တံ စီဝရာသံ ပယိရုပါသတိ၊ အသာယ လဘတိ၊ အနာသာယ န လဘတိ၊ သော တံ စီဝရံ ကာရေတိ။ သော ကတ စီဝရော ပစ္စေသံ ပစ္စေသန္တိ သမ္ဘုဏာတိ ကထိနုဒ္ဓါရံ၊ တဿ ဘိက္ခုနော သဟ ဘိက္ခုဟိ ကထိနုဒ္ဓါရော။

ဘိက္ခု၊ ရဟန်းသည်။ အတ္ထတ ကထိနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသည်ဖြစ်၍။ စီဝရာသာယ၊ သင်္ကန်းရနိုးရာသို့။ ပစ္စေသန္တိ၊ ပြန်လာအံ့ဟု။ ပက္ကမတိ၊ ဖဲသွား၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဗဟိသီမဂတော၊ သိမ်ပသို့ရောက်သည်ရှိသော်။ တံ စီဝရာသံ၊ ထိုသင်္ကန်းရနိုးရာသို့။ ပယိရုပါသတိ၊ ကပ်၏။ အာသာယ၊ ရနိုးရာ၌။ လဘတိ၊ ရ၏။ အနာသာယ၊ မရနိုးရာ၌။ န လဘတိ၊ မရ။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ကာရေတိ၊ ပြု၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ကတစီဝရော၊ ပြုသောသင်္ကန်းရှိသည်ဖြစ်၍။ ပစ္စေသံ ပစ္စေသန္တိ၊ ပြန်အံ့

ဖြန့်အံ့ဟု။ ကထိနုဒ္ဓါရံ၊ ကထိန်နှုမ်ခြင်းကို။ သမ္ဘုဏာတိ၊ မြှိ၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဘိက္ခုဟိ၊ ရဟန်းတို့နှင့်။ သဟ၊ တကွ။ ကထိနုဒ္ဓါရော၊ ကထိန်နှုမ်ခြင်းသည်။

> သဟုဗ္ဘာရေ ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိ။ ။အဋ္ဌကထာ။

သဟုဗ္ဘာရေ၊ သဟုဗ္ဘာရ၌။ ဒွေ ပလိဗောဓာ၊ ၂-ပါးသော ပလိဗောဓတို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း တပေါင်းတည်း။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။

> သဥဗ္ဘာရေ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇန္တော ဝိယ ခါယတိ၊ အထခေါ သာပေက္ခတာယ၊ စီဝရ ကရဏာသဥဿာဟော ဟောတီတိ လေသံ သန္ဓာယ ပရိဝါရဝသေန ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ ဝုတ္တံ၊ ကတစီဝရောတိ ဝုတ္တတ္တာ ဣဓ န သမ္ဘဝတိ။ ။ဝဇီရဗုဒ္ဓိဋီကာ။

ဤဋီကာစကားရပ်၊ ရှေ့ဝါကျ နောက်ဝါကျ ၂-ရပ်တွင်၊ ရှေ့ဝါကျ၌ အထခေါ ဟူသော နောက်ပုဒ်ကိုထောက်၍၊ ရှေ့ကြိယာ ခါယတိ-နှင့်၊ ကိဉ္စာပိ-ယှဉ်မှသင့်သည်။ နောက်ဝါကျ၌ န သမ္ဘဝတိ-ကိုထောက်၍၊ ရှေ့ဝါကျ၌ ဝုတ္တံ-နှင့်၊ သမ္ဘဝတိ-ယှဉ်မှသင့်သည်၊ နောက်ဝါကျ၌ ကတစီဝရောတိ ဝုတ္တတ္တာ-ဟူသော ပုဒ်ကိုထောက်၍၊ ရှေ့ဝါကျက -ကတစီဝရောတိ လေသံ သန္ဓာယ ပရိဝါရဝသေန ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ ဝုတ္တံ၊-လိုက်မှ သင့်သည်။

သဥဗ္ဘာရေ၊ သဥဗ္ဘာရကထိနုဒ္ဓါရ၌။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇန္တော ဝိယ၊ ပြတ်သကဲ့သို့။ ကိဉ္စာပိ ခါယတိ၊ အကယ်၍ကားထင်၏ရှင့်။ အထခေါ-တထာပိ၊ ထိုသို့ပင်ထင်သော်လည်း။ သာပေက္ခတာယ၊ ချုပ်ဦးအံ့ဟု ငဲ့သောစိတ်ရှိသည်၏အဖြစ်ဖြင့်။ စီဝရကရဏာ သဥဿာဟော၊ သင်္ကန်းပြုလုပ်ထပ်၍ချုပ်လိုသော ဥဿာဟရှိသေးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဣတိ-ဣမံလေသံ၊ ဤအခွက်ကို။ သန္ဓာယ၊ ရည်၍။ ပရိဝါရဝသေန၊ ပရိဝါအလိုအားဖြင့်။ ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ သိဇ္ဈန္တိ ဝစနံ၊ သိဇ္ဈန္တိ- ဟူသောစကားကို။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်သည်။ သမ္ဘဝတိ၊ ဖြစ်သင့်နိုင်၏။

ဣဓ သဥဗ္ဘာရေ၊ ဤသဥဗ္ဘာရ ကထိနုဒ္ဓါရ၌။ ကတစီဝရောတိ ဝုတ္တတ္တာ၊ ကတစီဝရော-ဟု ဟောအပ်သည်၏ အဖြစ်ကြောင့်။ ကတစီဝရောတိလေသံ၊ ချုပ်ပြီးသော သင်္ကန်းဟူသော အခွက်ကို။ သန္ဓာယ၊ ရည်၍။ ပရိဝါရဝသေန၊ ပရိဝါအလိုအားဖြင့်။ ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ သိဇ္ဈန္တိ ဝစနံ၊ သိဇ္ဈန္တိ-ဟူသော စကားကို။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဆိုအပ်သည်။ န သမ္ဘဝတိ၊ မဖြစ် သင့်နိုင်။

အဓိပ္ပါယ်ကား၊ သဟုဗ္ဘာရ ကထိနုဒ္ဓါရ ပါဋ္ဌတော်၌၊ ပြန်အံ့ ပြန်အံ့ ဟု ကထိန်ခင်းသော ကျောင်း၌၊ ကထိန်နုတ်သည်ကို မှီအောင် ပြန်၍ လာသော ရဟန်း ရှေးကာလက ချုပ်ပြီးသော သင်္ကန်းဆိုရ ကား၊ စီဝရပလိဗောဓ၊ ရှေးဦးစွာပြတ်သည်ထင်၏။ ထင်သော်လည်း၊ သင်္ကန်းချုပ်ပြီးသော်လည်း၊ အပ်အပ်မှု ပြီးဆုံးသည်မဟုတ်၊ ချုပ်ဦးအံ့ ဟုငဲ့သောစိတ်ရှိသေးသည်၏အပ်ဖြစ်ဖြင့်၊ ချုပ်ပြီးသောသင်္ကန်းကိုပင် ထပ်၍ ချုပ်လိုသော ဥဿာဟရှိသေးသည်ကို ရည်၍၊ ပရိဝါအလို အားဖြင့် ပလိဗောဓ ၂-ပါး၊ မရှေးမနှောင်း တပေါင်းတည်းပြတ်၏ ဟူသော စကားကို၊ အဋ္ဌကထာဆို ဖြစ်သင့်နိုင်၏။ ဤသဟုဗ္ဘာရ ကထိ နုဒ္ဓါရ၌၊ ကတစီဝရော-ဟု ဟောအပ်သည်၏ အဖြစ်ကြောင့်၊ ချုပ်ပြီး သော သင်္ကန်းကို ရည်၍၊ ပရိဝါအလိုအားဖြင့် ပလိဗောဓ ၂-ပါး၊ မရှေး မနှောင်း တပေါင်းတည်း ပြတ်၏ ဟူသော စကားကို အဋ္ဌက ထာဆို မဖြစ်သင့်နိုင်ဟူလို။

ဤဋီကာပါဌ်ဖြင့်၊ ချုပ်ပြီးသော သင်္ကန်းကို ထပ်၍ချုပ်သည်ကို၊ စီ ဝရ ပလိဗောဓဖြစ်၏ဟု၊ ပရိဝါနှင့် အဋ္ဌကထာဆိုကြောင်းကို၊ ဝဇိ ရဗုဒ္ဓိဋီကာ ပြဆိုသည်မှတ်။

တေနာပိ ကထိနံ အတ္ထရိတွာ ပက္ကာ ဝိဗ္ဘမေတွာ ဒွေ စီဝရေ

ကရိဿာမီတိ နဂဟေတဗ္ဗံ။ ဟူသော ပါဠိဖြင့်လည်း၊ ချုပ်ပြီးသော ၂-ထပ်သင်္ကန်းကိုဖြေ၍၊ တထပ်သင်္ကန်း ၂-ထည်ချုပ်သည်ကို၊ စီဝရ ပလိဗောဓ ဖြစ်၏ဟု အဋ္ဌကထာ ပြဆိုသေးသည်။

ထို့ကြောင့်၊ ယခုအခါကာလ ကထိန်ခင်းကြသော်၊ ဒါယကာတို့ ၏လက်မှ ချုပ်ပြီးသော သင်္ကန်း၊ အာနိသင်မူလ ရသည်ဖြစ်မူ၊ ကထိန် ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့ ကထိန်နှုတ်သည်တိုင်အောင်၊ ထိုချုပ်ပြီးသော သင်္ကန်းကိုပင် ထပ်၍ချုပ်သည်ဖြစ်စေ၊ ဖြေ၍ချုပ် သည်ဖြစ်စေ၊ တဖြည်းဖြည်းချုပ်၍နေမှုကား၊ စီဝရပလိဗောဓ တပါး ဖြင့်လည်း အာပတ်မသင့်၊ ကထိန်ခင်းသော နေ့မှစ၍ တပေါင်းလ ပြည့်နေ့ ကထိန်နှုတ်သည်တိုင်အောင်၊ ကထိန်ခင်းသော ကျောင်းမှ မရွှေ့မပြောင်းနေမှုကား၊ အာဝါသ ပလိဗောဓ တပါးဖြင့်လည်း အာ ပတ်မသင့်။

ဤသို့ ကထိန်ခင်းသော နေ့မှစ၍ တပေါင်းလပြည့်နေ့ ကထိန် နှုတ်သည်တိုင်အောင်၊ ကထိန်၏ကြောင့်ကြ ပလိဗောဓ ၂-ပါးဖြင့်၊ အာပတ်လည်း မသင့်ကောင်း၊ အာနိသင်လည်း မပျက်ကောင်း၊ အကျိုးလည်း အဆင့်ဆင့် အတ္ထာရနှင့် တကွ ဖြစ်ကောင်းသော၊ ဥဒ္ဒိဋ္ဌ ကထိနုဒ္ဓါရ၊ ၈-ပါးသော ဥဒ္ဓာရကို၊ တရိတည်းရှိအောင် စောင့် ရှောက်ရသည်။

**သဗ္ဗေပိ အတ္ထာရေန သဒ္ဓိံ ကေစေတာ ဥပ္ပဇ္ဇန္တိ၊**
**အတ္ထာရေဟိ သတိဥဒ္ဓါရောနာမ**

**သဗ္ဗေပိ အတ္ထာရေန သဒ္ဓိံ ကေစေတာ ဥပ္ပဇ္ဇန္တိ၊**
**အတ္ထာရေဟိ သတိ ဥဒ္ဓါရောနာမ။** ။ကထိနဘေဒအဋ္ဌကထာ။

သဗ္ဗေပိ ကထိနုဒ္ဓါရာ၊ အလုံးစုံသော ကထိနုဒ္ဓါရ ၈-ပါးသော ဥဒ္ဓာရတို့သည်လည်း။ အတ္ထာရေန၊ အတ္ထာရနှင့်။ သဒ္ဓိံ၊ တကွ။ ကေ တော၊ တပေါင်းတည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ ဟိသစ္စံ၊ မှန်၏။ အတ္ထာ ရေ၊ အတ္ထာရသည်။ သတိ၊ ရှိသော်။ ဥဒ္ဓါရော၊ ဥဒ္ဓါရသည်။ သန္တောနာ မ၊ ရှိသည်မည်၏။ (တနည်း) အတ္ထာရေ၊ အတ္ထာရကြိယာသည်။ သတိ-

သဗ္ဗေ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ ဥဒ္ဒါ၊ ရော၊ ကထိနုဒ္ဒါရ,ကိုးပါးသော ဥဗ္ဘာရကြိယာသည်။ သဗ္ဗော–ဥပ္ပဇ္ဇမာနော နာမ၊ ဖြစ်သည် မည်၏။

နှမ်တို့ခင်းသော အတ္ထာရကြိယာ၊ အဆင့်ဆင့်ဖြစ်၍ ရှိကတည်းက၊ နှမ်သော ဥဗ္ဘာရကြိယာ၊ အဆင့်ဆင့် ဖြစ်၍ရှိ၏။ နှမ်သော ဘောကြိယာသို့မရောက်။

နှမ်၍ခင်းသော အတ္ထာရကြိယာ၊ ပျက်၍ မရှိကတည်းက၊ နှမ်သော ဥဗ္ဘာရကြိယာ၊ ပျက်၍မရှိ။ နှမ်သော ဘောကြိယာသို့ရောက်၏။

ကထိန်ခင်းသော အတ္ထာရကြိယာ၊ ကထိန်နှမ်သော ဥဗ္ဘာရ ကြိယာ၊ အဆင့်ဆင့် တပေါင်းတည်းဖြစ်ပုံ,မဖြစ်ပုံ၊ အဆင့်ဆင့် တပေါင်းတည်း ရှိပုံ,မရှိပုံကို၊ ပြောဆိုသံ ကြားဘူးရုံမျှ မကြားဘူးရဘဲ၊ ငါက ဘဲဟု အံခဲ၍ကြံလျှင်၊ အသိအမြင် အထင်အယူ၊ အရှုရမတတ်ခက်သော အနက်သဘော၊ ပြော မယုံ ကြုံဘူးမှသိမည်။

ကထိန်ခင်းသောနေ့မှစ၍၊ တပေါင်းလပြည့်နေ့ ကထိန်နှမ်သည်၏ ရှေ့ကာလတိုင်အောင်၊ အတ္ထာရနှင့်တကွ ၉-ပါးသော ဥဗ္ဘာရ၊ တပေါင်းတည်းရှိမှ သဟုဗ္ဘာရ ကထိန်နှမ်ရသည်၊ သဟုဗ္ဘာရ ကထိန် နှမ်မှ အာပတ်က လွတ်ကြရသည်။ အာပတ်က လွတ်ကြရလျှင် လည်း၊ ဥဗ္ဘာရကို စောင့်ရှောက်ခြင်း၏အကျိုးပင်တည်း။

> အညထာ စီဝရကာလ သမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမောမာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာတိ ဝိဘင်္ဂေ ဝုတ္တတ္တာ အန္တရာ ပက္ကမနန္တိကာဒိ ဥဗ္ဘာရာ ဘာဝေပိ ပဉ္စဟိ ပဉ္စသုမာ သေသု အနာပတ္တိယေဝါတိ မိစ္ဆာဂါဟော သိယာ၊ တတော အာပတ္တိခေတ္တေ အနာပတ္တိခေတ္တေ သညာ ယ တံတံ အာပတ္တိံ အာပဇ္ဇတိ။ ။ဝဇိရဗုဒ္ဓိဋီကာ။

အညထာ၊ ဥဗ္ဘာရကို စောင့်ရှောက်ခြင်း အကျိုးရှိ၏ဟု ယူအပ်

သည့်မှတပါး၊ မယူအပ်သည့်ရှိသော်။ ကထိနေ၊ ကထိန်ကို၊ အနတ္ထတေ၊ မခင်းအပ်သည့်ရှိသော်။ ဝဿာနသ၊ မိုဃ်းလ၏။ ပစ္ဆိမော မာသော၊ နောက်ဆုံးတလသည်။ စီဝရကာလ သမယော နာမ၊ စီဝရကာလ သမယမည်၏။ ကထိနေ၊ ကထိန်ကို၊ အတ္ထတေ၊ ခင်းအပ်သည့်ရှိသော်။ ပဉ္စမာသာ၊ ငါးလတို့သည်။ စီဝရကာလသမယော နာမ၊ စီဝရကာလ သမယမည်၏။ ဣတိ၊ ဤသို့။ ဝိဘင်္ဂေ၊ ဝိဘင်း၌။ ဝုတ္တတ္တာ၊ ဟောအပ်သည်၏အဖြစ်ကြောင့်။ အန္တရာပက္ကမနန္တကာဒိ ဥဗ္ဘာရာ ဘာဝေပိ၊ အန္တရုဗ္ဘာရ၊ ပက္ကမနန္တက– အစရှိသော ဥဗ္ဘာရ မရှိသော်လည်း။ ပဉ္စဟိ အာနိသံသေဟိ၊ ငါးပါးသော အာနိသင်တို့ဖြင့်။ ပဉ္စသု မာသေသု၊ ငါးလတို့၌။ အနာပုစ္ဆယေဝ၊ အာပတ်မသင့်သည်သာတည်း။ ဣတိ၊ ဤသို့။ မိစ္ဆာဂါဟော၊ ယူမှားခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ တတော၊ ထို့ကြောင့်။ အာပုစ္ဆိခေတ္တေ၊ အာပုစ္ဆိခေတ်၌။ အနာပုစ္ဆိခေတ္တသညာယ၊ အနာပုစ္ဆိခေတ်အမှတ်ဖြင့်။ တံတံ အာပတ္တိံ၊ ထိုထို အာပတ်သို့။ အာပဇ္ဇတိ ရောက်၏။ ။ဤသို့အနက်ပေးမှု၊ အဓိပ္ပါယ်ရ၏။

အဓိပ္ပါယ်ကား၊ ကထိန်ခင်းသည့်၏ အခြားမဲ့၌၊ ကထိန်နှင်သော ဥဗ္ဘာရကို ပြုခြင်းသည်ကား၊ သီတင်းကျွတ်လပြည့်ကျော် တရက် နေ့မှစ၍၊ တပေါင်းလပြည့်နေ့တိုင်အောင် ငါးပါးသော အာနိသင်တို့ ဖြင့်၊ အာပတ်မသင့်သောကာလ ငါးလ ပိုင်းခြား၍ပြုခြင်းကြောင့်။ ထိုငါးလတို့၌ သဟုဗ္ဘာရ ကထိန် နှင်ချိန်ရောက်သောကာလ၊ နှင်တို့ ခင်းသော အဋ္ဌာရနှင့်တကွ၊ တပေါင်းတည်းဖြစ်ကြသော ဥပ္ပတ္တိက ထိန်နုဒ္ဓါရ၊ ကိုးပါးသော ဥဗ္ဘာရကို၊ တပေါင်းလပြည့်နေ့ သဟုဗ္ဘာ ရကထိန်၊ နှင်ချိန်ရောက်သော ကာလသို့တိုင်အောင် မပျောက်မပျက် စေရ၊ စောင့်ရှောက်ရခြင်း အကျိုးရှိ၏ဟု ယူအပ်သည်မှ တပါး၊ မ ယူအပ်သည့်ရှိသော်၊ ကထိန် မခင်းသည့်ရှိသော်၊ သီတင်းကျွတ်လ ပြည့်ကျော် တရက်နေ့မှစ၍၊ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင်၊ မိုဃ်းလေးလ၏ နောက်ဆုံးတလသည်၊ စီဝရကာလ သမယမည်၏ ဟု– ဝိဘင်း၌ ဟောတော်မူသော ကြောင့်၊ ထိုတလ၌ ကထိန်၏ ကြောင့်ကြ ပလိဗောဓ ဥဗ္ဘာရ မရှိဘဲလျက်၊ သက်သက် ငါးပါး

သော အာနိသင်တို့ဖြင့်၊ ကထိန်မခင်းသော ရဟန်းတို့အား အာပတ်မသင့်သကဲ့သို့၊ထို့အတူ၊ ကထိန်ခင်းသည်ရှိသော်၊ သီတင်းကျွတ်လပြည့်ကျော်တရက်နေ့မှစ၍ တန်ပေါင်းလပြည့်နေ့တိုင်အောင် ငါးလသည်၊ စီဝရကာလ သမယမည်၏ဟု ဝိဘင်း၌ ဟောတော်မူသောကြောင့်၊ ထိုငါးလတို့၌ ကထိန်၏ကြောင့်ကြ၊ ပလိဗောဓ ၂-ပါး ပြုမအား၍၊ကိုးပါးသော ဥဗ္ဘာရမရှိသော်လည်း၊ သက်သက် ငါးပါးသော အာနိသင်တို့ဖြင့်၊ ကထိန်ခင်းသော ရဟန်းတို့အား၊အာပတ်မသင့်ဟူသော မိစ္ဆာအယူသည် ဖြစ်ခဲ့ရာ၏၊ ဖြစ်ခဲ့သည်ရှိသော်၊ ပလိဗောဓတပါးကင်းသဖြင့်လည်း သင့်သောအာပတ်၊ပလိဗောဓ ၂-ပါးကင်းသဖြင့်လည်း သင့်သော အာပတ်၊ခေတ်အမှတ်ရှိသည်ဖြစ်လျက်၊ မသင့်သောအာပတ်၊ ခေတ်အမှတ်ဖြင့် ထိုထိုအာပတ်သို့ရောက်၏ဟူလို။

### စီဝရကာလ သမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမောမာသော၊-ဟူသော ပါဠိတော်ဖြင့်၊စီဝရကာလ တလ၌

စီဝရကာလ သမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမောမာသော။-ဟူသော ပါဠိတော်ဖြင့်၊ စီဝရကာလ တလ၌၊ ကထိန်မခင်းသော ရဟန်းတို့အား၊ အာပတ်မသင့်သော အာနိသင် ၅-ပါး ဟူသော်ကား၊ အနာမန္တစာရလည်း တပါး၊ အသမာဒါနစာရလည်း တပါး၊ ဂဏဘောဇနလည်း တပါး၊ ယာဝဒတ္ထစီဝရလည်း တပါး၊ ယောစ တတ္ထစီဝရုပ္ပါဒလည်း တပါး။

ထိုငါးပါးတို့တွင်၊အနာမန္တစာရ အာနိသင်ဟူသည်ကား၊ စီဝရဒါနသမယပင်တည်း။ ။စီဝရဒါန သမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမောမာသော။

အသမာဒါနစာရ အာနိသင်ဟူသည်ကား၊ ဒုတိယကထိန စီဝရဝိပ္ပဝါသ သိက္ခာပုဒ်ဖြင့်၊ အာပတ် မသင့်ခြင်းပင်တည်း။

ဂဏဘောဇန အာနိသင် ဟူသည်ကား၊ စီဝရဒါန် သမယ ပင်တည်း။ ။စီဝရဒါန သမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော။

ယာဝဒတ္ထစီဝရ အာနိသင် ဟူသည်ကား၊ ပဌမကထိန သိက္ခာပုဒ်ဖြင့်၊ အာပတ်မသင့်ခြင်းပင်တည်း။အစ္စေက စီဝရသိက္ခာပုဒ်၌လည်း အာပတ်မသင့်ဟု လာသည်ကား၊ အစ္စေကံ မညမာနေန ဘိက္ခုနာ ပဋိဂ္ဂဟေတဗ္ဗံ၊ပဋိဂ္ဂဟေတွာ ယာဝစီဝရကာလ သမယံ နိက္ခိပိတဗ္ဗံ။- ဟု လာသော ယာဝဒတ္ထ စီဝရပင်တည်း။

ယော စ တတ္ထ စီဝရုပ္ပါဒ အာနိသင် ဟူသည်ကား၊ အကြင်ရဟန်းသည် အကြင်ကျောင်း၌ ပုရိမဝါကပ်၏၊ထိုရဟန်းသည် ထိုကျောင်း၌ ပုရိမဝါကျွတ်၏။ထိုကျောင်းတိုက်၌ စီဝရကာလ သမယ တလ အတွင်းဖြစ်သော သံဃိကသင်္ကန်း၊ထိုရဟန်းအားသာထိုက်သော စီဝရမာသ တလ၊ အကယ်၍ ထိုရဟန်းက၊ ဝါမကပ်သော ရဟန်း,ဝါပြတ်သော ရဟန်း,ပစ္ဆိမဝါကပ်သော ရဟန်း,တပါးသောကျောင်းတိုက်က ဝါကျွတ်၍ လာရောက်သော ရဟန်းတို့အား မထိုက်၊ ငါ့အားသာထိုက်၏ဟု ဆို၍၊ အစိုးတရ အတွက်ကျ ယူခြင်းကြောင့်၊ နိဿဂ္ဂိ အာပတ်မှုမသင့်သော စီဝရမာသ တလပင်တည်း။

ဤစီဝရကာလ သမယ တလ၌၊ ကထိန်မခင်းသော ရဟန်းသို့သော်လည်း၊ ကထိန်မခင်း၍သာ ခင်းထိုက်သောအင်္ဂါရှိမှ အာနိသင်ရ၏။ခင်းထိုက်သောအင်္ဂါမရှိက၊ ကထိန်ခင်းသောရဟန်းဖြစ်ဆန်းမှု နှင့် အာနိသင်မရ။

> တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဧကော
> ဝဿံဝသိ၊တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံ
> သု၊ အထခေါ တဿ ဘိက္ခုနော ဧတဒဟောသိ၊ ဘဂဝ
> တာ ပညတ္တံ စတုဝဂ္ဂေါ ပစ္ဆိမော သံဃောတိ၊ အဟဉ္စ
> မှိ ဧကော၊ ဣမေစ မနုဿာ သံဃဿ ဒေမာတိ

စီဝရာနိ အဒံသု၊ ယံနူနာဟံ ဣမာနိ သံဃိကာနိ စီဝရာနိ သာဝတ္ထိံ ဟရေယျန္တိ၊ အထ ခေါ သော ဘိက္ခု တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တွာ ဘဂဝတော ဧတမတ္ထံ အာရောစေသိ၊ တုယှေဝ ဘိက္ခု တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ။ ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ။ ॥စီဝရက္ခန္ဓက॥

တုယှေဝ ဘိက္ခု တာနိ စီဝရာနီတိ၊ အညတ္ထ ဂဟေတွာ ဂတာနိပိ တုယှေဝ၊ န တေသံ အညော ကောစိ ဣဿရောတိ၊ ဧတ္ထ ပန ဝတွာ အနာဂတေပိ နိက္ခိပိတွာ ဂစ္ဆိဿန္တီတိ ဣဓ ပနာတိ အာဒိမာဟ၊ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာတိ သစေ ဂဏပူရကေ ဘိက္ခူ လဘိတွာ ကထိနံ အတ္ထတံ ဟောတိ ပဉ္စမာသေ၊ နော စေ အတ္ထတံ ဟောတိ ဧကံ စီဝရမာသမေဝ၊ ယံ ယံ သံဃဿ ဒေမာတိ ဝါ ဒေန္တိ၊ သံဃံ ဥဒ္ဒိဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿံဝုတ္ထသံဃဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အဝိဘဇိတွာ တံ ဝိဟာရံ ပဝိသန္တိ၊ သဗ္ဗံ တဿေဝ ဘိက္ခုနော ဟောတိ၊ ယမ္ပိ သော ဝဿာဝါသတ္ထာယ ဝတ္ထုံ ပယောဇေတွာ ထပိတ ဥပနိက္ခေပတော ဝါ တတြုပ္ပါဒတော ဝါ ဝဿာဝါသိကံ ဂဏှာတိ၊ သဗ္ဗံ သုဂဟိတမေဝ ဟောတိ၊ ဣဒဉ္စေတ္ထ လက္ခဏံ။ ယေန တေနာကာရေန သံဃဿ ဥပ္ပန္နံ ဝတ္ထုံ အတ္ထတ ကထိနဿ ပဉ္စမာသေ၊ အနတ္ထတ ကထိနဿ ဧကစီဝရမာသံ ပါပုဏာတီတိ။ ॥အဋ္ဌကထာ॥

ဤသို့လျှင် စီဝရကာလ သမယတလ၌၊ ကထိန်မခင်းသောရဟန်းတို့အား၊ စာရိတ္တသိက္ခာပုဒ်၌၊ စီဝရဒါနသမယ၊ တလ အာနိသင်ရသောကြောင့်၊ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော- အနာမန္တစာရ။ ဒုတိယကထိနသိက္ခာပုဒ်၌၊ စီဝရဝိပ္ပဝါသ တလ အာနိသင်ရသောကြောင့်၊ ဒုတိယ ကထိန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော-အသမာဒါနစာရ။ ဂဏဘောဇန သိက္ခာပုဒ်၌၊ စီဝရဒါန သမယ တလ အာနိသင်ရသောကြောင့်၊ ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော-ဂဏဘောဇန။ အစ္စေကစီဝရသိက္ခာပုဒ်၌၊ စီဝရကာလ သမယ တလ အာနိသင်ရသောကြောင့်၊ ပဌမ ကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော—ယာဝဒတ္ထစီဝရ၊ စီဝရကာလ သမယ တလ၌၊ စီဝရ မာသ တလ အာနိသင်ရသောကြောင့်၊ စီဝရကာလ သမယ တလ ဖြင့် အာပတ်မသင့်သော—ယောစ တတ္ထ စီဝရုပ္ပါဒ၊ အာနိသင် ၅-ပါး ရ၏။

ထို ၅-ပါးတို့တွင်၊ အနာမန္တစာရ, ဂဏဘောဇန, ယာဝဒတ္ထစီဝရ ယောစတတ္ထစီဝရုပ္ပါဒ အာနိသင် ၄-ပါးကို၊ ကထိန်မခင်းသော ရဟန်းတို့သည်၊ စီဝရကာလ သမယ တလ၌ ရကြကုန်၏။ အသမာဒါနစာရ အာနိသင်ကို မရကြကုန်။

> အနတ္ထတ ကထိနာ ပန ဣမေသု ပဉ္စသု အာနိ
> သံသေသု စီဝရမာသေ အသမာဒါနစာရံ ဌပေတွာ
> သေသာနိသံသေ လဘန္တိ၊ ယဒိ အသမာဒါနစာရေပိ
> လဘေယျ၊ ပါဠေယျကာ ဘိက္ခူ ဝဿံဝုတ္ထာ ဒြိက
> ပုဏ္ဏောဟိ စီဝရေဟိ န ဘာဂဝန္တာ ဥပသင်္ကမေယျုံ၊
> ယသ္မာ တံ န လဘတိ၊ တသ္မာ စီဝရမာသေပိ တိစီဝ
> ရံ သမာဒါယ ဝေ ဘာဂဝန္တာ ဥပသင်္ကမိံသု။ ။

ကင်္ခါဋီကာသစ်, ကင်္ခါယောဇနာ မဟာဋီကာ။

ဝါမကပ်သော ရဟန်း,ဝါပြတ်သောရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်း,တပါးသောကျောင်းတိုက်က ဝါကျွတ်၍ လာရောက်သော ရဟန်းအား၊ စီဝရကာလ သမယမရှိ၊ သမယ၏ အာနိသင်လည်းမရှိ။

စီဝရကာလသမယ တလ၌၊ ကထိန်မခင်းသော ရဟန်းတို့အား၊ ရသော အာနိသင် ၅-ပါးသည်ကား၊သမယ၏အာနိသင်တည်း။ ကထိန်၏ အာနိသင်မဟုတ်။

စီဝရကာလသမယ ငါးလတို့၌၊ကထိန်ခင်းသော ရဟန်းတို့အား၊ ရသောအာနိသင် ၅-ပါးသည်ကား၊ကထိန်၏အာနိသင်တည်း၊သမယ၏အာနိသင်မဟုတ်။

အတ္ထတေ ကထိနေ ပဉ္စမာသာ၊-ဟူသော ပါဠိတော်ဖြင့်၊ ပြအပ်သော စီဝရကာလသမယ ငါးလတို့၌၊ ကထိန်ခင်းသော ရဟန်းတို့အား၊ရသော အာနိသင် ၅-ပါးဟူသော်ကား၊ အနာမန္တစာရ အာနိသင်လည်း တပါး၊ အသမာဒါနစာရ အာနိသင်လည်း တပါး၊ ဂဏဘောဇန အာနိသင်လည်း တပါး၊ ယာဝဒတ္ထစီဝရ အာနိသင်လည်း တပါး၊ ယောစ တတ္ထ စီဝရုပ္ပါဒ အာနိသင်လည်း တပါး။ ထို ၅-ပါး တို့တွင်၊

**အနာမန္တစာရ အာနိသင်** ဟူသည်ကား၊ ကထိန်ခင်းသော ရဟန်းတို့အား၊စီဝရကာလသမယ ငါးလတို့၌၊ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ပင့်ဘိတ်သော ဆွမ်းရှိလျက်၊ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ၊ အမျိုးအိမ်တို့သို့ လှည့်ပတ်သွားလာရခြင်းသည်၊ အနာမန္တစာရ အာနိသင်တည်း။

စာရိတ္တသိက္ခာပုဒ်၌၊ အညတြ သမယာ-ဟု စာရိတ္တသိက္ခာပုဒ်မှ သမယကိုကြဉ်ခြင်းကြောင့်၊ သမယ ၂-ပါးတို့တွင်၊စီဝရဒါနသမယသည်ကား၊အနာမန္တစာရ အာနိသင်၌ မပါဝင်။ ကထိန်မခင်းသော်ကား၊စီဝရကာလ သမယ တလ၌ ပါဝင်လေသည်။ကထိန်ခင်းသော်ကား၊စီဝရကာလသမယ ငါးလတို့၌ပါဝင်လေသည်။

**စီဝရဒါန သမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမောမာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ။**

စီဝရကာဝရ သမယသည်ကား၊ အနာမန္တစာရ အာနိသင်လည်း မပါဝင်ခဲ့။ ကထိန်မခင်းသော်လည်း၊ စီဝရကာလ သမယ တလ၌လည်း မပါဝင်ခဲ့။ ကထိန်ခင်းသော်လည်း၊စီဝရကာလသမယ ငါးလတို့၌လည်း မပါဝင်ခဲ့။

စီဝရကာရသမယောနာမ စီဝရေ ကရိယမာနေ။ ။ပါဠိ။

စီဝရေ ကရိယမာနေတိ ယဒါ သာဋကဥ္စ သုတ္တဉ္စ လဘိတွာ စီဝရံ ကရောန္တိ။ တဒါ ဝိသုံ ဟိ စီဝရကာရ သမယော နာမ နတ္ထိ၊ တသ္မာ သော တတ္ထ စီဝရေ ကတ္တဗ္ဗံ ယံကိဉ္စိ ကမ္မံ ကရောတိ။ ။အဋ္ဌကထာ။

သမယ အဓိပ္ပါယ်ကို၊ ဤနေရာ၌ မဆိုသင့်သော်လည်း၊ ကထိန်ခင်းသော ရဟန်းသည်၊ ကထိန်ခင်းသည့်၏အခြားမဲ့၌ အာနိသင်မှုလ ရသော အဝတ်ပုဆိုးကို၊သင်္ကန်းပြုလုပ် ချုပ်နေရသော စီဝရပလိဗောဓကို၊ မပြုချခံ ပယ်လှန်တွန်းဖြိုသော သူတို့၏အလို၊စိတ်မပျက်အောင် ဆိုရလေသည်။ မဆိုမိက သမယ အာနိသင် ရသည့် ထင်မှတ်ကြ၍၊ သင်္ကန်းပြုလုပ် ချုပ်မည်ကိုမဆိုထားဘိ၊ စီဝရပလိဗောဓဟု အမှတ်ပြုရုံမျှ မပြုကြသည်ကား၊ ဘယ်အခါကစ၍မသိ ယခုနေ့ထိချေပြီ။

## မြတ်စွာဘုရား ဟောတော်မူသော တရား ဖုံးကွယ်က ရဟန်းတို့အား မတင့်တယ်၊ပွင့်လင်းက ရဟန်းတို့ အား တင့်တယ်သည်ကို ပြခြင်း

မြတ်စွာဘုရား ဟောကြားတော်မူသော တရား ဖုံးကွယ်သော်ကား၊ရဟန်းတို့အား မတင့်တယ်ချေ။ပွင့်လင်းသော်ကား၊ ရဟန်းတို့အား တင့်တယ်ချေသည်။

တထာဂတပ္ပဝေဒိတော ဓမ္မော ဘိက္ခဝေ ဝိဝဋော ဝိရောစတိ၊ နော ပဋိစ္ဆန္နော။ ။အင်္ဂုတ္တိုရ်တိကနိပါတ်။

ဘိက္ခဝေ၊ ရဟန်းတို့၊ တထာဂတပ္ပဝေဒိတော၊ ငါဘုရား ဟောကြားတော်မူသော၊ ဓမ္မော၊ တရားတော်သည်၊ ဝိဝဋော၊ ပွင့်လင်းသော်ကား။ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နော၊ ဖုံးကွယ်သော်ကား၊ နော ဝိရောစတိ၊ မတင့်တယ်။

ဝိဝဋော ဝိရောစတီတိ ဧတ္ထ ဧကတော, ဥဘတော, အတ္တတော, သဗ္ဗတ္ထကတောတိ စတုဗ္ဗိဓာ ဝိဝဋာ ဒေသိတဗ္ဗာ၊ တတ္ထ ဧကတော ဝိဝဋံ နာမ အသာဓာရဏ သိက္ခာပဒံ၊ ဥဘတော ဝိဝဋံ နာမ သာဓာရဏသိက္ခာပဒံ၊ အတ္တတော ဝိဝဋံ နာမ ပဋိလဒ္ဓ ဓမ္မဂုဏော၊ သဗ္ဗတ္ထက ဝိဝဋံ နာမ တေပိဋကံ ဗုဒ္ဓဝစနံ။ ။ အဋ္ဌကထာ။

ဧကတော၊ ပွင့်လင်းခြင်းမည်သည်ကား၊ အသာဓာရဏ သိက္ခာပုဒ်တည်း။ ဥဘတော၊ ပွင့်လင်းခြင်းမည်သည်ကား၊ သာဓာရဏ သိက္ခာပုဒ်တည်း။ အတ္တတော၊ ပွင့်လင်းခြင်းမည်သည်ကား၊ ကိုယ်စီကိုယ်င ရသော ဂုဏ်ထူးတရားတည်း။ သဗ္ဗတ္ထကတော၊ ပွင့်လင်းခြင်းမည်သည်ကား၊ မြတ်စွာဘုရား စကားတော် ပိဋကတ်သုံးပုံတည်း။

**အသမာဒါနစာရ အာနိသင်** ဟူသည်ကား၊ ကထိန်ခင်းသောရဟန်းတို့အား၊ စီဝရကာလ သမယ ၅-လတို့၌၊ ဒုတိယကထိန်သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ တိစီဝရိက်အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူမဆောင်ဘဲ၊ ညဉ့်အိပ်ညနေ သွားလာရခြင်းသည်၊ အသမာဒါနစာရ အာနိသင်တည်း။

**ဂဏဘောဇန အာနိသင်** ဟူသည်ကား၊ ကထိန်ခင်းသော ရဟန်းတို့အား၊ စီဝရကာလသမယ ၅-လတို့၌၊ ဂဏဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ ဂဏဘောဇဉ်ကို ခံယူဘုဉ်းပေး သုံးဆောင်ရခြင်းသည်၊ ဂဏဘောဇန အာနိသင်တည်း။

ဂဏဘောဇနသိက္ခာပုဒ်၌၊ အညတြသမယာ–ဟု၊ ဂဏဘောဇနသိက္ခာပုဒ်မှ သမယကိုကြဉ်ခြင်းကြောင့်၊ သမယ ခုနစ်ပါးတွင်၊ စီဝရ

ဒါနသမယသည်ကား၊ ဂဏာဘောဇန အာနိသင်၌မပါဝင်။ ကထိန်မခင်းသော်ကား၊ စီဝရကာလသမယ တလ၌ ပါဝင်လေသည်။ ကထိန်ခင်းသော်ကား၊ စီဝရကာလသမယ ၅-လတို့၌ ပါဝင်လေသည်။

ယာဝဒတ္ထစီဝရ အာနိသင် ဟူသည်ကား၊ ကထိန်ခင်းသောရဟန်းတို့အား၊ စီဝရကာလသမယ ၅-လတို့၌၊ ပဌမ ကထိန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ အဓိဋ္ဌာန်လည်းမတင်ရ ဝိကပ္ပနာလည်းမပြုရ၊ အလိုရှိတိုင်း သင်္ကန်းကို ဝတ်ရုံ သုံးဆောင်ရခြင်းသည်၊ ယာဝဒတ္ထစီဝရ အာနိသင်တည်း။

ယောစတတ္ထစီဝရုပ္ပါဒ အာနိသင် ဟူသည်ကား၊ ကထိန်ခင်းသော ရဟန်းတို့အား၊ စီဝရကာလသမယ ၅-လတို့၌၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း ဖြစ်သော သံဃိကသင်္ကန်းကို၊ အကယ်၍ ကထိန်ခင်းသောရဟန်းက၊ ဝါမကပ်သော ရဟန်း, ဝါပြတ်သော ရဟန်း, ပစ္ဆိမဝါ ကပ်သောရဟန်း, တပါးသောကျောင်းတိုက်က ဝါကျွတ်၍လာရောက်သော ရဟန်းတို့အား မထိုက်၊ ငါတို့အားသာထိုက်၏ဟု ဆို၍ အစိုးတရ အတွက်ကျ ယူခြင်းကြောင့်၊ ဒုက္ကဋ်အာပတ်မျှ မသင့်၊ ကထိန်ခင်းသော ရဟန်းအားသာ ထိုက်ခြင်းသည်၊ ယောစတတ္ထစီဝရုပ္ပါဒ အာနိသင်တည်း။

## အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ
## ပဉ္စအာနိသံသာ ကပ္ပိဿန္တိ

အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ကပ္ပိဿန္တိ။ အနာမန္တစာရော အသမာဒါနစာရော ဂဏဘောဇနံ ယာဝဒတ္ထစီဝရံ ယောစတတ္ထစီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ ။ ။ပါဠိတော်။

တတ္ထ အနာမန္တစာရောတိ ယာဝ ကထိနံ န ဥဒ္ဓရီယတိ တာဝ အနာမန္တေတွာ စရဏံ ကပ္ပိဿတိ၊ စာရိတ္တသိက္ခာပဒေန အနာပတ္တိ ကပ္ပိဿတီတိ အတ္ထော။

အသမာဒါနစာရောတိ တိစီဝရံ အသမာဒါယ စရဏံ၊ စီဝရဝိပ္ပဝါသော ကပ္ပိဿတီတိ အတ္ထော။ ဂဏဘောဇနန္တိ ဂဏဘောဇနမ္ပိ ကပ္ပိဿတိ။

ယာဝဒတ္ထစီဝရန္တိ ယာဝတ္တကေန စီဝရေန အတ္ထော၊ တာဝတ္တကံ အနဓိဋ္ဌိတံ အဝိကပ္ပိတံ ကပ္ပိဿတီတိ အတ္ထော။

ယော စ တတ္ထ စီဝရုပ္ပါဒေါတိ တတ္ထ ကထိနတ္ထတသီမာယံ မတကစီဝရံ ဝါ ဟောတု သံဃံ ဥဒ္ဒိဿ ဒိန္နံ ဝါ သံဃိကေန တတြုပ္ပါဒေန အာဘတံ ဝါ ယေန ကေနစိ အာကာရေန ယံ သံဃိကစီဝရံ ဥပ္ပဇ္ဇတိ၊ တံ တေသံ ဘဝိဿတီတိ အတ္ထော။ ။အဋ္ဌကထာ။

အန္တရာပက္ကမနန္တိကာဒိ ဥဒ္ဓါရာဘာဝေပိ ပဉ္စဟိ ပဉ္စသုမာသေသု အနာပတ္တိယေဝါတိ မိစ္ဆာဂါဟော။-ဟူသော ပါဌ်၌၊ ဥဒ္ဓါရ မရှိသော်လည်း၊ ငါးပါးသော အာနိသင်တို့ဖြင့် ၅-လတို့၌ အာပတ်မသင့်ဟု ယူခြင်းသည်၊ ဥဒ္ဓါရမရှိလျှင် အာပတ်လည်း သင့်သည်ပင်တည်း၊ အာနိသင်လည်း မရှိသည်ပင်တည်းဟု မသိသောကြောင့်၊ ယူမှားသော မိစ္ဆာအယူတည်း။

ဤမိစ္ဆာအယူ၌၊ အန္တရာပက္ကမနန္တိကာဒိ ဥဒ္ဓါရာဘာဝေပိ၊-ဟူသော ပါဌ်ဖြင့်၊ အာပတ္တိခေတ်ကိုပြ၏။ အဘယ်သို့ပြသနည်း၊ ဥဒ္ဓါရ မရှိဟူသည်လည်း၊ ပလိဗောဓ ၂-ပါး ပြတ်ခြင်းပင်တည်း ပလိဗောဓ ၂-ပါး ပြတ်ဟူသည်လည်း၊ အာပတ္တိခေတ်ပင်တည်း။

ပလိဗောဓတပါးပြတ်သဖြင့်လည်း၊ သင့်သောအာပတ်ခေတ် အမှတ်။ ပလိဗောဓ ၂-ပါး ပြတ်သဖြင့်လည်း၊ သင့်သောအာပတ်ခေတ် အမှတ်။ ။ဤကား အာပတ္တိခေတ်, အနာပတ္တိခေတ် လက္ခဏာ။

ဥဒ္ဓါရ ရှိဟူသည်လည်း၊ နှုတ်ဘို့ရှိသော ကထိန်ပင်တည်း။ ဥဒ္ဓါရ မရှိဟူသည်လည်း၊ နှုတ်ဘို့ရှိသောကထိန်ကို နှုတ်ခြင်းပင်တည်း။ ။ဤကား ဥဒ္ဓါရ ရှိ, မရှိ လက္ခဏာ။

## ပလိဗောဓ, အပလိဗောဓလက္ခဏာကို ပြခြင်း

နှုတ်ဘို့ရှိသည်ကို၊ ကထိန်ဆိုသည်။ ကထိန်ရှိဘို့ ကြောင့်ကြသည်ကို၊ ပလိဗောဓဆိုသည်။ နှုတ်သည်ကို၊ ကထိန်ဆိုသည်။ ကထိန်မရှိဘို့ မကြောင့်ကြသည်ကို၊ အပလိဗောဓဆိုသည်။ ။ဤကား ပလိဗောဓ အပလိဗောဓ လက္ခဏာ။

**ဒွေမေ ဘိက္ခဝေ ကထိနဿ ပလိဗောဓာ၊ ဒွေ အပလိဗောဓာ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနဿ၊ ကထိန်၏။ ပလိဗောဓာ၊ ကြောင့်ကြတို့သည်။ ဣမေ ဒွေ၊ ဤ ၂-ပါးတို့တည်း။ ကထိနဿ၊ ကထိန်၏။ အပလိဗောဓာ၊ မကြောင့်ကြတို့သည်။ ဣမေ ဒွေ၊ ဤ-၂ပါးတို့တည်း။

**ကတမေ စ ဘိက္ခဝေ ဒွေ ကထိနဿ အပလိဗောဓာ၊ အာဝါသ အပလိဗောဓော စ စီဝရအပလိဗောဓော စ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနဿ၊ ကထိန်၏။ အပလိဗောဓာ၊ မကြောင့်ကြတို့သည်။ ကတမေ စ ဒွေ၊ အဘယ် ၂-ပါးတို့နည်း။ အာဝါသ အပလိဗောဓော စ၊ အာဝါသကို မကြောင့်ကြခြင်းလည်း တပါး။ စီဝရ အပလိဗောဓော စ၊ သင်္ကန်းကို မကြောင့်ကြခြင်းလည်း တပါး။

**ကထဉ္စ ဘိက္ခဝေ အာဝါသအပလိဗောဓော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ပက္ကမတိ တမှာအာဝါသာ စတ္တေန ဝန္တေန မုတ္တေန အနပေက္ခေန န ပစ္စေဿန္တိ၊ ဧဝံခေါ ဘိက္ခဝေ အာဝါသအပလိဗောဓော ဟောတိ၊**

ဘိက္ခဝေ၊ ရဟန်းတို့၊ ကထဉ္စ၊ အဘယ်သို့လျှင်၊ အာဝါသအပလိဗောဓော၊ အာဝါသကိုမကြောင့်ကြခြင်းသည်၊ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤငါဘုရား အသိုဘော်၌၊ ဘိက္ခု၊ ရဟန်းသည်။ စဇန္တော၊ စွန့်သောစိတ်ဖြင့်၊ ဝဇန္တော၊ အန်သောစိတ်ဖြင့်၊ မုဉ္စန္တော၊ လွှတ်သောစိတ်ဖြင့်၊ အနပေက္ခော၊ မငဲ့သောစိတ်ဖြင့်၊ နပစ္စာဂန္တုံ၊ မပြန်အံ့။ ဂစ္ဆတိ၊ ဤသို့။ တမှာ အာဝါသာ၊ ထိုကထိန်ခင်းသော အာဝါသမှ။ ပက္ကမတိ၊ ဖဲသွား၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝံခေါ၊ ဤသို့လျှင်။ အာဝါသ အပလိဗောဓော၊ အာဝါသကို မကြောင့်ကြသည်၊ ဟောတိ၊ ဖြစ်၏။

ကထဉ္စ ဘိက္ခဝေ စီဝရအပလိဗောဓော ဟောတိ၊
ဣဓ ဘိက္ခဝေ ဘိက္ခုနော စီဝရံ ကတံ ဝါ ဟောတိ၊ နဋ္ဌံ
ဝါ ဝိနဋ္ဌံ ဝါ ဒဍ္ဎံ ဝါ စီဝရာသာ ဝါ ဥပစ္ဆိန္နာ၊ ဧဝံ ခေါ
ဘိက္ခဝေ စီဝရအပလိဗောဓော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်၊ စီဝရအပလိဗောဓော၊ သင်္ကန်းကို မကြောင့်ကြသည်၊ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤ ငါဘုရားအသိုတော်၌၊ ဘိက္ခုနော၊ ရဟန်းအား။ စီဝရံ၊ သင်္ကန်းသည်၊ ကတံ ဝါ၊ ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ နဋ္ဌံ ဝါ၊ ပျောက်သည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဝိနဋ္ဌံ ဝါ၊ ပျက်သည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဒဍ္ဎံ ဝါ၊ မီးလောင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ စီဝရာသာ ဝါ၊ သင်္ကန်းရနိုးခြင်းသည်လည်း၊ ဥပစ္ဆိန္နာ၊ ပြတ်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝံခေါ၊ ဤသို့လျှင်။ စီဝရအပလိဗောဓော၊ သင်္ကန်းကို မကြောင့်ကြသည်။ ဟောတိ၊ ဖြစ်၏။

ဣမေ ခေါ ဘိက္ခဝေ ဒွေ ကထိနဿ အပလိဗောဓာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနဿ၊ ကထိန်၏။ အပလိဗောဓာ၊ အပလိဗောဓတို့သည်၊ ဣမေခေါ ဒွေ၊ ဤ ၂-ပါးတို့ပင်တည်း။

အပလိဗောဓ ၂-ပါးတို့တွင်၊ အာဝါသ အပလိဗောဓကို အခိပ္ပါယ်ကို ဆိုဖွယ်ရာ မရှိ၊ သိသာလှပြီ။

## စီဝရ အပလိဗောဓ သရုပ်အားဖြင့် ၅-ပါး ရှိသည်ကို ပြခြင်း

စီဝရ အပလိဗောဓသည်ကား၊ သရုပ်အားဖြင့် ၅-ပါး။ ပြီးသော သင်္ကန်းလည်း တပါး၊ ပျောက်သောသင်္ကန်းလည်းတပါး၊ ပျက်သော သင်္ကန်းလည်း တပါး၊ မီးလောင်သောသင်္ကန်းလည်းတပါး၊ သင်္ကန်းရနိုးသောအာသာ ပြတ်ခြင်းလည်း တပါး။

ထို ၅-ပါးတို့တွင်၊ ပျောက်သောသင်္ကန်းသည်လည်း၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဘေးရန်နှင့်စပ်၏၊ အာပတ်မသင့်။ ပျက်သော သင်္ကန်းသည်လည်း၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဘေးရန်နှင့်စပ်၏၊ အာပတ်မသင့်။ မီးလောင်သော သင်္ကန်း သည်လည်း၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဘေးရန်နှင့်စပ်၏၊ အာပတ်မသင့်။ သင်္ကန်းရနိုးသောအာသာ ပြတ်ခြင်းသည်လည်း၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဒါယကာလှူခြင်းငှါ မစွမ်းနိုင်သည်နှင့်စပ်၏၊ အာပတ်မသင့်။ သင်္ကန်းပြုလုပ်ချုပ်သော ကြောင့်ကြပျက်ခဲ့ရကား၊ စီဝရပလိဗောဓဖြစ်၏။

ပြီးသောသင်္ကန်းသည်လည်း၊ ပြီးသောလက္ခဏာအားဖြင့် ၃-ပါး။ အာနိသင်မူလ ချုပ်ပြီးသော သင်္ကန်းကို ရသည်လည်းတပါး၊ အာနိသင်မူလ ရသော အာတ်ပုဆိုးကို၊ သင်္ကန်းပြုလုပ် ချုပ်၍ ပြီးသော သင်္ကန်းလည်းတပါး။ အာနိသင်မူလ အဝတ်ပုဆိုးမရသော်၊ သင်္ကန်း ရနိုးရာရာ ဒါယကာတို့မှ၊ နိဗဒ္ဓဝတ်ကိုရှာ၍ ရသော အဝတ်ပုဆိုးကို၊ သင်္ကန်းပြုလုပ် ချုပ်၍ပြီးသော သင်္ကန်းလည်းတပါး၊ ဤသို့ ပြီးသော လက္ခဏာ ၃-ပါး၊ တပါးပါးဖြင့်ပြီးသော သင်္ကန်းသည်ကား၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့် စပ်၏။ ဘေးရန်နှင့်မစပ် အာပတ်သင့်၏၊ သင်္ကန်းပြုလုပ်ချုပ်သော ကြောင့်ကြပြတ်ခဲ့ရကား၊ စီဝရ ပလိဗောဓ ဖြစ်၏။

သက်န်းချုပ်ပြီးသော လက္ခဏာသည်ကား၊ သက်န်းပြုလုပ် ငါ မချုပ်ပြီဟု၊ စိတ်ကိုဆောက်တည်၍ အပ်အမှုကို ရုပ်သိမ်းခြင်းသည်၊ သက်န်းပြီးသည်မည်၏၊

သက်န်းမပြီးသော လက္ခဏာသည်ကား၊ သက်န်းပြုလုပ် ငါချုပ်အံ့, ငါချုပ်အံ့ဟု၊ စိတ်ကိုဆောက်တည်၍ တထည်ပြီး တထည်၊ တထည်ပြီးတထည် ချုပ်သော်၎င်း၊ ချုပ်ပြီးသောသက်န်းကို ထပ်၍တဖြည်းဖြည်းချုပ်သော်၎င်း၊ ဘပေါင်းလပြည့်နေ့ ကထိန်နှုတ်သည်တိုင်အောင်၊ အပ်အမှုကို မရုပ်သိမ်းခြင်းသည်၊ သက်န်းမပြီးသည်မည်၏။ ဤကား သက်န်းပြီးသောလက္ခဏာ, သက်န်းမပြီးသော လက္ခဏာ။

နိဋ္ဌိတစီဝရသ္မိန္တိ ယေနကေနစိ နိဋ္ဌာနေန နိဋ္ဌိတေ စီဝရသ္မိံ၊ ယသ္မာ ပန တံ စီဝရံ ကရဏေနပိ နိဋ္ဌိတံ ဟောတိ နဿနာဒီဟိပိ၊ တသ္မာဿ ပဒဘာဇနေ အတ္ထ မတ္တမေဝ ဒဿေတုံ ဘိက္ခုနော စီဝရံ ကတံဝါ ဟောတီတိ အာဒိ ဝုတ္တံ၊ တတ္ထ ကတန္တိ သူစိကမ္မပရိယောသာနေန ကတံ၊ သူစိကမ္မပရိယောသာနံ နာမ ယံ ကိဉ္စိ သူစိယာ ကတ္တဗ္ဗံ ပါသပဋ္ဋဂဏ္ဌိက ပရိယောသာနံ ကတွာ သူစိယာ ပဋိသာမနံ။ နဋ္ဌန္တိ စောရာဒီဟိ ဟဋံ၊ တေမ္ပိ ဟိ ကရဏပလိဗောဓော နိဋ္ဌိတတ္တာ နိဋ္ဌိတန္တိ ဝုစ္စတိ။ ဝိနဋ္ဌန္တိ ဥပစိကာဒီဟိ ခါယိတံ။ ဒဍ္ဎန္တိ အဂ္ဂိနာ ဒဍ္ဎံ။ စီဝရာသာဝါ ဥပစ္ဆိန္နာတိ အသုကသ္မိံ နာမ ကုလေ စီဝရံ လဘိဿာမီတိ ယာ စီဝရာသာ ဥပ္ပန္နာ ဟောတိ၊ သာဝါ ဥပစ္ဆိန္နာ၊ ဧတသ္မိံ ဟိ ကရဏ ပလိဗောဓဿေဝ နိဋ္ဌိတတ္တာ နိဋ္ဌိတဘာဝေါ ဝေဒိ တဗ္ဗော။ ။အဋ္ဌကထာ။

ဤစကားရပ် ဤမျှဖြင့် မပြသေး

ဥဗ္ဘာရ မရှိသော်လည်း၊ ငါးပါးသော အာနိသင်တို့ဖြင့်၊ ငါးလတို့၌

အာပတ်မသင့်ဟူသော မိစ္ဆာအယူ၊ ငါးပါးသော အာနိသင်တို့ဖြင့်၊ ကထိန်၌အာပတ်သင့်ဟူသော မိစ္ဆာအယူ။ ဤ ၂-ပါးသော မိစ္ဆာအယူသည်၊ ပရိဝါ ကထိနက္ခန္ဓကပုစ္ဆာ၊ ပါဠိ၊ အဋ္ဌကထာကို အဓိပ္ပါယ်ဆိုလွဲ၍၊ သဲလဲမဲစဉ် တကယ်ဟုတ်သည် အသင်ဖြင့် အစဉ်အဆက်မပျက် ဝိနယသင်္ဂဟ အဋ္ဌကထာ ပါဠိမုတ္တက ကထိန ဝိနိစ္ဆယ၌၊ သံစာ၏အလို ဥစ္စာရမဆို၊ အာနိသင်ကိုသာ ဆိုသော စကားရပ်နှင့်စပ်သော၊ မိစ္ဆာအယူဘည်း၊

**ကထိနကံ ပုစ္ဆိဿံ သနိဒါနံ သနိဒ္ဒေသံ၊ သမုက္ကဋ္ဌပဒါနံ ကတိ အာပတ္တိယော။**

**ကနထိကံ ဝိဿဇ္ဇိဿံ သနိဒါနံ သနိဒ္ဒေသံ၊ သမုက္ကဋ္ဌပဒါနံ န ကတမာ အာပတ္တိယော။** ။ ပရိဝါ။

ကထိနကံ၊ ကထိနက္ခန္ဓကကို။ သနိဒါနံ၊ နိဒါန်းနှင့်တကွ။ သနိဒ္ဒေသံ၊ နိဒ္ဒေသနှင့်တကွ။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ပုစ္ဆိဿံ၊ မေးအံ့။ သမုက္ကဋ္ဌပဒါနံ။ မြတ်သော ပုဒ်တို့၏။ ကတိ၊ အဘယ်မျှကုန်သော။ အာပတ္တိယော၊ အာပတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။

ကထိနကံ၊ ကထိနက္ခန္ဓကကို။ သနိဒါနံ၊ နိဒါန်းနှင့်တကွ။ သနိဒ္ဒေသံ၊ နိဒ္ဒေသနှင့်တကွ။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ဝိဿဇ္ဇိဿံ၊ ဖြေအံ့။ သမုက္ကဋ္ဌပဒါနံ၊ မြတ်သော ပုဒ်တို့၏။ ကတမာ၊ အဘယ်မည်ကုန်သော။ အာပတ္တိယော၊ အာပတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့နည်း။ န ဟောန္တိယေဝ၊ မဖြစ်ကုန်သည်သာတည်း။

ဤပရိဝါပါဠိတော်၌ ကထိနက္ခန္ဓက အမေးအဖြေကို။ နိဒါန်း, နိဒ္ဒေသနှင့်တကွ၊ ကထိနက္ခန္ဓက၌ အာပတ် မရှိဟု၊ အဓိပ္ပါယ်ဆို လွဲကြလေသည်။

**ကထိနံ ကေဝလံ ပညတ္တိမေဝ၊ နတ္ထိ တတ္ထ အာပတ္တိ။** ။ အဋ္ဌကထာ။

ကေဝလံ၊ အလုံးစုံသော။ ကထိနံ၊ ကထိနက္ခန္ဓကသည်၊ ပညတ္တိမေဝ၊

ပညတ်ချည်းသာတည်း၊တတ္ထ၊ထို ကဌိနက္ခန္ဓကာ၌။အာပတ္တိ၊ အာပတ်သည်။နတ္ထိ၊မရှိ။ ။ဤနတ္ထိ တတ္ထ အာပတ္တိ-အဋ္ဌကထာကို၊ သာဓော ဆိုလည်း လွဲကြလေသည်။

## ခန္ဓက ပုစ္ဆာဝါရ၌ နည်းယူစေခြင်းငှါ ဖွင့်ပြတော်မူသော အဋ္ဌကထာ

သမုဋ္ဌာနပဒေါန္နံ ကတိ အာပတ္တိယောတိ ယာနိ တတ္ထ သမုဋ္ဌာနာနိ ဥတ္တမာနိ ပဒါနိ ဝုတ္တာနိ၊ တေသံ သမုဋ္ဌာနပဒါနံ ဥတ္တမပဒါနံ သင်္ခေပတော ကတိ အာပတ္တိယော ဟောန္တီတိ၊ယေန ဟိ ယေန ပဒေန ယာ ယာ အာပတ္တိ ပညတ္တာ၊ သာသာ တဿတဿ ပဒဿ အာပတ္တီတိ ဝုစ္စတိ၊ တေန ဝုတ္တံ သမုဋ္ဌာနပဒါနံ ကတိ အာပတ္တိယောတိ။ ။ခန္ဓက ပုစ္ဆာဝါရ၌၊ နည်းယူစေ ခြင်းငှါဖွင့်ပြတော်မူသော အဋ္ဌကထာ၊နောက်၌ ဝဇီရဗုဒ္ဓိ, တေရသကဏ်, ဝိမတိနည်းတူ ဖွင့်လတံ့။

သမုဋ္ဌာနပဒါနံ ကတိ အာပတ္တိယောတိ၊ ပ၊ အာပတ္တိယော-ဟူသည်ကား၊တတ္ထ-တသ္မိံ ဥပသမ္ပဒက္ခန္ဓကေ၊ ထိုဥပသမ္ပဒက္ခန္ဓကာ၌။သမုဋ္ဌာနာနိ ဥတ္တမာနိ၊မြတ်ကုန်သော၊ ယာနိပဒါနိ၊ အကြင်ပုဒ်တို့ကို၊ ဝုတ္တာနိ၊ဟောအပ်ကုန်၏။ တေသံ သမုဋ္ဌာနပဒါနံ ဥတ္တမပဒါနံ၊ ထိုမြတ်သောပုဒ်တို့၏။သင်္ခေပတော၊ အကျဉ်းအားဖြင့်၊ကတိ၊ အဘယ်မျှကုန်သော။အာပတ္တိယော၊ အာပတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း၊ဣတိ၊ ဤသို့၊ပုစ္ဆတိ၊မေးတော်မူ၏။ ။ပုဒ်တို့၏အာပတ်ကိုသာမေးသည်၊ ပုဂ္ဂိုလ်၏အာပတ်ကို မေးသည်မဟုတ်။

ယေနယေန ပဒေန၊ အကြင်အကြင်ပုဒ်ဖြင့်၊ပညတ္တာ၊ ပညတ်အပ်သော။ယာယာ အာပတ္တိ၊ အကြင်အကြင် အာပတ္တိ။သာသာ အာပတ္တိ၊ထိုထို အာပတ်ကို။တဿတဿ ပဒဿ၊ထိုထိုပုဒ်၏၊ အာပတ္တီတိ၊ အာပတ္တိ-ဟူ၍၊ဟိ ယသ္မာ၊အကြင့်ကြောင့်။ဝုစ္စတိ၊ဆိုအပ်၏။တေ

နံ၊ ထို့ကြောင့်။သမုဏ္ဏဒွ္ဓပဒါနံ ကတိ အာပတ္တိယောတိ၊သမုဏ္ဏဒွ္ဓပဒါနံ ကတိ အာပတ္တိယော–ဟူ၍။ဝုတ္တံ၊ဆိုအပ်၏။

ယာနိ တတ္ထ ဥပသမ္ပဒက္ခန္ဓကေ န ဘိက္ခဝေ ဥနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗောတိ အာဒိနာ နယေန ဥတ္တမာနိပဒါနိ ဝုတ္တာနိတိ သမ္ဗန္ဓော၊ သာသာ တဿတဿ ပဒဿ အာပတ္တိတိ ဝုတ္တီတိ ယာ န ဘိက္ခဝေ ဥနဝီသတိဝဿော ပုဂ္ဂလော ဥသမ္ပာဒေတဗ္ဗောတိ ပဒေန ပညတ္တာ အာပတ္တိ၊ သာ တဿ ပဒဿာတိ အဓိပ္ပါယော။ ။ဝဇိရဗုဒ္ဓိဋီကာ။

တတ္ထ ဥပသမ္ပဒက္ခန္ဓကေ၊ထိုဥပသမ္ပဒက္ခန္ဓက၌။ န ဘိက္ခဝေ ဥနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗောတိ အာဒိနာ နယေန။ပ။ ဥပသမ္ပာဒေတဗ္ဗော-၍သို့အစရှိသော နည်းဖြင့်၊ ယာနိ ဥတ္တမာနိ ပဒါနိ၊ အကြင် ဥတ္တမ–ပုဒ်တို့ကို။ဝုတ္တာနိ၊ ဟောအပ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။သမ္ဗန္ဓော၊စပ်ခြင်းတည်း။

သာသာ တဿတဿ ပဒဿ အာပတ္တိတိ ဝုတ္တိတိ။ပ။ အာပတ္တိတိ ဝုတ္တိ-ဟူသည်ကား။န ဘိက္ခဝေ ဥနဝီသတိဝဿောပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗောတိ ပဒေန။ပ။ ဥပသမ္ပာဒေတဗ္ဗော-ဟူသော ပုဒ်ဖြင့် ပညတ္တာ၊ပညတ်အပ်သော။ ယာ အာပတ္တိ ၊အကြင်အာပတ္တိသဒ္ဒါ။ သာအာပတ္တိ၊ထိုအာပတ်သဒ္ဒါသည်။တဿပဒဿ၊ ထိုပုဒ်၏။ အာပတ္တိ၊အာပတ်သဒ္ဒါတည်း၊ဣတိအယံ၊ဤ သည်ကား။ အဓိပ္ပါယော၊အဓိပ္ပါယ်တည်း။

တထာဟိ တသ္မိံ ဥပသမ္ပဒက္ခန္ဓကေ၊ဥတ္တမာနိ ပဒါနိ ဝုတ္တာနီတိ န ဘိက္ခဝေ ဥနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗောတိ အာဒိနာ နယေန ဥတ္တမပဒါနိ ဝုတ္တာနိ၊ ။ထေရသကဋီကာ၊အနက် မထူးပြီ။

ဥတ္တမာနိ ပဒါနီတိ အာပတ္တိပညာပကာနိ ဝစနာနိ အဓိပ္ပေတာနိ၊ တေသံ။ ပ။ ကတိ အာပတ္တိယော

ဟောန္တီတိ တေဟိ ဝစနေဟိ ပညတ္တာ ကတိ အာပတ္တိ
ကုသ္မာ ဟောန္တီတိ အဇ္ဈော၊ နနု အာပတ္တိယော နာမ
ပုဂ္ဂလာနေဝ ဟောန္တိ၊ န ပဒါနံ။ ကသ္မာ ပန သမုဋ္ဌ
ဌာနပဒါနံ ကတိ အာပတ္တိယောတိ သာမိဝစနေန နိဒ္ဒေ
သော ကတောတိအာဟ ယေန ဟိ ယေနာတိအာဒိ။

ဝိမတိဝိနောဒနီဋီကာ။

ဥဒ္ဒိဋ္ဌမာဒီ ပဒါနီတိ ဣမိနာဝစနေန၊ ဥဒ္ဒိဋ္ဌမာဒိပဒါနိ–ဟူသော ဤစကားဖြင့်၊ အာပတ္တိပညာပကာနိ၊ အာပတ်ကို ပညတ်တတ်ကုန်သော။ ဝစနာနိ၊ ပါဠိဘာသာ သဒ္ဒါတို့ကို။ အဓိပ္ပေတာနိ၊ လိုအပ်ကုန်၏။

တေသံ။ ပ။ ကတိ အာပတ္တိယော ဟောန္တီတိ။ ပ။ ဟောန္တိ-ဟူသည်ကား။ တေဟိ ဝစနေဟိ၊ ထိုပါဠိဘာသာ သဒ္ဒါတို့ဖြင့်။ ပညတ္တာ၊ ပညတ်အပ်ကုန်သော။ ကတိ အာပတ္တိကုသ္မာ၊ အဘယ်မျှသောအာပတ်အစုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဣတိ ဣယံအဇ္ဈော၊ ဤစကား အနက်။

အာပတ္တိယော နာမ၊ အာပတ်တို့မည်သည်ကား။ ပုဂ္ဂလာနေဝ၊ ပုဂ္ဂိုလ်တို့အားသာလျှင်။ ဟောန္တိ နနု၊ ဖြစ်ကုန်သည် မဟုတ်လော။ ပဒါနံ၊ ပုဒ်တို့အား။ န ဟောန္တိ၊ မဖြစ်ကုန်။ ပန၊ ထိုသို့ပုဒ်တို့အား အာပတ်မဖြစ်ကုန်ဘဲလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ သမုဋ္ဌာနပဒါနံ ကတိ အာပတ္တိယောတိ သာမိဝစနေန၊ သမုဋ္ဌာနပဒါနံ ကတိ အာပတ္တိယော-ဟူသော သံသာမိ အလိုအားဖြင့်။ နိဒ္ဒေသော၊ နိဒ္ဒေသကို။ ကတော၊ ပြုအပ်သနည်း။ ဣတိ ဣဒံ စောဒနံ၊ ဤသို့တင်သော အပြစ်ကို။ ပရိဟာရိတုံ၊ ပယ်ဖျောက်ခြင်းငှါ။ ယေန ဟိ ယေနာတိအာဒိဝစနံ၊ ယေန ဟိ ယေန-ဤသို့အစရှိသောစကားကို။ အာဟ၊ မိန့်ပြီ။ ။ချမ်းတက်ပုံကို သိစေ၊

ဆိုလိုရင်း အဓိပ္ပါယ်သော်ကား၊ ခန္ဓက ပုစ္ဆာဝါရ၌၊ ပုဒ်၏အာပတ် ရှိ,မရှိကိုသာ မေးဖြေသည်၊ပုဂ္ဂိုလ်၏အာပတ် ရှိ,မရှိကို မမေးမဖြေဟူလို။

ထို့ကြောင့်၊ ကထိနံ ကေဝလံ ပညတ္တိမေဝ၊ နတ္ထိ တဿ အာပတ္တိ။-ဟူသော အဋ္ဌကထာစကားသည်၊ ကထိနကံ ဝိသဇ္ဇိတံ သနိဒါနံ သနိဒ္ဒေသံ၊ သမုဋ္ဌာနပဒါနံ န ကတမာ အာပတ္တိယော။-ဟူသော ဝိသဇ္ဇနာ ပါဠိ၌လာသော၊ သမုဋ္ဌာန်-ပုဒ်တို့၏ အာပတ္တိသဒ္ဒါ၊ ပါဠိ ဘာသာ မရှိသည်ကိုသာ၊ ဖွင့်ဆိုသောစကားတည်း။ ပုဂ္ဂိုလ်၏ အာပတ်မရှိသည်ကို၊ ဖွင့်ဆိုသောစကား မဟုတ်။

အဋ္ဌကထာ,ဋီကာတို့၏ သဘောသည်ကား၊ ရှေ့၌ဖွင့်ဆိုပြီးသော စကားကို၊ နောက်၌မဖွင့်ဆို။ ရှေး၌မဖွင့်ဆိုသေးသော စကားကိုသာ၊ နောက်၌ ဖွင့်ဆိုလေသည်။ နောက်၌ဖွင့်ဆိုသော စကားနှင့် စပ်သော၊ ရှေ့၌ ဖွင့်ဆိုပြီးသောစကား။ ရှေ့,နောက် စကား ၂-ရပ်ကို စပ်၍ယူမှ၊ ဖွင့်ပြသောစကား၏ အနက်အဓိပ္ပါယ်ကို၊ အပြည့်အစုံ အကုန်သိရလေသည်။

ထို့ကြောင့်၊ နတ္ထိ တဿ အာပတ္တိ-ဟု နောက်၌ ဖွင့်ဆိုသော အဋ္ဌကထာစကားနှင့်စပ်သော၊ တေသံ သမုဋ္ဌာနပဒါနံဥတ္တမပဒါနံ-ဟု ရှေ့၌ဖွင့်ဆိုပြီးသော အဋ္ဌကထာစကား၊ ရှေ့,နောက်စကား ၂-ရပ်ကို စပ်၍ယူမှ၊ ကထိနက္ခန္ဓက ပုစ္ဆာဝါရ၌ဖွင့်ပြသော အဋ္ဌကထာစကား၏အနက်အဓိပ္ပါယ်ကို၊ အပြည့်အစုံ အကုန်သိလေသည်။

ပါဠိ,အဋ္ဌကထာ,ဋီကာတို့၏ သဘောလက္ခဏာကို ဆိုထားခြင်းသည်ကား၊ နောင်လာနောက်သားမှတ်သားဘို့တည်း၊ မမှတ်သားလိုသော်ကား၊ အဘယ်သို့ ဆိုအားတော့မည်နည်း။ ဆိုထားကတည်းက၊ ငါတို့တာဝန်ကား ကုန်ပြီ။

## ကထိနက္ခန္ဓက ပုစ္ဆာဝါရ ဝိသဇ္ဇနာပါဠိ၌၊ သမုဋ္ဌာန ပဒါနံ န ကတမာ အာပတ္တိယော- ပါဠိကို၊ အဋ္ဌကထာ ဖွင့်ပြပုံ

ကထိနက္ခန္ဓက ပုစ္ဆာဝါရ၊ ဝိသဇ္ဇနာပါဠိ၌၊ သမုဋ္ဌာနပဒါနံ န ကတမာ အာပတ္တိယော။-ဟူသောပါဠိ၏ အဋ္ဌကထာ ဖွင့်ပြပုံကို၊ အပြည့်အစုံ ဆိုလိုသော်ကား။........

သမုက္ကဋ္ဌပဒါနံ န ကတမာ အာပတ္တိယောတိ ယာနိ တတ္ထ သမုက္ကဋ္ဌာနိ ဥတ္တမာနိ ပဒါနိ ဝုတ္တာနိ၊ တေသံ သမုက္ကဋ္ဌပဒါနံ ဥတ္တမပဒါနံ သင်္ခေပတော ကတမာ အာပတ္တိယော ဟောန္တိ န ဟောန္တိယေဝါတိ၊ ယေနဟိ ယေန ပဒေန ယာယာ အာပတ္တိ ပညတ္တာ၊ သာ သာ တဿတဿ ပဒဿ နတ္ထိ တတ္ထ အာပတ္တီတိ ဝုစ္စတိ၊ တေန ဝုတ္တံ၊ သမုက္ကဋ္ဌ ပဒါနံ န ကတမာ အာပတ္တိယောတိ။ ။ဤသို့ အဋ္ဌကထာ ဖွင့်ပြပုံ အပြည့်အစုံဆို၊

သမုက္ကဋ္ဌပဒါနံ န ကတမာ အာပတ္တိယောတိ။ ပ။ အာပတ္တိယော-ဟူသည်ကား၊ တတ္ထ-တသ္မိံ ကထိနက္ခန္ဓကေ၊ ထိုကထိနက္ခန္ဓက၌၊ သမုက္ကဋ္ဌာနိ ဥတ္တမာနိ၊ မြတ်ကုန်သော၊ ယာနိ ပဒါနိ၊ အကြင်ပုဒ်တို့ကို၊ ဝုတ္တာနိ၊ ဟောအပ်ကုန်၏။ တေသံ သမုက္ကဋ္ဌပဒါနံ ဥတ္တမပဒါနံ၊ ထိုမြတ်သောပုဒ်တို့၏။ သင်္ခေပတော၊ အကျဉ်းအားဖြင့်၊ ကတမာ အာပတ္တိယော၊ အဘယ် အာပတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့နည်း၊ န ဟောန္တိယေဝ၊ မဖြစ်ကုန်သည်သာတည်း၊ ဣတိ၊ ဤသို့၊ ဝိသဇ္ဇေတိ၊ ဖြေဆို၏၊

ဟိယသ္မာ၊ အကြင့်ကြောင့်၊ ယေနယေန ပဒေန၊ အကြင်အကြင် ပုဒ်ဖြင့်၊ ယာယာ အာပတ္တိ၊ အကြင်အကြင် အာပတ်ကို။ ပညတ္တာ၊ ပညတ်အပ်၏။ သာသာ အာပတ္တိ၊ ထိုထိုအာပတ်ကို။ တဿ တဿ ပဒဿ၊ ထိုထိုပုဒ်၏။ နတ္ထိ တဿ အာပတ္တီတိ၊ နတ္ထိတဿ အာပတ္တိ-ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ တေန၊ ထို့ကြောင့်၊ သမုက္ကဋ္ဌပဒါနံ နကတမာ အာပတ္တိယောတိ ဝစနံ၊ သမုက္ကဋ္ဌပဒါနံ နကတမာ အာပတ္တိယော-ဟူသောစကားကို၊ ဝုတ္တံ၊ ဆိုအပ်၏။

ဝဇိရဗုဒ္ဓိဋီကာ ဖွင့်ပြပုံကို၊အပြည့်အစုံ ဆိုလိုသော်ကား

ဥတ္တမာနိ ပဒါနိ ဝုတ္တာနီတိ ယာနိတတ္ထ ကထိနက္ခန္ဓကေ န ဥလ္လိခိတမတ္တေန အတ္ထတံ ဟောတိ ကထိနန္တိ အာဒိနာ နယေန ဥတ္တမာနိ ပဒါနိ ဝုတ္တာနီတိ သမ္ဗန္ဓော၊ သာ တဿတဿ ပဒဿ နတ္ထိ တတ္ထ၊ အာပတ္တီတိ

ဝုစ္စတီတိ ယာ နု ဥလ္လိခိတမတ္တေန အတ္ထတံ ဟောတိ ကထိနန္တိ ပဒေန ပညတ္တာ အာပတ္တိ၊ သာ နတ္ထိ တတ္ထ အာပတ္တိ တဿ ပဒဿာတိ အဓိပ္ပါယော။ ။ဤသို့ဖွင့်ပြပုံကို အပြည့်အစုံဆို။

ဥတ္တမာဒီနိ ပဒါနိ ဝုတ္တာနီတိ၊ ဝုတ္တာနိ-ဟူသည်ကား။ တတ္ထ ကထိနက္ခန္ဓကေ၊ ထိုကထိနက္ခန္ဓကာ၌။ နဥလ္လိခိတမတ္တေန အတ္ထတံ ဟောတိ ကထိနန္တိ အာဒိနာ နယေန၊ ကထိန်- ဤသို့အစရှိသောနည်းဖြင့်။ ယာနိ ဥတ္တမာဒီနိ ပဒါနိ၊ အကြင် ဥတ္တမ-ပုဒ်တို့ကို။ ဝုတ္တာနိ၊ ဟော အပ်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ သမ္ဗန္ဓော၊ စပ်ခြင်းတည်း။

သာသာ တဿတဿ ပဒဿ နတ္ထိ တတ္ထ အာပတ္တီတိ ဝုစ္စတီတိ။ ပ။ ဝုစ္စတိ-ဟူသည်ကား။ နဥလ္လိခိတမတ္တေန အတ္ထတံ ဟောတိ ကထိနန္တိ ပဒေန။ ပ။ ကထိန်- ဟူသောပုဒ်ဖြင့်။ ပညတ္တာ၊ ပညတ်အပ်သော။ ယာ အာပတ္တိ၊ အကြင်အာပတ်။ တတ္ထ၊ ထိုကထိနက္ခန္ဓကာ၌။ တဿ ပဒဿ၊ ထိုပုဒ်၏။ သာ အာပတ္တိ၊ ထိုအာပတ်သည်။ နတ္ထိ၊ မရှိ။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

တေရသကဏ္ဍဋီကာ ဖွင့်ပြပုံကို၊ အပြည့်အစုံဆိုလိုသော်ကား

တတ္ထာတိ တသ္မိံ ကထိနက္ခန္ဓကေ၊ ဥတ္တမာဒီနိ ပဒါနိ ဝုတ္တာနီတိ ယာနိ န ဥလ္လိခိတမတ္တေန အတ္ထတံ ဟောတိ ကထိနန္တိ အာဒိနာ နယေန ဥတ္တမပဒါနိ ဝုတ္တာနိ။

ဤသို့ ဖွင့်ပြပုံကို အပြည့်အစုံဆို။

တတ္ထာတိ၊ တတ္ထ-ဟူသည်ကား။ တသ္မိံ ကထိနက္ခန္ဓကေ၊ ထိုကထိနက္ခန္ဓကာ၌။ ဥတ္တမာဒီနိ ပဒါနိ ဝုတ္တာနီတိ။ ပ။ ဝုတ္တာနိ-ဟူသည်ကား။ နဥလ္လိခိတမတ္တေန အတ္ထတံ ဟောတိ ကထိနန္တိ အာဒိနာ နယေန။ ပ။ ကထိန်- ဤသို့ အစရှိသော နည်းဖြင့်။ ယာနိ ဥတ္တမာဒီနိ ပဒါနိ၊ အကြင် ဥတ္တမပုဒ်တို့ကို၊ ဝုတ္တာနိ၊ ကုန်၏။

ဝိမတိ ဝိနောဒနီဋီကာ ဖွင့်ပြပုံကို၊ အပြည့်အစုံ ဆိုလိုသော်ကား

**ဥတ္တမာနိ ပဒါနိ ဝုတ္တာနီတိ အာပတ္တိ ပညာပကာနိ ဝစနာနိ အဓိပ္ပေတာနိ၊ တေသံ။ ပ။ ကတမာ အာပတ္တိယော ဟောန္တိ န ဟောန္တိယေဝါတိ တေဟိ ဝစနေဟိ ပညတ္တာ ကတမေ အာပတ္တိက္ခန္ဓာ ဟောန္တိ န ဟောန္တိ ယေဝါတိ အတ္ထော၊ နနု အာပတ္တိယောနာမ အဟောန္တာ ပုဂ္ဂလာနံဝိယ န ဟောန္တိ၊ နေဝါပိ ပဒါနံ န နာပိ ကသ္မာ ပန သမုစ္စယပဒါနံ န ကတမာ အာပတ္တိယောတိ သာမိဝသေန နိဒ္ဒေသော ကတော တိအာဟ ယေန ဟိယေနာတိအာဒိ။** ။ဤသို့ ဖွင့်ပြပုံကို အပြည့်အစုံဆို။

ဥတ္တမာနိ ပဒါနိ ဝုတ္တာနီတိ ဌာမိနာ၀စနေ နှ၊ ပ ။ဝုတ္တာနိ-ဟူသော ဤစကားဖြင့်၊ အာပတ္တိပညာ ပကာနိ၊ အာပတ်ကို ပညတ်တတ်ကုန်သော။ ဝစနာနိ၊ သဒ္ဒါတို့ကို။ အဓိပ္ပေတာနိ၊ လိုအပ်ကုန်၏။

**တေသံ**။ ပ ။**ကတမာ** အာပတ္တိယော ဟောန္တိ န ဟောန္တိယေဝါတိ၊ ပ ။ န ဟောတိယေဝ-ဟူသည်ကား၊ **တေဟိ ဝစနေဟိ**၊ ထိုသဒ္ဒါတို့သည်၊ ပညတ္တာ၊ ပညတ်အပ်ကုန်သော၊ ကတမေ အာပတ္တိက္ခန္ဓာ၊ ဘယ်အာပတ်အစုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့နည်း။ န ဟောန္တိယေဝ၊ မဖြစ်ကုန်သည်သာလျှင်တည်း။ ဣတိ အယံ **အတ္ထော**၊ ဤကားအနက်။

အာပတ္တိယောနာမ၊ အာပတ်တို့မည်သည်ကား၊ **အဟောန္တာ**၊ မဖြစ်ကုန်သည်ရှိသော်။ ပုဂ္ဂလာ နံဝိယ၊ ပုဂ္ဂိုလ်တို့အားသာလျှင်။ **န ဟောန္တိ နနု၊ မဖြစ်ကုန်သည် မဟုတ်လော။ ပဒါနံ၊ပုဒ်တို့အား။** နေဝါပိဟောန္တိ၊ဖြစ်သည်လည်းမဟုတ်ကုန်။ န နာပိ ဟောန္တိ၊ မဖြစ်သည်လည်း မဟုတ်ကုန်။

ပန၊ ထိုသို့ ပုဒ်တို့အား၊ ဖြစ်သည်လည်းမဟုတ်,မဖြစ်သည်လည်း မဟုတ်ဘဲလျက်။ ကသ္မာ၊ အဘယ်ကြောင့်။ သာမိဝသေန၊ အသံ

သာမိ အလိုအားဖြင့်။ သမုဒ္ဒ ပဒါနံ နကာဘာ အာပဇ္ဇိယော တိ နိဒ္ဒေသော၊ သမုဒ္ဒ ပဒါနံ နကာဘာ အာပဇ္ဇိယော — ဟု သော နိဒ္ဒေသကို။ ကတော၊ ပြုအပ်သနည်း။ ဉာတိ ဉာဒ်စောဒနံ၊ ဤသို့ တင်သော အပြစ်ကို၊ ပရိဟာရိတုံ၊ ပယ်ဖျောက်ခြင်းငှါ။ ယောန တိ ယောနာဒေတို့ အာဒိဝစနံ။

ယောန တိ ယောန ပဒေန ယာယာ အာပတ္တိ ပညတ္တာ၊ သာ သာ တာသာ တာသာ ပဒသာ နတ္တိ တတ္ထ အာပတ္တိတိ ဝုတ္တံ၊ တေန ဝုတ္တံ သမုဒ္ဒ ပဒါနံ နကာဘာ အာပတ္တိယော-ဟု အာဒိ သဒ္ဒါဖြင့် ပိုင်းခြားသော စကားကို။ အာဟ အဝေါစ၊ မိန့်ဆို တော်မူပြီ။

ယဲ-ယသ္မာ၊ အကြင့်ကြောင့်။ ယောန ယောန ပဒေန၊ အကြင် အကြင် ပုဒ်ဖြင့်၊ ယာယာ အာပတ္တိ၊ အကြင် အကြင်အာပတ်ကို။ ပညတ္တာ၊ ပညတ်အပ်၏။ သာသာ အာပတ္တိ၊ ထိုထို အာပတ်ကို။ တာသာ တာသာ ပဒသာ၊ ထိုထိုပုဒ်၏။ နတ္တိ အာပတ္တိတိ၊ မရှိသော အာပတ်ဟူ၍၊ တတ္ထ၊ ထိုကထိန်နှုတ္တကဉ်။ ဝုတ္တံ၊ ဆိုအပ်၏။ တေန၊ ထို့ကြောင့်။ သမုဒ္ဒ ပဒါနံ နကာဘာ အာပတ္တိယောတိ၊ သမုဒ္ဒ ပဒါနံ နကာဘာ အာပတ္တိယော-ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ ။သာကေနက်။

ဤသို့ အဋ္ဌကထာ,ဋီကာတို့သည်၊ ရှေ့၌ ဖွင့်ဆိုပြီးသောစကားကို၊ နောက်၌ မဖွင့်မဆို။ ရှေ့၌ မဖွင့်မဆိုသေးသော စကားကိုသာ၊ နောက်၌ ဖွင့်ဆိုသည်။ နောက်၌ ဖွင့်ဆိုသောစကားနှင့်စပ်သော၊ ရှေ့၌ ဖွင့်ဆိုသောစကား။ ရှေ့,နောက်စကား ၂-ရပ်ကို စပ်၍ယူမှ၊ ဖွင့်ပြပုံကို အပြည့်အစုံ အကုန်သိရသည်။

ထို့ကြောင့်၊ နတ္ထိ တတ္ထ အာပတ္တိ၊-ဟု နောက်၌ ဖွင့်ဆိုသော အဋ္ဌကထာစကားနှင့် စပ်သော၊ တောသံ သမုဒ္ဒ ပဒါနံ ဥတ္တမ ပဒါနံ။-ဟု ရှေ့၌ ဖွင့်ဆိုပြီးသောစကား။ ရှေ့,,နောက်စကား ၂-ရပ်ကို စပ်၍ယူသဖြင့်၊ ကထိန်နှုတ္တကပုဏ္ဏာဝါရ၌၊ အဋ္ဌကထာ ဖွင့်ပြပုံ၊ ဝဇိရဗုဒ္ဓိဋီကာ ဖွင့်ပြပုံ။ တေရသကဏ်ဋီကာ ဖွင့်ပြပုံ၊ ဝိမတိဝိနောဒနီ

ဋီကာ ဘွင့်ပြပုံ အလုံးစုံသည်၊ အာဂုမ်ယုတ္တိ၊ - သမုတ္တဠပဒါနံ နှ ကဘာခါ အာပတ္တိယော၊—ဟူသော ဝိသဇ္ဇနာပရိဝါပါဠိ၌၊ သမုတ္တဠ-ပုဒ်၏ အာပတ်မရှိသည်ကိုသာ ဖွင့်ဆိုကြသည်၊ ပုဂ္ဂိုလ်၏အာပတ် မရှိသည်ကို မဖွင့်မဆို။

## သိလိုရင်းအဓိပ္ပါယ်၊ ပုဒ်၏အာပတ်မရှိ၊ ပုဂ္ဂိုလ်၏ အာပတ် ရှိသည်ကို ပြခြင်း၊

သိလိုရင်း အဓိပ္ပါယ်သော်ကား၊ ပုဒ်၏ အာပတ်သော်ကား မရှိ၊ ပုဂ္ဂိုလ်၏အာပတ်သော်ကား ရှိ၏ ဟူလိုသည်။ ပုဂ္ဂိုလ်၏အာပတ်ရှိသည်ကို ဆိုသဖြင့်လည်း၊ကထိနက္ခန္ဓကဠ ပုဂ္ဂိုလ်၏အာပတ်သင့်သည်ကို ဆိုသည်မှတ်ရမည်၊

ကထိနက္ခန္ဓကဠ၊ပညတ်အားဖြင့် ၂- ပါး၊ သိက္ခာပုဒ်အားဖြင့် -၂ ပါး၊ပုဒ်အားဖြင့် ၂-ပါး၊

ပညတ်အားဖြင့် ၂—ပါးဟူသော်ကား၊ အနုညာတပညတ်လည်း တပါး၊ ပဋိက္ခေပ ပညတ်လည်း တပါး၊

သိက္ခာပုဒ်အားဖြင့် ၂—ပါး ဟူသော်ကား၊ စာရိတ္တ သိက္ခာပုဒ် လည်းတပါး၊ဝါရိတ္တ သိက္ခာပုဒ်လည်း တပါး၊

ပုဒ်အားဖြင့် ၂-ပါး ဟူသော်ကား၊ နှ—မဖြစ်သော သမုတ္တဠ-ပုဒ် လည်း တပါး၊နှ-ဖြစ်သော သမုတ္တဠပုဒ်လည်း တပါး၊

ထို ၂-ပါးတို့တွင်၊နှ- မဖြစ်သော သမုတ္တဠ-ပုဒ်သည်၊စာရိတ္တသိက္ခာ ပုဒ်မည်၏။ စာရိတ္တသိက္ခာပုဒ်သည်၊ အနုညာတ ပညတ်မည်၏၊အနုညာတ ပညတ်ကို ပြုကျင့်အပ်၏၊ မပြုမကျင့်ဘဲ မနေအပ်။မပြုမကျင့် သော် အာပတ်သင့်၏။

ဇောနပိ အကာတုံ နလဗ္ဘတိ။-ဟူသော အဋ္ဌကထာနှင့်၊ အကာတုံ နလဗ္ဘတီတိ ဣမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋံ ဒိပေတိ။-ဟူသော ဋီကာကိုရှု။

ဧကေနပိ၊ တယောက်မျှသော ရဟန်းသည်လည်း။ အကာတုံ၊ မပြုဘဲနေခြင်းငှါ၊ န လဗ္ဘာ ဟိ၊ မရအပ်။

အကာတုံ န လဗ္ဘတီတိ ဣမိနာ ဝစနေန၊ အကာတုံ န လဗ္ဘတိ-ဟူသော ဤစကားဖြင့်၊ အနာဒရိယေန၊ မရိုသေခြင်းကြောင့်၊ အကရောန္တဿ၊ မပြုသော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဣတိ-ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒီပေတိ၊ ပြ၏။

န-မြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်ကား၊ ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်ကား၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။ ပဋိက္ခိတ္တကြိယာကို ပြုသော ရဟန်းအား၊ ဒုက္ကဋ်အာပတ်သင့်၏။

**နကာရ ပဋိသံယုတ္တေသု ပနပဒေသု ဂိလာနဿာ**
**ပိ ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ။ ။**

မဟာဝါအဋ္ဌကထာ။

နကာရ ပဋိသံယုတ္တေသု၊ န-အက္ခရာနှင့်ယှဉ်ကုန်သော။ ပဒေသု ပန၊ ပုဒ်တို့၌ကား။ ဝါ၊ သမုက္ကဋ္ဌ-ပုဒ်တို့၌ကား။ ဂိလာနဿာပိ၊ နာစေဦးလည်း။ ပဋိက္ခိတ္တကြိယံ၊ ပယ်အပ်သော ကြိယာကို။ ကရောန္တဿ၊ ပြုသော ရဟန်းအား။ ဒုက္ကဋမေဝ၊ ဒုက္ကဋ် အာပတ်သင့်သည်သာလျှင်တည်း။

န-အက္ခရာနှင့်ယှဉ်သော သမုက္ကဋ္ဌ-ပုဒ် ဟူသမျှတို့၌၊ ပဋိက္ခိတ္တကြိယာကို ပြုသောရဟန်းအား။ နာသောရဟန်းမျှ လွတ်လပ်ခွင့်မရ၊ ဒုက္ကဋ်အာပတ်သင့်၏ဟူသော စကားသည်ကား၊ မဟာဝဂ္ဂ စုဒ္ဒသခန္ဓကဝတ်၌၊ ပဋိက္ခိတ္တကြိယာ ဖွင့်ဆိုသော စကားသည်တကား။ ကထိနက္ခန္ဓက၌ ပဋိက္ခိတ္တကြိယာကို ဖွင့်ဆိုသော စကား မဟုတ်သည်တကားဟု၊ လေသမာန်စောင် အမြွက်ထောင်လိုသော ရဟန်းတို့၏ မိစ္ဆာဝိတက်ကို ပယ်ဖျက်ခြင်းငှါ။........

ဣတော ပဋ္ဌာယစ ပန ယတ္ထ ယတ္ထ န ပဋိသေဓော ကရိယတိ၊ သဗ္ဗတ္ထ ဒုက္ကဋာပတ္တိ ဝေဒိတဗ္ဗာ။ အယံ ဟိ ခန္ဓကဓမ္မတာ။-ဟု အဋ္ဌကထာ မိန့်မှာတော်မူသည်။

ဋ္ဌတော၊ ဤမှ၊ ပဋ္ဌာယ၊ စ၍သာလျှင်၊ ယတ္ထယတ္ထ-ယေသုယေသု ပဒေသု၊ အကြွင်းအကြွင်းပုဒ်တို့၌၊ နပဋိသေဓော၊ န-မြစ်ခြင်းကို၊ ကရိယတိ၊ ပြုအပ်၏၊ သဗ္ဗတ္ထ-သဗ္ဗေသု၊ အလုံးစုံကုန်သော၊ တေသုတေသု ပဒေသု၊ ထိုထိုပုဒ်တို့၌၊ ဒုက္ကဋာပတ္တိ၊ ဒုက္ကဋ်အာပတ်ကို၊ ဝေဒိတဗ္ဗာ၊ သိအပ်၏၊ ဟိ-တဒေဝသစ္စံ၊ ထိုစကားသည်ပင်မှန်၏၊ အယံ၊ ဤသို့ န-မြစ်သောပုဒ်တို့၌ ဒုက္ကဋ်အာပတ်ဟု သိရခြင်းသည်ကား၊ ခန္ဓကဓမ္မတာ၊ ၁၄-ပါးသော ခန္ဓကတို့၏ ဓမ္မတာ သဘောပင်တည်း။ ။

န-မြစ်သော ပုဒ်ကို သမုက္ကဋ္ဌ-ပုဒ် ဆိုလိုသည်။

## ကထိန်၏အတ္ထာရ, ဥဗ္ဘာရ ၂-ပါးကို ပြခြင်း

ကထိန်သည်ကား၊ အတ္ထာရ, ဥဗ္ဘာရအားဖြင့် ၂ ပါး။ ထို ၂-ပါးတို့တွင်၊ ကထိန်ခင်းခြင်းသည်ကား၊ အတ္ထာရမည်၏။ ကထိန်နှုတ်ခြင်းသည်ကား၊ ဥဗ္ဘာရမည်၏။ ထို ၂-ပါးတို့တွင်၊ ကထိန်ခင်းခြင်းသည်လည်း၊ ပညတ်အားဖြင့် ၂-ပါး၊ သိက္ခာပုဒ်အားဖြင့်၊ ၂-ပါး၊ ပုဒ်အားဖြင့် ၂-ပါး။

ပညတ်အားဖြင့် ၂-ပါးဟူသော်ကား၊ အနုညာတ ပညတ်လည်း တပါး၊ ပဋိက္ခေပ ပညတ်လည်း တပါး။

သိက္ခာပုဒ်အားဖြင့် ၂-ပါး ဟူသော်ကား၊ စာရိတ္တသိက္ခာပုဒ်လည်း တပါး ဝါရိတ္တသိက္ခာပုဒ်လည်း တပါး။

န-မမြစ်သော သမုက္ကဋ္ဌ-ပုဒ်လည်း တပါး၊ န-မြစ်သော သမုက္ကဋ္ဌပုဒ်လည်း တပါး။

ထို ၂-ပါးတို့တွင်၊ န-မမြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်လည်း၊ သရုပ်အားဖြင့် ၁၇-ပါး။ ထို ၁၇-ပါးတို့တွင်၊ အပ တေန အတ္ထတံ ဟောတိ ကထိနံ၊-ဟူသောပုဒ်သည်၊ န-မမြစ်သော သမုက္ကဋ္ဌ- ပုဒ်မည်၏။ ထို န-မမြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်လည်း၊ စာရိတ္တသိက္ခာပုဒ်မည်၏။ စာရိတ္တသိက္ခာပုဒ်သည်၊ အနုညာတ ပညတ်မည်၏။

အနုညာတ ပညတ်ကို ပြုကျင့်အပ်၏။ မပြုမကျင့်ဘဲ မနေအပ်။ ပြုကျင့်သောသူ ကထိန်ခင်းသည်မည်၏။ မပြုမကျင့်သောသူ ကထိန်ခင်းသည်လည်း မမည်၊ ဒုက္ကဋ်အာပတ်လည်းသင့်သည်မည်၏။

ပြုကျင့်သောသူ ကထိန်ခင်းသည် မည်ပုံကား

ကဿ ကထိနံ အတ္ထတန္တိ ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ၊ အတ္ထာရကဿ စ အနုမောဒကဿ စ၊ ဣမေသံ ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ။-ဟူသည်တည်း။

ကဿ ကထိနံ အတ္ထတန္တိ၊ ကဿ ကထိနံ အတ္ထတံ-ဟူသည်ကား။ ဒွိန္နံ ပုဂ္ဂလာနံ၊ ၂-ယောက်သော ပုဂ္ဂိုလ်တို့အား။ ကထိနံ၊ ကထိန်သည်၊ အတ္ထတံ၊ ခင်းအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ အတ္ထာရကဿ စ။ ခင်းသော ရဟန်းအားလည်း။ အနုမောဒကဿ စ၊ အနုမောဒနာ ပြုသော ရဟန်းအားလည်း။ ဣမေသံ ဒွိန္နံပုဂ္ဂလာနံ၊ ဤ ၂-ယောက်သောပုဂ္ဂိုလ်တို့အား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ မသုံးဆောင်သေးသော ပုဆိုးဖြင့်၊ ခင်းခြင်းငှါ အပ်သော ကထိန်ကို ကထိန်ခင်းသောသူ၊ ခင်းသောကထိန်ကို အနုမောဒနာ ပြုသောသူ၊ ကထိန်ခင်းသည်မည်၏ ဟူလိုသည်။

မပြုမကျင့်သောသူ ကထိန်ခင်းသည် မမည်ပုံကား

ကဿ ကထိနံ အနတ္ထတန္တိ ဒွိန္နံ ပုဂ္ဂလာနံ အနတ္ထတံ ဟောတိ ကထိနံ၊ အနတ္ထာရကဿ စ အနနုမောဒကဿ စ၊ ဣမေသံ ဒွိန္နံ ပုဂ္ဂလာနံ အနတ္ထတံ ဟောတိ ကထိနံ။-ဟူသည်တည်း။

ကဿ ကထိနံ အနတ္ထတန္တိ၊ ကဿ ကထိနံ အနတ္ထတံ-ဟူသည်ကား။ ဒွိန္နံ ပုဂ္ဂလာနံ၊ ၂-ယောက်သော ပုဂ္ဂိုလ်တို့အား။ ကထိနံ၊ ကထိန်သည်။ အနတ္ထတံ၊ မခင်းအပ်သည်၊ ဟောတိ၊ ဖြစ်၏။ အနတ္ထာရကဿ စ၊ မခင်းသော ရဟန်းအားလည်း။ အနနုမောဒကဿ စ၊ အနုမောဒနာ မပြုသော ရဟန်းအားလည်း။ ဣမေသံ ဒွိန္နံ ပုဂ္ဂလာနံ၊ ဤ ၂-ယောက်သော ပုဂ္ဂိုလ်တို့အား။ ကထိနံ၊ ကထိန်သည်။ အနတ္ထတံ၊ မခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ မသုံးဆောင်သေးသော ပုဆိုးဖြင့်၊ ခင်းခြင်း၄၊ အခင်းဘဲကထိန်ကို ကထိန်မခင်းသောသူ၊ ခင်းသောကထိန်ကို အနုမောဒနာ မပြုသောသူ၊ ကထိန်ခင်းသည် မမည်ဟုလိုသည်။

ဓောကနပိ အကာတုံ န လဗ္ဘတိ။ အကာတုံ နလဗ္ဘတီတိ
ဇူမိနာ အနာဒရိယေန အကရောန္တဿ
ဒုက္ကဋန္တိ ဒီပေတိ၊-ပါဠိဖြင့် ဒုက္ကဋ်
အာပတ် သင့်ပုံ ပြခြင်း၊

ကထိန်ဒါယကာက မသုံးဆောင်သေးသော အဝတ်ပုဆိုးကို၊ ကထိန်သင်္ကန်းဟု ဆို၍လည်း လှူတတ်၏၊ လှူသောအတိုင်း၊ သံဃာကလည်း ကထိန်ပေးဘတ်၏၊ ကထိန်ခံသော ရဟန်းက ချုပ်ချင်း, လုပ်ချင်း၊ ကထိန်မခင်းဘဲလည်း နေတတ်၏။ ခင်းသောကထိန်ကို၊ အနုမောဒနာ ရဟန်းက၊ အနုမောဒနာ မပြုဘဲလည်း နေတတ်၏။ မအပ်၊ ဒုက္ကဋ်အာပတ်သင့်သည်မည်၏၊

ဒုက္ကဋ် အာပတ်သင့်ပုံမှာ

ဓောကနပိ အကာတုံ န လဗ္ဘတိ။ ။အကာတုံ န လဗ္ဘတီတိ ဇူမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋန္တိ ဒီပေတိ။

ဓောကနပိ၊ တယောက်သော ရဟန်းသည်လည်း၊ အကာတုံ၊ မပြုဘဲနေခြင်း၄၊ န လဗ္ဘတိ၊ မရအပ်။

အကာတုံ န လဗ္ဘတီတိ ဇူမိနာဝစနေန၊ အကာတုံ န လဗ္ဘတိ-ဟူသော ဤစကားဖြင့်၊အနာဒရိယေန၊ မရိုသေခြင်းကြောင့်။ အကရောန္တဿ၊ မပြုသောရဟန်းအား၊ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သင့်၏၊ ဣတိ-ဣမံအတ္ထံ၊ ဤအနက်ကို၊ ဒီပေတိ၊ ပြ၏။

ဓောကနပိ အကာတုံ န လဗ္ဘတိ၊-ဟူသော အဋ္ဌကထာ စကား၊ အကာတုံ န လဗ္ဘတီတိ ဇူမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋန္တိ ဒီပေတိ။-ဟူသော ဋီကာစကား၊ ဤ အဋ္ဌကထာ,ဋီကာ

စကားတို့ဖြင့်၊ ပုဗ္ဗကရဏ မပြုသော အရှဉ္စာန့်၊ ဒုက္ကဋ် အာပတ်ကိုသာ အသေအခြာမှတ်၍ ဖွင့်ပြသည် မဟုတ်လော။ အဘယ့်ကြောင့်၊ ကထိန်မခင်းသော အရှဉ္စာန့်,အနုမောဒနာ မပြုသော အရှဉ္စာန့်၊ ဒုက္ကဋ် အာပတ်ကို ဖွင့်ပြပြန်ရလေသနည်း။-ဟု သိရောင်ဝိုဝါး စောဒကများလည်း၊ ရှိတတ်သေးသည်။

ဧကောနပိ အကာတုံ န လဗ္ဘတိ၊-ဟူသော အဋ္ဌကထာ စကားဖြင့်၊ ပုဗ္ဗကရဏ မပြုသော အရှဉ္စာန့်၊ ဒုက္ကဋ် အာပတ်ကိုသာ အသေအခြာမှတ်၍၊ တနေရာ တဌာနတည်း ဖွင့်ပြသည် မဟုတ်။ စင်စစ်သော်ကား၊ ကတ္တဗ္ဗေကရဏတာ၊ အာပတ်မသင့်သော အင်္ဂါလက္ခဏာကိုသာ မှတ်၍ ဖွင့်ပြချေသည်။ ပြုအပ်သော အရှဉ္စာနကို ပြုမှ အာပတ်မသင့်ချေ။ ကတ္တဗ္ဗေကရဏတာ၊ အာပတ်မသင့်သော အင်္ဂါ လက္ခဏာ၊ ပြုအပ်သော အရှဉ္စာန့်၊ ပြုကြရသောနေရာဘာကာနှင့် ဆက်ဆံချေသည်။

အကာတုံ န လဗ္ဘတီတိ ဣမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋန္တိ ဒီပေတိ။-ဟူသောဋီကာစကားဖြင့်၊ ပုဗ္ဗကရဏ မပြုသော အရှဉ္စာန့်၊ဒုက္ကဋ်အာပတ်ကိုသာ အသေအခြာမှတ်၍၊ တနေရာတဌာနတည်း ဖွင့်ပြသည်မဟုတ်ချေ။စင်စစ်သော်ကား၊ ကတ္တဗ္ဗေအကရဏတာ၊အာပတ်သင့်သော အင်္ဂါလက္ခဏာကိုသာ မှတ်၍ ဖွင့်ပြချေသည်၊ ပြုအပ်သော အရှဉ္စာနကို မပြုမှ အာပတ် သင့်ချေသည်။ ကတ္တဗ္ဗေ အကရဏတာ၊အာပတ်သင့်သော အင်္ဂါလက္ခဏာ၊ ပြုအပ်သော အရှဉ္စာန့်၊ မပြုမိကြသော နေရာဘာကာနှင့် ဆက်ဆံချေသည်။

တောင်သူလူမျိုးတို့သည်၊ မွေးဘွားသက္ကရာဇ်နှစ်ကို သိစေခြင်းငှါ၊ တနှစ်တကြိမ် သစ်ပင်ဓားတထစ် ထစ်သော ဟူ၏။ လှေလက်သမားသည်၊ လှေပြင်သောအကြိမ်ကို သိစေခြင်းငှါ၊ တခါပြင် တကြိမ် လှေနံ ဓားတထစ် ထစ်သောဟူ၏။ ။တောင်သူ လှေနံ ဓားထစ် တသစ်ကျ မှတ်ရာ။

အဟတာဟတကပ္ပေန အတ္ထတံ ဟောတိ ကထိနံ။-ဟူသော ပုဒ်သည်၊

န-မဖြစ်သော သမုဋ္ဌာန်-ပုဒ်မည်၏၊ ဤသို့ စသည်ဖြင့်လည်း ရှေး နည်းတူ၊ န-မဖြစ်သော သမုဋ္ဌာန်၊ အကြွင်း ၁၆-ပုဒ် အကုန်ဆိုလေ။

န-ဖြစ်သော သမုဋ္ဌာန်-ပုဒ်သည်လည်း၊ သချိုင်းအားဖြင့် ၂၄-ပါး။ ထို ၂၄-ပါးတို့တွင်၊ န ဥလ္လိခိတမတ္တေန အဘူတံ ဟောတိ ကထိနံ။ -ဟူသော ပုဒ်သည်၊ န-ဖြစ်သော သမုဋ္ဌာန်-ပုဒ်မည်၏။ ထိုန-ဖြစ်သော သမုဋ္ဌာန်-ပုဒ်သည်လည်း၊ ဝါရိဗ္ဗိဓိကွာပုဒ်မည်၏။ ဝါရိဗ္ဗိဓိကွာပုဒ်သည်လည်း၊ ပဋိက္ခေပ ပညတ်မည်၏၊ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်၊ ပယ်သာ ပယ်အပ်၏၊ ပယ်အပ်သော ပဋိက္ခိတ္တကြီယာကို၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## န ကာရ ပဋိသံယုတ္တေသု ပန ပဒေသု ဂိလာနသာဝိ ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ။

န ကာရ ပဋိသံယုတ္တေသု၊ န အက္ခရာနှင့်ယှဉ်ကုန်သော၊ ပဒေသု ပန၊ သမုဋ္ဌာန်-ပုဒ်တို့၌ကား။ ဂိလာနသာဝိ၊ နာသော်လည်း။ ပဋိက္ခိတ္တ ကြိယံ၊ ပဋိက္ခိတ္တကြိယာကို။ ကရောန္တဿ၊ ပြုသောသူအား။ ဒုက္ကဋ မေဝ၊ ဒုက္ကဋ်အာပတ်သာတည်း။

အဓိပ္ပါယ်ကား၊ ပဋ္ဌခတ်းစသော အပိုင်းအခြား တိုင်းတွာ ရေး ခြစ်သော အမှတ်အသားမျှဖြင့်၊ ခင်းခြင်း၌ မအပ်သော ကထိန်ကို ကထိန်ခင်းသောသူ၊ ခင်းသောကထိန်ကို အနုမောဒနာ ပြုသောသူ၊ ကထိန်ခင်းသည်လည်း မမည်၊ ဒုက္ကဋ်အာပတ်လည်း သင့်သည် မည် ၏ဟုလိုသည်။

န ခေါ ဝန မတ္တေန အဘူတံ ဟောတိ ကထိနံ။-ဟူသော ပုဒ်သည်၊ န-ဖြစ်သော သမုဋ္ဌာန်-ပုဒ်မည်၏။ ဤသို့ အစရှိသည်ဖြင့်လည်း၊ န-ဖြစ် သော သမုဋ္ဌာန်၊ အကြွင်း ၂၃-ပုဒ် အကုန်ဆိုလေ။

## နှစ်သောကထိန်-ဥပ္ပတ္တိကထိနုဒ္ဓါရ ဥဒ္ဓါရ,နိရောဓကထိ နုဒ္ဓါရ ဥဒ္ဓါရ ၂-ပါးအပြား ရှိသည်ကိုပြခြင်း

နှစ်သော ကထိန်သည်လည်း၊ ဥပ္ပတ္တိကထိနုဒ္ဓါရ ဥဒ္ဓါရ, နိရောဓ

ကထိနုဒ္ဒါရ ဥဗ္ဘာရ အားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ နှုမ်တို့ရှိသော ကထိန်သည်၊ ဥပ္ပတ္တိကထိနုဒ္ဒါရ ဥဗ္ဘာရမည်၏။ နှုမ်သော ကထိန်သည်၊ နိရောဓ ကထိနုဒ္ဒါရ ဥဗ္ဘာရ ခည်၏။ ။နှုမ်တို့ရှိသော ကထိန်ကို မရှိအောင် နှုမ်ခြင်းသည်၊ နှုမ်သော ကထိန်မည်၏ဟူလိုသည်။

ထို ၂-ပါးတို့တွင်၊ နှုမ်တို့ရှိသော ကထိန်သည်လည်း၊ ပညတ် အားဖြင့် ၂-ပါး၊ သိက္ခာပုဒ်အားဖြင့် ၂-ပါး၊ ပုဒ်အားဖြင့် ၂-ပါး။

ပညတ်အားဖြင့် ၂-ပါးဟူသော်ကား၊ အနုညာတ ပညတ်လည်း တပါး၊ ပဋိက္ခေပ ပညတ်လည်း တပါး။

သိက္ခာပုဒ်အားဖြင့် ၂-ပါးဟူသော်ကား၊ စာရိတ္တသိက္ခာပုဒ်လည်း တပါး၊ ဝါရိတ္တသိက္ခာပုဒ်လည်း တပါး။

ပုဒ်အားဖြင့် ၂-ပါး ဟူသော်ကား၊ န-မဖြစ်သော သမုက္ကဋ္ဌ-ပုဒ် လည်း တပါး၊ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်လည်း တပါး။

ထို ၂-ပါးတို့တွင်၊ န-မဖြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်လည်း၊ သရုပ် အားဖြင့် ၂-ပါး။ ၂-ပါးဟူသော်ကား၊ ကထိန်ခင်းသော နေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဘာဝ ကထိန်နှုမ်သည့်၏ ရှေ့ကာလတိုင်အောင်၊ နှုမ်တို့ရှိသော ကထိန်ကို ကြောင့်ကြသော၊ အာဝါသပလိဗောဓ လည်း တပါး၊ စီဝရပလိဗောဓလည်း တပါး။ ထို ၂-ပါးတို့တွင်၊

ကတမ္ဗ ဘိက္ခဝေ အာဝါသပလိဗောဓော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဝသတိဝါ တသ္မိံ အာဝါသေ သာပေက္ခောဝါ ပက္ကမတိ ပစ္စေ သန္တိ၊ ဧဝံခေါ ဘိက္ခဝေ အာဝါသပလိဗောဓော ဟောတိ-ဟူသော ပုဒ်သည်၊ န-မဖြစ်သော သမုက္ကဋ္ဌ-ပုဒ်မည်၏။ န-မဖြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်၊ စာရိတ္တသိက္ခာပုဒ်မည်၏။ စာရိတ္တသိက္ခာပုဒ်သည်၊ အနုညာတပညတ်မည်၏။ အနုညာတပညတ်ကို ပြုကျင့်အပ်၏။ မပြုမကျင့်ဘဲ မနေအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမ္ဗ၊ အဘယ်သို့လျှင်။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဟောတိ။ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ-ဣမသ္မိံ သာသနေ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။

တို့၌။ ဘိက္ခု၊ ကထိန်ခင်းသောရဟန်းသည်။ တသ္မိံ အာဝါသေ၊ ထိုကထိန်ခင်းသော ကျောင်း၌။ ဝသတိဝါ၊ မရွှေ့မပြောင်း အမြဲကိန်းအောင်း၍ နေမှုလည်းနေရ၏။ ပစ္စေဿံ၊ ငါတစ်ခါ ပြန်လာဦးအံ့။ ဣတိ၊ ဤသို့။ သာပေက္ခော၊ ငဲ့သောစိတ်ရှိသည်ဖြစ်၍။ ပက္ကမတိဝါ၊ ခေတ္တခဏဖဲ့သွားမှုလည်း ဖဲ့သွားရ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဟောတိ။ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရကထိန်နှုတ်သည့်၏ရှေ့ကာလတိုင်အောင်၊ စီဝရမာသ ၅-လတို့၌ ကထိန်ခင်းသော ရဟန်းသည်၊ ထိုကထိန်ခင်းသောကျောင်း၌ မရွှေ့မပြောင်း အမြဲကိန်းအောင်း၍နေသည်လည်းဖြစ်စေ။ ငါတစ်ခါပြန်လာဦးအံ့ဟု ငဲ့သော စိတ်ရှိသည်ဖြစ်၍၊ ခေတ္တခဏဖဲ့သွားသည်လည်းဖြစ်စေ။ နှုတ်ဘို့ရှိသော ကထိန်ကိုကြောင့်ကြသော၊ အာဝါသပလိဗောဓ ဖြစ်၏ဟုလိုသည်။

ကထဉ္စ ဘိက္ခဝေ စီဝရပလိဗောဓော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခုနော စီဝရံ အကတံဝါ ဟောတိ ဝိပ္ပကတံဝါ စီဝရာသာဝါ အနုပစ္ဆိန္နာ။ ဧဝံ ခေါ ဘိက္ခဝေ စီဝရပလိဗောဓော ဟောတိ။-ဟူသော ပုဒ်သည်၊ န-မဖြစ်သော သမုစ္စယ-ပုဒ်မည်၏။ န-မဖြစ်သော သမုစ္စယ-ပုဒ်သည်၊ စာရိတ္တသိက္ခာပုဒ်မည်၏။ စာရိတ္တသိက္ခာပုဒ်သည်၊ အနုညာတပညတ်မည်၏။ အနုညာတပညတ်ကို ပြုကျင့်အပ်၏။ မပြုမကျင့်ဘဲ မနေအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ- ဣမေသု ပဉ္စသု စီဝရမာသေသု၊ စီဝရမာသ ဤ၅-လတို့၌။ ဘိက္ခုနော၊ ကထိန်ခင်းသော ရဟန်းအား။ စီဝရံ၊ သင်္ကန်းသည်။ အကတံဝါ၊ မချုပ်ရသေးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိပ္ပကတံဝါ၊ ချုပ်မပြီးသေးသည်လည်း။ ဟောတိ၊ ဖြစ်၏။ စီဝရာသာ၊ သင်္ကန်းရနိုးသောအာသာသည်။ အနုပစ္ဆိန္နာဝါ၊ မပြတ်သေးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရကထိန်နှုတ်သည်၏ ရှေ့ကာလတိုင်အောင်၊ စီဝရမာသ ၅-လတို့၌ ကထိန်ခင်းသောရဟန်းအား၊ မချုပ်သေးသောသင်္ကန်းပင်ဖြစ်စေ၊ ချုပ်မပြီးသေးသော သင်္ကန်းပင်ဖြစ်စေ၊ သင်္ကန်းရနိုးသောအာသာ မပြတ်သေးသည်ပင်ဖြစ်စေ၊ နှုတ်ဘို့ရှိသောကထိန်ကို ကြောင့်ကြသော၊ စီဝရပလိဗောဓဖြစ်၏ ဟူလိုသည်။

အာဝါသပလိဗောဓကို၊ သရုပ်အားဖြင့်ဆိုဘွယ်မရှိ။ စီဝရပလိဗောဓသည်ကား၊ သရုပ်အားဖြင့် ၃-ပါး၊ ထိုသုံးပါးတို့တွင်၊ မချုပ်သေးသော သင်္ကန်းလည်း တပါး၊ ချုပ်မပြီးသေးသော သင်္ကန်းလည်း တပါး၊ သင်္ကန်းရနိုးသော အာသာ မပြတ်သေးသည်လည်း တပါး။

ထိုသုံးပါးတို့တွင်၊ မချုပ်ရသေးသော သင်္ကန်းသည်ကား၊ ရသောလက္ခဏာအားဖြင့် ၂-ပါး။ ကထိန်ခင်းကာတည်းက ချုပ်ပြီးသောသင်္ကန်းကို ရသည်လည်း တပါး၊ မချုပ်ရသေးသော အဝတ်ပုဆိုးကို ရသည်လည်း တပါး၊ ဤသို့ရသော လက္ခဏာအားဖြင့် ၂-ပါး။ တပါးပါးဖြင့်၊ မိမိဥဿာဟ မချုပ်ရသေးသော သင်္ကန်းကို၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရ ကထိန်နှုတ်သည်၏ ရှေ့ကာလတိုင်အောင်၊ သင်္ကန်းပြုလုပ် ငါချုပ်အံ့ဟု ဆောက်တည်သောစိတ်သာရှိ၍၊ အားလပ်ခွင့်မရ မချုပ်ရသေးသော သင်္ကန်းဖြစ်မူကား၊ နှုတ်ဘို့ရှိသောကထိန်ကို ကြောင့်ကြသော၊ စီဝရပလိဗောဓဖြစ်၏။

ဝေသ ကပ္ပိယံ န ကာတဗ္ဗံ၊-ဟူသည်နှင့်အညီ၊ အားလပ်ခွင့်ရသည် ဖြစ်လျက် သင်္ကန်းမချုပ်၊ ချုပ်ပျင်း လုပ်ပျင်းရကား၊ သင်္ကန်းပြုလုပ်ငါချုပ်အံ့ဟု ဆောက်တည်သောစိတ်ရှိလျှင်၊ စီဝရပလိဗောဓ ဖြစ်သည်ပင်တည်းဟု အရိပ်အရောင်သက်သက်၊ အပ်သောအမြွက်ကို မပြုအပ်။ ပြုသော်ကား၊

ဧကောနုပိ အကာတုံ န လဗ္ဘတိ။ အကာတုံ န လဗ္ဘတိတိ ဣမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋံ ဒီပေတိ။- ဟူသည်နှင့်အညီ၊ ဒုက္ကဋ်အာပတ်သင့်သည်ပင်တည်း။ တကယ်တည်းပင် အားလပ်

ခွင့်မရမှသားလျှင်၊ သင်္ကန်းပြုလုပ် ငါချုပ်အံ့ဟု ဆောက်တည်သော စိတ်သည်၊ စီဝရပလိဗောဓ ဖြစ်၏။

မချုပ်ရသေးသောသင်္ကန်းသည်ကား၊ ကထိန်ခင်းသော နေ့မှစ၍ တပေါင်းလပြည့်နေ့ သဟုဏ္ဍာရ ကထိန်နှုတ်သည်၏ ရှေ့ကာလတိုင်အောင်၊ တဖြည်းဖြည်းချုပ်၍မပြီးသေးသော သင်္ကန်းဖြစ်မှုကား၊ နှုတ်ဘို့ရှိသော ကထိန်ကို ကြောင့်ကြသော၊ စီဝရပလိဗောဓကြီး အစစ်ကြောင်းပင်ဖြစ်တော့လေသည်။

သင်္ကန်းရနိုးသောအာသာ မပြတ်သေးသည်မှာကား၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဏ္ဍာရကထိန်နှုတ်သည်၏ရှေ့ကာလတိုင်အောင်၊ သင်္ကန်းရနိုးရာရာ ဒါယကာတို့မှ၊ နိဗဒ္ဓဝတ်ကိုရှာ၍ သင်္ကန်းရလိမ့်နိုးနိုးသောအာသာ၊ မပျက်သေးသည်ဖြစ်မှုကား၊ နှုတ်ဘို့ရှိသောကထိန်ကို ကြောင့်ကြသော၊ စီဝရပလိဗောဓဖြစ်၏။

လေသ ကပ္ပိယံ န ကာတဗ္ဗံ။ - ဟူသည်နှင့်အညီ၊ ထိုင်ရာကလည်း မထ၊ ကြောင့်ကြလည်း မပြု၊ ရှာမှုလည်းမပါ၊ ဒါယကာတို့မှ နိဗဒ္ဓဝတ်သာ၍ လှူသောသင်္ကန်း၊ ရလိမ့် ရလိမ့်ဟူသော၊ သင်္ကန်းရလိမ့်နိုးနိုးသောအာသာ မပြတ်သောစိတ်ရှိလျှင်၊ စီဝရပလိဗောဓ ဖြစ်သည်ပင်တည်းဟု အရိပ်အရောင်သက်သက်၊ အစ်သောအမြွက်ကို မပြုအပ်။ ပြုသော်ကား၊

ကြေနပိ အကာတုံ န လဗ္ဘတိ။ အကာတုံ န လဗ္ဘတီတိ ဣမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋန္တိ ဒီပေတိ။-ဟူသည်နှင့်အညီ၊ ဒုက္ကဋ်အာပတ်သင့်သည်ပင်တည်း။ တကယ်တည်းပင် ရှာမရမှသာလျှင်၊ သင်္ကန်းရလိမ့်နိုးနိုးသောအာသာ မပြတ်သောစိတ်သည်၊ စီဝရပလိဗောဓဖြစ်၏။

## ၉-မြစ်သော သမုဋ္ဌာန်-ပုဒ် သရုပ်အားဖြင့် ၂-ပါးရှိသည်ကို ပြခြင်း

၉-မြစ်သော သမုဋ္ဌာန်-ပုဒ်သည်လည်း၊ သရုပ်အားဖြင့် ၂-ပါး။

၂-ပါးဟူသော်ကား၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်
နေ့၊ သဟုဗ္ဘာရ ကထိန်နှုမ်သည်၏ ရှေ့ကာလတိုင်အောင်၊ နှုမ်
တို့ရှိသောကထိန်ကို မကြောင့်ကြသော၊ အာဝါသ အပလိဗောဓ
လည်း တပါး၊စီဝရအပလိဗောဓလည်း တပါး။ ထို ၂-ပါးတို့တွင်၊

ကထဉ္စ ဘိက္ခဝေ အာဝါသ အပလိဗောဓော ဟောတိ၊ဣဓ ဘိက္ခ
ဝေ ဘိက္ခု၊ ပက္ကမတိ တမှာအာဝါသာ စတ္တေန ဝန္တေန မုတ္တေန
အနပေက္ခေန န ပစ္စေဿန္တိ၊ ဧဝံခေါ ဘိက္ခဝေ အာဝါသ အပ
လိဗောဓော ဟောတိ။-ဟူသော ပုဒ်သည်၊ န-ဖြစ်သော သမုက္ကဋ္ဌ-
ပုဒ်မည်၏။ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်၊ ဝါရိတ္တသိက္ခာပုဒ်
မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ
ပညတ်ကို မပြုမကျင့်အပ်၊ ပယ်သာပယ်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ။ အဘယ်သို့လျှင်၊ အာဝါသ
အပလိဗောဓော၊ အာဝါသ အပလိဗောဓသည်။ ဟောတိ၊ ဖြစ်
သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ-ဣမေသု ပဉ္စသု စီဝရမာ
သေသု၊ စီဝရမာသ ၏ ၅-လတို့၌။ ဘိက္ခု၊ ကထိန်ခင်းသော
ရဟန်းသည်။ န ပစ္စေဿံ၊ ငါတခါ မပြန်လာအံ့။ ဣတိ၊ ဤသို့။
စတ္တေန၊ စွန့်သောစိတ်ဖြင့်။ ဝန္တေန၊ အန်သောစိတ်ဖြင့်။ မုတ္တေန၊
လွှတ်သောစိတ်ဖြင့်။ အနပေက္ခေန၊ မငဲ့သောစိတ်ဖြင့်။ တမှာအာ
ဝါသာ၊ ထိုကထိန်ခင်းသော ကျောင်းမှ၊ ပက္ကမတိ၊ ဖဲသွား၏။
ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ အာဝါသ အပလိ
ဗောဓော၊ အာဝါသ အပလိဗောဓသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊သ
ဟုဗ္ဘာရ ကထိန်နှုမ်သည်၏ရှေ့ကာလတိုင်အောင်၊ စီဝရမာသ
၅-လတို့၌ ကထိန်ခင်းသောရဟန်းသည်၊ ငါတခါ မပြန်လာအံ့ဟု
မငဲ့သောစိတ်ဖြင့်၊ ထိုကထိန်ခင်းသောကျောင်းမှ ဖဲသွားသည်ဖြစ်
မူကား၊ နှုမ်တို့ရှိသောကထိန်ကို မကြောင့်ကြသော၊ အာဝါသ အပ
လိဗောဓဖြစ်၏ ဟူလိုသည်။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ၊- ဟူသည်နှင့်အညီ၊ နှစ်တို့ရှိသော ကထိန်ကို မကြောင့်ကြသော အာဝါသအပလိဗောဓ၊ ပဋိက္ခိတ္တကြိယာကို ပြုသောရဟန်းအား၊ ဒုက္ကဋ်အာပတ်သော်ကားသင့်၏။ ပလိဗောဓကား ၂-ပါးစုံ မပြတ်၊ အာဝါသပလိဗောဓ တပါးမျှသာပြတ်သောကြောင့်၊ ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရ ကထိန်နုတ်သည်၏ ရှေ့ကာလတိုင်အောင်၊ နှစ်တို့ရှိသော ကထိန်သော်ကား၊ မပျက်မချို့ နှစ်တို့ရှိသော ဟူ၏။

ကထဉ္စ ဘိက္ခဝေ ဘိက္ခု စီဝရအပလိဗောဓော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခုနော စီဝရံ ကတံဝါ ဟောတိ၊ နဋ္ဌံဝါ ဝိနဋ္ဌံဝါ ဒဍ္ဎံဝါ စီဝရာသာဝါ ဥပစ္ဆိန္နာ၊ ဧဝံခေါ ဘိက္ခဝေ စီဝရအပလိဗောဓော ဟောတိ။-ဟူသောပုဒ်သည်၊ နု-ဖြစ်သော သမုက္ကမ္ဘ-ပုဒ်မည်၏၊ နု-ဖြစ်သော သမုက္ကမ္ဘ-ပုဒ်သည်၊ ဝါရိတ္တ သိက္ခာပုဒ်မည်၏။ ဝါရိတ္တ သိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်၊ ပယ်သာပယ်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ စီဝရ အပလိဗောဓော၊ စီဝရအပလိဗောဓသည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ-ဣမေသု ပဉ္စသု စီဝရမာသေသု၊ စီဝရမာသ၏ ၅-လတို့၌။ ဘိက္ခုနော၊ ရဟန်းအား၊ ကထိန်ခင်းသော ရဟန်းအား။ စီဝရံ၊ သင်္ကန်းသည်။ ကတံဝါ၊ ချုပ်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ နဋ္ဌံဝါ၊ ပျောက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိနဋ္ဌံဝါ၊ ပျက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒဍ္ဎံဝါ၊ မီးလောင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ စီဝရာသာ၊ သင်္ကန်းရနိုးသောအာသာသည်။ ဥပစ္ဆိန္နာဝါ၊ ပြတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ စီဝရအပလိဗောဓော၊ စီဝရအပလိဗောဓသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ကထိန်ခင်းသော နေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရ ကထိန်နုတ်သည်၏ ရှေ့ကာလ တိုင်အောင်၊ စီဝရမာသ

၅-သတ္တိ၌ ကထိန်ခင်းသော ရဟန်းအား၊ သင်္ကန်းချုပ်ပြီးသည့်ပင် ဖြစ်စေ၊ သင်္ကန်းပျောက်သည့်ပင်ဖြစ်စေ၊ သင်္ကန်းပျက်သည့်ပင်ဖြစ် စေ၊ သင်္ကန်းမီးလောင်သည့်ပင်ဖြစ်စေ၊ သင်္ကန်းရနိုးသောအာသာပြတ် သည့်ပင်ဖြစ်စေ၊ နှင့်တို့ရှိသော ကထိန်ကို မ ကြောင့်ကြသော စိဝရ အပလိဗောဓဖြစ်၏ ဟူလိုသည်။

## စိဝရအပလိဗောဓ သရုပ်အားဖြင့် ၅-ပါး ရှိသည်ကို ပြခြင်း

အာဝါသအပလိဗောဓကို၊ သရုပ်အားဖြင့်ဆိုဖွယ်မရှိ။ စိဝရ အပလိဗောဓသည်ကား၊ သရုပ်အားဖြင့် ၅-ပါး။ ချုပ်ပြီးသော သင်္ကန်း လည်း တပါး၊ ပျောက်သော သင်္ကန်းလည်း တပါး၊ ပျက်သောသင်္ကန်း လည်း တပါး၊ မီးလောင်သော သင်္ကန်းလည်း တပါး၊ သင်္ကန်းရနိုး သောအာသာပြတ်သည်လည်း တပါး။

ထို ၅-ပါးတို့တွင်၊ ပျောက်သော သင်္ကန်းသည်လည်း၊ ဥဿာဟ ဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဘေးရန်နှင့်စပ်၏၊ အာပတ်မသင့်။ ပျက် သော သင်္ကန်းသည်လည်း၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဘေး ရန်နှင့်စပ်၏၊ အာပတ်မသင့်။ မီးလောင်သော သင်္ကန်းသည်လည်း ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဘေးရန်နှင့်စပ်၏၊ အာပတ်မ သင့်။ သင်္ကန်းရနိုးသော အာသာ ပြတ်ခြင်းသည်လည်း၊ ဥဿာဟ ဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်မစပ်၊ ဒါယကာလှူခြင်းငှါ မစွမ်းနိုင်သည်နှင့် စပ်၏၊ အာပတ်မသင့်။ သင်္ကန်းပြုလုပ် ချုပ်သော ကြောင့်ကြ ပျက်ခဲ့ ရကား၊ စိဝရအပလိဗောဓ ဖြစ်၏။

ချုပ်ပြီးသောသင်္ကန်းသည်ကား၊ ပြီးသော လက္ခဏာအားဖြင့်၃-ပါး။ ကထိန်ခင်းကတည်းက၊ အာနိသင်မူလချုပ်ပြီးသောသင်္ကန်းကိုရသည် လည်း တပါး။ အာနိသင်မူလ ရသော အဝတ်ပုဆိုးကို၊ ချုပ်၍ပြီးသော သင်္ကန်းသည်း တပါး။ သင်္ကန်းရနိုးရာရာ ဒါယကာတို့ထံမှ နိဗဒ္ဓဝတ် ကို ရှာ၍ရသော အဝတ်ပုဆိုးကို၊ ချုပ်၍ပြီးသောသင်္ကန်းလည်းတပါး။ ဤသို့ပြီးသောလက္ခဏာအားဖြင့် သုံးပါး။ တပါးပါးဖြင့် ချုပ်ပြီးသော သင်္ကန်းဖြစ်မှုကား၊ ဥဿာဟဆုတ်ယုတ် ပုဂ္ဂိုလ်နှင့်စပ်၏၊ ဘေးရန်

နှင့်မစပ် အာပတ်လည်းသင့်၏။သင်္ကန်းပြုလုပ်ချုပ်သော ကြောင့်ကြ ပျက်ခဲ့ရကား၊စီဝရအပလိဗောဓလည်းဖြစ်၏။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋံမေဝ၊- ဟူသည်နှင့် အညီ နှုတ်တို့ရှိသော ကထိန်ကို ကြောင့်ကြသော စီဝရအပလိဗောဓ၊ ပဋိက္ခိတ္တကြိယာကို ပြုသော ရဟန်းအား၊ ဒုက္ကဋ်အာပတ်သော်ကား သင့်၏။ပလိဗောဓကား ၂-ပါးစုံ မပျက်၊ စီဝရ ပလိဗောဓ တပါးမျှ သာ ပြတ်သောကြောင့်၊ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့် နေ့၊သဟုဗ္ဘာရ ကထိန်နှုတ်သည့်၏ရှေ့ကာလတိုင်အောင်၊နှုတ်တို့ရှိသော ကထိန်သော်ကား၊မပျက်မချုံ့ နှုတ်တို့ရှိသော ဟူ၏။

အာဝါသပလိဗောဓ တပါးမျှသာ ပြတ်သောကြောင့်၊ နှုတ်တို့ရှိ သောကထိန်သည်ကား၊သချုပ်အားဖြင့် ၅-ပါး။သင်္ကန်းချုပ်ပြီးခြင်းအဆုံးရှိသော ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊နိဋ္ဌာနန္တိက ဥပ္ပတ္တိ ကထိန္နုဒ္ဓါရလည်း တပါး။သင်္ကန်းပြုလုပ် ငါမချုပ်ပြီဟု ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊သန္နိဋ္ဌာနန္တိက ဥပ္ပတ္တိ ကထိနုဗ္ဘါရလည်း တပါး။သင်္ကန်းပျောက်ခြင်းအဆုံးရှိသော၊ ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊ နာသနန္တိက ဥပ္ပတ္တိ ကထိနုဗ္ဘါရ လည်း တပါး။ကထိန်ခင်းကတည်းက အာနိသင်မူလ အဝတ်သင်္ကန်း မရမူကား၊သင်္ကန်းရနိုးသော အာသာ ပြတ်ခြင်းအဆုံးရှိသော၊ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊အာသာဝစ္ဆေဒိက ဥပ္ပတ္တိ ကထိနုဗ္ဘါရလည်း တပါး။ကထိန်ခင်းသော ကျောင်းဘိုက်တွင်း၌ ရဟန်းတို့နှင့်တကွ၊ ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊ သဟုဗ္ဘာရ ဥပ္ပတ္တိ ကထိနုဗ္ဘါရ လည်း တပါး။

စီဝရပလိဗောဓ တပါးမျှသာ ပြတ်ခြင်းကြောင့်၊နှုတ်တို့ရှိသော ကထိန်သည်ကား၊သချုပ်အားဖြင့် ၅-ပါး။ကထိန်ခင်းသောကျောင်းမှ ဖဲ သွားခြင်းအဆုံးရှိသော၊ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊ပက္ကမနန္တိက ဥပ္ပတ္တိ ကထိနုဗ္ဘါရလည်း တပါး။ သိမ်ပဒ္ဓတည်၍ ကထိန်ခင်း သောကျောင်းသို့၊ငါတခါမပြန်ပြီဟု ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နှုတ်ခြင်းဖြင့် နှုတ်တို့ရှိသော၊ သန္နိဋ္ဌာနန္တိက ဥပ္ပတ္တိ ကထိနုဗ္ဘါရ

လည်း တပါး။ ကထိန်ခင်းသော ကျောင်းတိုက်၌၊ ကထိန်နှုတ်ပြီးဟု ကြားခြင်းအဆုံးရှိသော၊ ကထိန်နှုတ်ခြင်းဖြင့် နှုတ်တတ်ရှိသော၊ သဝနန္တိက ဥပ္ပတ္တိကထိန်ဥဒ္ဒါရလည်း တပါး။ သက်နီးကာလအပိုင်းအခြားကို လွန်ခြင်း အဆုံးရှိသော၊ ကထိန်နှုတ်ခြင်းဖြင့် နှုတ်တတ်ရှိသော၊ သီမာတိက္ကန္တိက ဥပ္ပတ္တိကထိန်ဥဒ္ဒါရလည်း တပါး။ ကထိန်ခင်းသောကျောင်းတိုက်တွင်း၌ ရဟန်းတို့နှင့်အတူ၊ ကထိန်နှုတ်ခြင်းဖြင့် နှုတ်တတ်ရှိသော သဟုဗ္ဘာရ ဥပ္ပတ္တိ ကထိန်ဥဒ္ဒါရ လည်း တပါး။

ကထိန်၏ကြောင့်ကြ၊ ပလိဗောဓ ၂-ပါးစုံကို မပျက် စေရ၊ ကောင်းစွာ စောင့်ရှောက်ခြင်းကြောင့်၊ ကိုးပါးသော ကထိန်နှုတ်ခြင်းဖြင့် တပေါင်းတည်းနှုတ်တတ်ရှိသော၊ ဥပ္ပတ္တိကထိန်ဥဒ္ဒါရလည်း ၉-ပါး။ ။ ဤသို့ ထူးသော အားဖြင့်၊ မှတ်သားကြပါလေ။

ကထိန်ခင်းပြီးမှ ကထိန်၏ ကြောင့်ကြ စောင့်ရှောက်သော်မရ၊ အာဝါသပလိဗောဓ တပါးပြတ်သော၊ တယောက် တယောက်သော ရဟန်း၌၊ နှုတ်တတ်ကထိန်ရှိသောကာလ ၅-ပါး,၅-ပါး။ နှုတ်သောကာလ။ ပ၊ ကထိန်ခင်းပြီးမှ ကထိန်၏ကြောင့်ကြ စောင့်ရှောက်သော်မရ၊ စီဝရပလိဗောဓ တပါးပြတ်သော၊ တယောက် တယောက်သော ရဟန်း၌၊ နှုတ်တတ်ကထိန်ရှိသော ကာလ ၅-ပါး,၅-ပါး။ နှုတ်သောကာလ၊ ပ၊ ကထိန်ခင်းပြီးမှ ကထိန်၏ကြောင့်ကြ စောင့်ရှောက်သော်မရ၊ အာဝါသပလိဗောဓ,စီဝရပလိဗောဓ ၂-ပါးမပြတ်သော၊ တယောက် တယောက်သောရဟန်း၌၊ နှုတ်တတ်ကထိန်ရှိသောကာလ ၉-ပါး,၉-ပါး။ နှုတ်သောကာလ တပါးပါးကိုသာ နှုတ်သော ကထိန်သည်၊ ပညတ်အားဖြင့် ၂-ပါး၊ သိက္ခာပုဒ်အားဖြင့် ၂-ပါး။ ပုဒ်အားဖြင့် -၂ ပါး။

ပညတ်အားဖြင့် ၂-ပါးဟူသော်ကား၊ အနုညာတ ပညတ်လည်း တပါး၊ ပဋိက္ခေပ ပညတ်လည်းတပါး။

သိက္ခာပုဒ်အားဖြင့် ၂-ပါး ဟူသော်ကား၊ စာရိတ္တသိက္ခာပုဒ်လည်း တပါး၊ ဝါရိတ္တသိက္ခာပုဒ်လည်း တပါး။

ပုဒ်အားဖြင့် ၂-ပါး ဟူသော်ကား၊ န-မမြစ်သော သမုက္ကဋ္ဌ-ပုဒ်လည်း တပါး၊ န-မြစ်သော သမုက္ကဋ္ဌ-ပုဒ်လည်း တပါး။

ထို ၂-ပါးတို့တွင်၊ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်လည်း၊ သချုပ်အားဖြင့် ၇-ပါး၊ ၇-ပါး ဟူသော်ကား၊ ပက္ကမနန္တိက ကထိနုဗ္ဘာရလည်း တပါး၊ နိဋ္ဌာနန္တိက ကထိနုဗ္ဘာရလည်း တပါး၊ သန္နိဋ္ဌာနန္တိက ကထိနုဗ္ဘာရလည်း တပါး၊ နာသနန္တိက ကထိနုဗ္ဘာရလည်း တပါး၊ သဝနန္တိက ကထိနုဗ္ဘာရလည်း တပါး၊ အာသာဝစ္ဆေဒိက ကထိနုဗ္ဘာရလည်း တပါး၊ သီမာတိက္ကန္တိက ကထိနုဗ္ဘာရလည်းတပါး။ ထို၇-ပါး တို့တွင်၊

## ပက္ကမနန္တိက ကထိနုဗ္ဘာရကို ပြခြင်း

ဘိက္ခု အတ္ထတကထိနော ကတစီဝရံ အာဒါယ ပက္ကမတိ န ပစ္စေဿန္တိ၊ တဿဘိက္ခုနော ပက္ကမနန္တိကော ကထိနုဗ္ဘာရော။-ဟူသော ပုဒ်သည်၊ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်မည်၏။ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်၊ ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏၊ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။ ပယ်သာပယ်အပ်၏။

အတ္ထတကထိနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ကတစီဝရံ၊ ချုပ်ပြီးသော သင်္ကန်းကို။ အာဒါယ၊ ယူ၍။ န ပစ္စေဿံ၊ ငါတခါ မပြန်လာအံ့။ ဣတိ၊ ဤသို့။ စတ္တေ၊ စွန့်သောစိတ်ဖြင့်။ ပက္ကမတိ၊ ဖဲသွား၏၊ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ပက္ကမနန္တိကော၊ ဖဲသွားခြင်းအဆုံးရှိသော၊ ကထိနုဗ္ဘာရော၊ ကထိန်နှုတ်ခြင်းသည်။ ဟောတိ၊ ၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ ချုပ်ပြီးသော သင်္ကန်းကိုယူ၍ ငါတခါ မပြန်လာအံ့ဟု စွန့်သော စိတ်ဖြင့် ဖဲသွား၏။ ထိုရဟန်း၏ ကထိန်နှုတ်ခြင်းသည်၊ ပက္ကမနန္တိက ကထိနုဗ္ဘာရမည်၏ ဟူလိုသည်။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ၊-ဟူသည်နှင့်အညီ၊ ကတစီဝရံ အာဒါယ-ဟူသော၊ စီဝရပလိဗောဓုပစ္ဆေဒ ပဋိက္ခိတ္တကြိယာကိုပြုသော ရဟန်းအား၊ မဖဲသွားမီ သင်္ကန်းချုပ်ပြီးသောကာလ၊ ရှေးဦးစွာက ဒုက္ကဋ်အာပတ်သင့်သည်လည်း တချက်။

ပဏ္ဏမတိ နပစ္စေသန္တို-ဟူသော၊ အာဝါသပလိဗောဓုပစ္ဆေဒ ပဋိက္ခေပ ဝိ ဏ္ဍကြီးယာကို ပြုသောရဟန်းအား၊ ဖဲသွားသော ကာလ နောက်မှ ဒုက္ကဋ် အာပတ်သင့်သည်လည်း တချက်။ ဒုက္ကဋ်အာပတ် ၂–ချက်သင့်၊

ပဏ္ဏမန္တိကာ ကထိနုဒ္ဓါရ၌၊ မဖဲသွားမှီကာလ ရှေးဦးစွာက၊ စီဝရပလိဗောဓပြတ်၏။ ဖဲသွားသောကာလ နောက်၌၊ အာဝါသ ပလိဗောဓပြတ်၏။

> န ပစ္စေဿန္တိ န ပုန အာဂမိဿံ၊ တေသွိံ ပန ပဏ္ဏ မန္တိကေ ကထိနုဒ္ဓါရေ ပဌမံ စီဝရပလိဗောဓောဆိဇ္ဇ တိ၊ ပစ္ဆာ အာဝါသပလိဗောဓော၊ ဝံ ပဏ္ဏမတော ဟိ စီဝရ ပလိဗောဓော အန္တောသီမာယမေဝ ဆိဇ္ဇတိ၊ အာဝါသ ပလိဗောဓော သီမာတိက္ကမေ၊ ဝုတ္တမ္ပိစေတံ ပရိဝါရေ။
>
> ပဏ္ဏမန္တိကော ကထိနုဒ္ဓါရော၊ ဝုတ္တော အာဒိစ္စ ဗန္ဓုနာ၊ တေသ္မံ တာဟံ ဝိဿဇ္ဇိဿံ၊ စီဝရပလိဗော ဓော ပဌမံ ဆိဇ္ဇတိ၊ ပစ္ဆာ အာဝါသ ပလိဗောဓော ဆိဇ္ဇတီတိ။ ။အဋ္ဌကထာ။

န ပစ္စေဿန္တိ၊ န ပစ္စေဿံ-ဟူသည်ကား။ ပုန၊ တဖန်။ န အာဂ မိဿံ၊ မပြန်လာအံ့။ တေသ္မိံ ပန ပဏ္ဏမန္တိကေ ကထိနုဒ္ဓါရေ၊ ဤ ပဏ္ဏမန္တိက ကထိနုဒ္ဓါရ၌ကား။ ပဌမံ၊ ရှေးဦးစွာ။ စီဝရပလိဗော ဓော၊ စီဝရပလိဗောဓသည်၊ ဆိဇ္ဇတိ၊ ပြတ်၏။ ပစ္ဆာ၊ နောက်မှ။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ် ၏။ ဟိသစ္စံ၊ မှန်၏။ ဧဝံ၊ ဤသို့။ ပဏ္ဏမတော၊ ဖဲသွားသော ရဟန်း အား။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ အန္တောသီမာ ယမေဝ၊ ကထိန်ခင်းသော ဥပစာရ သိမ်အတွင်း၌သာလျှင်၊ ဆိဇ္ဇ တိ၊ ပြတ်၏။ အာဝါသပလိဗောဓော၊ အာဝါသ ပလိဗောဓသည်၊ သီမာတိက္ကမေ၊ ကထိန်ခင်းသော ဥပစာရသိမ်ကို လွန်ခြင်းကြောင့်။ ဆိဇ္ဇတိ၊ ပြတ်၏။

ပရိဝါရေ၊ ပရိဝါရ၌။ ပက္ကမနန္တိကော။ပ။ ဆိဇ္ဇတီတိ၊ ပက္ကမနန္တိကော။ပ။ဆိဇ္ဇတိ-ဟူသော။ဧတံပိစ ဝစနံ၊ ဤစကားကိုလည်း။ဝုတ္တံ၊ ဟောအပ်ပြီ။

အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ ပက္ကမနန္တိကော ကထိနုဒ္ဓါရော၊ ပက္ကမနန္တိက ကထိနုဒ္ဓါရကို။ ဝုတ္တော၊ ဟောအပ်ပြီ။ တေသု၊ ထိုပက္ကမနန္တိက ကထိနုဒ္ဓါရကိုလည်း။ အယံ၊ ဤသည်။ တေ၊ သင့်အား။ဝိသဇ္ဇိဿံ၊ ဖြေဆိုပေအံ့။ စီဝရပလိဗောဓော။စီဝရပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ ပြတ်၏။ ပစ္ဆာ၊ နောက်မှ။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဆိဇ္ဇတိ။ ပြတ်၏။

> န ပုန အာဂမိဿန္တိ ဓုရံ အာဝါသပလိဗောဓုပစ္ဆေဒကာရဏဒဿနံ၊ပဉ္စသု ဟိ စီဝရမာသေသု ယဒါ ကဒါစိ နပစ္စေဿန္တိ စတ္တေန ဥပစာရာတိက္ကမေန အာဝါသပလိဗောဓော ဆိဇ္ဇတိ၊ ပစ္စေဿန္တိ ဗဟိဥပစာရဂတဿ ပန ယတ္ထကတ္ထစိ နပစ္စေဿန္တိ စိတ္တေ ဥပ္ပန္နမတ္တေ ဆိဇ္ဇတိ။ ။ဝိမတိ။

န ပုန အာဂမိဿန္တိ ဓုရံဝစနံ၊န ပုန အာဂမိဿံ-ဟူသော ဤစကားသည်။ အာဝါသပလိဗောဓုပစ္ဆေဒကာရဏဒဿနံ၊ အာဝါသပလိဗောဓပြတ်ခြင်း၏အကြောင်းကို ပြဆိုသောစကားတည်း။ ဟိသစ္စံ၊ မှန်၏။ပဉ္စသု စီဝရမာသေသု၊ စီဝရမာသ ၅-လတို့၌။ ယဒါကဒါစိ၊ တရံတခါ။ နပစ္စေဿံ၊ မပြန်လာအံ့။ ဣတိ၊ ဤသို့။ စတ္တေန၊ စွန့်သောစိတ်ဖြင့်။ ဥပစာရာတိက္ကမေန၊ ကထိန်ခင်းသောဥပစာရသိမ်ကိုလွန်ခြင်းကြောင့်။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ ပစ္စေဿန္တိ၊ ပြန်အံ့ဟူ၍။ဗဟိဥပစာရဂတဿ ပန၊ကထိန်ခင်းသော ဥပစာရသိမ်မှ အပသို့ရောက်သောရဟန်းအားကား။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသောကာလ၌။ နပစ္စေဿံ၊ငါ မပြန်အံ့။ ဣတိ၊ ဤသို့။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နမတ္တေ၊ ဖြစ်ရုံမျှ၌။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။

ပဋ္ဌမံ စီဝရပလိဗောဓော ဆိဇ္ဇတီတိ န ပစ္စေဿန္တိ ပက္ကမန္တော ပုရေတရမေဝ စီဝရဿ နိဋ္ဌိတတ္တာ ဝုတ္တံ၊ ကတစီဝရမာဒါယာတိ ဟိ ဝုတ္တံ။

အန္တောသီမာယန္တိ စီဝရနိဋ္ဌာနန္တရမေဝ ဆိန္နတ္တာ ဝုတ္တံ။ ။ဝိမတိ။

ပဋ္ဌမံ စီဝရပလိဗောဓော ဆိဇ္ဇတီတိ ဣဒံဝစနံ၊ ပဋ္ဌမံ စီဝရပလိဗောဓော ဆိဇ္ဇတီတိ-ဟူသော ဤစကားကို၊ န ပစ္စေဿန္တိ ပက္ကမန္တော၊ မပြန်အံ့ဟု ဖဲသွားသောကာလမှ၊ ပုရေတရမေဝ၊ ရှေးဦးစွာသာလျှင်၊ စီဝရဿ၊ သင်္ကန်း၏၊ နိဋ္ဌိတတ္တာ၊ ပြီးသည်၏ အဖြစ်ကြောင့်၊ ဝုတ္တံ၊ ဆိုအပ်၏။

အန္တောသီမာယန္တိ ဣဒံဝစနံ၊ အန္တောသီမာယံ-ဟူသော ဤစကားကို၊ စီဝရနိဋ္ဌာနန္တရမေဝ၊ သင်္ကန်းပြီးသောခဏ၌သာလျှင်။ စီဝရပလိဗောဓဿ၊ စီဝရပလိဗောဓ၏၊ ဆိန္နတ္တာ၊ ပြတ်သည်၏ အဖြစ်ကြောင့်၊ ဝုတ္တံ၊ ဆိုအပ်၏။

အတ္ထတကထိနဿ ဟိ ဘိက္ခုနော ယာဝ သံဃတော ဝါ၊ ဒါယက ကုလာဒိတော ဝါ၊ စီဝရံ လဘိဿာမီတိ စီဝရာသာ ဝါ၊ လဒ္ဓဝတ္ထာနံ သဟာယသမ္ပဒါဒိယောဂံ လဘိတွာ၊ သံဃာဋိ အာဒိဘာဝေန ဆိန္ဒိတွာ၊ ကရိဿာမီတိ ကရဏိစ္ဆာ ဝါ ပဝတ္တတိ၊ တာဝ စီဝရပလိဗောဓော အနုပစ္ဆိန္နောဝ။ ။ဝိမတိ။

ဟိ၊ တပ္ပါကဋံ ကရောမိ၊ ထိုစကားကို ထင်ရှားအောင်ပြုအံ့။ အတ္ထတကထိနဿ၊ ခင်းအပ်ပြီးသော ကထိန်ရှိသော၊ ဘိက္ခုနော၊ ရဟန်းအား၊ ယာဝ၊ အကြင်မျှလောက်၊ သံဃတော ဝါ၊ သံဃာမှ၎င်း၊ ဒါယကကုလာဒိတော ဝါ၊ ဒါယကာ ဉာတိ ကုလစသည်တို့မှ၎င်း၊ စီဝရံ၊ သင်္ကန်းကို၊ လဘိဿာမိ၊ ရအံ့၊ ဣတိ၊ ဤသို့၊ စီဝရာသာ ဝါ၊ သင်္ကန်းရနိုးသောအာသာသည်၎င်း၊ လဒ္ဓဝတ္ထာနံ၊ အာနိသင်မူလ ရသောအဝတ်ပုဆိုးကို၊ သဟာယ သမ္ပဒါဒိယောဂံ၊

သဟာယ သမ္ပဒါအစရှိသော အကျအညီယောဂကို။ လဘိတွာ၊ ရ၍။ သံဃာဒို အာဒိဘာဝေန၊ ဒုဂုန်စသည်တို့၏အဖြစ်ဖြင့်။ ဆိန္ဒိတွာ၊ ဖြတ်၍။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ကရဏိစ္ဆာဝါ၊ ပြုလိုခြင်းသည်ပင်။ ပဝတ္တတိ၊ ဖြစ်သေး၏။ တာဝ၊ ထိုမျှလောက်။ စီဝရပလိဗောဓော၊စီဝရပလိဗောဓသည်။ အနုပစ္ဆိန္နောဝ၊မပြတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ယဒါပန ယထာ ပတ္ထိတဋ္ဌာနတော စီဝရာဒီနံ သဗ္ဗထာ အလာဘေနဝါ၊စီဝရာသာဧဝ လဒ္ဓါနံ ကတွာ နိဋ္ဌာနေနဝါ၊ နဋ္ဌ ဝိနဋ္ဌာဒိဘာဝေနဝါ၊ စီဝရေ နိရပေက္ခတာယဝါ ကရဏိစ္ဆာစ ဝိဂစ္ဆတိ။ တဒါ စီဝရပလိဗောဓော ဥစ္ဆိန္နော ဟောတိ။ ။ဝိမတိ။

ယဒါပန၊ အကြင်အခါ၌ကား။ ယထာ ပတ္ထိတဋ္ဌာနတော၊ အကြင်အကြင် တောင့်တအပ်သော စီဝရာသာဋ္ဌာန, အာနိသင်မူလဋ္ဌာနမှ၊ စီဝရာဒီနံ၊ သင်္ကန်း အဝတ်ပုဆိုးတို့ကို။ သဗ္ဗထာ၊ အချင်းခပ်သိမ်း။ အလာဘေနဝါ၊ မရခြင်းကြောင့်လည်း။ ကရဏိစ္ဆာ၊ သင်္ကန်းပြုလုပ် ချုပ်လိုသောအလိုသည်။ ဝိဂစ္ဆတိ၊ ကင်း၏။ တဒါ၊ ထိုအခါ၌။ ပ ။ယဒါပန၊ အကြင်အခါ၌ကား၊ စီဝရာသာဧဝ၊ ရနိုးသောသင်္ကန်းကိုသာလျှင်။ လဒ္ဓါ၊ ရ၍။ နံ၊ ထိုရသော အဝတ်ပုဆိုးကို။ ကတွာ၊ ပြု၍။ နိဋ္ဌာနေနဝါ၊ ပြီးဆုံးခြင်းကြောင့်လည်း။ ကရဏိစ္ဆာ၊ သင်္ကန်းပြုလုပ် ချုပ်လိုသောအလိုသည်။ ဝိဂစ္ဆတိ၊ ကင်း၏။ တဒါ၊ ထိုအခါ၌ ။ ပ ။ယဒါပန၊ အကြင်အခါ၌ကား။ နဋ္ဌဝိနဋ္ဌာဒိဘာဝေန၊ အာနိသင်မူလ ရသောအဝတ်ပုဆိုး၊ ပျောက်သည်၏အဖြစ် ပျက်သည်၏အဖြစ် မီးလောင်သည်၏အဖြစ် သင်္ကန်းရနိုးသောအာသာ ပြတ်သည်၏ အဖြစ်ကြောင့်လည်း။ ကရဏိစ္ဆာ၊ သင်္ကန်းပြုလုပ် ချုပ်လိုသောအလိုသည်။ ဝိဂစ္ဆတိ၊ ကင်း၏။ တဒါ၊ ထိုအခါ၌။ ပ ။ယဒါပန၊ အကြင်အခါ၌ကား။ စီဝရေ၊ ကျင့်ဝတ်နိဗဒ် ပြုအပ်သော သင်္ကန်း၌။ နိရပေက္ခတာယဝါ၊ ငဲ့ခြင်းကင်းသည်၏

အဖြစ်ကြောင့်လည်း။ ကရဏီယဿာ၊ သင်္ကန်းပြုလုပ် ချုပ်လိုသော အလိုသည်။ ဝိဂစ္ဆတိ၊ ကင်း၏။ တဒါ၊ ထိုအခါ၌။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဥပစ္ဆိန္နော၊ ပြတ်သည်။ ဟောတိ၊ ဖြစ်၏။

သော စ ခေါ ကတစီဝရံ အာဒါယာတိ ဝစနေန ပ
ကာသိတော၊ ဧဝံ ဥပရိ သဗ္ဗတ္ထ ပါဠိဝစနက္ကမံ နိဿာယ
နေသံ ပဌမံ ပစ္ဆာ စ ဥပစ္ဆိန္နံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ ။ဝိမတိ။

သော စ စီဝရပလိဗောဓော ပစ္ဆိန္နော၊ ထိုပလိဗောဓ ပြတ်ခြင်းကိုလည်း။ ဣတိ၊ ဤပက္ကမနန္တိက ကထိနုဒ္ဒါရ၌။ ကတစီဝရံ အာဒါယ ဝစနေန၊ ကတစီဝရံ အာဒါယ-ဟူသောစကားဖြင့်။ ပကာသိတော ယထာ၊ ပြအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဥပရိ၊ အထက်၌။ သဗ္ဗတ္ထ၊ အလုံးစုံတို့၌။ ပါဠိဝစနက္ကမံ၊ ပါဠိတော်စကား အစဉ်ကို။ နိဿာယ၊ မှီ၍။ နေသံ၊ ထိုအာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါးတို့၏။ ပဌမံ ပစ္ဆာ စ ဥပစ္ဆိန္နံ၊ ရှေ့,နောက် ပြတ်ခြင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သဗ္ဗထာပိ စ ဣမေသံ ဥဘိန္နံ ပလိဗောဓာနံ ဥပစ္ဆေ
ဒေန ဝ ကထိနုဗ္ဘာရော၊ န ဧကဿ တေသဉ္စ ပုဗ္ဗာ
ပရိယေန ကေကော ဥပစ္ဆိန္နံ ဒဿေတုံ ဣမာ အ
ဋ္ဌမာတိကာ ထပိတာတိ ဝေဒိတဗ္ဗာ။ ။ဝိမတိ။

သဗ္ဗထာပိ စ၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ဣမေသံ ဥဘိန္နံ ပလိဗောဓာနံ၊ ဤ ၂-ပါးစုံသော ပလိဗောဓတို့၏။ ဥပစ္ဆေဒေန ဝ ပြတ်ခြင်းကြောင့်သာလျှင်။ ကထိနုဗ္ဘာရော၊ ကထိန်နှုတ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧကဿ ပလိဗောဓဿ၊ တပါးသောပလိဗောဓ၏။ ဥပစ္ဆေဒေန၊ ပြတ်ခြင်းကြောင့်။ ကထိနုဗ္ဘာရော၊ ကထိန်နှုတ်ခြင်းကို။ န ဝေဒိတဗ္ဗော၊ မသိအပ်။ တေသဉ္စ၊ ထို ၂-ပါးသော ပလိဗောဓတို့၏။ ပုဗ္ဗာပရိယေန၊ ရှေ့နောက်အားဖြင့်။ ဥပစ္ဆိန္နံ၊ ပြတ်ခြင်းကို။ ကေကွ

ဘောဝ၊ တပြိုင်နက်သာလျှင်လည်း။ ဥပစ္ဆိဇ္ဇနံ၊ ပြတ်ခြင်းကို။ ဒသေတုံ၊ ပြခြင်းငှါ။ ဆုမော အဋ္ဌမာတိကာ၊ ဤရှစ်ပါးသော မာတိကာတို့ကို။ ထပိတာ၊ ထားအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။

ပက္ကမနန္တိက ကထိနုဒ္ဓါရ၊ နိ-မြစ်သော သမုဋ္ဌာန-ပုဒ်၊ ဝါရိတ္တသိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

## နိဋ္ဌာနန္တိက ကထိနုဒ္ဓါရကို ပြခြင်း

ဘိက္ခု အတ္ထတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ၊ တဿ ဗဟိသီမဂတဿ ဧဝံ ဟောတိ၊ ဣဓေဝိမံ စီဝရံ ကာရေဿံ န ပစ္စေဿန္တိ၊ သော တံ စီဝရံ ကာရေတိ၊ တဿ ဘိက္ခုနော နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော။-ဟူသော ပုဒ်သည်၊ နိ-မြစ်သော သမုဋ္ဌာန ပုဒ်မည်၏။ နိ-မြစ်သော သမုဋ္ဌာန-ပုဒ်သည်၊ ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။

အတ္ထတ ကထိနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပက္ကမတိ၊ ဖဲ့သွား၏။ ဗဟိသီမဂတဿ၊ တပါးသော အနီးကျောင်းသို့ ရောက်သော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဧဝံ-ဧဝံစိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ဣဓေဝ၊ ဤကျောင်း၌ပင်လျှင်။ ဣမံစီဝရံ၊ ဤသင်္ကန်းကို။ ကာရေဿံ၊ ပြုအံ့။ န ပစ္စေဿံ၊ မပြန်အံ့။ ဣတိ-ဧဝံစိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ကာရေတိ၊ ပြု၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ နိဋ္ဌာနန္တိကော၊ သင်္ကန်းချုပ်ပြီးခြင်း အဆုံးရှိသော။ ကထိနုဒ္ဓါရော၊ ကထိန်နုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ အာနိသင်မူလ ရရသမျှ၊ သင်္ကန်းပြုလုပ် မချုပ်ရသေးသော အဝတ်ပုဆိုးကိုယူ၍၊ ကထိန်ခင်းသော ကျောင်းမှ ဖဲသွားသည်ရှိသော်၊ တပါးသော အနီးကျောင်းသို့ ရောက်သည်ဖြစ်၍၊ ကထိန်ခင်းသော ကျောင်းသို့ ငါတခါ မပြန်အံ့၊ ဤကျောင်း၌ပင်လျှင် သင်္ကန်းပြုလုပ်

ငါချုပ်အံ့ဟု စိတ်အကြံ အဓိဋ္ဌာန်ဖြင့်၊ သင်္ကန်းပြုလုပ် ပြီးဆုံးအောင် ချုပ်၏။ ထိုရဟန်း၏ ကထိန်နှစ်ခြင်းသည်၊ နိဋ္ဌာနန္တိက ကထိနုဒ္ဓါ ရမည်၏ ဟူလိုသည်။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ။— ဟူသည်နှင့် အညီ၊ န ပစ္စေဿန္တိ - ဟူသော အာဝါသပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကို ပြုသော ရဟန်းအား၊ သင်္ကန်းမပြီးမီကာလ ရှေးဦးစွာက၊ ဒုက္ကဋ်အာပတ်သင့်သည်လည်း တချက်။

သော တံ စီဝရံ ကာရေတိ၊ -ဟူသော စီဝရပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကို ပြုသောရဟန်းအား၊ သင်္ကန်း ပြီးသော ကာလ နောက်မှ၊ ဒုက္ကဋ်အာပတ်သင့်သည်လည်း တချက်။ ။ဒုက္ကဋ်အာပတ် ၂-ချက်သင့်။

ဤနိဋ္ဌာနန္တိက ကထိနုဒ္ဓါရ၌၊ သင်္ကန်းမပြီးမီကာလ ရှေးဦးစွာက၊ အာဝါသပလိဗောဓပြတ်၏။ သင်္ကန်းပြီးသောကာလ နောက်မှ၊ စီဝရပလိဗောဓပြတ်၏။

**စီဝရံ အာဒါယာတိ အကတစီဝရံ အာဒါယ၊ ဗဟိသီမဂတဿာတိ အညံ သာမန္တဝိဟာရံ ဂတဿ၊ ဧဝံ ဟောတီတိ တသ္မိံ ဝိဟာရေ ဝသန္တဿ ဖါသုကံဝါ သဟာယသမ္ပတ္တိံဝါ ဒိသွာ ဧဝံ ဟောတိ၊ တသ္မိံ ပန နိဋ္ဌာနန္တိကေ ကထိနုဒ္ဓါရေ အာဝါသပလိဗောဓော ပဌမံ ဆိဇ္ဇတိ၊ သော ဟိ န ပစ္စေဿန္တိ စိတ္တေ ဥပ္ပန္နမတ္တေယေဝ ဆိဇ္ဇတိ၊ ဝုတ္တံပိ စေတံ။**

**နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော၊ ဝုတ္တောအာဒီသွဗန္ဓနာ။ တေသု တာဟံ ဝိဿဇ္ဇိဿံ၊ အာဝါသပလိဗောဓော ပဌမံ ဆိဇ္ဇတိ။**

**စီဝရေ နိဋ္ဌိတေ စီဝရပလိဗောဓော ဆိဇ္ဇတီတိ။**

စီဝရံ အာဒါယာတိ၊ စီဝရံ အာဒါယ-ဟူသည်ကား။ အကတစီဝရံ၊

မပြုရသေးသော သက်န်းကို။ အာဒါယ၊ ယူ၍၊ ဗဟိသီမဂတဿတိ၊ ဗဟိသီမဂတဿ-ဟူသည်ကား။ အညံ့၊ တပါးသော၊ သာမန္တဝိဟာရ၏၊ အနီးကျောင်းသို့။ ဂတဿ၊ ရောက်သော။ ဧဝံ ဟောတိတိ၊ ဧဝံဟောတိ-ဟူသည်ကား။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်း၌။ သေနာသနမ္ပါသုကံ ဝါ၊ အိပ်ရာနေရာ ချမ်းသာသည်ကိုရင်း။ သဟာယသမ္ပတ္တိံ ဝါ၊ အပေါင်းအဖော် နှင့် ပြည့်စုံသည်ကိုရင်း။ ဒိသွာ၊ မြင်၍။ ဧဝံ-ဧတံ စိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ တေသို့ ပန နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော၊ ဤနိဋ္ဌာနန္တိက ကထိနုဒ္ဓါရ၌၊ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ ပြတ်၏။ ဟိသဒ္ဒ၊ မှန်၏။ သော၊ ထိုအာဝါသပလိဗောဓသည်။ နပစ္စေဿန္တိ စိတ္တေ၊ မပြန်အံ့ဟူသော စိတ်အကြံသည်။ ဥပ္ပန္နမတ္တေယေဝ၊ ဖြစ်ခါမျှသာလျှင်။ ဆိဇ္ဇတိ၊ ပြတ်၏။

နိဋ္ဌာနန္တိကော။ ပ။ ဆိဇ္ဇတီတိ၊ နိဋ္ဌာနန္တိကော။ ပ။ ဆိဇ္ဇတိ-ဟူသော ဧတံပိ ဝစနံ၊ ထိုစကားကိုလည်း။ ပရိဝါရေ၊ ပရိဝါ၌။ ဝုတ္တံ၊ ဟောအပ်ပြီ။

အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော၊ နိဋ္ဌာနန္တိက ကထိနုဒ္ဓါရကို။ ဝုတ္တော၊ ဟောအပ်ပြီ။ တော၊ ထိုနိဋ္ဌာနန္တိက ကထိနုဒ္ဓါရကိုလည်း။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ ဝိဿဇ္ဇိဿံ၊ ဖြေဆိုအံ့။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်၊ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ ပြတ်၏။ စီဝရေ၊ သက်န်းသည်။ နိဋ္ဌိတေ၊ ပြီးသည်ရှိသော်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ ။ နိဋ္ဌာနန္တိက ကထိနုဒ္ဓါရ၊ န မြဲသော သမုဋ္ဌာန်–ပုဒ်၊ ဝါရိတ္တ သိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

## သန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရကို ပြခြင်း

ဘိက္ခု၊ အတ္ထတကထိနော စီဝရံ အာဒါယ ပက္ကမတိ၊ တဿ ဗဟိသီမဂတဿ ဧဝံ ဟောတိ နေဝိမံ စီဝရံ ကာရေဿံ န ပစ္စေဿန္တိ၊ တဿ ဘိက္ခုနော သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော။-ဟူသော ပုဒ်သည်၊ န-မြဲသော သမုဋ္ဌာန်–ပုဒ်မည်၏။ န-မြဲသော သမုဋ္ဌာန်-ပုဒ်သည်၊

ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။

အတ္ထတကထိနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပက္ကမတိ၊ ဖဲသွား၏။ ဗဟိသိမဂတဿ၊ တပါးသော အနီးကျောင်းသို့ ရောက်သော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဧဝံ-ဧတံစိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ဣမံစီဝရံ၊ ဤသင်္ကန်းကို။ နေဝ ကာရေဿံ၊ မပြုအံ့။ န ပစ္စေဿံ၊ မပြန်အံ့။ ဣတိ- ဧတံစိတ္တံ၊၊ ဤစိတ်အကြံသည်။ ဟောတိ။ ဖြစ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သန္နိဋ္ဌာနန္တိကော၊ ဆုံးဖြတ်ခြင်းအဆုံးရှိသော။ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ အာနိသင်မူလ ရရသမျှ၊ သင်္ကန်းပြုလုပ် မချုပ်ရသေးသော အဝတ်ပုဆိုးကိုယူ၍၊ ကထိန်ခင်းသောကျောင်းမှ ဖဲသွားသည်ရှိသော်၊ တပါးသော အနီးကျောင်းသို့ရောက်သည်ဖြစ်၍၊ သင်္ကန်းပြုလုပ်ငါမချုပ်အံ့၊ ကထိန်ခင်းသောကျောင်းသို့ ငါတခါမပြန်အံ့ဟု၊ မနောဓိဋ္ဌာန်စိတ်အကြံဖြင့်ဆုံးဖြတ်၏။ ထိုရဟန်း၏ကထိန်နှုတ်ခြင်းသည်၊ သန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရမည်၏ ဟူလိုသည်။

ပဋိက္ခိတ္တ ကြိယံ ကရောန္တဿ ဒုက္ကဋမေဝ၊-ဟူသည်နှင့် အညီ၊ နေဝိမံ စီဝရံ ကာရေဿံ၊ န ပစ္စေဿန္တိ၊-ဟူသော။ အာဝါသပလိဗောဓပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာ ၂-ပါးစုံ၊ မရှေးမနှောင်း တပေါင်းတည်းပြုသော ရဟန်းအား၊ မရှေးမနှောင်း တပေါင်းတည်း ဒုက္ကဋ်အာပတ် ၂-ချက်သင့်၏။

ဤသန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရ၌၊ အာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါးစုံ၊ မရှေးမနှောင်း တပေါင်းတည်းပြတ်၏။

ဧတေန နယေန သေသမာတိကာ ဝိဘဇနေပိ
အတ္ထော ဝေဒိတဗ္ဗော၊ အယံ ပန ဝိသေသော၊ သန္နိဋ္ဌာ

နတ္ထိကေ ဒွေပလိဗောဓာ နေဝိမံ စီဝရံ ကာရေဿံ
န ပစ္စေဿန္တိ စိတ္တေ ဥပ္ပန္နမတ္တေယေဝ ဧကတော ဆိဇ္ဇ
န္တီတိ၊ ဝုတ္တမ္ပိ စေတံ။

သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော၊ ဝုတ္တော အာဒိစ္စ
ဗန္ဓုနာ။ တေဒွ တာဟံ ဝိဿဇ္ဇိဿံ၊ ဒွေပလိဗောဓာ
အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ။ ။အဋ္ဌကထာ။

ဧတေန နယေန၊ ဤနည်းဖြင့်။ သေသမာတိကာ ဝိဘဇနေပိ၊ ကြွင်းသော မာတိကာကို ဝေဘန်ရာ၌လည်း။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အယံပန၊ ဤဆိုလတံ့သည်ကား။ ဝိသေသော၊ အထူးတည်း။ သန္နိဋ္ဌာနန္တိကေ၊ သန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရ၌။ ဒွေပလိဗောဓာ၊ ၂-ပါးသော ပလိဗောဓတို့သည်။ နေဝိမံ စီဝရံ ကာရေဿံ၊ န ပစ္စေဿန္တိ စိတ္တေ၊ နေဝိမံ စီဝရံကာရေဿံ၊ နပစ္စေဿံ-ဟူသော စိတ်သည်။ ဥပ္ပန္နမတ္တေယေဝ၊ ဖြစ်သမျှသာလျှင်။ ဧကတော၊ တပေါင်းတည်း။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသေသော၊ အထူးတည်း။

သန္နိဋ္ဌာနန္တိကော။ ပ။ ဆိဇ္ဇတီတိ၊ သန္နိဋ္ဌာနန္တိကော။ ပ။ ဆိဇ္ဇတိ-ဟူသော။ ဧတံပိ ဝစနံ၊ ဤစကားကိုလည်း။ ပရိဝါရေ၊ ပရိဝါ၌။ ဝုတ္တံ၊ ဟောအပ်ပြီ။

အာဒိစ္စဗန္ဓုနာ၊ သည်။ သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော၊ သန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရကို။ ဝုတ္တော၊ ဟောအပ်ပြီ။ တေဒွ၊ ထိုသန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရကိုလည်း။ တေ၊ သင့်အား၊ အဟံ၊ ငါသည်။ ဝိဿဇ္ဇိဿံ၊ ဖြေဆိုအံ့။ ဒွေ ပလိဗောဓာ၊ ၂-ပါးသော ပလိဗောဓတို့သည်။ အပုဗ္ဗံအစရိမံ၊ မရှေး မနှောင်း တပေါင်းတည်း။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။ ။သန္နိဋ္ဌာနန္တိက ကထိနုဒ္ဓါရ၊ န - မြစ်သော သမုဋ္ဌာန-ပုဒ်၊ ဝါရိတ္တ သိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

## နာသနန္တိက ကထိနုဒ္ဓါရကို ပြခြင်း

ဘိက္ခု၊ အတ္ထတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ၊ တဿ

ဗဟိသီမဂတဿ ဧဝံ ဟောတိ၊ ဣဓေဝိမံ စီဝရံ ကာရေဿံ န ပစ္စေဿန္တိ၊ သော တံ စီဝရံ ကာရေတိ၊ တဿ တံ စီဝရံ ကရိယျမာနံ နဿတိ၊ တဿ ဘိက္ခုနော နာသနန္တိကော ကထိနုဒ္ဓါရော။- ဟူသော ပုဒ်သည်၊ န-ဖြစ်သော သမုစ္စယ-ပုဒ်မည်၏။ န-ဖြစ်သော သမုစ္စယ-ပုဒ်သည်၊ ဝါရိတ္တ သိက္ခာပုဒ်မည်၏။ ဝါရိတ္တ သိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။

အညတရော ဘိက္ခုနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပက္ကမတိ၊ ဖဲသွား၏။ ဗဟိသီမဂတဿ၊ တပါးသော အနီးကျောင်းသို့ ရောက်သော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဧဝံ-ဧဝံ စိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ဣဓေဝ၊ ဤကျောင်းခွဲပင်လျှင်။ ဣမံ စီဝရံ၊ ဤသင်္ကန်းကို။ ကာရေဿံ၊ ပြုအံ့။ န ပစ္စေဿံ၊ မပြန်အံ့။ ဣတိ-ဧဝံ စိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ကာရေတိ၊ ပြု၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ တံ စီဝရံ၊ ထိုသင်္ကန်းသည်။ ကရိယျမာနံ၊ ပြုစဉ်။ နဿတိ၊ ပျောက်၏၊ တဿ ဘိက္ခုနော၊ ထိုရဟန်းအား၊ နာသနန္တိကော၊ ပျောက်ခြင်း အဆုံးသော။ ကထိနုဒ္ဓါရော၊ ကထိန်နှုဒ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ အာနိသင်မူလ ရရသမျှ၊ သင်္ကန်းပြုလုပ် မချုပ်ရသေးသော အဝတ်ပုဆိုးကိုယူ၍၊ ကထိန်ခင်းသောကျောင်းမှ ဖဲသွားသည်ရှိသော်၊ တပါးသော အနီးကျောင်းသို့ရောက်သည်ဖြစ်၍၊ ဤကျောင်းခွဲပင်လျှင် သင်္ကန်းပြုလုပ် ငါချုပ်အံ့။ ကထိန်ခင်းသောကျောင်းသို့ ငါတခါမပြန်အံ့ဟူသော၊ စိတ်အကြံ အဓိဋ္ဌာန်ဖြင့်၊ သင်္ကန်းပြုလုပ်ချုပ်စဉ် သင်္ကန်းပျောက်၏။ ထိုရဟန်း၏ ကထိန်နှုဒ်ခြင်းသည်၊ နာသနန္တိကကထိနုဒ္ဓါရမည်၏ ဟူလိုသည်။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ၊-ဟူသည်နှင့်အညီ၊ နပစ္စာသာနတ္ထိ-ဟူသော အာဝါသပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကို ပြုသောရဟန်းအား၊ သင်္ကန်းမပျောက်မီကာလ ရှေးဦးစွာက၊ ဒုက္ကဋ်အာပတ် တချက်သာသင့်၏။

တံစီဝရံ ကရိယမာနံ နဿတိ၊-ဟူသော စီဝရပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာသည်၊ သင်္ကန်းပျောက်သော ရဟန်းနှင့် မစပ်၊ ဘေးရန်နှင့်စပ်၏၊ အာပတ်မသင့်။

ဤနာသနန္တိက ကထိနုဒ္ဓါရ၌၊ သင်္ကန်းမပျောက်မီကာလ ရှေးဦးစွာက၊ အာဝါသပလိဗောဓပြတ်၏။ သင်္ကန်းပျောက်သောကာလနောက်မှ၊ စီဝရပလိဗောဓပြတ်၏။

**နာသနန္တိကေ အာဝါသပလိဗောဓော ပဌမံ ဆိဇ္ဇတိ၊ စီဝရေ နဋ္ဌေ စီဝရပလိဗောဓော ဆိဇ္ဇတိ၊ ယသ္မာ စီဝရေ နဋ္ဌေ စီဝရပလိဗောဓော ဆိဇ္ဇတိ၊ တသ္မာ နာသနန္တိကောတိ ဝုတ္တံ။** ။အဋ္ဌကထာ။

နာသနန္တိကေ၊ နာသနန္တိက ကထိနုဒ္ဓါရ၌။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ ပြတ်၏။ စီဝရေ၊ သင်္ကန်းသည်။ နဋ္ဌေ၊ ပျောက်သည်ရှိသော်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ ယသ္မာ၊ အကြင့်ကြောင့်။ စီဝရေ၊ သင်္ကန်းသည်။ နဋ္ဌေ၊ ပျောက်သည်ရှိသော်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ တသ္မာ၊ ထိုကြောင့်။ နာသနန္တိကောတိနာမံ၊ နာသနန္တိက-ဟူသော အမည်ကို။ ဝုတ္တံ၊ ဆိုအပ်၏။

**နာသနန္တိကော ကထိနုဒ္ဓါရော၊ ဝုတ္တော အာဒိစ္စဗန္ဓုနာ။ ဧတ္ထ တာဟံ ဝိဿဇ္ဇိဿံ အာဝါသ ပလိဗောဓော ပဌမံ ဆိဇ္ဇတိ။ စီဝရေ နဋ္ဌေ စီဝရပလိဗောဓော ဆိဇ္ဇတိ။**

အာဒိဗ္ဗဗန္ဓနာ၊ သည်။ နာသနန္တိကော ကထိနုဗ္ဗါရော၊ နာသနန္တိက ကထိနုဗ္ဗါရကို၊ ဝုတ္တော၊ ဟောအပ်ပြီ။ တေသု၊ ထိုနာသနန္တိက ကထိနုဗ္ဗါရကိုလည်း၊ တော၊ သင့်အား။ အဟံ၊ ငါသည်။ ဝိဘဇ္ဇိဿံ၊ ဝေဖြဆိုအံ့။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ၊ ဆိဇ္ဇတိ၊ ပြတ်၏။ စီဝရေ၊ သင်္ကန်းသည်၊ နဋ္ဌေ၊ ပျောက်သည်ရှိသော်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်၊ ဆိဇ္ဇတိ၊ ပြတ်၏။ ။

နာသနန္တိက ကထိနုဗ္ဗါရ၊ နာ-မြစ်သော သမုက္ကဋ္ဌ-ပုဒ်၊ ဝါရိတ္တသိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

## သဝနန္တိက ကထိနုဗ္ဗါရကို ပြခြင်း

ဘိက္ခု၊ အညတ ကထိနော စီဝရံ အာဒါယ ပက္ကမတိ ပဝေသနန္တိ၊ သော ဗဟိသီမဂတော တံ စီဝရံ ကာရေတိ၊ သော ကတစီဝရော သုဏာတိ ဥဗ္ဘတံ ကိရ တသ္မိံ အာဝါသေ ကထိနန္တိ၊ တဿ ဘိက္ခုနော သဝနန္တိကော ကထိနုဗ္ဗါရော။-ဟူသော ပုဒ်သည်၊ နု-မြစ်သော သမုက္ကဋ္ဌ-ပုဒ်မည်၏။ နု-မြစ်သော သမုက္ကဋ္ဌ- ပုဒ်သည်၊ ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။

အညတ ကထိနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသော၊ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပဝေသနံ၊ ငါပြန်အံ့။ ဣတိ၊ ဤသို့၊ ပက္ကမတိ၊ ဖဲသွား၏။ ဗဟိသီမဂတော၊ တပါးသောအနီးကျောင်းသို့ရောက်သော၊ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ စီဝရံ၊ ထိုသင်္ကန်းကို၊ ကာရေတိ၊ ပြု၏။ ကတစီဝရော၊ ပြီးသော သင်္ကန်းရှိသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တသ္မိံ အာဝါသေ၊ ထိုကထိန်ခင်းသော ကျောင်း၌။ ကထိနံ၊ ကထိန်ကို။ ဥဗ္ဘတံ ကိရ၊ နှုဒ်ပြီသတတ်။ ဣတိ၊ ဤသို့။ သုဏာတိ၊ ကြား၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သဝနန္တိကော၊ ကြားခြင်းအဆုံးရှိသော။ ကထိနုဗ္ဗါရော၊ ကထိန်နှုဒ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ အာနိသင်မူလ ရရသမျှ၊ သင်္ကန်းပြုလုပ် မချုပ်ရသေးသော အဝတ်

ပုဆိုးကိုယူ၍၊ကထိန်ခင်းသော ကျောင်းသို့ ငါတခါပြန်လာဦးအံ့ဟု ဖဲသွားသည့်ရှိသော်။တပါးသော အနီးကျောင်းသို့ ရောက်သည့်ဖြစ်၍၊သင်္ကန်းပြုလုပ် ပြီးအောင် ချုပ်၏။ သင်္ကန်းပြုလုပ် ချုပ်ပြီးသော ရဟန်းသည်၊ကထိန်ခင်းသောကျောင်း၌ ကထိန်နုတ်ပြီဟု ကြား၏။ထို ရဟန်း၏ ကထိန်နုတ်ခြင်းသည်၊ သဝနန္တိက ကထိနုဒ္ဓါရ မည်၏ ဟု ဆိုသည်၊

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ၊- ဟူသည်နှင့်အညီ၊က တစီဝရော-ဟူသော စီဝရပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကို ပြုသောရဟန်းအား၊ မကြားမီကာလ ရှေးဦးစွာက၊ ဒုက္ကဋ်အာပတ် တချက်သာသင့်၏။

သုဏာတိ-ဟူသော အာဝါသပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာသည်ကား၊ကြားသောရဟန်းနှင့်လည်း မစပ်၊ ကထိန်နုတ်သော သံဃာနှင့်လည်း မစပ်။ ဥဗ္ဘတံ ကိရ တတ္ထ အာဝါသေ ကထိနံ၊-ဟု သူတပါးပြောကြားသော အသံနှင့်သာစပ်၏၊အာပတ်မသင့်။

၍သဝနန္တိက ကထိနုဒ္ဓါရ၌၊သင်္ကန်းပြီးသောကာလ၊ စီဝရပလိ ဗောဓ ရှေးဦးစွာပြတ်၏။ ကြားသောကာလ၊ အာဝါသပလိဗောဓ နောက်မှပြတ်၏။

> သဝနန္တိကေ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇတိ၊ ထုသ္မာ တဿ သဟ သဝနေန အာဝါသပလိဗောဓော ဆိဇ္ဇတိ။ ။အဋ္ဌကထာ။

သဝနန္တိကေ၊ သဝနန္တိက ကထိနုဒ္ဓါရ၌။ စီဝရပလိဗောဓော၊စီဝ ရပလိဗောဓသည်။ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ပြတ်၏။ တသ္မာ၊ထို့ ကြောင့်။တဿ၊ထိုရဟန်းအား။သဝနေ၊ ကြားခြင်းနှင့်။ သဟ၊တကွ။ အာဝါသပလိဗောဓော၊အာဝါသပလိဗောဓသည်၊ဆိဇ္ဇတိ၊ ပြတ်၏။

> သဝနန္တိကော ကထိနုဒ္ဓါရော၊ဝုတ္တော အာဒိစ္စဗန္ဓုနာ။ တေန္ဓ တာဟံ ဝိဿဇ္ဇိဿံ၊ စီဝရပလိဗောဓော

ပဌမံ ဆိဇ္ဇတိ။ တသ္မာ သဟ သဝနေန အာဝါသပလိ ဗောဓော ဆိဇ္ဇတိ။

အာဒိစ္စဗန္ဓုနာ၊ သည်။ သဝနန္တိကော ကထိနုဒ္ဓါရော၊ သဝနန္တိက ကထိနုဒ္ဓါရကို။ ဝုတ္တော၊ ဟောအပ်ပြီ။ တတ္ထ၊ ထိုသဝနန္တိက ကထိနုဒ္ဓါရကိုလည်း။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ ဗိဿဇ္ဇိဿံ၊ ဖြေဆိုအံ့။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ ပြတ်၏။ တသ္မာ၊ ထိုရဟန်းအား၊ သဝနေန။ ကြားခြင်းနှင့်။ သဟ၊ တကွ။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ ။ သဝနန္တိက ကထိနုဒ္ဓါရ၊ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်၊ ဝါရိတ္တသိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

## အာသာဝစ္ဆေဒိက ကထိနုဒ္ဓါရကို ပြခြင်း။

ဘိက္ခု၊ အတ္ထတကထိနော စီဝရာသာယ ပက္ကမတိ၊ တဿ ဗဟိသီမဂတဿ ဧဝံ ဟောတိ၊ ဣဓေဝိမံ စီဝရာသံ ပယိရုပါသိဿံ န ပစ္စေဿန္တိ၊ သော ဗဟိသီမဂတော တံ စီဝရာသံ ပယိရုပါသတိ၊ တဿ သာ စီဝရာသာ ဥပစ္ဆိဇ္ဇတိ၊ တဿ ဘိက္ခုနော အာသာဝစ္ဆေဒိကော ကထိနုဒ္ဓါရော၊-ဟူသောပုဒ်သည် န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်မည်၏။ န-ဖြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်၊ ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။

အတ္ထတ ကထိနော၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စီဝရာသာယ၊ သင်္ကန်းရနိုးခြင်းငှါ။ ပက္ကမတိ၊ ဖဲသွား၏။ ဗဟိသီမဂတဿ၊ တပါးသော အနီးကျောင်းသို့ရောက်သော။ တဿ၊ ထိုရဟန်းအား။ ဧဝံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ဣဓေဝ၊ ဤကျောင်း၌ပင်လျှင်။ ဣမံ စီဝရာသံ၊ ဤသင်္ကန်းရနိုးခြင်းသို့။ ပယိရုပါသိဿံ၊ ကပ်အံ့။ န ပစ္စေဿံ၊ မပြန်အံ့။ ဣတိ-ဧတံစိတ္တံ၊ ဤစိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ဗဟိသီမဂတော၊ တပါးသော အနီးကျောင်းသို့ရောက်သော။ သော၊ ထိုရဟန်းသည်။ တံစီဝရာသံ၊ ထိုသင်္ကန်းရနိုး

ရာသို့။ ပယိရုပါသတိ၊ ကပ်၏။ တဿ၊ ထိုရဟန်းအား၊ သာ စီဝရာသာ၊ ထိုသင်္ကန်းရနိုးခြင်းသည်။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ အာသာဝစ္ဆေဒိကော၊ အာသာပြတ်ခြင်း အဆုံးရှိသော၊ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းသည်၊ ကထိန်ခင်းကတည်းက၊ အာနိသင်မူလ အဝတ်ပုဆိုး သင်္ကန်းမရသည်ဖြစ်၍၊ သင်္ကန်းရနိုးခြင်းငှါ ကထိန်ခင်းသောကျောင်းမှ ဖဲသွားသည်ရှိသော်၊ တပါးသော အနီးကျောင်းသို့ ရောက်သည်ဖြစ်၍၊ ဤကျောင်း၌ပင်လျှင် သင်္ကန်းရနိုးရာ ဒါယကာအိမ်သို့ကပ်အံ့။ ကထိန်ခင်းသောကျောင်းသို့ ငါတခါမပြန်အံ့ဟူသော၊ မနောဓိဋ္ဌာန် စိတ်အကြံဖြင့်၊ သင်္ကန်းရနိုးရာရာ ဒါယကာအိမ်သို့ ကပ်သော ကာလ၊ သင်္ကန်းမရသောအခါ သင်္ကန်းရနိုးသော အာသာပြတ်၏။ ထိုရဟန်း၏ ကထိန်နှုတ်ခြင်းသည်၊ အာသာဝစ္ဆေဒိက ကထိနုဒ္ဓါရ မည်၏ ဟုလိုသည်။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ၊-ဟူသည်နှင့်အညီ၊ န ပစ္စေဿန္တိ-ဟူသော အာဝါသပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကို ပြုသော ရဟန်းအား၊ သာသာသာခပြတ်မိကာလ ရှေးဦးစွာကာ၊ ဒုက္ကဋ် အာပတ် တချက်သာသင့်၏။

တဿ သာ စီဝရာသာ ဥပစ္ဆိဇ္ဇတိ၊- ဟူသော စီဝရပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာသည်ကား၊ အာသာပြတ်သော ရဟန်းနှင့်မစပ်၊ ဒါယကာ လှူခြင်းငှါ မစွမ်းနိုင်သည်နှင့်စပ်၏၊ အာပတ်မသင့်။

ဤအာသာဝစ္ဆေဒိက ကထိနုဒ္ဓါရသည်ကား၊ အာဝါသပလိဗောဓ ရှေးဦးစွာပြတ်၏။ စီဝရပလိဗောဓ နောက်မှ ပြတ်၏။

အာသာဝစ္ဆေဒိကေ အာဝါသပလိဗောဓော ပဌမံ ဆိဇ္ဇတိ၊ စီဝရာသာယ ဥပစ္ဆိန္နာယ စီဝရပလိဗောဓော ဆိဇ္ဇတိ။ ။အဋ္ဌကထာ။

အာသာဠစ္ဆေဒိကော၊ အာသာဠစ္ဆေဒိက ကထိနုဒ္ဓါရ၌။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်၊ ပဌမံ၊ ရှေးဦးစွာ၊ ဆိဇ္ဇတိ၊ ပြတ်၏။ စီဝရာသာယ၊ သင်္ကန်းရနိုးသော အာသာသည်၊ ဥပစ္ဆိန္နာယ၊ ပြတ်သည်ရှိသော်၊ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။

**အာသာဠစ္ဆေဒိကော ကထိနုဒ္ဓါရော၊ ဝုစ္စော အာဒိစ္စဗန္ဓုနာ။ တေဥ္ဓ တာဟံ ဝိဿဇ္ဇိဿံ၊ အာဝါသပလိဗောဓော ပဌမံ ဆိဇ္ဇတိ။ စီဝရာသာယ ဥပစ္ဆိန္နာယ စီဝရပလိဗောဓော ဆိဇ္ဇတိ။** ။ပရိဝါပါဠိ။

အာဒိစ္စဗန္ဓုနာ၊ သည်။ အာသာဠစ္ဆေဒိကော ကထိနုဒ္ဓါရော၊ အာသာဠစ္ဆေဒိက ကထိနုဒ္ဓါရကို၊ ဝုစ္စော၊ ဟောအပ်၏။ တေဥ္ဓ၊ ထို အာသာဠစ္ဆေဒိက ကထိနုဒ္ဓါရကိုလည်း။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ ဝိဿဇ္ဇိဿံ၊ ဖြေဆိုအံ့။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်၊ ပဌမံ၊ ရှေးဦးစွာ၊ ဆိဇ္ဇတိ၊ ပြတ်၏။ စီဝရာသာယ၊ သင်္ကန်းရနိုးသောအာသာသည်။ ဥပစ္ဆိန္နာယ၊ ပြတ်သည်ရှိသော်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ဆိဇ္ဇတိ၊ ပြတ်၏။ ။
အာသာဠစ္ဆေဒိက ကထိနုဒ္ဓါရ၏ နှ-မြစ်သော သမုက္ကဋ္ဌ-ပုဒ်၊ ဝါရိတ္တသိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

## သီမာတိက္ကန္တိက ကထိနုဒ္ဓါရကို ပြခြင်း

ဘိက္ခု အတ္ထတေ ကထိနေ စီဝရံ အာဒါယ ပက္ကမတိ ပစ္စေဿန္တိ၊ သော ဗဟိသီမဂတော တံစီဝရံ ကာရေတိ၊ သော ကတစီဝရော ပစ္စေဿံ ပစ္စေဿန္တိ ဗဟိဒ္ဓါ ကထိနုဒ္ဓါရံ ဝီတိနာမေတိ၊ တဿ ဘိက္ခုနော သီမာတိက္ကန္တိကော ကထိနုဒ္ဓါရော။-ဟူသော ပုဒ်သည်၊ နှ-မြစ်သော သမုက္ကဋ္ဌ-ပုဒ်မည်၏။ နှ-မြစ်သော သမုက္ကဋ္ဌ-ပုဒ်သည်၊ ဝါရိတ္တသိက္ခာပုဒ်မည်၏။ ဝါရိတ္တသိက္ခာပုဒ်သည်၊ ပဋိက္ခေပ ပညတ်မည်၏။ ပဋိက္ခေပ ပညတ်ကို မပြုမကျင့်အပ်။

အဋ္ဌုတကထိနေ၁၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပက္ကမတိ၊ ဖဲသွား၏။ ဗဟိသိမဂတော၊ တပါးသော အနီးကျောင်းသို့ရောက်သော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ကာရေတိ၊ ပြု၏။ ကတစီဝရော၊ပြီးသောသင်္ကန်းရှိသော။ သော ဘိက္ခု၊ထိုရဟန်းသည်။ ပစ္စေဿံ ပစ္စေဿန္တိ စိတ္တေန၊ ပြန်အံ့,ပြန်အံ့ဟူသော စိတ်အကြံဖြင့်။ ဗဟိဒ္ဓါ၊ အပသို့။ ကထိနုဒ္ဓါရံ၊ ကထိန်နှုတ်ခြင်းကို။ ဝီတိနာမေတိ၊ လွန်စေ၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သိမာတိက္ကန္တိကော၊ အပိုင်းအခြားကို လွန်ခြင်းအဆုံးရှိသော။ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသောရဟန်းသည်၊ အာနိသင်မူလ ရ ရသမျှ၊ သင်္ကန်းပြုလုပ် မချုပ်ရသေးသော အဝတ်ပုဆိုးကိုယူ၍၊ ကထိန်ခင်းသောကျောင်းသို့ ပြန်အံ့ဟူသော စိတ်အကြံဖြင့် ဖဲသွားသည်ရှိသော်၊ တပါးသော အနီးကျောင်းသို့ရောက်သည်ဖြစ်၍၊ သင်္ကန်းပြုလုပ် ပြီးအောင်ချုပ်၏။ ချုပ်ပြီးသောသင်္ကန်းရှိသော ထိုရဟန်းသည်၊ ကထိန်ခင်းသောကျောင်းသို့ ပြန်အံ့,ပြန်အံ့ဟူသော စိတ်အကြံဖြင့်၊ စီဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော၊ တပေါင်းလပြည့်နေ့ဟူသော သင်္ကန်းကာလအပိုင်းအခြားမှ၊ တပေါင်းလပြည့်ကျော်တရက်နေ့ နံနက် အရုဏ်တက်ဟူသော အပသို့၊ သဟဗ္ဘာရကထိန် နှုတ်ချိန်ကို လွန်စေ၏။ ထိုရဟန်း၏ ကထိန်နှုတ်ခြင်းသည်၊ သိမာတိက္ကန္တိက ကထိနုဒ္ဓါရမည်၏။

မည်ပုံသော်ကား၊ အန္တရုဗ္ဘာရ,သဟုဗ္ဘာရအားဖြင့် ၂-ပါးပြားသော်လည်း၊ တပါးဘည်းသာ ဟောတော်မူအပ်သော သဟုဗ္ဘာရကထိန်၊ တပေါင်းလပြည့်နေ့၌ နှုတ်ချိန်ကို မနှုတ်ဘဲ၊ သိမာတိက္ကန္တိက ကထိန်၊ တပေါင်းလပြည့်ကျော် တရက်နေ့ နံနက်၊ အရုဏ်တက်ဟူသောအပသို့၊ နှုတ်ချိန်ကိုလွန်၍ ပိုသည်ကား၊ သိမာတိက္ကန္တိက ကထိနုဒ္ဓါရ မည်၏ ဟူလိုသည်။

ကထိန်ပျက်သော သဟုဗ္ဘာရကထိန်နှုမ်ချိန်ကို၊ ခွင့်ပြုတော်မူအပ်သော၊ တပေါင်းလပြည့်နေ့၌ ကထိန်မပျက်ဘဲ။ ကထိန်ပင်ပျက်သော်လည်း၊ သီမာတိက္ကန္တိက ကထိန်နှုမ်ချိန်ကို၊ ခွင့်မပြုအပ်သော တပေါင်းလပြည့်ကျော်တရက်နေ့နံက်၊ အရုဏ်တက်ကျမှ ကထိန်ပျက်သည်ဟုယူလေ။

ပဋိက္ခိတ္တကြိယံ ကရောန္တဿ ဒုက္ကဋမေဝ-ဟူသည်နှင့်အညီ၊ ကတစီဝရော-ဟူသော စီဝရပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကို ပြုသော ရဟန်းအား၊ သင်္ကန်းပြီးသောကာလ ဒုက္ကဋ်အာပတ်သင့်သည်လည်း တချက်။

ဝီတိနာမေတိ-ဟူသော အာဝါသပလိဗောဓုပစ္ဆေဒ၊ ပဋိက္ခိတ္တကြိယာကိုပြုသော ရဟန်းအား၊ အပိုင်းအခြားကို လွန်သောကာလ ဒုက္ကဋ်အာပတ်သင့်သည်လည်း တချက်။ ဒုက္ကဋ်အာပတ် ၂-ချက်သင့်။

**ဉူဓပန သဝနန္တိကဿ အနန္တရံ သီမာတိက္ကန္တိကော ဝုတ္တော။ တတ္ထ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇတိ၊ တဿ ဗဟိသီမေ အာဝါသပလိဗောဓော ဆိဇ္ဇတိ။ ။**

အဋ္ဌကထာ။

ဉူခပန-အာဒါယဝါရေ၊ ဤအာဒါယဝါရ၌ကား။ သဝနန္တိကဿ၊ သဝနန္တိက ကထိနုဗ္ဘါရ၏။ အနန္တရံ၊ အခြားမဲ့၌။ သီမာတိက္ကန္တိကော၊ သီမာတိက္ကန္တိက ကထိနုဗ္ဘါရကို။ ဝုတ္တော၊ ဟောအပ်၏။ တတ္ထ၊ ထိုသီမာတိက္ကန္တိက ကထိနုဗ္ဘါရ၌။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ ပြတ်၏။ တဿ၊ ထိုသီမာတိက္ကန္တိက ကထိနုဗ္ဘါရ၏။ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်။ ဗဟိသီမေ၊ သိမ်ပ၌။ ဆိဇ္ဇတိ၊ ပြတ်၏။

သီမာတိက္ကန္တိက ကထိနုဗ္ဘါရ၏ သိမ်တွင်း, သိမ်ပ မည်သည်ကား၊ စီဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော တပေါင်းလပြည့်နေ့သည်၊ သင်္ကန်းကာလ၏ အတွင်းဖြစ်သောကြောင့်၊ သိမ်တွင်းမည်၏။ စီဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော တပေါင်းလပြည့်နေ့ကို လွန်၍၊ တပေါင်းလပြည့်ကျော် တရက်နေ့နံနက် အရုဏ်တက်သည်၊

သက်န်းကာလ၏ အပဖြစ်သောကြောင့်၊ သိမ်ပမည့်၏။ ထို့ကြောင့်၊ သိမာတိက္ကန္တိက ကထိနုဒ္ဓါရ၏ အာဝါသပလိဗောဓသည်၊ သိမ်ပ၌ ပျက်သည်မည်၏။

သီမာတိက္ကန္တိကော ကထိနုဒ္ဓါရော၊ ဝုတ္တော အာဒိစ္စဗန္ဓုနာ။ တဉ္စ တာဟံ ဝိဿဇ္ဇိဿံ၊ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇတိ။ တဿ ဗဟိသီမေ အာဝါသပလိဗောဓော ဆိဇ္ဇတိ။ ။ပရိဝါပါဠိ။

အာဒိစ္စဗန္ဓုနာ၊ သည်၊ သီမာတိက္ကန္တိကော ကထိနုဒ္ဓါရော၊ သီမာတိက္ကန္တိက ကထိနုဒ္ဓါရကို၊ ဝုတ္တော၊ ဟောအပ်၏၊ တဉ္စ၊ ထိုသီမာတိက္ကန္တိက ကထိနုဒ္ဓါရကိုလည်း၊ တေ၊ သင့်အား၊ အဟံ၊ ငါသည်၊ ဝိဿဇ္ဇိဿံ၊ ဖြေဆိုအံ့၊ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်၊ ပဌမံ၊ ရှေးဦးစွာ၊ ဆိဇ္ဇတိ၊ ပြတ်၏။ တဿ၊ ထိုသီမာတိက္ကန္တိက ကထိနုဒ္ဓါရ၏၊ အာဝါသပလိဗောဓော၊ အာဝါသပလိဗောဓသည်၊ ဗဟိသီမေ၊ သိမ်ပ၌၊ ဆိဇ္ဇတိ၊ ပြတ်၏။ ။သီမာတိက္ကန္တိက ကထိနုဒ္ဓါရ၊ န-မြစ်သော သမုက္ကဋ္ဌ-ပုဒ်၊ ဝါရိတ္တသိက္ခာပုဒ်၊ ပဋိက္ခေပ ပညတ်။

### တတ္ထာတိ တသ္မိံ သီမာတိက္ကန္တိကေ၊ သီမာတိက္ကန္တိကော နာမ စီဝရ မာသာနံ

တတ္ထာတိ တသ္မိံ သီမာတိက္ကန္တိကေ၊ သီမာတိက္ကန္တိကော နာမ စီဝရမာသာနံ ပရိယန္တ ဒိဝသ သမ္ပါတာယ သီမာယ၊ အတိက္ကမနတော သဉ္ဉာတော။

ကေစိ ဗဟိသီမာယ ကာလာတိက္ကမော သီမာတိက္ကမောတိ မညန္တိ၊ တေသံ အန္တောဥပစာရေ စီဝရကာလာတိက္ကမောတိ ကထိနုဗ္ဘာရော အသမ္ဘဝတော နာမ သာယာတိ နစေတံ ယုတ္တံ။

တသ္မာ ယတ္ထ ကတ္ထစိ ကာလာတိက္ကမော သီမာတိက္ကမောတိ ဝေဒိတဗ္ဗော။

ဧတ္ထစ ပါဠိယံ ကတစီဝရေတိ ဣဒံ ဥပလက္ခဏမတ္တံ၊ အကတစီဝရဿာပိ ကာလာတိက္ကမေန သီမာတိက္ကန္တိကော ဟောတိ။ ။ဝိမတိဝိနောဒနီ ဋီကာ။

တတ္ထာတိ၊ တတ္ထ–ဟူသည်ကား။ တသ္မိံ သီမာတိက္ကန္တိကေ၊ ထိုသီမာတိက္ကန္တိက ကထိန်နုတ္ထါရ၌။ စီဝရမာသာနံ၊ စီဝရမာသ ၅-လတို့၏၊ ပရိယန္တဒိဝသသင်္ခါတာယ၊ အဆုံးဖြစ်သော တပေါင်းလပြည့်နေ့ဟု ဆိုအပ်သော။ သိမာယ၊ သက်န်းကာလ အပိုင်းအခြားကို။ အတိက္ကမနတော၊ လွန်ခြင်းကြောင့်၊ သဥ္ဇာတော၊ ကောင်းစွာ ဖြစ်သော။ ကထိနုဗ္ဘာရော၊ ကထိန်နှုတ်ခြင်းသည်။ သိမာတိက္ကန္တိကောနာမ ကထိနုဒ္ဓါရော၊ သီမာတိက္ကန္တိက ကထိနုဒ္ဓါရ မည်၏။

ကေစိ–အချို့ ယုတ္တံ–အဆုံးရှိသော ဤဝါကျမျိုး၊ ဉာဏ်သာမည နှင့် အနက်မဘိုး ကျမ်းရိုးမကျ၊သဘာဂ,ဝိသဘာဂ,အာဝတ္တနှင့် အနက်တိုးမှ ကျမ်းရိုးကျ၏။မညတ္တိ-သဘာဂဖြင့်၊ န မညတ္တိ=ဝိသဘာဂကို၊ အသမ္မတောနာမ-ဝိသဘာဂဖြင့်၊ သမ္မတောနာမ–သဘာဂကို လှည့်လည်၍၊ ဝိမတိဝိနောဒနီဋီကာ ဆရာ၏အာဘော်ကျအောင် အနက်ပေးမှသာ၊လိုရင်းကျန အဓိပ္ပါယ်ရသည်။

ကေစိ၊ အချို့သော ဆရာတို့သည်။ ဗဟိသိမာယ၊ ကထိန်ခင်းသော ဥပစာရသိမ်မှအပ၌။ကာလာတိက္ကမော၊သက်န်းကာလကိုလွန်ခြင်းသည်။ သိမာတိက္ကမော၊ 'သီမာတိက္ကန္တိက ကထိနုဒ္ဓါရတည်း။ ဣတိ၊ ဤသို့သော်ကား။ မညန္တိ၊မှတ်ထင်ကြကုန်၏။

အန္တော ဥပစာရေ၊ ကထိန်ခင်းသော ဥပစာရသိမ်၏အတွင်း၌။ စီဝရကာလာတိက္ကမော၊ သက်န်းကာလကို လွန်ခြင်းသည်။ သီမာတိက္ကန္တိကော၊သီမာတိက္ကန္တိက ကထိနုဒ္ဓါရတည်း၊ ဣတိ၊ဤသို့သော်ကား။ န မညန္တိ၊မထင်မှတ်ကြကုန်။

ဣတိ–အယံနာမ သီမာတိက္ကန္တိကော ကထိနုဒ္ဓါရော၊ ဤသီမာတိက္ကန္တိက-မည်သော ကထိနုဗ္ဘာရသည်ကား၊ သိယာ၊ရံခါ၊ဝါ၊အခ

ချို့။ သမ္မတောနာမ၊ ပညတ်အပ်သည်မည်၏။ သိယာ၊ ရံခါ။ ဝါ၊ အချို့။ အသမ္မတောနာမ၊ မပညတ်အပ်သည်မည်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သော။ ဘာသိတံ၊ ထိုကေစိဆရာတို့၏။ တံဝစနဒွယံ၊ ထိုစကား ၂-ခုသည်။ နစယုဇ္ဇံ၊ မသင့်။

တသ္မာ၊ ထို့ကြောင့်။ ယဒ္ဒကဒ္ဒစိ၊ ကထိန်ခင်းသော ဥပစာရသိမ်တွင်း,သိမ်ပ တခုခု၌။ ကာလာတိက္ကမော၊ သက်နှိုးကာလကိုလွန်ခြင်းသည်။ သီမာတိက္ကန္တိကော၊ သီမာတိက္ကန္တိက ကထိနုဒ္ဓါရတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဧတ္ထစ-ဤမည့်သို့ သီမာတိက္ကန္တိကော၊ ဤသီမာတိက္ကန္တိက ကထိနုဒ္ဓါရ၌။ ပါဠိယံ၊ ပါဠိတော်၌။ ကတစီဝရောတိ ဣဒံဝစနံ၊ ကတစီဝရော-ဟူသော ဤစကားသည်။ ဥပလက္ခဏမတ္တံ၊ ဥပလက္ခဏာနည်းမျှသာတည်း။ ကာလာတိက္ကမေန၊ သက်နှိုးကာလကို လွန်ခြင်းကြောင့်။ သီမာတိက္ကန္တိကော၊ သီမာတိက္ကန္တိက ကထိနုဒ္ဓါရသည်။ ဟောတိ၊ ဖြစ်၏။

ယဒ္ဒကဒ္ဒစိ ကာလာတိက္ကမော သီမာတိက္ကမောတိ ဝေဒိတဗ္ဗော။-ဟူသော ပါဠိဖြင့်၊ ကထိန်ခင်းသော ဥပစာရသိမ်မှ အပ၌၊ သက်နှိုးကာလကိုလွန်သော်လည်း၊ သီမာတိက္ကန္တိက ကထိနုဗ္ဘာရပင်တည်း၊ ကထိန်ခင်းသော ဥပစာရသိမ်၏အတွင်း၌၊ သက်နှိုးကာလကို လွန်သော်လည်း၊ သီမာတိက္ကန္တိက ကထိနုဗ္ဘာရ ပင်တည်းဟု သိအပ်သောကြောင့်။

ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော-ဟူသည်နှင့်အညီ၊ တပါး တပါးသောရဟန်း၏၊ တပါးတပါးသော ရဟန်းနှင့် အကျင့်တူမျှသော၊ သိက္ခာပုဒ် တည်းဟူသော အသက်ရှိသသူ ဟူဟူသမျှ၊ ကထိန်ခင်းသောဥပစာရသိမ် တွင်း၌ စီဝရမာသ ၅-လတို့၏အဆုံးဖြစ်သော၊ တပေါင်းလပြည့်နေ့ သဟုဗ္ဘာရ ကထိန်နှုတ်ချိန်ကို မနှုတ်ဘဲ၊ ကထိန်ခင်းသောဥပစာရသိမ်တွင်း,သိမ်ပ၌၊ တပေါင်းလပြည့်ကျော် တရက်နေ့ နံနက်အရုဏ်တက်၊ သက်နှိုးကာလကိုလွန်ခြင်း အဆုံးရှိသော၊ သီမာတိက္ကန္တိက ကထိနုဗ္ဘာရကို မနှုတ်ကောင်းသကဲ့သို့။ ထို့အတူ၊

ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရကထိန် နှုတ်သည့်၏ရှေ့ကာလတိုင်အောင်၊ ကထိန်ခင်းသောကျောင်း၌ မရွေ့ မပြောင်းဘဲ၊ အမြဲနေသော အာဝါသပလိဗောဓ။ အာနိသင်မူလ ရရ သမျှ၊ မိမိဥဿာဟဖြင့် သင်္ကန်းပြုလုပ် မချုပ်ရသေးသော၊ အဝတ် ပုဆိုးသင်္ကန်းကို တဖြည်းဖြည်းချုပ်၍မပြီးသေးဘဲ၊ ချုပ်ဆဲ ပြုဆဲသော သင်္ကန်းရှိသော စီဝရပလိဗောဓ။

ဤပလိဗောဓ ၂-ပါ တို့ဖြင့်၊ ကထိန်ခင်းသောနေ့မှစ၍ ခင်းသော ကြိယာ အတ္ထာရဋ္ဌိတိ၊ တပေါင်းလပြည့်နေ့ သဟုဗ္ဘာရ ကထိန်နှုတ် သည့်၏ရှေ့ကာလတိုင်အောင်၊ အဆင့်ဆင့်တည်သောကထိန်ကို၊

ဤပလိဗောဓ ၂-ပါးတို့ဖြင့်၊ ကထိန်ခင်းသော နေ့မှစ၍ ကထိန်နှုတ် တို့ရှိသော ဥပ္ပတ္တိ ကထိန္နုဗ္ဘာရ၊ တပေါင်းလပြည့်နေ့ သဟုဗ္ဘာရကထိန် နှုတ်သည့်၏ရှေ့ကာလတိုင်အောင်၊ အဆင့်ဆင့်ဖြစ်၍ နှုတ်တို့ရှိသော၊ ၈-ပါးသော ဥဗ္ဘာရအပေါင်းမှ၊ အာပတ်မသင့်ကြောင်း အကျင့် ကောင်းဟု ခွင့်ပြုတော်မူသော၊ သဟုဗ္ဘာရ ကထိန် ဥပစာရသိမ် တွင်း၌၊ တပေါင်းလပြည့်နေ့ နှုတ်ချိန်ကို မနှုတ်ဘဲ၊

(၁) စီဝရပလိဗောဓကို ရှေးဦးစွာပြတ်စေ၍၊ ဖဲသွားခြင်းအဆုံး ရှိသော-ပက္ကမနန္တိက ကထိန္နုဗ္ဘာရကိုလည်း မနှုတ်ကောင်း။

(၂) အာဝါသပလိဗောဓကို ရှေးဦးစွာပြတ်စေ၍၊ သင်္ကန်းပြီး ခြင်းအဆုံးရှိသော-နိဋ္ဌာနန္တိက ကထိန္နုဗ္ဘာရကိုလည်းမနှုတ် ကောင်း။

(၃) အာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါးကို၊ မရှေးမ နှောင်း တပေါင်းတည်းပြတ်စေ၍၊ ဆုံးဖြတ်ခြင်း အဆုံးရှိ သော သန္နိဋ္ဌာနန္တိက ကထိန္နုဗ္ဘာရကိုလည်း မနှုတ်ကောင်း။

(၄) အာဝါသပလိဗောဓကို ရှေးဦးစွာ ပြတ်စေ၍။ သင်္ကန်း ပျောက်ခြင်း အဆုံးရှိသော-နာသနန္တိက ကထိန္နုဗ္ဘာရကို လည်း မနှုတ်ကောင်း။

(၅) စီဝရပလိဗောဓကို ရှေးဦးစွာပြတ်စေ၍၊ သိမ်ပန္နကြာ ခြင်း

အဆုံးရှိသော- သဝနန္တိကာ ကထိနုဗ္ဘာရကိုလည်း မနှုတ်ကောင်း။

(၆) အာဝါသပလိဗောဓကို ရှေးဦးစွာ ပြတ်စေ၍၊ အာသာပြတ်ခြင်း အဆုံးရှိသော- အာသာဝစ္ဆေဒိက ကထိနုဗ္ဘာရကိုလည်း မနှုတ်ကောင်း။

(၇) စီဝရပလိဗောဓကို ရှေးဦးစွာ ပြတ်စေ၍၊ သင်္ကန်းကာလကို လွန်ခြင်းအဆုံးရှိသော-သီမာတိက္ကန္တိက ကထိနုဗ္ဘာရကိုလည်း မနှုတ်ကောင်း။

ဤ ၇-ပါးသော ကထိနုဗ္ဘာရကို မနှုတ်ကောင်း၊ အာပတ်သင့်ကြောင်း မကျင့်ကောင်းဟု ပယ်တော်မူ၏။

သဟုဗ္ဘာရကထိန်ကို နှုတ်ကောင်း၏။ အာပတ်မသင့်ကြောင်း အကျင့်ကောင်းဟု ခွင့်ပြုတော်မူ၏။

အဘယ့်ကြောင့် သဟုဗ္ဘာရကထိန်ကို နှုတ်ကြရသနည်း၊ အာပတ်သင့်ကြောင်း, မကျင့်ကောင်း, မနှုတ်ကောင်းသော၊ သီမာတိက္ကန္တိက ကထိနုဗ္ဘာရကို၊ မနှုတ်မိကြစေခြင်းအကျိုးငှါ၊ အာပတ်မသင့်ကြောင်း, ကျင့်ကောင်း,နှုတ်ကောင်းသော၊ သဟုဗ္ဘာရကထိန်ကို နှုတ်ကြရသည်။

ဝံသတန္တိ ပဝေဏီအစဉ်အဆက် မပျက်စကောင်းသော၊ သဟုဗ္ဘာရ ကထိန်နှုတ်ချိန် နှုတ်ပုံကို၊ တစုံတယောက်မျှ ယခုအခါကာလ မသိကြသည်တကား။ ခန္ဓကသိက္ခာပုဒ် ကျင့်တတ်သောသူ မဟုတ်ကြသည်တကား။ များလှစွာတကား။-ဟု သံဝေဂကြီးရစရာပါတကား၊ သာသနာကား အားနည်းလှပြီတကား။

## သဟုဗ္ဘာရ၌ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးရသော်လည်း၊ သဟာ၏အနက် ကြိယာသမဝါယ-သဟုဗ္ဘာရကိုသာ ဘုရားဟောတော်မူခြင်း

သဟုဗ္ဘာရ၌၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးရ၏။ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးရသော်လည်း၊ အန္တရုဗ္ဘာရ တပါးကို သရုပ်အားဖြင့် ဘုရားဟောတော်မမူ။ သဟာ၏အနက် ကြိယာသမဝါယ တူမျှ

သောအလိုအားဖြင့်၊ သဟုဗ္ဘာရ တပါးကိုသာ သချ်အားဖြင့် ဘုရားဟောတော်မူသည်။

ပုတ္တေန သဟ ပါဝိသိ ပိတာ။-ဟူသော ပြယုဂ်၌၊သားနှင့်တကွ အဘဝင်သည်ရှိသော်၊သား၏ဝင်ခြင်း,အဘ၏ဝင်ခြင်း ကြိယာသမဝါယ တူမျှသောကြောင့်၊သား၏ဝင်ခြင်း ကြိယာပါဝိသိလည်းတပါး။အဘ၏ဝင်ခြင်း ကြိယာပါဝိသိလည်း တပါး၊ပါဝိသိ ၂-ပါးရ၏။ ပါဝိသိ ၂-ပါးရသော်လည်း၊ ပါဝိသိတပါးကို သချ်အားဖြင့် ဆရာကား မဆို။သဟ၏အနက် ကြိယာသမဝါယ တူမျှသောအလိုအားဖြင့်၊ ပါဝိသိတပါးကိုသာ သချ်အားဖြင့် ဆရာကား ဆိုသကဲ့သို့။ ထို့အတူ၊

တဿ ဘိက္ခုနော သဟ ဘိက္ခုဟိ ကထိနုဗ္ဘာရော-ဟူသော သဟုဗ္ဘာရ,ကထိနုဗ္ဘာရ ပါဠိတော်၌၊ရဟန်းတို့နှင့်တကွ ထိုရဟန်း ကထိန်နှုတ်သည်ရှိသော်၊ ရဟန်းတို့၏နှုတ်ခြင်း,ထိုရဟန်း၏နှုတ်ခြင်း၊ ကြိယာသမဝါယ တူမျှသောကြောင့်၊ရဟန်းတို့နှုတ်ခြင်း ကြိယာ အန္တရုဗ္ဘာရလည်းတပါး၊ထိုရဟန်း၏နှုတ်ခြင်းကြိယာ သဟုဗ္ဘာရလည်း တပါး၊အန္တရုဗ္ဘာရ,သဟုဗ္ဘာရ ၂-ပါးရ၏။အန္တရုဗ္ဘာရ,သဟုဗ္ဘာရ ၂-ပါး ရသော်လည်း၊ အန္တရုဗ္ဘာရ တပါးကို သချ်အားဖြင့် ဘုရား ဟောတော်မမူ။ သဟ၏အနက်ကြိယာ သမဝါယ တူမျှသော အလိုအားဖြင့်၊ သဟုဗ္ဘာရ တပါးကိုသာ သချ်အားဖြင့် ဘုရားဟောတော်မူသည်။

ဤသို့ သဟုဗ္ဘာရ၌၊ အသီးအခြား သချ်အားဖြင့် ဘုရားမဟောသော၊ မူလပညတ် အန္တရုဗ္ဘာရကို၊ အဓိပ္ပါယ်ထုတ် ပေါ်လွင်ထင်ရှားအောင် ပြဆိုရခြင်းသည်၊ အသီးအခြား သချ်အားဖြင့် ဘုရားဟောသော၊ အနုပညတ် အန္တရုဗ္ဘာရနှင့် အတူတူယူကြမည်စိုး၍၊ အားကိုးသာဓက သဟုဗ္ဘာရပုဒ်ကိုသာ ပြယုဂ်ထုတ်၍၊ အသီးအခြား သချ်အားဖြင့် ဘုရားမဟောသော၊ မူလပညတ် အန္တရုဗ္ဘာရကို၊ သဟုဗ္ဘာရ၌ အတွင်းဝင်အောင် ပြဆိုရလေသည်။

သဟုဗ္ဘာရ၌၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးပြားသော်လည်း၊

သဟုဗ္ဘာရ တပါးတည်းပင်တည်း။ အန္တရုဗ္ဘာရကား၊ သရုပ်အား ဖြင့် မထင်ရှားချေ။

ဗဟိသီမံ ဂန္တွာ အာဂတဿ ဝသေန သဟုဗ္ဘာရော၊
ဗဟိသီမံ အဂတာနံ ဝသေန အန္တရုဗ္ဘာရော တိ ဧ
ကော ယေဝ ဥဗ္ဘာရော ဒွိဓာ ဝုတ္တော။ ။ဝိနိစ္ဆယဋီကာ။

ဗဟိသိမံ၊ သိမ်ပသို့။ ဂန္တွာ၊ သွား၍။ အာဂတဿ၊ ပြန်လာသောရဟန်း၏။ ဝသေန၊ အလိုအားဖြင့်။ သဟုဗ္ဘာရော၊ သဟုဗ္ဘာရလည်း တပါး။ ဗဟိသိမံ၊ သိမ်ပသို့။ အဂတာနံ၊ မသွားသောရဟန်းတို့၏။ ဝသေန၊ အလိုအားဖြင့်။ အန္တရုဗ္ဘာရော၊ အန္တရုဗ္ဘာရလည်း တပါး။ ဣတိ၊ ဤသို့။ ဧကောယေဝ ဥဗ္ဘာရော၊ တပါးတည်းသော ဥဗ္ဘာရကိုသာလျှင်။ ဒွိဓာ-ဒွိဓေန၊ အန္တရုဗ္ဘာရ,သဟုဗ္ဘာရ ၂-ပါး အပြားအားဖြင့်။ ဝုတ္တော၊ ဟောအပ်၏။

ဝိနယာလင်္ကာရဋီကာ၌၊ သဟုဗ္ဘာရ-မူလပညတ် အန္တရုဗ္ဘာရကို အဓိပ္ပါယ်ဆိုသော်၊ အနုပညတ် အန္တရုဗ္ဘာရနှင့် တူသလိုလို အဓိပ္ပါယ်ဆို၏။ ဆိုသော်လည်း အဓိပ္ပါယ်ဆို ရောယှက်ရှုပ်ထွေးသောကြောင့်သာ၊ အတူတူ မှတ်ထင်ကြသည်။ မတူပါ၊ လက္ခဏာ မှာရှု။

အန္တရုဗ္ဘာရော ဗဟိသီမံ အဂန္တွာ အန္တောသီ
မာယမေဝ ဌိတေဟိ ဘိက္ခူဟိ ကတော၊ သဟုဗ္ဘာ
ရော ဗဟိသီမံ ဂတေန ဘိက္ခုနော ပစ္ဆာ ဂန္တွာ တံ
အန္တရုဗ္ဘာရံ ပတွာ တေဟိ အန္တောသီမဋ္ဌေဟိ ဘိက္ခူ
ဟိ သဟ ကတော။ ။ဝိနယာလင်္ကာရဋီကာ။

အန္တရုဗ္ဘာရော၊ အန္တရုဗ္ဘာရ ကထိန်နှုတ်ကို။ ဗဟိသိမံ၊ သိမ်ပသို့။ အဂန္တွာ၊ မဖဲ့သွားမူ၍။ အန္တောသီမာယမေဝ၊ သိမ်တွင်း၌သာလျှင်။ ဌိတေဟိ၊ တည်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ကတော၊ ပြုအပ်၏။ သဟုဗ္ဘာရော၊ သဟုဗ္ဘာရကထိန်နှုတ်ကို။ ဗဟိသိမံ၊ သိမ်

ပသို၊ ဂတေန၊ သွားသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပစ္ဆာ ဂန္တွာ၊ ပြန်လာ၍။ တံ အန္တရုဗ္ဘာရံ၊ ထိုအန္တရုဗ္ဘာရ ကထိန်နှုတ်ကို။ ပတ္တော၊ မှီ၍။ အန္တောသီမဋ္ဌေဟိ၊ သိမ်တွင်း၌တည်ကုန်သော၊ ဘိက္ခူဟိ၊ ထို ရဟန်းတို့နှင့်။ သဟ၊ တကွ။ ကဘော၊ ပြုအပ်၏။

သင်္ကန်းကာလ ကုန်သော အပိုင်းအခြား၊ တပေါင်းလပြည့်ကျော် တရက်နေ့ နံနက်၊ အရုဏ်တက်သို့ မရောက်မီအတွင်း၊ ဝိဝရမသော ၅– လတို့၏ အဆုံးဖြစ်သော တပေါင်းလပြည့်နေ့၊ ကထိန်ခင်းသော ဥပစာ ရသိမ်အတွင်း၌ မဖဲမသွားဘဲ၊ အမြဲနေသော ရဟန်းတို့၏ကျင့်ဝတ် မလွတ်စေရ၊ ဝံသတန္တိ ပဝေဏီ အစဉ်အဆက် မပျက်စကောင်း သော၊ သဟုဗ္ဘာရကထိန်နှုတ်ချိန်ကျ၍ မနှုတ်ဘဲမနေရ။ နှုတ်ကြရသော ကထိန်သည်ကား၊ သိမ်ပသို့ ဖဲသွားသော ရဟန်း ပြန်လာ၍ ရောက် သောကာလမှ နှုတ်သောကြောင့်၊ သဟုဗ္ဘာရ ကထိန်နှုတ်သည်ဖြစ် တန်စေ။

သိမ်ပသို့ ဖဲသွားသော ရဟန်းပြန်လာ၍ မရောက်သေးသည်ပင် ဖြစ်စေ၊ သိမ်ပသို့ ဖဲသွားသော ရဟန်း မရှိသည်ပင်ဖြစ်စေ၊ ၎င်းတ ပေါင်းလပြည့်နေ့ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၌၊ မဖဲမသွား ဘဲ အမြဲနေသော ရဟန်းတို့ နှုတ်သော ကထိန်သည်ကား၊ အဘယ်က ထိန်နှုတ်သည်ဆိုရမည်နည်း။ ဤအန္တရုဗ္ဘာရကထိန်နှုတ်သည်ကို ရည် ၍၊ သဝနန္တိက ကထိနုဒ္ဓါရကို ဟောသည်ပင် မဟုတ်လော၊ စော ကျောဘွယ်မရှိ။

မူလပညတ် အန္တရုဗ္ဘာရ ကထိန်နှုတ်သည် ဆိုရမည်လော၊ အနု ပညတ် အန္တရုဗ္ဘာရကထိန်နှုတ်သည်ဆိုရမည်လော။ စောကျောသော် လည်း၊ အနုပညတ် အန္တရုဗ္ဘာရကထိန်နှုတ်သည် မဆိုရ၊ မူလပညတ် အန္တရုဗ္ဘာရကထိန် နှုတ်သည်ဆိုရမည်မမှား၊ ဝိနိ ဋ္ဌ ယျုဂ်ကာစကား ထင်ရှားလှပြီ။

## ဝိနယာလင်္ကာရဋီကာ ဆရာ၏ ဘူးလုံးနားမထွေး အဓိပ္ပါယ်

### မူလပညတ် အန္တရဝဿာရကထိန်ခင်းသည်ကား၊ သင်္ကန်းကာလ ကုန်သော အပိုင်းအခြား၊ တပေါင်းလပြည့်ကျော် တရက်နေ့ နံနက်

မူလပညတ် အန္တရဝဿာရကထိန်ခင်းသည်ကား၊ သင်္ကန်းကာလ ကုန်သော အပိုင်းအခြား၊ တပေါင်းလပြည့်ကျော် တရက်နေ့ နံနက် အရုဏ်တက်မလွန်မီအတွင်း၊ ဗိဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော တပေါင်းလပြည့်နေ့။

အနုပညတ် အန္တရဝဿာရကထိန်ခင်းသည်ကား၊ ဗိဝရမာသ ၅-လ တို့၏အကြား၊ သံဃိက အကာလသင်္ကန်း လှူလိုသော ဒါယကာ၊ တောင်းပန်သောနေ့ တရက်ရက်၊ အလွန်ဝေးကွာ ခြားနားကြသည် ဖြစ်လျက်။

မူလပညတ် အန္တရဝဿာရကို အဓိပ္ပါယ်ဆိုသော်လည်း၊ အနုပညတ် အန္တရဝဿာရ ပင်တည်းဟု၊ အန္တရဝဿာရ အမည်တူသော အားဖြင့်၊ အတူတူ ယူကြလေသည်။

အနုပညတ် အန္တရဝဿာရကို အဓိပ္ပါယ်ဆိုသော်လည်း။မူလပညတ် အန္တရဝဿာရ ပင်တည်းဟု၊ အန္တရဝဿာရ အမည်တူသော အားဖြင့်၊ အတူတူ ယူကြလေသည်။

ပြောသောစကား နားမထွေးဘူးဆိုရမည်လည်း၊ လုံးလုံး မဟုတ် ရောယှက် ရှုတ်ထွေး။ ပြောသောစကား၊ နားထွေးတယ်ဆိုရမည် လည်း၊ လုံးလုံးမဟုတ် ယုတ္တိဘလဲလဲ။

နားမထွေးဘူးလဲ လုံးလုံးမဟုတ်၊နားထွေးတယ်လဲ လုံးလုံးမဟုတ်။ (ဘူးလုံးနားမထွေး) မဖြစ်ကြစေရာ၊မရောမယှက် မရှုတ်မထွေး၊ အရေးအခရေး အကွင်းအကွင်း၊ ရှင်းလင်းအောင်ယူကြရာသည်။

ဆိုခဲ့ပြီးသော အမိပ္ပါယ်နှင့် ညီ, မညီ သိနိုင်လောက်သော၊
ဝိနယာလင်္ကာရဋီကာ ပါဠိအနက်

ဥဗ္ဘာရော ဒုဝိဓော အဋ္ဌမာတိကာ ဥဗ္ဘာရ, အန္တရုဗ္ဘာရဝသေန။

ဥဗ္ဘာရော၊ ဥဗ္ဘာရသည်၊ အဋ္ဌမာတိကာ ဥဗ္ဘာရ,အန္တရုဗ္ဘာရဝသေန၊ အဋ္ဌမာတိကာ ဥဗ္ဘာရအလို,အန္တရုဗ္ဘာရ အလိုအားဖြင့်။ ဒုဝိဓော၊ ၂-ပါးအပြားရှိ၏။

တတ္ထ ဗဟိဥပစာရသီမံ ဂတာနံ ဘိက္ခူနံ ဝသေန ဝုတ္တာ

တတ္ထ ဗဟိဥပစာရသီမံ ဂတာနံ ဘိက္ခူနံ ဝသေန ဝုတ္တာ ပက္ကမနန္တိကာဒယော သတ္တကထိနုဗ္ဘာရာစ၊ ဗဟိဥပစာရသီမံ ဂန္တွာ နိဝတ္တေတွာ ကထိနတ္ထတ ဝိဟာရေ အန္တရုဗ္ဘာရံ ပဿတာ ဘိက္ခူဟိ သဟ အန္တရုဗ္ဘာရဿ ကတတ္တာ သဟုဗ္ဘာရသညိတော ဧကော ကထိနုဗ္ဘာရောစာတိ ဣမေ အဋ္ဌကထိနုဗ္ဘာရာ အဋ္ဌမာတိကာယ ပဝိဋ္ဌတ္တာ အဋ္ဌမာတိကာ ဥဗ္ဘာရာ နာမ၊ဗဟိသီမံ အဂန္တွာ တတ္ထေဝ ဝိဟာရေ နိသိဒိတွာ ကထိနုဗ္ဘာရံ ဉတ္တိ ဒုတိယကမ္မဝါစာယ ကထိနုဗ္ဘာရော အဋ္ဌမာတိကာယ အပ္ပဝိဋ္ဌော ဟုတွာ ကာလပရိစ္ဆေဒံ အပတွာ အန္တရာယေဝ ကတတ္တာ အန္တရုဗ္ဘာရောနာမ။

တတ္ထ၊ ထို ၂-ပါးတို့တွင်၊ ဗဟိဥပစာရသီမံ၊ ကထိန်းခင်းသော ဥပစာရသိမ်မှ အပသို့၊ ဂတာနံ၊ သွားကုန်သော၊ ဘိက္ခူနံ၊ ရဟန်းတို့၏၊ ဝသေန၊ အလိုအားဖြင့်၊ ဝုတ္တာ၊ ဟောအပ်ကုန်သော၊ သတ္တကထိနုဗ္ဘာရာစ၊ ၇-ပါးသော ကထိနုဗ္ဘာရ၊ ဗဟိဥပစာရသီမံ၊ ကထိန်ခင်းသော ဥပစာရသိမ်မှ အပသို့။ ဂန္တွာ၊ သွား၍။ နိဝတ္တေတွာ၊ ပြန်လာ၍၊ ကထိနတ္ထတ ဝိဟာရေ၊ ကထိန်ခင်းသောကျောင်း၌၊ အန္တရုဗ္ဘာရံ၊ အန္တရုဗ္ဘာရ ကထိန်နှုတ်သို့။ ပဿတာ၊ ရောက်၍၊ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဟ၊ တကွ။ အန္တရုဗ္ဘာရဿ၊ အန္တရုဗ္ဘာရ ကထိန်နှုတ်ကို၊ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်၊ သဟုဗ္ဘာရ သညိတော၊ သဟုဗ္ဘာရဟု ဆိုအပ်သော၊ ဧကော ဥဗ္ဘာရောစ၊

တခုသော ကထိနုဗ္ဘာရ။ ဣတိ၊ ဤသို့၊ ဣမေ အဋ္ဌကထိနုဗ္ဘာရာ၊ ဤရှစ်ပါးသော ကထိနုဗ္ဘာရတို့သည်။ အဋ္ဌမာတိကာယ၊ ရှစ်ပါးသော မာတိကာသို့။ ပဝိဋ္ဌတ္တာ၊ ဝင်သည်၏အဖြစ်ကြောင့်၊ အဋ္ဌမာတိကာ ဥဗ္ဘာရေနာမ၊ အဋ္ဌမာတိကာ ဥဗ္ဘာရမည်၏။

ဗဟိသီမံ၊ သိမ်ပသို့။ အဂန္တွာ၊ မသွားမူ၍၊ တသ္မိံယေဝ ဝိဟာရေ၊ ထိုကထိန်ခင်းသောကျောင်း၌သာလျှင်၊ နိသီဒိတွာ၊ မဲမသွားဘဲ အမြဲနေ၍၊ ကထိနုဗ္ဘာရံ၊ ကထိန်ခင်းသော ရဟန်းတို့၏ အခင်းပျက်သော ကထိန်နှုတ်ကို၊ ဉတ္တိဒုတိယကမ္မဝါစာယ၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့်၊ ကထိနုဗ္ဘာရော၊ ကထိန်နှုတ်သည်၊ အဋ္ဌမာတိကာယ၊ ရှစ်ပါးသော မာတိကာသို့၊ အပ္ပဝိဋ္ဌော၊ မဝင်သည်၊ ဟုတွာ၊ ဖြစ်၍၊ ကာလပရိစ္ဆေဒံ၊ တပေါင်းလပြည့်ကျော် တရက်နေ့ နံနက် အရုဏ်တက်ဟူသော၊ သင်္ကန်းကာလကုန်သော အပိုင်း အခြားသို့၊ အပ္ပတွာ၊မရောက်စေမူ၍၊ အန္တရာ အန္တရာယေဝ၊ တပေါင်းလပြည့်နေ့ဟူသော သင်္ကန်းကာလအတွင်း၌သာလျှင်၊ ကထိနုဗ္ဘာရဿ၊ ကထိန်ခင်းသောရဟန်းတို့၏ အခင်းပျက်သော ကထိန်နှုတ်ကို၊ ကတတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ အန္တရုဗ္ဘာရောနာမ၊ အန္တရုဗ္ဘာရမည်၏။

### ဝိနယာလင်္ကာရဋီကာ ဆရာ၏ ကိလိဋ္ဌ ဒေါသ သင့်သော နာ-ဝိဘတ်ကိုအာ-ပြု၍ပြီးသောစကားဟောဖြစ်လေသလော၊ယာ-ပြု၍ ပြီးသောစကားဟော ဖြစ်လေသလော၊-ဟု အသိဉာဏ် ရှုတ်ထွေးချက်ကိုပြခြင်း

ယထာ အာလိင်္ဂျတေ ပိယာ၊.. ဟူသော အလင်္ကာ ကိလိဋ္ဌဒေါသ၌၊ ပိယာ-ဟူသော ပုဒ်သည်၊ နာ-ဝိဘတ်ကို အာ-ပြု၍ပြီးသော၊ စကားဟော ပိယာ-ပုဒ်တည်း ဖြစ်လေသလော။ ထိုသို့မဟုတ်၊နာ-ဝိဘတ်ကို ယာ-ပြု၍ပြီးသော စကား ဟောပိယာ-ပုဒ်တည်းဖြစ်လေသလော။-ဟု အသိဉာဏ် ရှုတ်ထွေးသောကြောင့်၊ကိလိဋ္ဌဒေါသ သင့်သကဲ့သို့၊ ထို့အတူ၊

ဤအန္တရုဗ္ဘာရဝါကျစကားရပ်၌၊အဋ္ဌမာတိကာယ အပ္ပဝိဋ္ဌော ဟု

တွာ၊-ဟူသောစကားသည်၊မူလပညတ် အန္တရုဗ္ဘာရ၏ ရှစ်ပါးသော မာတိကာသို့ မဝင်သော စကားကိုဆိုသည်တည်း ဖြစ်လေသလော။ ထိုသို့မဟုတ်၊ အနုပညတ် အန္တရုဗ္ဘာရ၏ ရှစ်ပါးသော မာတိကာသို့ဝင်သော စကားကိုဆိုသည်တည်း ဖြစ်လေသလော-ဟု အသိဉာဏ်ရှုတ်ထွေးသောကြောင့်၊ ကိလိဋ္ဌဒေါသသင့်၏။

မူလပညတ် အန္တရုဗ္ဘာရသည်၊အမည်မတွင်သော်လည်း၊ရဟန်းတို့၏ နှုတ်ခြင်း, ထိုရဟန်း၏ နှုတ်ခြင်း ကြိယာသာမဝါယကို၊ သဒ္ဒါနက်တူထုတ်လျှင် သဟုဗ္ဘာရသို့ပင်ဝင်သောကြောင့်၊ သဟုဗ္ဘာရေ ပဝိဋ္ဌော ဟုတွာ၊-ဟု ဆိုသင့်၏။ ။ဧကောယေဝ ဥဗ္ဘာရော ဒွိဓာ ဝုတ္တော၊-ဟူသော ဝိနယ ဝိနိစ္ဆယဋီကာ စကားနှင့်လည်း ညီ၏။

သဟုဗ္ဘာရာ မာတိကာ၏ ပဒဘာဇနီကို၊ တဿ ဘိက္ခူဟိ ကထိနုဒ္ဓါရော၊-ဟု ဟောသည်ကိုလည်း ထောက်။

အန္တရုဗ္ဘာရ သဟုဗ္ဘာရာ ဉတ္တိဒုတိယ ကမ္မဝါစာ
ယေဝ ကတာ၊ ဧဝံသန္တေကော ဝိသေသောတိ

အန္တရုဗ္ဘာရ သဟုဗ္ဘာရာ ဉတ္တိ ဒုတိယ ကမ္မဝါစာ ယေဝ ကတာ၊ ဧဝံ သန္တေ ကော တေသံ ဝိသေသောတိ၊ အန္တရုဗ္ဘာရော ဗဟိသီမံ အဂန္တွာ အန္တော သီမာယ မေဝ ဋ္ဌိတေဟိ ဘိက္ခူဟိ ကတော၊ သဟုဗ္ဘာရော ဗဟိ သီမံ ဂတေန ဘိက္ခုနာ ပစ္စာဂန္တွာ တံ အန္တရုဗ္ဘာရံ ပတွာ တေဟိ အန္တောသီမဋ္ဌေဟိ ဘိက္ခူဟိ သဟ ကတောတိ အယမေတေသံ ဝိသေသော။ ပက္ကမနန္တိကာဒယော သတ္တ ကထိနုဗ္ဘာရာ န ကမ္မဝါစာယ ကတာ၊ ကေဝလံ ဒွိန္နံ ပလိဗောဓာနံ ဥပစ္ဆေဒေန ပဉ္စဟိ အာနိသံသေဟိ ဝိဂတတ္တာ ကထိနုဗ္ဘာရနာမ ဟောန္တိ။ ဝုတ္တဉ္စေတံ အာစရိယ ဗုဒ္ဓဒတ္တတ္ထေရေန ဝိနယဝိနိစ္ဆယေ။

ဒွိန္နံ မာတိကာနံဝါ၊ အန္တရုဗ္ဘာရတောပိဝါ။ ဥဗ္ဘာရာပိ ဒုဝေ ဝုတ္တာ၊ ကထိနဿ မဟေသိနာတိ။ ။

အန္တရုဗ္ဘာရ သဟုဗ္ဘာရော၊ အန္တရုဗ္ဘာရ ကထိန်နှုတ်,သဟုဗ္ဘာရ ကထိန်နှုတ် ၂-ပါးတို့ကို။ ဉတ္တိ ဒုတိယ ကမ္မဝါစာယော၊ ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့်သာလျှင်။ ကတာ၊ ပြုအပ်ကုန်၏။ ဇံ့ သဒ္ဒေ၊ ဤသို့ဖြစ်သည်ရှိသော်။ တေသံ၊ ထိုအန္တရုဗ္ဘာရ,သဟုဗ္ဘာရ ကထိန်နှုတ် ၂-ပါးတို့၏။ ဝိသေသော၊ အထူးကား။ ကော၊ အဘယ်နည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အန္တရုဗ္ဘာရော၊ အန္တရုဗ္ဘာရ ကထိန်နှုတ်ကို။ ဗဟိသီမံ၊ သိမ်ပသို့။ အဂန္တွာ၊ မသွားမူ၍။ အန္တော သီမာယမေဝ၊ သိမ်တွင်း၌သာလျှင်။ ဌိတေဟိ၊ တည်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ကာတဗ္ဗော၊ ပြုအပ်၏။ သဟုဗ္ဘာရော၊ သဟုဗ္ဘာရ ကထိန်နှုတ်ကို။ ဗဟိသီမံ၊ သိမ်ပသို့။ ဂတေန၊ သွားသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပစ္စာ ဂန္တွာ၊ ပြန်လာ၍။ တံ အန္တရုဗ္ဘာရံ၊ ထိုအန္တရုဗ္ဘာရ ကထိန်နှုတ်သို့။ ပတွာ၊ ရောက်၍။ အန္တောသီမဋ္ဌေဟိ၊ သိမ်တွင်း၌ တည်ကုန်သော။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့နှင့်။ သဟ၊ တကွ။ ကာတော၊ ပြုအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ တေသံ၊ ထိုအန္တရုဗ္ဘာရ,သဟုဗ္ဘာရ ကထိန်နှုတ် ၂-ပါးတို့၏။ ဝိသေသော၊ အထူးတည်း။

ပဉ္စမန္တိကာဒယော၊ ပဉ္စမန္တိက အစရှိကုန်သော။ သတ္တ ကထိနုဗ္ဘာရာ၊ ၇-ပါးသော ကထိန်နှုတ်တို့ကို။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ နကတာ၊ မပြုအပ်ကုန်။ ကေဝလံ၊ သက်သက်။ ဒွိန္နံ၊ ၂-ပါးကုန်သော။ ပလိဗောဓာနံ၊ ပလိဗောဓတို့၏။ ဥပစ္ဆေဒေန၊ ပြတ်သဖြင့်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အာနိသံသေဟိ၊ အာနိသင်တို့မှ။ ဝိဂတတ္တာ၊ ကင်းသည်၏အဖြစ်ကြောင့်။ ကထိနုဗ္ဘာရာနာမ၊ ကထိန်နှုတ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ ဝိနယ ဝိနိစ္ဆယေ၊ ဝိနယ ဝိနိစ္ဆယကျမ်း၌။ အဋ္ဌန္နံ ။ ပ ။ မဟောသိနာတိ ဧတံ ဝစနံ၊ အဋ္ဌန္နံ ။ ပ ။ မဟောသိနာ-ဟူသော ဤစကားကို။ အာစရိယ ဗုဒ္ဓဒတ္တတ္ထေရေန၊ ဗုဒ္ဓဒတ္တထေရ်မဟာဆရာသည်။ ဝုတ္တံ၊ မိန့်အပ်ပြီ။

အဋ္ဌန္နံ၊ ၈ပါးကုန်သော။ မာတိကာနံ၊ မာတိကာတို့၏။ ဝသေန ဝါ၊ အလိုအားဖြင့်လည်း။ သဟုဗ္ဘာရာရောတိ ဧကော ဥဗ္ဘာရော၊ သဟုဗ္ဘာ

ရ-ဟူသော တခုသော ဥဒ္ဓါရ။ အန္တရုဒ္ဓါရတော၊ အန္တရုဒ္ဓါရ၏။ ဝသေနဝါပိ၊ အလိုအားဖြင့်လည်း။ အန္တရုဒ္ဓါရေတိ ဧကော ဥဒ္ဓါရော၊ အန္တရုဒ္ဓါရ-ဟူသော တခုသော ဥဒ္ဓါရ။ ဣတိ၊ ဤသို့။ ဒွေ၊ ၂-ပါးကုန်သော။ ကထိနသ ဥဒ္ဓါရာပိ၊ ကထိန္နုဒ္ဓါရတို့ကိုလည်း။ မဟာသိနှာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။

## ကထိန်ခင်းပြီးမှ ကထိန်၏ကြောင့်ကြ စောင့်ရှောက်ဘော်ရ၊ အာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါး မပြတ်သော၊ တယောက်တယောက်သောရဟန်း၌ နှမ်တို့ ကထိန်ရှိသော ကာလ ၉-ပါး, ၉-ပါး၊ နှမ်သော ကာလ တပါး, တပါးဟု-ဆိုခဲ့ပြီးသော စကားရပ်ကို ပြဆိုခြင်း

ကထိန်ခင်းပြီးမှ ကထိန်၏ ကြောင့်ကြ စောင့်ရှောက်ဘော်ရ၊ အာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါး မပြတ်သော၊ တယောက်တယောက်သောရဟန်း၌ နှမ်တို့ကထိန်ရှိသော ကာလ ၉-ပါး, ၉ ပါး၊ နှမ်သော ကာလ တပါး,တပါးဟု ဆိုခဲ့ပြီးသော စကားရပ်သည်ကား၊ ယခုအခါကာလ ဝိနယာလင်္ကာရဋီကာ၌၊ အန္တရုဒ္ဓါရ,သဟုဒ္ဓါရ ၂-ပါးစုံ တပြိုင်နက်ခဏ၊ ကမ္ဗဝါစာဖြင့် နှမ်ရပုံကို၊ သိမ်တွင်း၌တည်သော ရဟန်းအလို၊ သိမ်ပမှ တဖန် ပြန်ရောက်သော ရဟန်းအလို၊ ပြဆိုသော စကားရပ်နှင့် နှီးနှောခွင့် သင့်ခြင်းသို့ ရောက်ပြီ၊ ပက္ကမနန္တိက-အစ၊ သီမာတိက္ကန္တိက-အဆုံးရှိသော၊ ၇-ပါးသော မာတိကာ ဥဒ္ဓါရ၊ နှမ်တို့ရှိသော ကထိန်ကို မနှမ်ရ။ ရှစ်ခုမြောက်သော သဟုဒ္ဓါရ၊ နှမ်တို့ရှိသော ကထိန်တပါးကိုသာ၊ သိမ်ပမှ တဖန်ပြန်ရောက်သော ရဟန်းအလိုနှင့်။ အဋ္ဌမနှင့် နဝမ ကြီးယာသမဝါယ သဟာ အနက်အလျောက်၊ ၉-ခုမြောက်သော အန္တရုဒ္ဓါရ၊ နှမ်တို့ရှိသော ကထိန်တပါးကိုသာ၊ သိမ်တွင်း၌တည်သော ရဟန်းအလိုနှင့်၊ အန္တရုဒ္ဓါရ,သဟုဒ္ဓါရ ၂-ပါးစုံ တပြိုင်နက်ခဏ၊ ကမ္ဗဝါစာဖြင့် နှမ်ရပုံကို၊ အဓိပ္ပါယ်အကျယ်ဆို၍ သရုပ်ခွဲ၊ မလွဲမချော်အောင် နှီးနှောနိုင်မှ သဘောကျမည်၊ နှီးနှောကြလော။

တဋ္ဋီကာယမ္ပိ အဋ္ဌန္နံ မာတိကာနန္တိ ဗဟိသီမာဂတာနံ ဝသေန ဝုတ္တာ ပက္ကမနန္တိကာဒယော သတ္တမာတိကာ၊ ဗဟိသီမံ ဂန္တွာ အန္တရုဗ္ဘာရံ သမ္ဘုဏန္တဿ ဝသေန ဝုတ္တာ၊ သဟုဗ္ဘာရေနာတိ ဣမာသံ အဋ္ဌန္နံ မာတိကာနံ ဝသေန စ၊ အန္တရုဗ္ဘာရတော ပဋိဝါတိ ဗဟိသီမံ အဂန္တွာ တတ္ထေဝ ဝသိတွာ ကထိနုဗ္ဘာရ ကမ္မေန ဥဗ္ဘတကထိနာနံ ဝသေန လဗ္ဘနတော အန္တရုဗ္ဘာရောတိ မဟေသိနာ ကထိနဿ ဥဗ္ဘာရာ ဒွေဝ ဝုတ္တာတိ ယောဇနာ။ ဗဟိသီမံ ဂန္တွာ အာဂတဿ ဝသေန သဥဗ္ဘာရော၊ ဗဟိသီမံ အာဂတာနံ ဝသေန အန္တရုဗ္ဘာရောတိ ဧကောဧဝ ဥဗ္ဘာရော ဒွိဓာ ဝုတ္တောတိ ဝုတ္တံ။ ။
ဝိနယာလင်္ကာရဋီကာ အဋ္ဌမာတိကာ ဥဗ္ဘာရဘွဲ့။

တဋ္ဋီကာယမ္ပိ၊ ထိုဝိနယဝိနိစ္ဆယဋီကာ၌လည်း။ အဋ္ဌန္နံ မာတိကာနန္တိ၊ အဋ္ဌန္နံ မာတိကာနံ-ဟူသည်ကား။ ဗဟိသီမဂတာနံ၊ သိမ်ပသို့ ဖဲသွားကုန်သော ရဟန်းတို့၏။ ဝသေန၊ အလိုအားဖြင့်။ ဝုတ္တာ၊ ဟောအပ်ကုန်သော။ ပက္ကမနန္တိကာဒယော၊ ပက္ကမနန္တိက- အစရှိကုန်သော၊ သတ္တမာတိကာ၊ ၇-ပါးသော မာတိကာ။ ဗဟိသီမံ၊ သိမ်ပသို့။ ဂန္တွာ၊ ဖဲသွား၍။ အန္တရုဗ္ဘာရံ၊ အန္တရုဗ္ဘာရကထိန်နှုတ်သို့။ သမ္ဘုဏန္တဿ၊ ရောက်သောရဟန်း၏။ ဝသေန၊ အလိုအားဖြင့်။ ဝုတ္တာ၊ ဟောအပ်သော။ ဧကာ မာတိကာ၊ တခုသောမာတိကာ။ ဣမာသံ အဋ္ဌန္နံ မာတိကာနံ၊ ဤ၈ပါးသော မာတိကာတို့၏။ ဝသေန စ၊ အလိုအားဖြင့်လည်း။ သဟုဗ္ဘာရေနာတိ လဗ္ဘနတော၊ သဟုဗ္ဘာရ-ဟုရခြင်းကြောင့်။ ဧကော ဥဗ္ဘာရော၊ တခုသောဥဗ္ဘာရ။

အန္တရုဗ္ဘာရတော ပဋိဝါတိ၊ အန္တရုဗ္ဘာရတော ပဋိဝါ – ဟူသည်ကား။ ဗဟိသီမံ၊ သိမ်ပသို့။ အဂန္တွာ၊ မဖဲမသွားမူ၍။ တတ္ထေဝ၊ ထိုကထိန်ခင်းသော ကျောင်း၌သာလျှင်။ ဝသိတွာ၊ နေ၍။ ကထိနုဗ္ဘာရကမ္မေန၊ ကထိန်နှုတ်သောကံဖြင့်။ ဥဗ္ဘတ ကထိနာနံ၊ နှုတ်သော ကထိန်

တို့၏၊ ဝဿေနစ၊ အလိုအားဖြင့်လည်း။ အန္တရုတ္တရာရောတိလတ္တနတော၊ အန္တရုတ္တရာရ-ဟုရခြင်းကြောင့်။ ဧကော ဥတ္တရာရော။ တခုသော ဥတ္တရာရ။

ဣတိ ဤသို့။ ဒွေ၊ ၂–ပါးကုန်သော။ ကထိနဿ ဥတ္တရာရာ၊ ကထိ နုတ္တရာရတို့ကို။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောအပ် ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ ယောဇနာ၊ သဟုတ္တရာရ၏အန္တ ရုတ္တရာရနှင့်ယှဉ်ခြင်းတည်း။

ဗဟိသီမံ၊ သိမ်ပသို့။ ဂန္တွာ၊ ဖဲသွား၍။ အာဂတဿ၊ ပြန်လာသော ရဟန်း၏။ ဝဿေန၊ အလိုအားဖြင့်။ သဟုတ္တရာရော၊ သဟုတ္တရာရလည်း တ ပါး။ ဗဟိသီမံ၊ သိမ်ပသို့။ အဂတာနံ၊ မဖဲမသွားကုန်သော ရဟန်းတို့၏။ ဝဿေန၊ အလိုအားဖြင့်။ အန္တရုတ္တရာရော၊ အန္တရုတ္တရာရလည်း တပါး။ ဣတိ၊ ဤသို့။ ဧကော ယေဝ ဥတ္တရာရော၊ တခုတည်းသော ကထိန်နှုတ် တ ကြိမ်ကိုသာလျှင်။ ဒွိဓာ–ဒုဝိဓေန၊ အန္တရုတ္တရာရ ,သဟုတ္တရာရ–၂ပါးအ ပြားအားဖြင့်။ ဝုတ္တော၊ ဟောအပ်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ မိန့်အပ်ပြီ။

လိုရင်းနက်ကား။ ။ဝါ၊ တနည်း။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မြတ် စွာဘုရားသည်။ ကထိနဿ–ကထိနုတ္တရာရဿ၊ ခင်းသောကထိန်၏။ ဥတ္တရာရာ၊ နှုတ်ခြင်းတို့ကို။ ဒွေ၊ အန္တရုတ္တရာရ, သဟုတ္တရာရ ၂-ပါးတို့ဟူ ၍။ ဝုတ္တာ၊ ဟောအပ်၏။ ဣတိ၊ ဤသို့။ ဧကောယေဝ ဥတ္တရာရော၊ တခု သော ကထိန်နှုတ် တကြိမ်တည်းကိုသာလျှင်။ ဒွိဓာ-ဒုဝိဓေန၊ အန္တရုတ္တရာ ရ,သဟုတ္တရာရ ၂-ပါး အပြားအားဖြင့်။ ဝုတ္တော၊ ဟောအပ်ပြီ။

အဓိပ္ပါယ်ကား၊ တပေါင်းလပြည့် ကျော် တရက်နေ့နံနက် အ ရုဏ်တက်-ဟူသော သင်္ကန်းကာလ ကုန်သော အပိုင်းအခြားသို့ မ ရောက်မီ၊ စီဝရမာသ ၅-လတို့၏အဆုံးဖြစ်သော၊ တပေါင်းလပြည့် နေ့ဟူသော သင်္ကန်းကာလအတွင်း၊ ကထိန်ခင်းသော ဥပစာရသိမ် အတွင်း၌ မဖဲမသွားဘဲ၊ အမြဲနေသော ရဟန်းတို့၏ကျင့်ဝတ်ကိုလည်း မလွတ်စေရ။ ကထိန်ခင်းသော ဥပစာရသိမ်မှ အပသို့ ဖဲသွား၍၊ ပြန် ရောက်သောရဟန်းတို့၏ ကျင့်ဝတ်ကိုလည်း မလွတ်စေရ။ ဂံသတတ္တိ

ပဝေဏိ အစဉ်အဆက် မပျက်စကောင်းသော၊ ကထိန် နှင်ချိန်ကျ၍ မနှင်ဘဲမနေရ။ ကထိနုဗ္ဘာရကံ ဉတ္တိဒုတိယမ္မဝါစာဖြင့်၊ ခင်းသောကထိန်ကို တကြိမ်တည်း နှင်ခြင်းသည်၊ ဧကုပ္ပါဒ, ဧကနိရောဓ ဖြစ်ကြသည်အားလျော်စွာ၊ အန္တရုဗ္ဘာရကထိန်၏ နှင်ခြင်းဖြင့်လည်း နှင်ကြရသည့်မည်၏။ သဟုဗ္ဘာရ ကထိန်၏ နှင်ခြင်းဖြင့်လည်း နှင်ကြရသည့်မည်၏။ အန္တရုဗ္ဘာရကထိန်နှင်, သဟုဗ္ဘာရ ကထိန်နှင် ၂-ပါးတို့၏ခြုပ်ခြင်းသည်လည်း၊ ကထိန်ခင်းသော အတ္ထာရကြိယာ၏ခြုပ်ခြင်းနှင့်တကွ၊ တပြိုင်နက် တခဏတည်းခြုပ်ကြရမြဲဟူလို။

အတ္ထာရနှင့် ဧကုပ္ပါဒ သော်ကား၊ ဖြစ်ကြကုန်၏။ ဧကနိရောဓ သော်ကား၊ မဖြစ်ကြကုန်သော၊ အသီးအသီး နှင်ခြုပ်ကြကုန်သော၊ ပက္ကမနန္တိက-အစ, သီမာတိက္ကန္တိက အဆုံးရှိကုန်သော၊ ၇-ပါးသော မာတိကာ ဥဗ္ဘာရ၊ ကထိနုဗ္ဘာရတို့သည်ကား၊ နှင်တို့ကထိန်ရှိသော ကာလ ငါးပါး,ငါးပါး၊ နှင်သောကာလ အသီးအသီး တပါး, တပါးကိုသာ၊ နှင်၍ခြုပ်ကြကုန်၏။ ကထိန်ခင်းသောကြိယာ အတ္ထာရသည်ကား၊ ဧကနိရောဓကင်း ကြွင်းကျန်ရစ်သည်ဖြစ်၍၊ ခင်းသော ကထိန် အဟောင်းပျက်သည်နှင့်လည်း မစပ်၊ အသစ်ဖြစ်သည်နှင့်လည်း မစပ်၊ ရောက်ရာ ကာလ ဌာန၌သာလျှင် တန့်ရပ် တည်နေလေ၏။ အန္တရုဗ္ဘာရ,သဟုဗ္ဘာရ ၂-ပါးဖြင့် ကမ္မဝါစာဖတ်၍မနှင်ကြရကား၊ ခြုပ်စေခြင်းငှါ မတတ်နိုင်ကြကုန်။

### အတ္ထာရနိရောဓသည်၊ အနုပ္ပါဒနိရောဓ, ဘင်္ဂနိရောဓ အားဖြင့် ၂-ပါးရှိသည်ကို ပြဆိုခြင်း။

အတ္ထာရနိရောဓသည်ကား၊ အနုပ္ပါဒနိရောဓ, ဘင်္ဂနိရောဓအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ပက္ကမနန္တိက-အစ, သီမာတိက္ကန္တိက အဆုံးရှိသော၊ ၇-ပါးသော မာတိကာဥဗ္ဘာရ ကထိနုဗ္ဘာရတို့၏နှင်ခြင်းသည်၊ အဟောင်းကျန်ရစ် အသစ်မဖြစ်သောကြောင့်၊ အနုပ္ပါဒနိရောဓမည်၏။ အန္တရုဗ္ဘာရ,သဟုဗ္ဘာရ ၂-ပါးတို့၏နှင်ခြင်းသည် အသစ်,အဟောင်း တပေါင်းတည်းပျက်သောကြောင့်၊ ဘင်္ဂနိရောဓမည်၏။

ကထိနဿာတိ ကထိနတ္ထာရဿ၊ ဥဗ္ဘာရာယာတိ
ဝူပသမာယ အပ္ပဝတ္တိယာတိ အတ္ထော။ ။ဝဇိရဗုဒ္ဓိ။

ကထိနဿာတိ၊ ကထိနဿ-ဟူသည့်ကား။ ကထိနတ္ထာရဿ၊ ကထိန်ခင်းသော အတ္ထာရ၏။ ဥဗ္ဘာရာယာတိ၊ ဥဗ္ဘာရာယ-ဟူသည့်ကား။ ဝူပသမာယ၊ ငြိမ်းစေခြင်းအကျိုးငှါ။ အပ္ပဝတ္တိယာ၊ မဖြစ်စေခြင်းအကျိုးငှါ။ ဣတိအယံ၊ ဤသည့်ကား။ အတ္ထော၊ အနက်တည်း။

ဝူပသမာယ အနက်ပုဒ်ဖြင့်၊ အသစ်,အဟောင်း တပေါင်းတည်း ချုပ်သော အတ္ထာရနိရောဓ-ကိုယူ။ အပ္ပဝတ္တိယာ အနက်ပုဒ်ဖြင့်၊ အဟောင်းကျန်ရစ် အသစ်မဖြစ်သော အတ္ထာရနိရောဓ-ကိုယူ။

ကတိ ကထိနုဗ္ဘာရာ ဧကုပ္ပါဒါ ဧကနိရောဓာ၊ ကတိ
ကထိနုဗ္ဘာရာ ဧကုပ္ပါဒါ နာနာနိရောဓာ။ ဒွေ ကထိနုဗ္ဘာရာ
ဧကုပ္ပါဒါ ဧကနိရောဓာ၊ အန္တရုဗ္ဘာရော သဟုဗ္ဘာရော။
အဝသေသာ ကထိနုဗ္ဘာရာ ဧကုပ္ပါဒါ နာနာနိရောဓာ။
ပရိဝါ။

ကတိ ကထိနုဗ္ဘာရာ၊ အဘယ် ကထိနုဗ္ဘာရတို့သည်။ ဧကုပ္ပါဒါ၊ တပေါင်းတည်းဖြစ်ကြကုန်သနည်း။ ဧကနိရောဓာ၊ တပေါင်းတည်းချုပ်ကြကုန်သနည်း။ ကတိ ကထိနုဗ္ဘာရာ၊ အဘယ်ကထိနုဗ္ဘာရတို့သည်။ ဧကုပ္ပါဒါ၊ တပေါင်းတည်းဖြစ်ကြကုန်သနည်း။ နာနာနိရောဓာ၊ အသီးအသီးချုပ်ကြကုန်သနည်း။

ဒွေ ကထိနုဗ္ဘာရာ၊ ၂-ပါးသော ကထိနုဗ္ဘာရတို့သည်။ ဧကုပ္ပါဒါ၊ တပေါင်းတည်းဖြစ်ကြကုန်၏။ ဧကနိရောဓာ၊ တပေါင်းတည်းချုပ်ကြကုန်၏။ အန္တရုဗ္ဘာရော၊ အန္တရုဗ္ဘာရလည်း တပါး။ သဟုဗ္ဘာရော၊ သဟုဗ္ဘာရလည်း တပါး။ အဝသေသာ ကထိနုဗ္ဘာရာ၊ ကြွင်းသော ၇-ပါးသော ကထိနုဗ္ဘာရတို့သည်။ ဧကုပ္ပါဒါ၊ တပေါင်းတည်း ဖြစ်ကြကုန်၏။ နာနာနိရောဓာ၊ အသီးအသီးချုပ်ကြကုန်၏။

ကေုပ္ပါဒါ ကေနိရောဓာတိ ဥပ္ပဇ္ဇမာနာပိ ကေတော
ဥပ္ပဇ္ဇန္တိ၊ နိရုဇ္ဈမာနာပိ ကေတော နိရုဇ္ဈန္တိ။

ကေုပ္ပါဒါ ကေနိရောဓာတိ ဥပ္ပဇ္ဇမာနာပိ ကေ
တော ဥပ္ပဇ္ဇန္တိ။ နိရုဇ္ဈမာနာပိ ကေတော နိရုဇ္ဈန္တိ။
ကေုပ္ပါဒါ နာနာနိရောဓာတိ ဥပ္ပဇ္ဇမာနာ ကေတော
ဥပ္ပဇ္ဇန္တိ။ နိရုဇ္ဈမာနာ နာနာနိရုဇ္ဈန္တိ။ ကိံ ဝုတ္တံ ဟော
တိ၊ သဗ္ဗေပိ အတ္ထာရေန သဒ္ဓိံ ကေတော ဥပ္ပဇ္ဇန္တိ။
အတ္ထာရေ ဟိ သတိ ဥဒ္ဓါရော နာမ၊ နိရုဇ္ဈမာနာ ပနေတ္ထ
ပုရိမာ ဒွေ အတ္ထာရေန သဒ္ဓိံ ကေတော နိရုဇ္ဈန္တိ
ဥဒ္ဓါရဘာဝံ ပါပုဏန္တိ၊ အတ္ထာရဿ ဟိ နိရောဓော
စ တေသဉ္စ ဥဒ္ဓါရဘာဝေါ ဧကက္ခဏေ ဟောတိ။ ဣ
တရေ နာနာနိရုဇ္ဈန္တိ၊ တေသုပိ ဥဒ္ဓါရဘာဝံ ပတ္တေသု
ပိ အတ္ထာရော တိဋ္ဌတိယေဝ။ ။အဋ္ဌကထာ။

ကေုပ္ပါဒါ ကေနိရောဓာတိ၊ ဟူသည်ကား။ ဥပ္ပဇ္ဇမာနာပိ၊ ဖြစ်ကုန်သော်လည်း။ ကေတော၊ တပေါင်းတည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ နိရုဇ္ဈမာနာပိ၊ ချုပ်ကုန်သော်လည်း။ ကေတော၊ တပေါင်းတည်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ကေုပ္ပါဒါ နာနာနိရောဓာတိ၊ ဟူသည်ကား။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ ကေတော၊ တပေါင်းတည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ နိရုဇ္ဈမာနာ၊ ချုပ်ကုန်သည်ရှိသော်။ နာနာ၊ အသီးအသီး။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။

ကိံ၊ အဘယ်ကို။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်သနည်း။ သဗ္ဗေပိ နဝကထိနုဒ္ဓါရာ၊ အလုံးစုံ ကိုးပါးသော ကထိနုဒ္ဓါရတို့သည်။ အတ္ထာရေန၊ အတ္ထာရနှင့်။ သဒ္ဓိံ၊ တကွ။ ကေတော၊ တပေါင်းတည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ အတ္ထာရေ၊ အတ္ထာရသည်။ သတိ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ ဥဒ္ဓါရော၊ ကိုးပါးသော ကထိနုဒ္ဓါရသည်။ ဟောတိနာမ၊ ဖြစ်သည်မည်၏။

ဧတ္တ စ ဓမ္မေသု နဝသု ကထိနုဒ္ဓါရေသု၊ ဤကိုးပါးသော ကထိနုဒ္ဓါရတို့တွင်၊ ပုရိမာဒွေ၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးတို့သည်၊ နိဋ္ဌာမာနာပနာ၊ ခြုံမိကုန်သော်ကား၊ အတ္ထာရေန၊ အတ္ထာရနှင့်၊ သဒ္ဓိံ၊ တကွ၊ ဧကတော၊ တပေါင်းတည်း၊ နိဋ္ဌာန္တိ၊ ပြီးမြောက်ကုန်၏။ ဥဒ္ဓါရဘာဝံ၊ နှုတ်သော ဘောကြိယာသို့၊ ပါပုဏန္တိ၊ ရောက်ကုန်၏၊ ဟိသစ္စံ၊ မှန်၏၊ အတ္ထာရဿ၊ အတ္ထာရ၏၊ နိရောဓော၊ ပြီးခြင်းသည်၊ တေသဉ္စ၊ ထိုအန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးတို့၏လည်း၊ ဥဒ္ဓါရဘာဝေါ၊ နှုတ်သောဘောကြိယာသည်။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ဟောတိ၊ ဖြစ်၏။

ဣတရေ၊ ဤအန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးမှ တပါးကုန်သော။ သတ္တ ကထိနုဒ္ဓါရာ၊ ၇-ပါးသော ကထိနုဒ္ဓါရတို့သည်။ နာနာ၊ အသီး အသီး၊ နိဋ္ဌန္တိ၊ ပြီးကုန်၏။ တေသုပိ၊ ထို၇-ပါးသော ကထိနုဒ္ဓါရတို့သည်လည်း၊ ဥဒ္ဓါရဘာဝံ၊ နှုတ်သော ဘောကြိယာသို့၊ ပတ္တေသုပိ၊ ရောက်ကုန်သော်လည်း။ အတ္ထာရော၊ အတ္ထာရသည်၊ တိဋ္ဌတိယေဝ၊ တည်သည်သာလျှင်တည်း။ ဝါ၊ တနည်း၊ တိဋ္ဌတိယေဝ၊ ရပ်တည်သည်၏အဖြစ်ဖြင့် တည်သည်သာလျှင်တည်း။

### ဝိမတိဝိနောဒနီ ဋီကာဆရာ၏
### ပမာဒလေခ သက်သက်

အတ္ထာရော တိဋ္ဌတိယေဝါတိ အကတစီဝရံ အာဒါယ ပက္ကန္တာဒိ ပုဂ္ဂလံ ထပေတွာ တဒဝသေသာနံ ပလိဗောဓသမ္ဘာဝတော အတ္ထာရော တိဋ္ဌတိ။-ဟူသော ဝိပတိစကားသည်။ ပမာဒလေခ စင်စစ်ဖြစ်တော့သည်။ အဘယ့်ကြောင့်၊ ပမာဒလေခ စင်စစ် ဖြစ်သနည်း။

ဣတရေ နာနာ နိဋ္ဌန္တိ၊ တေသုပိ ဥဒ္ဓါရဘာဝံ ပတ္တေသုပိ အတ္ထာရော တိဋ္ဌတိယေဝ။-ဟူသော အဋ္ဌကထာ ဝါကျစကားရပ်၌၊ တေသုပိ ဥဒ္ဓါရဘာဝံ ပတ္တေသုပိ၊-ဟူသော လက္ခဏာ၏ ကတ္တား,ကံ,ကြိယာတို့ဖြင့် မှတ်အပ်သော၊ ကတစီဝရံ အာဒါယ ပက္ကန္တာဒိ ပုဂ္ဂလာနံ အတ္ထာရော တိဋ္ဌတိ၊ - ဟု လက္ခဏာဝန္တ၏သမ္ပဒါန်, ကတ္တား, ကြိယာကိုသာ ဖွင့်ဆိုသင့်လျက်၊ မဖွင့်ဆိုဘဲထား၍၊ တဒဝသေသာနံ ပလိဗောဓသမ္ဘာဝတော အတ္ထာရော တိဋ္ဌတိ၊-ဟု ဖွင့်ဆိုရကား၊

လက္ခဏာ,လက္ခဏာဝန္တကို အမှတ်ပြုသည်ဖြစ်၍၊ ပဏ္ဍကန္တပုဂ္ဂိုလ်-အစ၊ သိမာတိက္ကန္တပုဂ္ဂိုလ်-အဆုံးရှိသော၊ ရသင့်, ရထိုက်, ရအပ်သော ပုဂ္ဂိုလ် ၇-ယောက် ရှာမတွေ့၊ မေ့သောကြောင့် ပမာဒလေခ စင်စစ် ဖြစ်တော့သည်။

### ပုရိမာဒွေ အညာရေနု သဒ္ဒိံ ကေတော နိဂ္ဂုဏ္ဍိ၊- ဟူသော သံဝဏ္ဏနာ၏ သံဝဏ္ဏေတဗ္ဗ ဖြစ်သော

ပုရိမာဒွေ အညာရေနု သဒ္ဒိံ ကေတော နိဂ္ဂုဏ္ဍိ။- ဟူသော သံဝဏ္ဏနာ၏ သံဝဏ္ဏေတဗ္ဗဖြစ်သော- ကေနိရောဓ။ ဣတရေ နာနာနိဂ္ဂုဏ္ဍိ၊-ဟူသော သံဝဏ္ဏနာ၏သံဝဏ္ဏေတဗ္ဗဖြစ်သော-နာနာနိရောဓ။ ထိုကေနိရောဓ,နာနာနိရောဓ ၂-ပါးတို့တွင်၊

နာနာနိရောဓဖြစ်သော၊ပဏ္ဍမန္တိက- အစ၊ သိမာတိက္ကန္တိက-အဆုံးရှိသော မာတိကာ ဥက္ကာရ၊ ၇-ပါးသော ကထိန္နဒ္ဓါရကို၊ နာနာနိရောဓ ဖြစ်ကြသည်အားလျော်စွာ၊ ခင်းသောကြိယာ အတ္ထာရဏ္ဍတိ၊ ရောက်ရာကာလ ဌာန၌သာလျှင် ရပ်တန့်သည်၏ အဖြစ်ဖြင့်၊ ကွင်းကျန်လျက်တည်ရှိသည်၏ အဖြစ်ကြောင့်၊ ၇-ပါးသော ဥက္ကာရချည်း အသီးအသီးခြုပ်သည်ဖြစ်၍ မနှုပ်ကောင်းသော န-မြစ်သော သမုဏ္ဍ-ပုဒ်၊ သရုပ် ၇-ပါး အပြားအားဖြင့်၊ ရှေးအခါကာလ ပြဆိုခဲ့ပြီ။

ကေနိရောဓဖြစ်သော၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးသော ကထိန္နဒ္ဓါရကို၊ ကေနိရောဓ ဖြစ်ကြသည်အားလျော်စွာ၊ ခင်းသောကြိယာ အတ္ထာရဏ္ဍတိ၊ တပေါင်းလပြည့်နေ့ သဟုဗ္ဘာရကထိန်၊ နှုပ်ချိန်ကျ၍ မနှုပ်ဘဲ မနေရ၊နှုပ်သောကာလ ဌာန၌သာလျှင် မရပ်မတန့် မကွင်းမကျန်၊ မတည်မရှိသည်၏ အဖြစ်ကြောင့်၊ ခင်းသောကြိယာ အတ္ထာရဏ္ဍတိနှင့်တကွ၊အန္တရုဗ္ဘာရ,သဟုဗ္ဘာရ၂-ပါးစုံ၊တပြိုင်နက် တခဏတည်း တပေါင်းတည်း ခြုပ်သည်ဖြစ်၍၊ နှုပ်ကောင်းသော န-မြစ်သော သမုဏ္ဍ-ပုဒ်၊ သရုပ်၏အဖြစ်ဖြင့်၊ ယခုအခါကာလ ပြဆိုခွင့်ရောက်ပြီ။

## န-မမြစ်သော သမုဒ္ဒန္တ-ပုဒ်၊ အန္တရဗ္ဘာရ၊ သဟဗ္ဘာရ ကထိန်နှုန် သရုပ်အားဖြင့် ၂-ပါး ပြားသော်လည်း

န-မမြစ်သော သမုဒ္ဒန္တ-ပုဒ်သည်ကား၊ အန္တရဗ္ဘာရ ကထိန်နှုန်၊သဟဗ္ဘာရ ကထိန်နှုန် သရုပ်အားဖြင့် ၂-ပါးပြားသော်လည်း၊ ကထိနဗ္ဘာရကာ ဉာတ္တိ ဒုတိယကမ္မဝါစာဖြင့်၍၊ ခင်းသောကြောင့် အတ္ထာရ ဟူသော တခုတည်းသော ကထိန်ကို၊ အန္တရဗ္ဘာရ၊သဟဗ္ဘာရ ၂-ပါးစုံ၊တပြိုင်နက် တခဏတည်း တကြိမ်တည်းသာ နှုန်သောကြောင့်၊ န-မမြစ်သော သမုဒ္ဒန္တ-ပုဒ်၊ သရုပ်အားဖြင့်မပြား တပါးသာဖြစ်သတည်း။

ဘိက္ခု၊ အတ္ထတ ကထိနော ဝိဝရံ အာဒါယ ပက္ကမတိ ပစ္စေသဿန္တိ၊ သော ဗဟိသီမဂတော ဝိဝရံ ကာရေတိ၊သော ကတဝိဝရော ပစ္စေသံ ပစ္စေသာန္တိ သမ္တုဏာတိ ကထိနုဒ္ဓါရံ၊ တဿ ဘိက္ခုနော သဟ ဘိက္ခူဟိ ကထိနုဒ္ဓါရော။- ဟူသော ပုဒ်သည်၊ န-မမြစ်သော သမုဒ္ဒန္တ-ပုဒ်မည်၏။ န-မမြစ်သော သမုဒ္ဒန္တ-ပုဒ်သည်၊ စာရိတ္တ သိက္ခာပုဒ်မည်၏။ စာရိတ္တသိက္ခာပုဒ်သည်၊အနုညာတပညတ်မည်၏။ အနုညာတပညတ်ကို ပြုကျင့်အပ်၏။မပြုမကျင့်ဘဲမနေအပ်။

တပေါင်းလပြည့်ကျော် တရက်နေ့နံနက် အရုဏ်တက် ဟူသော၊ သက်န်းကာလ ကုန်သော အပိုင်းအခြားသို့ မရောက်မီ၊ ဝိဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော၊ တပေါင်းလပြည့်နေ့ဟူသော သင်္ကန်း ကာလ အတွင်း၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၊ မဖဲမသွားဘဲ အမြဲနေသော ရဟန်း။ ကထိန်ခင်းသော ဥပစာရသိမ်မှ အပသို့ဖဲသွား၍ ပြန်ရောက်သော ရဟန်း၊ သဟဗ္ဘာရကထိန် နှုန်ချိန်ကျ၍ မနှုန်ဘဲနေသော်ကား။

ကောနုပိ အကာတုံ န လဗ္ဘတိ။ ။အဋ္ဌကထာ။

အကာတုံ နဟောတီတိ ဉတ္တိနာ အနာဒရိယေန
အကရောန္တဿ ဒုက္ကဋန္တိ လဒ္ဓိတံ။ ။ဝဇိရဗုဒ္ဓိ။

အကာတုံ န လဗ္ဘတီတိ ဣမိနာ အနာဒရိယေန အကရောန္တဿ ဒုက္ကဋန္တိ ဒီပေတိ။ ။တေရသကဏ်။

အကာတုံ န လဗ္ဘတီတိ ဣမိနာ အနာဒရိယေ သတိ ဒုက္ကဋန္တိ ဒီပေတိ။ ။ဝိမတိ။

အတ္ထုတ ကထိနေ၊ ခင်းအပ်ပြီးသော ကထိန်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ – အကတစီဝရံ၊ မပြုရသေးသော သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပစ္စေဿန္တိ စိတ္တေ၊ ပြန်အံ့ဟူသော စိတ်အကြံဖြင့်။ ပက္ကမတိ၊ ဖဲသွား၏။ ဗဟိသီမဂတော၊ တပါးသော အနီးကျောင်းသို့ရောက်သော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ ကာရေတိ၊ ပြု၏။ ကတစီဝရော၊ ပြုသောသင်္ကန်းရှိသော။ သော သိက္ခု၊ ထိုရဟန်းသည်။ ပစ္စေဿံ ပစ္စေဿန္တိ စိတ္တေ၊ ပြန်အံ့၊ ပြန်အံ့ဟူသော စိတ်အကြံဖြင့်။ ပစ္စာဂစ္ဆာ၊ ပြန်လာ၍။ ကထိနုဒ္ဓါရံ၊ ကထိန်နှုတ်ကို။ သမ္ဘုဏာတိ၊ မှီ၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဘိက္ခုဟိ၊ ရဟန်းတို့နှင့်။ သဟ၊ တကွ။ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ခင်းအပ်ပြီးသော ကထိန်ရှိသော ထိုရဟန်းသည်၊ အာနိသင်မူလ ရရသမျှ၊ မိမိ ဥဿာဟဖြင့် သင်္ကန်းပြုလုပ်မချုပ်ရသေးသော အဝတ် ပုဆိုးကိုယူ၍၊ ပြန်အံ့ဟူသော မနောဝိဉ္ဉာဏ် စိတ်အကြံဖြင့်၊ ကထိန်ခင်းသောကျောင်းမှ ဖဲသွားသည်ရှိသော်၊ တပါးသော အနီးကျောင်းသို့ရောက်သည်ဖြစ်၍၊ သင်္ကန်းပြုလုပ် တဖြည်းဖြည်း ချုပ်၏။ သင်္ကန်းပြုလုပ် တဖြည်းဖြည်း ချုပ်၍ မပြီးသေးစေဘဲ၊ ချုပ်ဆဲ ပြုဆဲသော သင်္ကန်းရှိသော ထိုရဟန်းသည်၊ ပြန်အံ့ ပြန်အံ့ဟူသော မနောဝိဉ္ဉာဏ် စိတ်အကြံဖြင့်၊ ကထိန်ခင်းသော ဥပစာရသိမ်မှ အပသို့ ဖဲသွား၍၊ ပြန်ရောက်သော ရဟန်းတို့၏ ကျင့်ဝတ် မလွတ်စေရ။

ံသတန္တိ ပဝေဏီအစဉ်အဆက် မပျက်စကောင်း၊ ကထိန်ခင်းသောကျောင်းသို့ ပြန်ရောက်သည်ဖြစ်၍၊ တပေါင်းလပြည့်ကျော်

ထရက်နေ့ နံက် အရုဏ်တက်သော၊ သင်္ကန်းကာလကုန်သော အပိုင်း အခြားသို့မရောက်မီ၊ စိဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော၊ တပေါင်းလပြည့်နေ့ဟူသော သင်္ကန်းကာလအတွင်း၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၌ မဖဲသွားဘဲ၊ အမြဲနေသော ရဟန်းတို့၏ ဘုင့်ဝတ် မလွတ်စေရ။

ဝံသတန္တိ ပဝေဏီအစဉ်အဆက် မပျက်စကောင်းသော၊ ခင်းသောကြိယာ အတ္ထာရဟူသော၊ ကထိန်ကိုနှင်းချိန်ကျ၍ မနှင်းဘဲ မနေရ၊ ကထိနတ္ထာရကံ ဉတ္တိဒုတိယ ကမ္မဝါစာ ဖါဌ်၍၊ အတ္ထရတ္ထာရ ကထိန်၏ နှင်းခြင်းဖြင့် နှင်းသော ကထိန်ကိုမှို၏။ ထိုရဟန်း၏ ကထိန်နှင်းခြင်းသည်၊ သဟတ္ထာရ ကထိနတ္ထါရမည်၏ ဟူလိုသည်။

**သဟတ္ထာရေ ဒွေပလိဗောဓေ အပုဗ္ဗံ အစရိမံ ဆိန္ဒန္တိ။ ။**

အဋ္ဌကထာ။

သဟတ္ထာရေ၊ သဟတ္ထာရ၌၊ ဒွေ ပလိဗောဓေ၊ ၂-ပါးသော စီဝရပလိဗောဓ,အာဝါသပလိဗောဓတို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း၊ ဆိန္ဒန္တိ၊ ပြတ်ကုန်၏။

ဤသဟတ္ထာရ၌၊ ကတစီဝရော-ဟူသော ပါဌ်သည်၊ ထင်သော ကြောင့်၊ စီဝရပလိဗောဓ ရှေးဦးစွာပြတ်သကဲ့သို့ရှိ၏။ အပုဗ္ဗံ အစရိမံ-နှင့် မညီ၊ ဤအရာ၌ ဆင်ခြင်အပ်၏။ ကတစီဝရော၊ ချုပ်ဆဲသော သင်္ကန်းရှိသော-ဟု အနက်ဆိုမှုကား ညီ၏။ ။ရွှေဥမင် နိဿယ။

**သဟတ္ထာရေ သော ကတစီဝရောတိ ပါဠော ဒိဿတိ၊ ဝေဠု သတိ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇတီတိ ဝိညာယတိ**

**သဟတ္ထာရေ သော ကတစီဝရော ပါဠော ဒိဿတိ၊ ဝေဠု သတိ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇတီတိ ဝိညာယတိ၊ ဣဓ ပန ပရိဝါရ ပါဠိယံ ဝေဠု ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ ဝစနတော တံ န သမေတိ၊ တသ္မာ ဝိမံသိတဗ္ဗမေတ္ထ ကာရဏံ။** ။တေရသကဏ်။

သဟုဗ္ဘာရေ၊ သဟုဗ္ဘာရန္တိ၊ ကတစီဝရောတိ ပါဌော၊ ကတစီဝရော—ဟူသော ပါဌ်သည်။ ဒိဿတိ၊ ထင်၏။ ဧဝဉ္စ သတိ၊ ဤသို့လည်းထင်သည်ရှိသော်။ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇတိ၊ ပြတ်၏။ ဣတိ၊ ဤသို့လည်း။ ဝိညာယတိ၊ သိအပ်၏။ ဣဓ စေ ပန၊ ဤအဋ္ဌကထာ၌ရင်း။ ပရိဝါရ ပါဠိယဉ္စ၊ ပရိဝါရ ပါဠိတော်၌ရင်း။ ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိ ဝစနတော။ ပ ။ ဆိဇ္ဇန္တိ-ဟု ဆိုခြင်းကြောင့်။ တံ ဝစနံ၊ ထိုစကားသည်။ န သမေတိ၊ မညီ။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤအရာ၌။ ကာရဏံ၊ အကြောင်းကို။ ဝိမံသိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

သဥဗ္ဘာရေ စီဝရပလိဗောဓော ပဌမံ ဆိဇ္ဇန္တော
ဝိယ ခါယတိ၊ အထခေါ သာပေက္ခတာယ စီဝရကရ
ဏာ သဥဿာဟော ဟောတီတိ လေသံ သန္ဓာယ ပရိ
ဝါရဝသေန ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိ
တိ ဝုတ္တံ ကတစီဝရောတိ ဝုတ္တတ္တာ ဣဓ န သမ္ဘဝတိ။ ။

ဝဇိရဗုဒ္ဓိ။

သဥဗ္ဘာရေ၊ သဥဗ္ဘာရန္တိ၊ စီဝရပလိဗောဓော၊ စီဝရပလိဗောဓသည်။ ပဌမံ၊ ရှေးဦးစွာ။ ဆိဇ္ဇန္တောဝိယ၊ ပြတ်သကဲ့သို့။ ခါယတိ၊ ထင်၏။ အထခေါ၊ ထိုသို့ပင်ထင်သော်လည်း။ သာပေက္ခတာယ၊ ငဲ့သော စိတ်ရှိသည်၏ အဖြစ်ဖြင့်။ စီဝရ ကရဏာ သဥဿာဟော၊ သင်္ကန်းပြုလုပ် ချုပ်သော ဥဿာဟရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ လေသံ၊ အကြောင်းကို။ သန္ဓာယ၊ ရည်၍။ ပရိဝါရဝသေန၊ ပရိဝါအလိုအားဖြင့်။ ကတစီဝရော၊ ပြုဆဲသော သင်္ကန်းရှိသော။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ ဝစနံ၊ ဆိဇ္ဇန္တိ-ဟူသော စကားကို။ အာစရိယေန၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်သည်။ သမ္ဘဝတိ၊ ဖြစ်သင့်နိုင်၏။ ဣဓ-ဣမသ္မိံ ဣမိနာ ကထိနက္ခန္ဓကဝသေန၊ ဤကထိနက္ခန္ဓက အလိုအားဖြင့်။ ကတစီဝရော၊ ပြီးသောသင်္ကန်းရှိသော။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ဒွေ ပလိဗောဓာ

အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ ဝစနံ၊ ဆိဇ္ဇန္တိ-ဟူသော စကားကို။ အာစရိယော၊ အဋ္ဌကထာ ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်သည်။ န သတ္တ ဝတိ၊ မဖြစ်သင့်နိုင်။ ။သင့် မသင့်ဆင်ခြင်ပုံ။

သဟုဗ္ဘာရော ကထိနုဒ္ဓါရော၊ ဝုတ္တော အာဒိစ္စဗန္ဓုနာ။
တေဒွ တာဟံ ဝိသဇ္ဇိဿံ၊ ဒွေ ပလိဗောဓာ အပုဗ္ဗံ
အစရိမံ ဆိဇ္ဇန္တိ။ ။ပရိဝါ။

အာဒိစ္စဗန္ဓုနာ၊ သည်။ သဟုဗ္ဘာရော ကထိနုဒ္ဓါရော၊ သဟုဗ္ဘာရ ကထိနုဒ္ဓါရကို။ ဝုတ္တော၊ ဟောအပ်ပြီ။ တေဒွ၊ ထိုသဟုဗ္ဘာရ ကထိနုဒ္ဓါရကိုလည်း။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ဝိသဇ္ဇိဿံ၊ ဖြေဆိုအံ့။ ဒွေ ပလိဗောဓာ၊ ၂-ပါးသော ပလိဗောဓတို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေး မနှောင်း တပေါင်းတည်း။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။

သဟုဗ္ဘာရော-ဟူသော ပုဒ်၏အနက်ကို၊ တဿ ဘိက္ခုနော သဟ ဘိက္ခူဟိ ကထိနုဒ္ဓါရော-ဟု ဟောတော်မူသောကြောင့်၊ သဟုဗ္ဘာရော-ဟူသော ပုဒ်၌၊ သဟ၏အနက်ကား၊ တပြိုင်နက်နှုတ်သော ဥဗ္ဘာရ ၂-ပါးတည်း။ အန္တရုဗ္ဘာရလည်း တပါး၊ သဟုဗ္ဘာရလည်း တပါး။ ထို ၂-ပါးတို့တွင်၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၊ တပေါင်းလပြည့်နေ့ ထိုရဟန်းနှင့် တပြိုင်နက်၊ ရဟန်းတို့၏ နှုတ်ခြင်းသည်၊ သင်္ကန်းကာလ အတွင်း၌ နှုတ်သောကြောင့်၊ အန္တရုဗ္ဘာရ မည်၏။ ရဟန်းတို့နှင့်တပြိုင်နက် ထိုရဟန်း၏နှုတ်ခြင်းသည်၊ ရဟန်းတို့နှင့် တကွ နှုတ်သောကြောင့်၊ သဟုဗ္ဘာရမည်၏။

ဤသို့ အမည်အားဖြင့် သဟုဗ္ဘာရ တပါးတည်း၌၊ ကြိယာသမဝါယအားဖြင့် အန္တရုဗ္ဘာရ၊ သဟုဗ္ဘာရ ၂-ပါးကို၊ သဟ၏အနက်ကား တပြိုင်နက်နှုတ်သော ဥဗ္ဘာရ ၂-ပါးတည်းဟု၊ အမှတ်ပြု၍ ပြခြင်းငှါ ပရိဝါ၌။

ဒွေ ကထိနုဒ္ဓါရာ ကေပုဗ္ဗါဒိ ကောနိရောဓာ အန္တရုဗ္ဘာရော သဟုဗ္ဘာရော၊-ဟု ဟောတော်မူသည်။ အမည်အားဖြင့် သဟုဗ္ဘာရ တပါးတည်း၏အဖြစ်ကိုလည်း၊ ဝိနယ ဝိနိစ္ဆယ ဋီကာ၌။

ဗဟိသီမံ ဂန္တွာ အာဂတဿ ဝသေန သဟုဿာရော၊ ဗဟိသီမံ အာဂတာနံ ဝသေန အန္တုရုဿာရောတိ ဧကောယေဝ ဥဿာရော ဒွိ ဓာ ဝုတ္တော၊-ဟုဖွင့်ပြလေသည်။

သဟာ၏အနက်၊တပြိုင်နက်နှစ်သော အန္တရုဿာရ,သဟုဿာရ ၂-ပါး၏လက္ခဏာသည်ကား၊သင်္ကန်းကာလအချိန်ကုန်၍ ခင်းသောကထိန် အတ္ထာရကံကို ပျက်ခြင်း၄၊ သင်္ကန်းကာလကိုလည်း မလွန်စေရ၊စီဝရမာသ ၅-လတို့၏အတွင်းလည်းမကျစေရ၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၊ စီဝရမာသ ၅-လတို့၏ အဆုံးဖြစ်သော တပေါင်းလပြည့်နေ့၌သာလျှင်၊ကထိန္နုဿာရ ကံဖြင့် ဉာတ္တိဒုတိယကမ္မဝါစာဖြင့်၍၊ကထိန်ခင်းသော အတ္ထာရကံ၊ အန္တုရုဿာရ, သဟုဿာရ သဟာ၏အနက် တပြိုင်နက်နှုတ်သည်။ မနှုတ်သော်ကား ကထိန်အခင်း မပျက်၊မပျက်သော်ကား သင်္ကန်း ကာလကိုလွန်၏။ လွန်သော်ကား သိမာတိက္ကန္တိက ကထိန္နုဒ္ဓါရ၊အာပတ်နှင့်တကွဖြစ်၏။အာပတ်နှင့်တကွ ပက္ကမန္တိက-အစ, သိမာတိက္ကန္တိက -အဆုံးရှိသော၊ ၇-ပါးသော ကထိန္နုဒ္ဓါရ မဖြစ်ကြစေခြင်း၄၊ တပေါင်းလပြည့်နေ့ကိုထား၍ ဟူး ဟူး ဌား ဌား၊ တပါးသော နေ့တို့၌ မနှုတ်ကြရ၊ တပေါင်းလပြည့်နေ့၌သာလျှင် နှုတ်ကြရ၏။ ။ဤသည်ကား၊ သဟာ၏အနက် တပြိုင်နက်နှုတ်သော၊အန္တုရုဿာရ,သဟုဿာရ ၂-ပါး၏လက္ခဏာတည်း။

## သဟုဿာရကထိန်ကိုစွဲ၍ဖြစ်သော ပဌမ မိစ္ဆာဝါဒ

ဒွေ ကထိန္နုဒ္ဓါရာ ဧကုပ္ပါဒါ ဧကနိရောဓာ၊ အန္တုရုဿာရော သဟုဿာရော၊- ဟူသော ပရိဝါပါဠိတော်၌ ၊သဟုဿာရကိုစွဲ၍ ပဌမ မိစ္ဆာဝါဒဖြစ်၏။အန္တုရုဿာရကိုစွဲ၍ ဒုတိယမိစ္ဆာဝါဒဖြစ်၏။

ထို ၂-ပါးတို့တွင်၊သဟုဿာရကား၊ တပေါင်းလပြည့်နေ့ ကာလကုန်သဖြင့်၊ အခင်းပျက်သတည်းဟူသော ပဌမမိစ္ဆာဝါဒ ဖြစ်၏။ ဤပဌမမိစ္ဆာဝါဒ အလိုအားဖြင့်၊ တပေါင်းလပြည့်နေ့ သဟုဿာရ ကထိန်မနှုတ်ကြ၊ သင်္ကန်းကာဘကို လွန်စေကြ၏။

ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၌၊သင်္ကန်းကာလကို လွန်

ခြင်းသည်၊ သဟုဋ္ဌာရမည့်၏၊သိမာတိက္ကန္တိက မမည်။ကထိန်ခင်းသော ဥပစာရသိမ်မှ အပ၌၊သက်န်းကာလကို လွန်ခြင်းသည်၊သိမာတိက္ကန္တိက မည့်၏။သဟုဋ္ဌာရ မမည်။ဤသို့ယူအပ်သော ပဌမမိဿာဝါဒသည်၊ဝိမတိ၌ ကေစိဝါဒဟုလာ၏။

**ကေစိ ဗဟိသီမာယ ကာလာတိက္ကမော သီမာတိက္ကမောတိ မညန္တိ၊ တေသံ အန္တော ဥပစာရေ စီဝရ ကာလာ တိက္ကမောတိ ကထိနုဒ္ဓာရော အသမ္ဘောဒ နာမ သိယာတိ နစေတံ ယုတ္တံ၊** ။ဝိမတိ။

ကေစိ၊အချို့သောဆရာတို့သည်။ဗဟိသိမာယ၊ ကထိန်ခင်းသော ဥပစာရသိမ်မှ အပ၌။ကာလာတိက္ကမော၊သက်န်းကာလကိုလွန်ခြင်းသည်။သိမာတိက္ကမော၊သိမ်ကိုလွန်ခြင်းတည်း။ ဣတိ၊ဤသို့။မညန္တိ၊ မှတ်ထင်ကုန်၏။အန္တော ဥပစာရေ၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၌။စီဝရကာလာတိက္ကမော၊သက်န်းကာလကိုလွန်ခြင်းတည်း။ ဣတိအယံ ကထိနုဒ္ဓာရော၊ ဤသိမာတိက္ကန္တိက ကထိနုဒ္ဓာရသည် ကား။သိယာ၊ရံခါ။အသမ္ဘောဒ နာမ၊မပညတ်အပ်သည်မည်၏။ ဗဟိသိမာယံ၊ကထိန်ခင်းသော ဥပစာရသိမ်မှ အပ၌။စီဝရကာလာတိက္ကမော၊သက်န်းကာလကို လွန်ခြင်းတည်း။ ဣတိအယံ ကထိနုဒ္ဓာရော၊ ဤသိမာတိက္ကန္တိက ကထိနုဒ္ဓာရသည်။သိယာ၊ရံခါ။ သမ္ဘောဒ နာမ၊ ပညတ်အပ်သည်မည်၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊ဆိုအပ်သော။တေသံ၊ထို ကေစိဆရာတို့၏။ဧတံဝစနံ၊ ထိုစကား နှစ်ခုသည်။ နစ ယုတ္တံ၊မသင့်။ ။ဤစကား၊ သဟုဋ္ဌာရကို စွဲ၍ဖြစ်သော ပဌမ မိဿာဝါဒတည်း။

## အန္တိရုဒ္ဓာရကထိန်ကို စွဲ၍ဖြစ်သော ဒုတိယ မိဿာဝါဒ

အန္တိရုဒ္ဓာရကား၊ နောက်ရောက်သော ကထိန်သည်၊ အာနိသင်များသောကြောင့်၊ နှုတ်သည့်ဟု ဒုတိယ မိဿာဝါဒဖြစ်၏။ ဤဒုတိယ မိဿာဝါဒ အလိုအားဖြင့်၊နောက်ရောက်သော ကထိန် အာနိသင်များလျှင်၊ခင်းပြီးသော ကထိန်ကို နှုတ်၍ ကထိန်တဖန် ပြန်၍ ခင်းကြကုန်၏။ ယုတ္တိကိုလည်း ဆိုကြကုန်၏။

ကထိန်နှုတ်သော မည်သည်ကား၊ ကထိန်ခင်းပြီးသော ကျောင်းကို၊ ကထိန်မခင်းသော ကျောင်းနှင့် တူအောင် ပြု၏ဟု၊ ယုတ္တိကိုလည်း ဆိုကြကုန်၏။

ဤယုတ္တိသည် ဝိမတိဋ္ဌလာ၏။ လာသော်လည်း ဝိမတိ၌၊ နောက်ရောက်သော ကထိန်ကိုလည်း မဆို၊ နောက်ရောက်သော ကထိန်အာနိသင်များသည်ကိုလည်း မဆို၊ ခင်းပြီးသော ကထိန်နှုတ်၍ ကထိန်တဖန်ပြန်ခင်းရမည်လည်း မဆို၊ အန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးတို့သည်သာလျှင်၊ သဟုဗ္ဘာရ ကထိန်နှုတ်ခြင်းဖြင့် ကထိန်အခင်းပျက်၍၊ ကထိန်ခင်းပြီးသော ကျောင်းကို၊ ကထိန်မခင်းသေးသော ကျောင်းနှင့်တူအောင် ပြုကြကုန်၏ဟူ၍သာ၊ ဝိမတိဋီကာ ဆိုချေသည်။

ဒုတိယ မိဿာဝါဒ၏ ဝိမတိ၌လာသော ယုတ္တိနှင့်၊ ညီသည် မမှတ်ကြကုန်လင့်၊ မညီချေ။ မညီကြောင်းကိုလည်း၊ တေသု အန္တရုဗ္ဘာရ သဟုဗ္ဘာရာ ဒွေ ဧဝ တံ ဝိဟာရံ အနတ္ထတ ကထိနဝိဟာရ သဒိသံ ကရောန္တာ သယံ သကလေန အတ္ထာရေန သဟ နိရုဇ္ဈန္တီ ဥဒ္ဓါရဘာဝံ ပါပုဏန္တိ။-ဟူသော ဝိမတိ ဋီကာပါဌ်ကိုလည်း၊ ရှုကြပါကုန်။

ကထိန်ခင်းသည်ရှိသော်၊ တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှစ၍၊ ပဌမ မဟာပဝါရဏာနေ့တိုင်အောင်၊ ပိဋ္ဌိသမယ ၁၁-လကို ကထိန်ခင်းသည်ရှိသော်၊ တပေါင်းလပြည့်ကျော် တရက်နေ့မှစ၍၊ ပဌမ မဟာပဝါရဏာနေ့တိုင်အောင်၊ ပိဋ္ဌိသမယ ၇-လကို တနှစ်တကြိမ်ရ၏။ ၂-ကြိမ်ရသည်မဟုတ်သကဲ့သို့။ ထို့အတူ၊

ပုရိမဝဿံ ဝုတ္ထ-ဖြစ်သော ရဟန်းတို့အား၊ သီတင်းကျွတ်လပြည့်ကျော်တရက်နေ့မှစ၍၊ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင်၊ ကထိန်လ တလ, တနှစ်တကြိမ်ရ၏။ ၂-ကြိမ်ရသည်မဟုတ်၊ ကထိန်လ တလ၌လည်း၊ ကထိန်ခင်းသင့်သော နေ့ရက် တရက် ရက်နှင့် တွေ့ကြိမ်လျှင်၊ တနှစ်တကြိမ် ကထိန်ခင်းရ၏။ ၂-ကြိမ်ခင်းရသည် မဟုတ်။

ကာဝိနဿ အတ္ထာရမာသော စာနိတမ္ဗောတိ ဝဿာနဿ ပစ္ဆိမောမာသော။-ဟူသော ပရိဝါပါဠိ။

ဝဿာနဿ ပစ္ဆိမော မာသောတိ ပစ္ဆိမေ မာသေ ယသ္မိံ ဝါ တသ္မိံ ဝါ ဒိဝသေ အတ္ထရိတုံ ဝဋ္ဋတီတိ သိဒ္ဓံ။-ဟူသော ဝဇိရဗုဒ္ဓိ။

ဤပရိဝါပါဠိ,ဤဝဇိရဗုဒ္ဓိ၊ အတ္ထ ယုတ္တိကို သိခြင်းငှါ စွမ်းနိုင်သော၊ ဝေါဟာရကုသလ,အတ္ထကောသလ္လဉာဏ်ကို၊ ဝိနယညူပုဂ္ဂိုလ်တို့၏အထံ နာခံသင်ကြား၊ မှတ်သားနည်းယူ လိမ်မာတော်မူကြလေကုန်။ ။ဤကား၊ အန္တရုဗ္ဘာရကို စွဲ၍ဖြစ်သော ဒုတိယ မိစ္ဆာဝါဒတည်း။

**မူလပညတ် အန္တရုဗ္ဘာရ၏ သမုဋ္ဌာန်-ပုဒ်တို့၏ အာပတ်မရှိကြောင်း၊ အနုပညတ် အန္တရုဗ္ဘာရ သမုဋ္ဌာန်-ပုဒ်တို့၏ အာပတ်ရှိကြောင်းကို ပထမသင်္ဂါယနာ တင်တော်မူကြကုန်၏၊**

## ပထမသင်္ဂါယနာတင်ပုံ

### ဝဋ္ဋဒုက္ခဘုံဘဝ၌ လွတ်လိုသောသူသည်၊ အမှားပယ်၍ အမှန်ရောက်စေခြင်းငှါ၊ သတိပေးစကားကိုပြခြင်း

ဝဋ္ဋဒုက္ခဘုံဘဝမှ ထွက်မြောက်ခြင်းအကျိုးငှါ၊ အမှားကိုပယ်၍ အမှန်ကိုကျင့်လိုသော၊ မနောဓိဋ္ဌာန် စိတ်အကြံဖြင့် ရဟန်းပြုသည် ဖြစ်ရကား၊ ညဥ့်မှောင်,ဆည်းမှောင်,တောမှောင် အုပ်ဖုံး၍၊ လမ်းမှန်ကို လုံးလုံးရှာမရ၊ ရတ္တိ,ဟိမ,ဂဟဏ,ဝိပရာမောသသို့သော၊ ပြေးဝင်မှားသော ယောကျ်ားကဲ့သို့၊ တမှားတည်း မှားရမည်လည်း မသင့်နိုင်ချေ၊ မှာခဲ့ပေအံ့။

ကထိန်ကို ခွင့်ပြုတော်မူသောကာလ၊ ရှေးဦးစွာက ပညတ်တော်မူသော၊ မူလပညတ် အန္တရုဗ္ဘာရလည်း တပါး၊ ကထိန်ကိုခွင့်ပြုတော်မူသည်မှ နောက်ကာလ၌၊ ခွင့်ပြု ပညတ်တော်မူသော အနုပညတ် အန္တရုဗ္ဘာရလည်း တပါး။ ထို ၂-ပါးတို့တွင်၊

မူလပညတ် အန္တရုဗ္ဘာရကို သင်္ဂါယနာတင်သောကာလ၊ မဟာကဿပ အစရှိသော မထေရ်တို့သည်၊ သဟုဗ္ဘာရ၏,အန္တရုဗ္ဘာရ

၏အဖြစ်ကြောင့်၊ သမုဋ္ဌာန်ပုဒ်တို့၏ အာပတ်မရှိသော၊ ကထိနက္ခန္ဓကသို့ တင်တော်မူ၏။

အနုပညတ် အန္တရုဿာရကို သင်္ဂါယနာတင်သောကာလ၊ မဟာကဿပ အစရှိသော မထေရ်တို့သည်၊-ယာ ပန ဘိက္ခုနီ ဓမ္မိံ ကထိနုဒ္ဓါရံ ပဋိဗာဟေယျ ပါစိတ္တိယံ။-ဟူသော သိက္ခာပုဒ်၏ အကြောင်း၏အဖြစ်ကြောင့်၊ ဘိက္ခုနီ ဝိဘင်းသို့ တင်တော်မူ၏။

အနုပညတ် အန္တရုဿာရကို၊ သမုဋ္ဌာန် ပုဒ်တို့၏ အာပတ်ရှိသည်ဟူ၍မှတ်။ မူလပညတ် အန္တရုဿာရကို၊ သမုဋ္ဌာန် ပုဒ်တို့၏ အာပတ်မရှိဟူ၍မှတ်။

ကထိနကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ၊ သမုက္ကဋ္ဌပဒါနံ ကတိ အာပတ္တိယော။ ။ကထိနကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ၊ သမုက္ကဋ္ဌပဒါနံ န ကတမာ အာပတ္တိယော။ ။ကထိနံ ကေဝလံ ပညတ္တိ မေဝ၊ နတ္ထိတတ္ထ အာပတ္တိ။-ဟူသော ပရိဝါ ကထိနက္ခန္ဓကပုစ္ဆာဝါရ၊ ပါဠိ,အဋ္ဌကထာတို့ဖြင့်လည်း၊ သိကြလေကုန်။

မူလပညတ် အန္တရုဿာရကို၊ သဟုဿာရ၏ အန္တရုဿာရတည်းဟု၊ သရုပ်အားဖြင့်ထင်ရှား၍ မယုံမှားအောင်၊ ဒွေ ကထိနုဒ္ဓါရာ ဧကုပ္ပါဒါ ဧကနိရောဓာ အန္တရုဿာရော သဟုဿာရော။ - ဟု ပရိဝါ ပါဠိ ကထိနဘေဒ၌ ဟောတော်မူသည်မှတ်။ ။ဤသည်ကား၊ အန္တရုဿာရ ၂-ပါးကို၊ သရုပ်အားဖြင့်,ဌာနအားဖြင့် မယုံမှားအောင်၊ မှာကြားသောစကားတည်း။

## ပရိဝါပါဠိ ကထိန ဘေဒ၌၊ ဟောတော်မူသော အန္တရုဿာရကို၊ မူလပညတ် ဟူ၍သာမှတ်၊ အနုပညတ် မမှတ်အပ်သည်ကို ပြဆိုခြင်း။

ပရိဝါပါဠိ ကထိနဘေဒ၌ ဟောတော်မူသော အန္တရုဿာရကို၊ မူလပညတ် အန္တရုဿာရ ဟူ၍သာမှတ်၊ အနုပညတ် အန္တရုဿာရ

ဟူ၍မမှတ်လင့်။ ပရိဝါပါဠိ ကထိနဘေဒ၌၊ ဟောတော်မူသော အန္တရုဗ္ဘာရကို၊ မူလပညတ် အန္တရုဗ္ဘာရသာမှတ်၍၊ အနုပညတ် အန္တရုဗ္ဘာရကို၊ သရုပ်အားဖြင့်ထင်ရှား၍ မယုံမှားအောင်၊ ပရိဝါပါဠိ ကထိန ဘေဒ၌၊ အသီးအခြား ဟောတော်မူသကဲ့သို့။ ထို့အတူ၊

အနုပညတ် အန္တရုဗ္ဘာရကိုလည်း၊ သရုပ်အားဖြင့်ထင်ရှား၍ မယုံမှားအောင်၊ အဘယ်၌ အသီးအခြားဟောတော်မူသနည်း။ ဘိက္ခုဝိဘင်း နိဿဂ္ဂိ ပဌမကထိန သိက္ခာပုဒ်,ဒုတိယ ကထိန သိက္ခာပုဒ်, တတိယ ကထိန သိက္ခာပုဒ်တို့၌ ဟောတော်မူသည်။

ထို ပဌမ,ဒုတိယ,တတိယ ကထိနသိက္ခာပုဒ်တို့တွင်၊ ပဌမ ကထိန သိက္ခာပုဒ်၌၊ ဥဗ္ဘတသ္မိံ ကထိနေတိ အဋ္ဌန္နံ မာတိကာနံ အညတရာယ မာတိကာယ ဥဗ္ဘတံ ဟောတိ၊ သံဃေနဝါ အန္တရာ ဥဗ္ဘာတံ ဟောတိ။-ဟု အနုပညတ် အန္တရုဗ္ဘာရကို၊ သရုပ်အားဖြင့် ထင်ရှား၍ မယုံမှားအောင်၊ အသီးအခြား ဟောတော်မူသည်။

ဥဗ္ဘတသ္မိံ ကထိနေတိ၊ ဟူသည်ကား။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ မာတိကာနံ၊ မာတိကာတို့တွင်။ အညတရာယ၊ တပါးပါးသော။ မာတိကာယ၊ မာတိကာဖြင့်။ ကထိနံ၊ ကထိန်ကို။ ဥဗ္ဘတံ၊ နှုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သံဃေနဝါ၊ သံဃာသည်လည်း။ ကထိနံ၊ ကထိန်ကို။ ဥဗ္ဘတံ၊ နှုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ။ပါဠိတော်။

ဥဗ္ဘတသ္မိံ ကထိနေတိ ကထိနေစ ဥဗ္ဘတသ္မိံ ဧတေန ဒုတိယဿ ပလိဗောဓဿ အဘာဝံ ဒဿေတိ၊ တံ ပန ကထိနံ ယသ္မာ အဋ္ဌသုဝါ မာတိကာသု ကောယ အန္တရုဗ္ဘာရေနဝါ ဥဗ္ဘရီယတိ၊ တေနဿ နိဒ္ဒေသေ အဋ္ဌန္နံ မာတိကာ နန္တိ အာဒိ ဝုတ္တံ။ ။အဋ္ဌကထာ။

ဥဗ္ဘတသ္မိံ ကထိနေတိ၊ ဟူသည်ကား။ ကထိနေစ၊ ကထိန်ကို လည်း။ ဥဗ္ဘတသ္မိံ၊ နှုတ်အပ်သည်ရှိသော်။ ဧတေန ပဒေန၊ ဤပုဒ်ဖြင့်။ ဒုတိယဿ၊ ၂-ခုမြောက်သော။ ပလိဗောဓဿ၊ အာဝါသပလိဗောဓ၏။

အဘာဝံ၊ မရှိခြင်းကို။ ဒသေသတိ၊ ပြတော်မူ၏။ ယသ္မာ၊ အကြင့် ကြောင့်။ တံ ပန ကထိနံ၊ ထိုကထိန်ကို။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ မာတိကာသု၊ မာတိကာတို့တွင်။ ဧကာယဝါ မာတိကာယ၊ တပါး သော မာတိကာဖြင့်လည်း။ ဥဗ္ဘရိယတိ၊ နှုတ်အပ်၏။ အန္တရုဗ္ဘာရေ နဝါ၊ အန္တရုဗ္ဘာရဖြင့်လည်း။ ဥဗ္ဘရိယတိ၊ နှုတ်အပ်၏။ တေန၊ ထို့ ကြောင့်။ အာသာ ပဒဿ၊ ထိုပုဒ်၏။ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ အဋ္ဌန္နံ မာ တိကာနဉ္စ အာဒိဝစနံ၊ အဋ္ဌန္နံ မာတိကာနံ-ဤသို့အစရှိသော စ ကားကို။ ဝုတ္တံ၊ မိန့်အပ်၏။

တတ္ထ အဋ္ဌိမာ ဘိက္ခဝေ မာတိကာ ကထိနဿ ဥဗ္ဘာ ရာယ၊ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အါသာဝစ္ဆေဒိကာ, သီမာ တိက္ကန္တိကာ, သဥဗ္ဘာရာတိ ဧဝံ အဋ္ဌ မာတိကာယော က ထိနက္ခန္ဓကေ အာဂတာ။

တတ္ထ၊ ထို အဋ္ဌ မာတိကာ အန္တရုဗ္ဘာရတို့တွင်။ အဋ္ဌိမာ ဘိက္ခ ဝေ မာတိကာ ကထိနဿ ဥဗ္ဘာရာယ၊ ပက္ကမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, သဝနန္တိကာ, အာသာဝစ္ဆေဒိကာ, သီ မာတိက္ကန္တိကာ, သဥဗ္ဘာရာတိ၊ ဝ ၊သဥဗ္ဘာရာ-ဟူ၍။ ဧဝံ၊ ဤသို့။ အဋ္ဌ ရှစ်ပါးကုန်သော။ မာတိကာယော၊ မာတိကာတို့သည်။ ကထိ နက္ခန္ဓကေ၊ ကထိနက္ခန္ဓက၌။ အာဂတာ၊ လာကုန်၏။

အန္တရုဗ္ဘာရေပိ၊ သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဗ္ဘရေယျ။ သော ဥာတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ကထိနံ ဥဗ္ဘ ရတိ၊ ယဿာ ယသ္မတော ခမတိ ကထိနဿ ဥဗ္ဘာရော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ ဧဝံ ဘိက္ခုနီ ဝိဘင်္ဂေ အာဂတော။

အန္တရုဗ္ဘာရော ပိ၊ အန္တရုဗ္ဘာရသည်လည်း။ သုဏာတု မေ ဘန္တေ ပ ။ ဓာရယာမိတိ၊ ဓာရယာမိ-ဟူ၍။ ဘိက္ခုနီ ဝိဘင်္ဂေ၊ ဘိက္ခုနီ ဝိဘင်း၌။ အာဂတော၊ လာ၏။ ။အဋ္ဌကထာ။

ဘိက္ခုနီ ဝိဘင်း၌၊ အန္တရုဗ္ဘာရ လာဟန်ကား။ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ

ဘိက္ခုနီ ဝိဘင်း၌ အန္တရုဗ္ဘာရ လာဟန်ကား

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ တေန ခေါ ပန သမယေန အညတရေန ဥပါသကေန သံဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ၊ သော တဿ ဝိဟာရဿ မဟေ ဥဘတော သံဃဿ အကာလစီဝရံ ဒါတုကာမော ဟောတိ။ တေန ခေါ ပန သမယေန ဥဘတော သံဃဿ ကထိနံ အတ္ထတံ ဟောတိ၊ အထခေါ သော ဥပါသကော သံဃံ ဥပသင်္ကမိတွာ ကထိနုဒ္ဓါရံ ယာစိ။

တေန သမယေန၊ ထိုအခါ၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားကို သိတော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ အရံဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အညတရေန၊ တယောက်သော။ ဥပါသကေန၊ ဒါယကာသည်။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဝိဟာရော၊ ကျောင်းကို။ ကာရာပိတော၊ ပြုစေအပ်သည်။ ဟောတိ၊ ဖြစ်၏။ သော ဥပါသကော၊ ထိုဒါယကာသည်။ တဿ ဝိဟာရဿ မဟေ၊ ထိုကျောင်းအလှူ ပူဇော်ပွဲ၌။ ဥဘတော သံဃဿ၊ ဥဘတော သံဃာအား။ အကာလစီဝရံ၊ အကာလ သင်္ကန်းကို။ ဒါတုကာမော၊ လှူလိုသည်။ ဟောတိ၊ ဖြစ်၏။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဥဘတော သံဃဿ၊ ဥဘတော သံဃာအား။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ အထခေါ၊ ထိုအခါ၌။ သော ဥပါသကော၊ ထိုဒါယကာသည်။ သံဃံ၊ ဘိက္ခုသံဃာကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ကထိနုဒ္ဓါရံ၊ ကထိန်နှုတ်ကို။ ယာစိ၊ တောင်းပန်၏။

ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အထခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံကထံ ကတွာ ဘိက္ခူ အာမန္တေသိ။ အနုဇာနာမိ ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတုံ၊ ဧဝဉ္စ ပန ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတဗ္ဗံ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဒ္ဓရေယျ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ကထိနံ ဥဒ္ဓရတိ၊ ယဿာယသ္မတော ခမတိ ကထိနဿ ဥဗ္ဘာရော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။

ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတ မတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ လျှောက်ကြကုန်၏။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ၊ ထိုအကြောင်း၌၊ ဓမ္မိံ၊ အကြောင်းအားလျော်သော။ ကထံ၊ စကားတော်ကို။ ကတွာ၊ ပြု၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရိတုံ၊ နှုတ်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။

ဧဝဉ္စပန၊ ဤသို့လျှင်။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရိတဗ္ဗံ၊ နှုတ်အပ်၏။ ကထံ၊ အဘယ်သို့လျှင်။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရိတဗ္ဗံ၊ နှုတ်အပ်သနည်း။ ဗျတ္တေန၊ လိမ္မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သံဃော၊ သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ကထံ၊ အဘယ်သို့လျှင်။ သံဃော၊ သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်သနည်း။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာစေသတည်း။ သံဃဿ၊ သံဃာတော်အား ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသောကံသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ သံဃော၊ သံဃာတော်သည်။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရေယျ၊ နှုတ်ရာ၏။ ဧသာ၊ ဤသည်ကား။ ဉတ္တိ၊ ဉတ်တည်း။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာစေသတည်း။ သံဃော၊ သံဃာတော်သည်။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရတိ၊ နှုတ်၏။ ယဿ အာယသ္မတော၊ အကြင်အရှင်အား။ ကထိနဿ၊ ကထိန်ကို။ ဥဗ္ဘာရော၊ နှုတ်ခြင်းကို။ ခမတိ၊ နှစ်သက်အပ်၏။ သော အာယသ္မာ၊ ထိုအရှင်သည်။ တုဏှီ၊ ဆိတ်ဆိတ်။ အဿ၊ ဖြစ်ရာ၏။ ယဿ အာယသ္မတော၊ အကြင်အရှင်အား။ နက္ခမတိ၊ မနှစ်သက်။ သော အာယသ္မာ၊ ထိုအရှင်သည်။ ဘာသေယျ၊ ဆိုရာ၏။

သံဃေန၊ သံဃာတော်သည်။ ကထိနံ၊ ကထိန်ကို။ ဥဗ္ဘတံ၊ နှုတ်အပ်ပြီ။ သံဃဿ၊ သံဃာတော်အား။ ခမတိ၊ နှစ်သက်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေ၏။ ဧဝံ တုဏှီဘာဝံ၊ ဤသို့သံဃာတော်ဆိတ်ဆိတ်နေသည်၏ အဖြစ်ကို။ ဧတံ ခမနဘာဝံ၊ ထိုသံဃာတော်အား နှစ်သက်သည်၏အဖြစ်ဟူ၍။ အဟံ၊ ကမ္မဝါစာဆရာ ငါသည်။ ဓာရယာမိ၊ မှတ်၏။

ဉတ္တိဧဝံ၊ ဤသို့။ သံဃော၊ သံဃာတော်ကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ဉတ္တိဧဝံ၊ ဤသို့။ ကထိနံ၊ ကထိန်ကို။ ဥဒ္ဓရိတဗ္ဗံ၊ နှုတ်အပ်၏။ ။ ဤသို့ ၂ ချက်ပြန်သပ်။

## ကထိန်ခင်းပြီးသော သံဃာအား၊
## အကာလသင်္ကန်း လှူလိုသော ဒါယကာတောင်းပန်၍၊
## အန္တရုဗ္ဘာရ ကထိန်နှုတ်၏ အဓိပ္ပါယ်ကိုပြခြင်း

အဓိပ္ပါယ်ကား၊ ကထိန် ခင်းပြီး သော သံဃာအား၊ အကာလသင်္ကန်းလှူလိုသော ဒါယကာတောင်းပန်၍၊ အန္တရုဗ္ဘာရကထိန်နှုတ်သော မည်သည်ကား၊ ကထိန်သင်္ကန်းပေးသော ဉတ္တိဒုတိယ ကမ္မဝါစာကံကိုနှုတ်သည်မဟုတ်၊ အာနိသင် ၅–ပါးရခြင်း၏ အကြောင်းဖြစ်သော၊ ကထိန်ခင်းသော ကြိယာ အတ္ထာရကံကိုသာ နှုတ်၏။ ထို့ကြောင့်၊ ကထိန်နှုတ်သော ကမ္မဝါစာကို ဖါငြ်သည်၏အခြားမဲ့၌၊ အာနိသင် ၅-ပါးပျက်သောကြောင့်၊ သံဃာ တော်အား လှူသောသင်္ကန်းသည်၊ အကာလသင်္ကန်းသာဖြစ်၏၊ ကထိန်တဖန် ပြန်၍ ခင်းခြင်းငှါထိုက်သော၊ ကထိန်သင်္ကန်းမဖြစ် ဟူလိုသည်။

> တေန ဝိညာယတိ ပဉ္စာနိသံသ လာဘကာရဏံ အတ္ထာရကမ္မမေဝ ဣမာယ ကထိနုဗ္ဘာရ ကမ္မဝါစာယ ဥဒ္ဓရီယတိ၊ န ကထိန ဒုဿဒါန ဉာတ္တိဒုတိယ ကမ္မဝါစာတိ။ တသ္မာ ကထိနုဗ္ဘာရ ကမ္မဝါစာ ကရဏတော ပစ္ဆာ သံဃဿ ဥပ္ပန္နံ စီဝရံ အကာလစီဝရံ ဟောတိ၊ သံဃော ပဉ္စာနိသံသေ န လဘတိ၊ စီဝရံ သဗ္ဗသံဃိကံ ဟုတွာ အာဂတာဂတဿ သံဃဿ ဘာဇနီယံ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ။ ဝိနယာလင်္ကာရဋီကာ။

တေန၊ ထို့ကြောင့်။ ပဉ္စနိသံသ လာဘကာရဏံ အတ္ထာရကမ္မမေဝ ဣမာယ ကထိနုဗ္ဘာရ ကမ္မဝါစာယ ဥဒ္ဓရီယတိ၊ န ကထိန ဒုဿဒါန ဉတ္တိဒုတိယ ကမ္မဝါစာတိ၊ ပ၊ ကမ္မဝါစာ-ဟူ၍။ ဝိညာယတိ၊ သိအပ်၏။ ပဉ္စာနိသံသ လာဘကာရဏံ၊ ငါးပါးသော အာနိသင်ကို ရခြင်း၏ အကြောင်းဖြစ်သော။ အတ္ထာရကမ္မမေဝ၊ အတ္ထာရကံကိုသာလျှင်။ ဣမာယ ကထိနုဗ္ဘာရ ကမ္မဝါစာယ၊ ဤကထိန်နှုတ်သော ကမ္မဝါစာဖြင့်။ ဥဒ္ဓရီယတိ၊ နှုတ်အပ်၏၊ ကထိန ဒုဿဒါန

ဉတ္တိဒုတိယ ကမ္မဝါစာ၊ ကထိန်သင်္ကန်းပေးသော ဉတ္တိဒုတိယ ကမ္မဝါစာကို။ န ဥဒ္ဓရိယတိ၊ မနှုတ်။

တသ္မာ၊ ထို့ကြောင့်။ ကထိနတ္ထာရ ကမ္မဝါစာ ကရဏတော၊ ကထိန်နှုတ်သော ကမ္မဝါစာကို ပြုသည်မှ။ ပစ္ဆာ၊ နောက်၌။ သံဃဿ၊ သံဃာတော်အား။ ဥပ္ပန္နံ၊ ဖြစ်သော။ စီဝရံ၊ သင်္ကန်းသည်။ အကာလစီဝရံ၊ အကာလသင်္ကန်းသည်။ ဟောတိ၊ ဖြစ်၏။ သံဃော၊ သံဃာတော်သည်။ ပဉ္စာနိသံသေ၊ ငါးပါးသော အာနိသင်တို့ကို။ န လဘတိ၊ မရ။ စီဝရံ၊ သင်္ကန်းသည်။ သဗ္ဗသံဃိကံ၊ အလုံးစုံသော သံဃိကသည်။ ဟုတွာ၊ ဖြစ်၍။ အာဂတာဂတဿ၊ ရောက်လာပြီး, ရောက်လာဆဲသော။ သံဃဿ၊ သံဃာတော်အား။ ဘာဇနီယံ၊ ဝေဘန်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒွေဠှ သိယာ၊ ကထိနတ္ထာရံ ယာစန္တာနံ
သဗ္ဗေသံ ကထိနတ္ထာရော ဒါတဗ္ဗော၊ ဥဒါဟု ကေစ္စာနန္တိ

ဒွေဠှ သိယာ၊ ကထိနတ္ထာရံ ယာစန္တာနံ သဗ္ဗေသံ ကထိနတ္ထာရော ဒါတဗ္ဗော၊ ဥဒါဟု ကေစ္စာနန္တိ။

ဒွေဠှ ဝစနေ၊ ဤစကား၌။ သိယာ၊ ဖြစ်ရာ၏။ ကိံဒိသံ ဝစနံ၊ အဘယ်သို့သောစကားကို။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာသနည်း။ ကထိနတ္ထာရံ၊ ကထိန်နှုတ်ခြင်းကို။ ယာစန္တာနံ၊ တောင်းပန်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော သူတို့အား။ ကထိနတ္ထာရော၊ ကထိန်နှုတ်ခြင်းကို။ ဒါတဗ္ဗော၊ ပေးအပ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ကထိနတ္ထာရံ၊ ကထိန်နှုတ်ခြင်းကို။ ယာစန္တာနံ၊ တောင်းပန်ကုန်သော။ ကေစ္စာနံ၊ အချို့သော သူတို့အား။ ကထိနတ္ထာရော၊ ကထိန်နှုတ်ခြင်းကို။ ဒါတဗ္ဗော၊ ပေးအပ်သလော။ ဣတိ ဤဒိသံ ဝစနံ၊ ဤသို့သောစကားကို။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။

ကိံ စေတ္ထ၊ ယဒိတာဝ သဗ္ဗေသံ ဒါတဗ္ဗော၊ ကထိ
နတ္ထာရကမ္မေန ပဉ္စာနိသံသ ဝိဂမနတော သံဃဿ
လာဘန္တရာယော ဘဝေယျ။ အထ ကေစ္စာနံ မုခေါ
လောကနံဝိယ သိယာတိ။

ဋ္ဌေ ဝစနေ၊ ဤစကား၌။ ကိံ၊ အဘယ်နည်း။ တာဝ၊ ရှေးဦးစွာ။ ကထိနုဒ္ဓါရံ၊ ကထိန်နှုတ်ခြင်းကို။ ယာစန္တာနံ၊ တောင်းပန်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော သူတို့အား။ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်ခြင်းကို။ ယဒိ ဒါတဗ္ဗော၊ အကယ်၍ ပေးအပ်သည်ဖြစ်အံ့။ ကထိနုဒ္ဓါရ ကမ္မေန၊ ကထိန်နှုတ်သောကံဖြင့်။ ပဉ္စာနိသံသ ဝိဂမနတော၊ ငါးပါးသော အာနိသင်မှ ကင်းခြင်းကြောင့်။ သံဃဿ၊ သံဃာတော်အား။ လာဘန္တရာယော၊ လာဘ်၏ အန္တရာယ်သည်။ ဘဝေယျကိံ၊ ဖြစ်ရာသည်မဟုတ်လော။

အထ၊ ထိုသို့မဟုတ်။ ကထိနုဒ္ဓါရံ၊ ကထိန်နှုတ်ခြင်းကို။ ယာစန္တာနံ၊ တောင်းပန်ကုန်သော။ ကေစာနံ၊ အချို့သော သူတို့အား။ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်ခြင်းကို။ ယဒိ ဒါတဗ္ဗော၊ အကယ်၍ ပေးအပ်သည်ဖြစ်အံ့။ မုခေါလောကနံ ဝိယ၊ မျက်နှာကြည့်သကဲ့သို့။ ဆိယာ ကိံ၊ ဖြစ်ရာသည် မဟုတ်လော။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။

ယဒိ ကထိနတ္ထာရ မူလက လာဘတော ကထိနုဒ္ဓါရ မူလကလာဘော မဟာ ဘဝေယျ၊ တေသံ ယာစန္တာနံ ကထိနုဒ္ဓါရော ဒါတဗ္ဗော၊ ယဒိ အပ္ပကော န ဒါတဗ္ဗော။ ယဒိ သမော ကုလပ္ပ သာဒတ္ထာယ ဒါတဗ္ဗောတိ။

ကထိနတ္ထာရ မူလက လာဘတော၊ ကထိန်ခင်းခြင်း အရင်းရှိသော လာဘ်ထက်။ ကထိနုဒ္ဓါရ မူလကလာဘော၊ ကထိန်နှုတ်ခြင်း အရင်းရှိသော လာဘ်သည်။ မဟာ၊ များသည်။ ယဒိ ဘဝေယျ၊ အကယ်၍ ဖြစ်ရာငြားအံ့။ ကထိနုဒ္ဓါရံ၊ ကထိန်နှုတ်ခြင်းကို။ ယာစန္တာနံ၊ တောင်းပန်ကုန်သော။ တေသံ၊ ထိုသူတို့အား။ ကထိနုဒ္ဓါရော၊ ကထိန်နှုတ်ခြင်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။

ကထိနတ္ထာရ မူလက လာဘတော၊ ကထိန်ခင်းခြင်း အရင်းရှိသော လာဘ်အောက်။ ကထိနုဒ္ဓါရ မူလက လာဘော၊ ကထိန်နှုတ်

ခြင်းအရင်းရှိသော လာဘ်သည်၊ အပ္ပကော၊ နည်းသည်။ ယဒိ ဘ
ဝေယျ၊ အကယ်၍ ဖြစ်ရာငြားအံ့၊ ကထိနတ္ထာရံ၊ ကထိန်နှမ်ခြင်းကို၊
ယာစန္တာနံ၊ တောင်းပန်ကုန်သော။ တေသံ၊ ထိုသူတို့အား၊ ကထိ
နတ္ထာရော၊ ကထိန်နှမ်ခြင်းကို၊ န ဒါတဗ္ဗော၊ မပေးအပ်။

ကထိနဒုဿရ မူလက လာဘေန၊ ကထိန်နှမ်ခြင်း အရင်းရှိသော
လာဘ်နှင့်၊ ကထိနတ္ထာရမူလက လာဘော၊ ကထိန်နှမ်ခြင်း အရင်း
ရှိသောလာဘ်သည်၊ သမော၊ တူသည်။ ယဒိ ဘဝေယျ၊ အကယ်၍
ဖြစ်ရာငြားအံ့၊ ကုလပ္ပသာဒညာယ၊ ဒါယကာ၏ ကြည်ညိုခြင်း အ
ကျိုးငှါ၊ ကထိနတ္ထာရံ၊ ကထိန်နှမ်ခြင်းကို၊ ယာစန္တာနံ၊ တောင်းပန်
ကုန်သော။ တေသံ၊ ထိုသူတို့အား၊ ကထိနတ္ထာရော၊ ကထိနှမ်ခြင်းကို၊
ဒါတဗ္ဗော၊ ပေးအပ်၏၊ ဣတိ အယံ၊ ဤသည်ကား၊ ဝိသဇ္ဇနာ၊ အ
ဖြေတည်း၊ ။ဝိနယာလင်္ကာရဋီကာ။

## သဗ္ဗာသံ ဘိက္ခုနီနံ အကာလစီဝရံ ဒါတုကာမေန ဥပါသကေန

သဗ္ဗာသံ ဘိက္ခုနီနံ အကာလစီဝရံ ဒါတုကာမေန
ဥပါသကေန၊ ယဍ္ဍကော အဍ္ဍာရမ္ဘုလကော အာနီသံ
သော၊ တဓေတာ အစေိကံဝါ သမကံဝါ ဒတွာ၊ ယာစိတ
ကေန ဘိက္ခုနီသံဃေန ယံ ကထိနံ ဥာတ္တိ ဒုတိယေန
ကမ္မေန အတ္ထရာ ဥဒ္ဒရိယတိ၊ တဿ သော ဥဒ္ဒါရော ဓမ္မိ
ကောတိ ဝုစ္စတိ။ ။တေရသကဏ်။

သဗ္ဗေသံ ဘိက္ခူနံ အကာလစီဝရံ ဒါတုကာမေန
ဥပါသကေန၊ ယဍ္ဍကော အဍ္ဍာရမ္ဘုလကော အာနီသံ
သော၊ တဓေတာ အစေိကံဝါ သမကံဝါ ဒတွာ၊ ယာစိ
တကေန ဘိက္ခုသံဃေန ယံ ကထိနံ ဥာတ္တိ ဒုတိယကမ္မေ
န အတ္ထရာ ဥဒ္ဒရိယတိ၊ တဿ သော ဥဒ္ဒါရော ဓမ္မိ
ကောတိ ဝုစ္စတိ။ ။နယဂ္ဂါဟ။

သင်္ဘေသံ၊ အလုံးစုံကုန်သော။ ဘိက္ခုနီ၊ ရဟန်းတို့အား။ အကာလစီဝရံ၊ အကာလသင်္ကန်းကို။ ဒါတုကာမေန၊ လှူလိုသော။ ဥပါသကေန၊ ဒါယကာသည်။ အဋ္ဌာရမူလကော၊ ခင်းခြင်း အရင်းရှိသော။ ယတ္တကော အာနိသံသော၊ အကြင်အာနိသင်။ တတော၊ ထိုအာနိသင်ထက်။ အဓိကံဝါ၊ လွန်သည်လည်းဖြစ်သော။ တေန၊ ထိုအာနိသင်နှင့်။ သမကံဝါ၊ တူသည်လည်း ဖြစ်သော။ အကာလ စီဝရံ၊ အကာလ သင်္ကန်းကို။ ဒတ္ဗာ၊ လှူလို၍။ ယာစိတကေန၊ တောင်းပန်အပ်သော။ ဘိက္ခုသံဃေန၊ ဘိက္ခုသံဃာသည်။ ယံကထိနံ၊ အကြင်ကထိန်ကို။ ဉတ္တိဒုတိယေန ကမ္မေန၊ ဉတ္တိဒုတိယကံဖြင့်။ အန္တရာ၊ အကြားခွဲ။ ဥဗ္ဘရိယတိ၊ နှုတ်အပ်၏။ သော ဥဗ္ဘါရော၊ ထိုနှုတ်ခြင်းကို။ တသ ကထိနဿ၊ ထိုကထိန်အား ဓမ္မိကော ဒတိ၊ လျော်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဋိဗာဟေယျာတိ ကထံ ဉာဒံ ကထိနံ ဥဗ္ဘရေယျာတိ ပဋိဗာဟတိ၊ အာပတ္တိ ပါစိတ္တိယဿ။ အနာပတ္တိ အာနိသံသံ ဒဿေတွာပဋိဗာဟတိ။ ။ပါဠိ။

အာနိသံသန္တိ ဘိက္ခုနီသံဃဿ ဗဟုတ္တစီဝရော ကထိနာနိသံသမူလကော မဟာလာဘောတိ ဝေရူပံ အာနိသံသံ ဒဿေတွာ ပဋိဗာဟန္တိယာ အနာပတ္တိ။ ။အဋ္ဌကထာ။

ကထံ ဉာဒံ ကထိနံ ဥဗ္ဘရေယျာတိ ပဋိဗာဟတိ၊ အာပတ္တိ ဒုက္ကဋဿ။ အနာပတ္တိ အာနိသံသံ ဒဿေတွာ ပဋိဗာဟတိ။ ။အဝုတ္တသိဒ္ဓိ။

အာနိသံသန္တိ ဘိက္ခုသံဃဿ ဗဟုတ္တစီဝရော ကထိနာနိ သံသမူလကော မဟာလာဘောတိ ဝေရူပံ အာနိ သံသံ ဒဿေတွာ ပဋိဗာဟန္တဿ အနာပတ္တိ။ ။
အဋ္ဌကထာ နယဂ္ဂါဟ။

⁙ ဘိက္ခု၊ ရဟန်းသည်။ ကထံကေန၊ အဘယ် ကြောင့်။ ဉာဒံ ကထိနံ၊ ဤကထိန်ကို။ ဥဗ္ဘရေယျ၊ နှုတ်ရာအံ့နည်း။ ဣတိ၊ ဤသို့။ ပဋိဗာဟတိ၊

တားမြစ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခု၊ ရဟန်းသည်။ အာနိသံသံ၊ အာနိသင်ကို။ ဒဿေတွာ၊ ပြ၍။ ပဋိဗာဟတိ၊ တားမြစ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။

အာနိသံသန္တိ၊ အာနိသံသံ-ဟူသည်ကား။ ဘိက္ခုသင်္ဃော၊ ဘိက္ခုသံဃာသည်၊ ဇိဏ္ဏစီဝရော၊ ဆွေးမြည့်ဟောင်းနွမ်းသော သင်္ကန်းရှိသည်မဟုတ်လော။ ကထိနာနိသံသမူလကော၊ ကထိန်၏အာနိသင်မူလသည်သာလျှင်။ မဟာလာဘော၊ လာဘ်များသည်မဟုတ်လော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဤသို့သဘောရှိသော။ အာနိသံသံ၊ အာနိသင်ကို။ ဒဿေတွာ၊ ပြ၍။ ပဋိဗာဟန္တဿ၊ တားမြစ်သော ရဟန်းအား၊ အနာပတ္တိ၊ အာပတ်မသင့်။

ဤသို့ မြုပ်သောအနက်, ငုတ်သောအနက်ကို ထုတ်ဆောင်၍၊ ပေါ်လွင် ထင်ရှားအောင် ပြဆိုခြင်းသည်၊ ဘိက္ခု သံဃာ, ဘိက္ခုနီသံဃာ၊ အနုပညတ် အန္တရုဗ္ဘာရ ကထိန်နှုတ် သမုဋ္ဌာန် ပုဒ်တို့၏၊ အာပတ္တိသဒ္ဒါ, အနာပတ္တိသဒ္ဒါတို့နှင့် ဆက်ဆံခြင်းကြောင့်၊ မဆက်ဆံရာ မဟာဝါ ကထိနက္ခန္ဓက၌လည်း၊ အနုပညတ် အန္တရုဗ္ဘာရ ကထိန်နှုတ်မလာ။ ပရိဝါပါဠိ ကထိနဘေဒ၌လည်း၊ အနုပညတ် အန္တရုဗ္ဘာရ ကထိန်နှုတ် မလာ။ သိက္ခာပုဒ်ဖြစ်ရာ ဘိက္ခုနီဝိဘင်း၌သာ၊ အနုပညတ် အန္တရုဗ္ဘာရ ကထိန်နှုတ်လာသည်ဟု၊ ယုံကြည်စိတ်ချ အသေအချာမှတ်ရခြင်း အကျိုးရှိသည်။

ဒသမေ ကထိနုဒ္ဓါရံ န ဒဿန္တီတိ ကီဒိသော ကထိနုဒ္ဓါရော ဒါတဗ္ဗော၊ ကီဒိသော န ဒါတဗ္ဗောတိ၊ ယဿ အတ္ထာရမူလကော အာနိသံသော မဟာ၊ ဥဗ္ဘာရမူလကော အပ္ပေါ၊ ဧဝရူပေါ န ဒါတဗ္ဗော။ ယဿ ပန အတ္ထာရမူလကော အာနိသံသော အပ္ပေါ၊ ဥဗ္ဘာရမူလကော

**မဟာ၊ ဝေရူပေါ ဒါတဗ္ဗော၊ သမာနိသံသောပိ သဒ္ဒါ ပရိပါလနတ္ထံ ဒါတဗ္ဗောဝါတိ။** ။အဋ္ဌကထာ။

ဒသမေ၊ ဘိက္ခုနီပါစိတ် တတိယ နဂ္ဂဝဂ် ဒသမသိက္ခာပုဒ်၌၊ ကထိနုဒ္ဒါရံ နဒဿန္တိ ဝစနေ၊ ကထိနုဒ္ဒါရံ နဒဿန္တိ-ဟူသော စကား၌။ကိဒိသော၊ အဘယ်သို့ သဘောရှိသော၊ ကထိနုဒ္ဒါရော၊ကထိန်နှုတ်ခြင်းကို။ ဒါတဗ္ဗော၊ပေးအပ်သနည်း၊ ကိဒိသော၊ အဘယ်သို့ သဘောရှိသော။ ကထိနုဒ္ဒါရော၊ကထိန်နှုတ်ခြင်းကို၊ န ဒါတဗ္ဗော၊ မပေးအပ်သနည်း၊ဣတိ အယံ၊ ဤသည်ကား၊ပုစ္ဆာ၊ အမေးတည်း။

ယဿ ကထိနဿ၊ အကြင်ကထိန်အား၊ အတ္ထာရမူလကော၊ ခင်းခြင်းရှိသော၊ အာနိသံသော၊ အာနိသင်သည်။ မဟာ၊ များ၏၊ ဥဗ္ဘာရမူလကော၊ နှုတ်ခြင်းအရင်းရှိသော။ အာနိသံသော၊ အာနိသင်သည်၊ အပ္ပေါ၊ နည်း၏။ တဿ ကထိနဿ၊ ထိုကထိန်အား၊ ဧဝရူပေါ၊ ဤသို့သဘောရှိသော၊ ကထိနုဒ္ဒါရော၊ ကထိန်နှုတ်ခြင်းကို။ န ဒါတဗ္ဗော၊ မပေးအပ်။

ယဿ ကထိနဿ၊ အကြင်ကထိန်အား၊ အတ္ထာရမူလကော၊ ခင်းခြင်း အရင်းရှိသော၊ အာနိသံသော၊ အာနိသင်သည်။ အပ္ပေါ၊ နည်း၏၊ ဥဗ္ဘာရမူလကော၊ နှုတ်ခြင်းအရင်းရှိသော၊ အာနိသံသော၊ အာနိသင်သည်၊ မဟာ၊ များ၏၊ တဿ ကထိနဿ၊ထိုကထိန်အား၊ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ ကထိနုဒ္ဒါရော၊ ကထိန်နှုတ်ခြင်းကို၊ ဒါတဗ္ဗော၊ ပေးအပ်၏။

ယဿ ပန ကထိနဿ၊ အကြင် ကထိန်အား၊ အတ္ထာရမူလကောန၊ ခင်းခြင်းအရင်းရှိသော။ အာနိသံသောန၊ အာနိသင်နှင့်၊ ဥဗ္ဘာရမူလကော၊ နှုတ်ခြင်းအရင်းရှိသော။ အာနိသံသော၊ အာနိသင်သည်၊ သမော၊ တူ၏၊ တဿ ကထိနဿာပိ၊ ထိုကထိန်အားလည်း၊ ဧဝရူပေါ၊ ဤသို့ သဘောရှိသော၊ ကထိနုဒ္ဒါရော၊ ကထိန်နှုတ်ခြင်းကို။ သဒ္ဒါပရိပါလနတ္ထံ၊ သဒ္ဒါကိုစောင့်ရှောက်ခြင်းအကျိုးငှါ၊ ဒါတဗ္ဗောဝ၊ ပေးအပ်သည်သာလျှင်တည်း၊ ဣတိ အယံ၊ ဤသည်ကား၊ ဝိဿဇ္ဇနာ၊ အဖြေတည်း။

အဓိပ္ပါယ်ကား၊ ကထိန်ခင်းပြီးသော ရဟန်းတို့အား အကာလ သင်္ကန်းလှူလိုသော ဒါယကာသည်၊ ကထိန်နှုတ်ပေးပါဟု တောင်း ပန်သည်ရှိသော်၊ ကထိန်ခင်းခြင်းအရင်းရှိသော အာနိသင်သင်္ကန်း သည်ကား များ၏။ ကထိန်နှုတ်ခြင်းအရင်းရှိသော အာနိသင်အကာ လသင်္ကန်းသည်ကား နည်း၏၊ မနှုတ်ကောင်း။

ကထိန်ခင်းခြင်းအရင်းရှိသော အာနိသင် သင်္ကန်းသည်ကား နည်း၏။ ကထိန်နှုတ်ခြင်းအရင်းရှိသော အာနိသင် အကာလသင်္ကန်း သည်ကား များ၏၊ နှုတ်ကောင်း၏။

ကထိန်ခင်းခြင်း အရင်းရှိသော အာနိသင် သင်္ကန်းနှင့်၊ ကထိန် နှုတ်ခြင်း အရင်းရှိသော အာနိသင် အကာလသင်္ကန်းသည်ကား တူ ၏။ ဤသို့လည်း နှုတ်ကောင်း၏ ဟူလို။

ဤသည်ကား၊ ကထိန်ခင်းပြီးသော ရဟန်းတို့အား၊ အ ကာလသင်္ကန်းလှူလိုသော ဒါယကာ၏၊ ကထိန်နှုတ်ပေးပါဟူ သော တောင်းပန်ခြင်းနှင့်၊ တခါတလေ တွေ့ကြုံ ကြိုကြိုက် သောကာလ၊ တရံတခါမျှ နှုတ်ပေးရသော၊ အနုပညတ် အန္တ ရုဗ္ဘာရ ကထိန်နှုတ်ခြင်းတည်း။ အမြဲမဟုတ်။

ဝတ္ထုနှင့်တကွ ပဋိသန္ဓေစိတ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ကထိန်ခင်း သည်နှင့်တကွ၊ မာတိကာ ၈စ်ပါး,ပလိဗောဓ ၂ – ပါး, အာနိသင် ၅-ပါးဖြစ်၏။

သဟ ကထိနဿ အတ္ထာရာ
ကတိ ဓမ္မာ ဇာယန္တိ

သဟ ကထိနဿ အတ္ထာရာ ကတိ ဓမ္မာ ဇာယန္တိ၊ သ ဟ ကထိနဿ အတ္ထာရာ အဋ္ဌမာတိကာ ဒွေ ပလိဗောဓာ ပဉ္စာနိသံသာ၊ သဟ ကထိနဿ အတ္ထာရာ ဣမေ ပန္နရ သ ဓမ္မာ ဇာယန္တိ။

ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ဝတ္ထုသည်ကား၊ ပဌမ ဘဝင် စိတ်၏ ပုရေဇာတ ပစ္စည်းတည်း။ ပဌမ ဘဝင် စိတ်သည်ကား၊ ပုရေ

ဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း-ဟူသကဲ့သို့။ ထို့အတူ၊ မာတိကာ, ပလိဗောဓ, အာနိသင်နှင့်တကွဖြစ်သော ရှေ့အဋ္ဌာရသည်ကား၊ နောက်အခြားမဲ့ဖြစ်သော၊ မာတိကာ ပလိဗောဓ၏ ပုရေဇာတပစ္စည်းတည်း။ နောက်အခြားမဲ့ ဖြစ်သော မာတိကာ, ပလိဗောဓတည်ကား၊ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

**အဋ္ဌာရေ မာတိကာ နဉ္စ ပလိဗောဓာ နဉ္စ ပုရေဇာတ ပစ္စယေန ပစ္စယော။**

ပဌမ ဘဝင်စိတ်သည်ကား၊ ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ဝတ္ထု၏ပစ္ဆာဇာတပစ္စည်းတည်း။ ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ဝတ္ထုသည်ကား၊ ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း-ဟူသကဲ့သို့။ ထို့အတူ၊ နောက်အခြားမဲ့ ဖြစ်သော မာတိကာ, ပလိဗောဓသည်ကား၊ မာတိကာ, ပလိဗောဓ, အာနိသင်နှင့်တကွ ဖြစ်သော၊ ရှေ့ အဋ္ဌာရ၏ ပစ္ဆာဇာတပစ္စည်းတည်း။ မာတိကာ, ပလိဗောဓ, အာနိသင်နှင့်တကွဖြစ်သော၊ ရှေ့ အဋ္ဌာရသည်ကား၊ ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်တည်း။

**မာတိကာစ ပလိဗောဓောစ အဋ္ဌာရဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။**

ဝတ္ထုနှင့်တကွဖြစ်သော ပဋိသန္ဓေစိတ် စေတသိက် တရား နာမက္ခန္ဓာ ၄-ပါးသည်ကား၊ အချင်းချင်း တပါးသည်တပါး၏ သဟဇာတပစ္စည်း, ပစ္စယုပ္ပန်ဖြစ်သကဲ့သို့။ ထို့အတူ၊ ကထိန်ခင်းသည်နှင့်တကွဖြစ်သော၊ မာတိကာ ရှစ်ပါး, ပလိဗောဓ ၂-ပါး, အာနိသင် ၅-ပါး။ တရား ၁၅-ပါးသည်ကား၊ အချင်းချင်း တပါးသည်တပါး၏ သဟဇာတပစ္စည်း, ပစ္စယုပ္ပန်ဖြစ်၏။

**ပန္နရသဓမ္မာ သဟဇာတပစ္စယေန ပစ္စယော။**

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ဝတ္ထုကို အစပြု၍၊ ရှေ့ရှေ့သောစိတ်နှင့်အတူ ဥပါဒ်သော ဝတ္ထုကို၊ ပဌမ ဘဝင်စိတ်ကိုအစပြု၍၊ နောက်နောက်သောစိတ် မှီသော၊ ရှေ့နောက် တကွနက် အ

ဆက်ဆက်ကို ထောက်သဖြင့်၊ ဇုတိ စိတ်တိုင်အောင် ပုရေဇာတ, ပစ္ဆာဇာတ, သဟာဇာတ၊ ပစ္စည်း, ပစ္စယုပ္ပန် အဆက်ဆက် ဖြစ်သကဲ့သို့။ ထို့အတူ၊

မာတိကာ,ပလိဗောဓ, အာနိသင်နှင့်တကွဖြစ်သော ရှေ့အဋ္ဌာရကိုအစပြု၍၊ ရှေ့ရှေ့အဋ္ဌာရ နောက်အခြားမဲ့ ဖြစ်သော၊ မာတိကာ, ပလိဗောဓကိုအစပြု၍၊ နောက်နောက်အခြားမဲ့ဖြစ်သော မာတိကာ ပလိဗောဓ၊ ရှေ့နောက် တကွနက် အဆက် ဆက်ကိုထောက်သဖြင့်၊ သဟုဗ္ဘာရ ကထိန်နှုတ်သည် တိုင်အောင် ပုရေဇာတ, ပစ္ဆာဇာတ, သဟာဇာတ၊ ပစ္စည်း, ပစ္စယုပ္ပန် အဆက်ဆက် ဖြစ်သည်ဟု မှတ်ကြလေကုန်။

ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊မာတိကံ ဇာနာတိ၊ပလိဗောဓံ ဇာနာတိ၊ဥဗ္ဘာရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊-ဟု ကထိန်ခင်းသော ရဟန်း သိအပ်သော အင်္ဂါရှစ်ပါးတို့တွင်၊ဥဗ္ဘာရံ ဇာနာတိ-ဟူသောအင်္ဂါဖြင့်၊ သိအပ်သော ဥဗ္ဘာရသည်ကား၊သရုပ်အားဖြင့် ကိုးပါးဖြစ်သတည်း။

## သရုပ်အားဖြင့် ဥဗ္ဘာရ ၉-ပါးကို ပြခြင်း

ကိုးပါး ဟူသော်ကား၊ ပက္ကမနန္တိက ဥဗ္ဘာရ၊ နိဋ္ဌာနန္တိက ဥဗ္ဘာရ၊ သန္နိဋ္ဌာနန္တိက ဥဗ္ဘာရ၊ နာသနန္တိက ဥဗ္ဘာရ၊ သဝနန္တိက ဥဗ္ဘာရ၊ အာသာဝစ္ဆေဒိက ဥဗ္ဘာရ၊ သီမာတိက္ကန္တိက ဥဗ္ဘာရ၊ သဟုဗ္ဘာရ၊ အန္တရုဗ္ဘာရ၊ ဤသို့သရုပ်အားဖြင့် ဥဗ္ဘာရ ၉-ပါးဖြစ်သတည်း။

ထို ၉ပါးသော ဥဗ္ဘာရသည်လည်း၊ ဥပ္ပဇ္ဇနာရဟာ ကထိနုဒ္ဓါရ ဥဗ္ဘာရ၊ ဥပ္ပန္န ကထိနုဒ္ဓါရ ဥဗ္ဘာရအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ နောင်တဖန် အသစ်, နောင်တဖန်အသစ် ဖြစ်ခြင်းငှာ ထိုက်သော ဥဗ္ဘာရသည်ကား၊ ယခုယခု အသစ် အသစ် ဖြစ်ခြင်းသို့ မရောက်၊ ဖြစ်ခွင့်သို့သာ ရောက်သောကြောင့်၊ ဥပ္ပဇ္ဇနာရဟာ ကထိနုဒ္ဓါရ ဥဗ္ဘာရမည်၏။

ကထိန်ခင်းသည်နှင့် တကွဖြစ်သော၊ ပလိဗောဓ ၂-ပါး,အာနိသင် ၅-ပါးတို့နှင့်၊ သဟဇာတပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ကောင်းသော မာတိကာအလိုအားဖြင့် ၈-ပါး၊ ဥဒ္ဓါရအလိုအားဖြင့် ၉-ပါး သော ဥဒ္ဓါရကို၊ ဥပ္ပဇ္ဇနာရဟ ကထိနုဒ္ဓါရ ဥဒ္ဓါရဆိုလေ။

**ကေတော ဥပ္ပဇ္ဇန္တီတိ ကထိနတ္ထာရေန သဟ ဥပ္ပဇ္ဇမာနာရဟာ ဟောန္တီတိ အတ္ထော။** ။ဝိမတိ။

ကေတော ဥပ္ပဇ္ဇန္တီတိ၊ ဟူသည်ကား။ ကထိနတ္ထာရေန၊ ကထိန် ခင်းသည်နှင့်။သဟ၊တကွ။ နဝကထိနုဒ္ဓါရာ၊ ကိုးပါးသော ကထိနု ဒ္ဓါရတို့သည်။ဥပ္ပဇ္ဇမာနာရဟာ၊ နောင်တဖန် နောင်တဖန် အသစ်အ သစ်ဖြစ်ခြင်းငှါ ထိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ယခုယခု အသစ်အသစ်ဖြစ်သော ဥဒ္ဓါရသည်ကား၊နှမ်တို့ကထိန် အသစ်အသစ်ဖြစ်သည် ရှိသည်၏အဖြစ်ကြောင့်၊ ဥပ္ပတ္တိ ကထိနုဒ္ဓါရ ဥဒ္ဓါရမည်၏။

ရှေ့ရှေ့အတ္ထာရ၏ နောက်နောက်အခြားမဲ့ဖြစ်သော၊ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်လည်း ဖြစ်ကောင်းသော၊ မာတိကာ အလိုအား ဖြင့် ၈-ပါး၊ ဥဒ္ဓါရ အလိုအားဖြင့် ၉-ပါးသော ဥဒ္ဓါရကို၊ ဥပ္ပတ္တိ ကထိနုဒ္ဓါရ ဥဒ္ဓါရဆိုလေ။

ယခု ယခု အသစ်အသစ်ဖြစ်သော အတ္ထာရကိုလည်း၊ ပစ္ဆာဇာ တပစ္စည်း၏ ပစ္စယုပ္ပန်လည်း ဖြစ်ကောင်းသော၊ ရှေ့ရှေ့အတ္ထာရကို ဆိုလေ။

**သဗ္ဗေပိ အတ္ထာရေန သဒ္ဓိံ ကေတော ဥပ္ပဇ္ဇန္တိ၊ အတ္ထာ ရေ ဟိ သတိ ဥဒ္ဓါရော နာမ။** ။အဋ္ဌကထာ။

**နိရောဓေနာမ တံတံ ကာရဏံမာဂမ္မ ဥဒ္ဓါရ ဘာ ဝပ္ပတ္တိ၊ဝေဒ္ဓ ဥပ္ပတ္တိနာမ ကထိနုဒ္ဓါရော စ။** ။ဝိမတိ။

သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ နဝ ကထိနုဒ္ဓါရာ၊ ကိုးပါး သော ကထိနုဒ္ဓါရတို့သည်။အတ္ထာရေန၊ အတ္ထာရနှင့်။ သဒ္ဓိံ၊တကွ။

ငြကေတော၊ တပေါင်းတည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ အညတရေ၊ အညတရသည်၊ သတိ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ ဥဗ္ဘါရော၊ ကိုးပါးသော ကထိနုဗ္ဘါရသည်။ ဟောတိနာမ၊ ဖြစ်သည် မည်၏။ ။အဋ္ဌကထာနက်။

တံတံကာရဏံ၊ ထိုထိုအကြောင်းကို။ အာဂမ္မ၊ စွဲ၍။ ဥဗ္ဘါရဘာဝပ္ပတ္တိ၊ နှစ်သော ဘောကြိယာသို့ ရောက်သော။ ကထိနုဗ္ဘါရော၊ ကထိနုဗ္ဘါရသည်။ နိရောဓောနာမ ယထာ၊ ချုပ်သည်၊ ပျက်သည် မည်သကဲ့သို့။ ဧဝံ တထာဧဝ၊ ထို့အတူသာလျှင်။ တံတံ ကာရဏံ၊ ထိုထိုအကြောင်းကို။ အာဂမ္မ၊ စွဲ၍။ ဥဗ္ဘါရဘာဝပ္ပတ္တိ၊ နှစ်တို့ရှိသော ဘောကြိယာသို့ ရောက်သော။ ကထိနုဗ္ဘါရော၊ ကထိနုဗ္ဘါရသည်။ ဥပ္ပတ္တိနာမ၊ ဖြစ်သည်၊ ရှိသည်မည်၏။ ။ဝိမတိနက်။

ကထိန်ခင်းပြီးမှ ကထိန်၏ကြောင့်ကြ စောင့်ရှောက်ဘော်ရ၊ ပလိဗောဓ ၂–ပါးမပျက်သော၊ တယောက် တယောက်သောရဟန်း၌၊ နှစ်တို့ကထိန်ရှိသောကာလ ၉–ပါး, ၉-ပါး၊ နှစ်သောကာလတပါးပါးကိုသာ နှစ်ကြရာတွင်၊ တပေါင်းလပြည့်နေ့ ကထိန်ခင်းသော ဥပစာရသိမ် အတွင်း၌၊ မဖဲမသွားဘဲ အမြဲနေသော ရဟန်းသည်လည်း၊ အန္တရုဗ္ဘာရကထိန်၏နှစ်ခြင်းဖြင့် တပါးကိုသာနှစ်၏။ ဖဲသွားသော ရဟန်းသည်လည်း၊ တပေါင်းလပြည့်နေ့ ကထိန် နှစ်မှီအောင် ကထိန်ခင်းသောကျောင်းသို့ ပြန်ရောက်သည်ဖြစ်၍၊ ရဟန်းတို့နှင့် တကွ၊ သဟုဗ္ဘာရကထိန်၏ နှစ်ခြင်းဖြင့် တပါးကိုသာနှစ်၏။ ဤသို့ နှစ်မှ သဟုဗ္ဘာရော-ဟူသောပုဒ်က၊ သဟာသဒ္ဒါ၏အနက်၊ ကြိယာ သမဝါယ တူမျှသော အလိုအားဖြင့်၊ ရဟန်းတို့၏နှစ်ခြင်း–အန္တရုဗ္ဘာရ၊ ထိုရဟန်း၏နှစ်ခြင်း-သဟုဗ္ဘာရ၊ အညတရနှင့်တကွ၊ ဧက နိရောဓ တပြိုင်နက်ခဏ ချုပ်ပျက်ကြ၏။

နိရုဇ္ဈမာနာ ပနေတ္ထ ပုရိမာ ဒွေ အညတရေန သဒ္ဓိံ
ဧကတော နိရုဇ္ဈန္တိ၊ ဥဗ္ဘါရဘာဝံ ပါပုဏန္တိ၊ အညာ

ရသ ဟိ နိရောဓေ ဧတေသဉ္စ ဥဒ္ဓါရဘာဝေါ ဧကက္ခဏေ ဟောတိ။ ။အဋ္ဌကထာ။

ဧတ္ထ တေသု နဝသု ကထိနုဒ္ဓါရေသု၊ ထို ၉-ပါးသော ကထိနုဒ္ဓါရတို့တွင်။ ပုရိမာ၊ ရှေး၌ဖြစ်ကုန်သော။ ဒွေ၊ ၂-ပါးကုန်သော အန္တရုဗ္ဘာရ,သဟုဗ္ဘာရတို့သည်။ နိဋ္ဌုမာနာပန၊ ဖြစ်ကုန်သော်ကား။ အတ္ထာရေန၊ အတ္ထာရနှင့်။ သဒ္ဓိံ၊ တကွ။ ဧကတော၊ တပေါင်းတည်း။ နိဗ္ဗတ္တိ၊ ဖြစ်ကြကုန်၏။ ဥဒ္ဓါရဘာဝံ၊ နုတ်သော သဘောကြီးယာသို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ဟိ သစ္စံ၊ မှန်၏။ အတ္ထာရဿ၊ အတ္ထာရ၏။ နိရောဓေ၊ ချုပ်ခြင်းသည်။ ဧတေသဉ္စ၊ ထိုအန္တရုဗ္ဘာရ, သဟုဗ္ဘာရ ၂-ပါးတို့၏။ ဥဒ္ဓါရဘာဝေါ၊ နုတ်သော သဘောကြီးယာသည်။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ဟောတိ၊ ဖြစ်၏။

## နောက်ဆုံးချုပ် သိလိုရင်း၊ ပြသော်ကား

ကထိန် သင်္ကန်း လှူသော ဒါယကာသည်၊ ကထိန်ခင်းလိုသော ကျောင်းတိုက်သို့ သွား၍၊ ထိုကျောင်းတိုက်၌ ပုရိမ ဝါကျွတ်သော ရဟန်းတို့အား၊ ကထိနစီဝရံဒေမ-ဟုဆို၍ ထိုနေ့လှူ၏။ပ။ ကထိန်ခင်း ပြီး၍ သံဃာ့ အစည်းအဝေး မကွဲမီ၊ သံဃာထေရ်သည် ကထိန်ခင်း သောရဟန်းတို့အားပြောကြားအပ်၏။ ငါ့ရှင်တို့ တပေါင်းလပြည့်နေ့ သို့ရောက်သောကာလ၊ သဟုဗ္ဘာရ ကထိန်းနှုတ်ကြရလတံ့၊ ကထိန် ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရ ကထိန်နှုတ်သည် ၏ ရှေ့ကာလတိုင်အောင်၊ အတ္ထာရနှင့်တကွ ၉-ပါးသော ဥဗ္ဘာရကို မပျက်စကောင်း၊ ကထိန်၏ကြောင့်ကြ ပလိဗောဓ ၂-ပါးဖြင့် စောင့် ရှောက်ကောင်း၏။ ကထိန်ခင်းသော ကျောင်း၌ မဖဲမသွားဘဲ၊ အမြဲ နေသော အာဝါသပလိဗောဓဖြင့်လည်း စောင့်ရှောက် ကောင်း၏။ ဖဲသွားသော်လည်း တပေါင်းလပြည့်နေ့၊ သဟုဗ္ဘာရ ကထိန်နှုတ်မှီ အောင်၊ ကထိန်ခင်းသော ကျောင်းသို့ ပြန်အံ့ဟု မနောဓိဋ္ဌာန်၊ စိတ်အကြံ ဟူသော အာဝါသပလိဗောဓ ဖြင့်လည်း စောင့်ရှောက်

ကောင်း၏။ မဖဲမသွားသော ရဟန်းပင်ဖြစ်စေ၊ ဖဲသွားသော ရဟန်းပင်ဖြစ်စေ၊ အာနိသင်မူလ ရရှိသမျှ မိမိဥဿာဟဖြင့်၊ သင်္ကန်းပြုလုပ်မချုပ်ရသေးသော အဝတ်ပုဆိုးသင်္ကန်းကို တဖြေးဖြေးချုပ်၍၊ တပေါင်းလပြည့်နေ့ သဟုဗ္ဘာရကထိန်နှုတ်သည့်တိုင်အောင်၊ မပြီးသေးစေဘဲ ချုပ်ဆဲပြုဆဲသော သင်္ကန်းရှိသော၊ စီဝရပလိဗောဓ ဖြင့်လည်း စောင့်ရှောက် ကောင်း၏။ ဤသို့ကထိန်ခင်းပြီး၍ သံဃာ့ အစည်းအဝေး မကွဲမီ၊ သံဃာ့ထေရ်သည် ကထိန်ခင်းသော ရဟန်းတို့အား ပြောကြားအပ်၏။

ကထိန်ခင်းသော ရဟန်းတို့သည်လည်း၊ သံဃာ့ထေရ် ပြောကြားတိုင်းလိုက်နာအပ်၏။ လိုက်နာပြီး၍ တပေါင်းလပြည့်နေ့သို့ ရောက်သောကာလ၊ ကထိန်ခင်းသော ဥပစာရသိမ်အတွင်း၌ မဖဲမသွားဘဲ၊ အမြဲနေသော ရဟန်းတို့ သည်လည်း၊ ကထိနုဗ္ဘာရကံ ဉတ္တိဒုတိယကမ္မဝါစာဖတ်၍၊ အန္တရုဗ္ဘာရ ကထိန် နှုတ်ခြင်းကို၊ ဖဲသွားသော ရဟန်းသည်လည်း၊ တပေါင်း လပြည့်နေ့ သဟုဗ္ဘာရ ကထိန်နှုတ်မှီအောင်၊ ကထိန်ခင်းသော ကျောင်းသို့ ပြန်ရောက်သည်ဖြစ်၍၊ ရဟန်းတို့နှင့်တကွ သဟုဗ္ဘာရ ကထိန်နှုတ်ခြင်းကို၊ သဟ၏အနက် တပြိုင်နက်ခတာ နှုတ်ကြရမြဲဖြစ်သည်။ ။

သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄-ရက်
တနင်္လာနေ့၊ ညနေ-၃-နာရီ အချိန်တွင်
သထုံမြို့ မူလ မင်းကွန်း ဇေတဝန် ဆရာတော်
ရေးသားပြုပြင် စီရင်ဆုံးဖြတ်အပ်သော
ကထိန ဝိနိစ္ဆယ ပြီး၏။

No.36